www.burmeseclassic.com

မိတ်ဆွေစာပေ

BURMESE CLASSIC .com

ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့တဲ့

# စည်းကမ်းရှိသောနိုင်ငံ

# စည်းကမ်းသိသောလူမျိုး

- မောင်ကြည်သန့် -

(၁၉၉၇၊ စာပေဗိမာန်ဆုရ)

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ဒုတိယအကြိမ် - ၂၀၁၁ ခုနှစ်၊ ဇူလိုင်

အုပ်ရေ - ၅၀၀

တန်ဖိုး - ၃၀၀၀ ကျပ်

အဖုံးဒီဇိုင်း - ချယ်ရီမေ (အင်းစိန်)

ကွန်ပျူတာစာစီ - ချယ်ရီမေ (အင်းစိန်)

အတွင်းဖလင် - A-7 Group (Asia Plaza)

ထုတ်ဝေသူ - ဦးချစ်ညွန့်(၀၄၀၀၄)၊
ဇင်ရတနာစာပေ၊
၂၈၅က/၄-လမ်းမကြီးသစ်
(တ+ခ)ရပ်ကွက်၊ အင်းစိန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် - ၁၄၇၊ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၉၂၈

ကြည်သန့်၊ မောင်
ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းခဲ့တဲ့ စည်းကမ်းရှိသောနိုင်ငံ စည်းကမ်းသိသော
လူမျိုး/ မောင်ကြည်သန့်၊ ရန်ကုန်၊
ဇင်ရတနာစာပေ၊ ၂၀၁၁၊
၂၆၈-စာ၊ ၁၁.၅ × ၁၆.၅ စင်တီ၊
(၁)ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းခဲ့တဲ့ စည်းကမ်းရှိသောနိုင်ငံ
စည်းကမ်းသိသော လူမျိုး

# ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းခဲ့တဲ့

# စည်းကမ်းရှိသောနိုင်ငံ

# စည်းကမ်းသိသောလူမျိုး

(၁၉၉၇၊ စာပေဆုရ)

- မောင်ကြည်သန့် -

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - အမှာစာ | |
| | - စကားဦး | |
| ၁။ | မြန်မာနှင့်စည်းကမ်း | ၁၁ |
| ၂။ | မြန်မာ့အုပ်ချုပ်ရေးစည်းကမ်း | ၁၆ |
| ၃။ | မြန်မာ့ပြည်သူ့ဝန်ထမ်းစည်းကမ်း | ၂၅ |
| ၄။ | မြန်မာ့တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစည်းကမ်း | ၃၄ |
| ၅။ | မြန်မာ့စစ်ရေးစည်းကမ်း | ၄၂ |
| ၆။ | မြန်မာ့နိုင်ငံတကာဆက်ဆံရေးစည်းကမ်း | ၅၅ |
| ၇။ | မြန်မာ့ဘာသာရေးအဆုံးအမစည်းကမ်း | ၆၅ |
| ၈။ | မြန်မာ့တရားရေးစည်းကမ်း | ၇၇ |
| ၉။ | မြန်မာ့ပညာရေးစည်းကမ်း | ၈၅ |
| ၁၀။ | မြန်မာ့မူးယစ်ဆေးဝါးနှင့်မီးဘေးအန္တရာယ်တားဆီး ကာကွယ်ရေးစည်းကမ်း | ၉၆ |
| ၁၁။ | မြန်မာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးစည်းကမ်း | ၁၀၆ |
| ၁၂။ | မြန်မာ့စီးပွားရေးစည်းကမ်း | ၁၁၆ |
| ၁၃။ | မြန်မာ့ကျန်းမာရေးပညာပေးစည်းကမ်း | ၁၂၈ |
| ၁၄။ | မြန်မာ့အားကစားစည်းကမ်း | ၁၄၁ |
| ၁၅။ | မြန်မာ့အပြောအဆိုစည်းကမ်း | ၁၅၅ |
| ၁၆။ | မြန်မာ့အရေးအသားစည်းကမ်း | ၁၆၂ |
| ၁၇။ | မြန်မာ့နေထိုင်စားသောက်မှုစည်းကမ်း | ၁၇၃ |
| ၁၈။ | မြန်မာ့ဝတ်စားဆင်ယင်မှုစည်းကမ်း | ၁၈၆ |
| ၁၉။ | မြန်မာ့ယဉ်ကျေးမှုအနုပညာစည်းကမ်း | ၁၉၃ |
| ၂၀။ | မြန်မာ့အိမ်ထောင်ရေးစည်းကမ်း | ၂၀၃ |
| ၂၁။ | မြန်မာ့ဆွေစပ်မျိုးစပ်စည်းကမ်း | ၂၁၆ |
| ၂၂။ | မြန်မာ့တည်ဆောက်မှုဆိုင်ရာစည်းကမ်း | ၂၃၂ |
| ၂၃။ | မြန်မာ့ကိန်းဂဏန်းသင်္ချာစည်းကမ်း | ၂၄၀ |
| | မှီငြမ်းပြုအထောက်အထားများ | |


www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ

**"စည်းကမ်းရှိသောနိုင်ငံ၊ စည်းကမ်းသိသောလူမျိုး"** ကို အဘယ့်ကြောင့်ရေးခဲ့ရပါသနည်း။ အကြောင်းရှိပါသည်။

ကျွန်တော်တို့နေထိုင်ရာ မြန်မာနိုင်ငံကြီးတွင် မိရိုးဖလာ ထုံးတမ်းစဉ်လာအရ ကျင့်ဝတ်စည်းကမ်းအမျိုးမျိုးရှိခဲ့သည်။ ရှေး နှစ်ပေါင်းများစွာကပင် တည်ရှိလာခဲ့ရာ နိုင်မာတိကျစွာ သတ်မှတ် နိုင်ခဲ့သည်။

မိရိုးဖလာထုံးတမ်းစဉ်လာ စည်းမျဉ်းစည်းကမ်းများဖြင့် အေးချမ်းတည်ငြိမ် ချစ်ကြည်ဖွံ့ဖြိုးသော မြန်မာ့လူ့ဘောင်တစ်ရပ်ကို သီးသန့်ထူထောင်နိုင်ခဲ့ကြပါသည်။

ကျွန်တော်တို့သည် စည်းကမ်းရှိသော-စည်းကမ်းသိသော မြန်မာများဖြစ်ကြောင်းကိုလည်း ကမ္ဘာ့အလယ်တွင် ဖော်ထုတ်ပြသ နိုင်ခဲ့ပါသည်။

ဤစာအုပ်ကို အဘယ့်ကြောင့် ရေးပါသနည်း။

အစဉ်အလာကြီးမားသော ယဉ်ကျေးသိမ်မွေ့သော မြန်မာ့ လူ့ပတ်ဝန်းကျင်ကို ထူထောင်ခဲ့ရာတွင် ပံ့ပိုးမြှင့်တင်ပေးခဲ့သော မြန်မာ့စည်းမျဉ်း စည်းကမ်းများရှိခဲ့ကြောင်း မြန်မာတို့ပြန်လည် အမှတ်ရစေလို၍ ဖြစ်ပါသည်။



ကျွန်တော်တို့သည် စည်းမျဉ်းစည်းကမ်း၏တန်ဖိုးကို သိနားလည်ပြီး မြန်မာ့လူ့ဘောင်အတွင်း စည်းကမ်းတကျ ရင်းနှီး ပျော်ရွှင်စွာ နေလာခဲ့ကြသူများဖြစ်ကြောင်းကို ပြန်လည်အောက်မေ့ စေလို၍ ဖြစ်ပါသည်။

အဓိကအရေးကြီးသောအချက်တစ်ချက်ရှိပါသေးသည်။

မြန်မာ့ရိုးရာစည်းမျဉ်းစည်းကမ်းကောင်းများကို ...

မြန်မာတို့မေ့နေမည်စိုး၍ရေးပါသည်။

မြန်မာတို့မေ့ထားမည်စိုး၍ရေးပါသည်။

မြန်မာတို့မေ့ပစ်မည်စိုး၍ရေးပါသည်။

မြန်မာတို့မေ့သွားမည်စိုး၍ရေးပါသည်။

မြန်မာတို့မေ့လိုက်မည်စိုး၍ရေးပါသည်။

အထူးသဖြင့် တိုင်းတစ်ပါးယဉ်ကျေးမှု ဩဇာပုံရိပ်များက အရှိန်အဟုန်ပြင်းပြင်း ထိုးဖောက်ဝင်ရောက်လာခဲ့ပြီး "မြန်မာတို့သည် စည်းမျဉ်းစည်းကမ်းနှင့်အညီ နေထိုင်လာခဲ့သူများဖြစ်သည်"ဟူသော အသိတရားကို ချေမှုန်းပစ်လိုက်မည်စိုး၍ ရေးပါသည်။ တစ်နည်း ဆိုရလျှင် ရှေးရိုးစဉ်လာ မြန်မာ့စည်းမျဉ်းစည်းကမ်းများကို အတင်း အဓမ္မနည်းဖြင့် မေ့ခိုင်းလိုက်မည်စိုး၍ ရေးသားရပါသည်။ ။



www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယအကြိမ်ပြင်ဆင်ထုတ်ဝေခြင်းအတွက်စကားဦး

"ဗိုလ်ချုပ်သည် နိုင်ငံ၏ကြီးလေးသောတာဝန်တို့ကို စတင်ထမ်းရွက်စဉ်က အသက်နှစ်ဆယ်ကျော်မျှသာရှိလေသည်။ သူ၏နိုင်ငံရေးကြိုးပမ်းမှုသက်တမ်းမှာ ဆယ်နှစ်ကျော်ကျော်မျှသာရှိသည်။ ကွယ်လွန်သောအခါ နိုင်ငံ၏တာဝန်ကို ထမ်းရွက်ရန် အကောင်းဆုံးအရွယ်ဖြစ်သော အသက် ၃၃နှစ်ခန့်တွင် ကွယ်လွန်ရှာသည်။ သို့သော်လည်း နိုင်ငံတွင် လူကြီး၊ လူလတ်၊ လူငယ်မရွေး ဗိုလ်ချုပ်အား လေးစားမြတ်နိုးချစ်ခင်ကြသည်။ ဤကဲ့သို့သော လူထုတစ်ရပ်လုံး ကြည်ညိုမှုရသည့် ခေါင်းဆောင်ဟူသည်မှာ တစ်ခေတ်တွင် တစ်ယောက်ပင်လျှင် ထွန်းကားဖို့ခက်ပေသည်။ ထို့ကြောင့် ထိုခေါင်းဆောင်မျိုး၏ ဂုဏ်အရည်အချင်းတို့ကို လူတိုင်းလူတိုင်း ရယူနိုင်အောင် ကြိုးစားခြင်းသည် နိုင်ငံကောင်းကျိုးဖြစ်ထွန်းစေနိုင်သော သမ္မာဝါယမ (ကောင်းသောအားထုတ်ခြင်း)ဖြစ်လေသည်။

× × ×

သတ္တိအရာ၌ ဗိုလ်ချုပ်အား အမွှမ်းတင်ရန် လိုမည်မထင်။ ဗြိတိသျှခေတ်၌ မြန်မာဟုဆိုလျှင် အသွားလေးလက်မထက်ရှည်သော ဓားမြှောင်မျှပင် ကိုင်ဆောင်ခွင့်မရှိချေ။ သို့ပါလျက် မြန်မာအနေဖြင့် စက်သေနတ်ကိုင်နေသော ဗြိတိသျှစိုးမိုးသူအား တော်လှန်ခဲ့၏။ ဗိုလ်ချုပ်၌ သတ္တိရှိ၍မြောက်စရာဖြစ်လာရခြင်းအား သတ္တိအပြင် ဖျတ္တိလည်း ရှိခြင်းကြောင့်တည်း။ ဗိုလ်ချုပ်သည် အချိန်အခါကိုသိသော ဖျတ္တိရှိ၏။ မြန်မာနိုင်ငံကို စွန့်ပြေးသော ဗြိတိသျှအပေါ်၌ရှိသော သတ္တိထက် ဂျပန်တို့၏စစ်ဖိနပ်အောက်မှနေ၍ တော်လှန်နိုင်သော သတ္တိသည်သာ၍ ထက်မြက်၏။



ဗိုလ်ချုပ်သည် နောက်လိုက်ငယ်သားတို့၏အမှားအမှန် [illegible] လုံးဝတာဝန်ယူခဲ့သည့် ပုဂ္ဂိုလ်ဖြစ်လေသည်။ ရန်သူကိုရှေ့ဆုံးမှတက်၍ ခုခံသည်မှာ သတ္တိရှိခြင်းပင်ဖြစ်၏။ သို့သော် ဤသို့ချုံ့သောသူသည် ရှုံးနိမ့်သောအခါ ရှုံးနိမ့်သော တာဝန်ကို ရဲရဲကြီးယူဖို့ ဝန်လေးတတ်သည်။ ဗိုလ်ချုပ်ကား ဤသို့ဝန်မလေး။ ဂျပန်နှင့်ပေါင်းခဲ့သောအမှားကို တာဝန်လုံးဝယူကာ ဂျပန်တော်လှန်ရေးဖြင့် အမှန်ရောက်အောင် ပြုပြင်ခဲ့ပေသည်။ ထို့နောက် ဘိလပ်သို့သွား၍ လွတ်လပ်ရေးအရေး ဆိုခဲ့သည်။

ဗိုလ်ချုပ်၏စိတ်ထားသန့်ရှင်းမှုမှာလည်း သူနှင့်လုပ်ဖော်ကိုင်ဖက်များ သိကြပြီးဖြစ်သည်။ သန့်ရှင်းသောစိတ်တို့တွင် သာမာန်အားဖြင့် လောဘမစားခြင်း၊ ဖြောင့်မတ်ခြင်း၊ နှိမ့်ချတတ်ခြင်း၊ ထောက်ထားညှာတာတတ်ခြင်းတို့ အကျုံးဝင်ပေသည်။

လိုလျှင်လိုသလိုပြုကျင့်သောအလေ့မရှိ၊ ဦးရာလူပြောစကားကိုလည်း လက်မခံတတ်။ လူနှင့်နီးစပ်အောင်နေ၍ လူ့သဘောကို သိတတ်သူဖြစ်လေရာ သူ့အား ကပ်၍ သာပေါင်းညာစားလုပ်ရန် ခက်ပေသည်။

အရည်အချင်းကို အကဲဖြတ်တတ်၍ အရည်အချင်းကောင်းကို လေးစားသူ ဖြစ်လေရာ အရည်အချင်းရှိသူတို့သည် ဗိုလ်ချုပ်ကို ယုံကြည်ကိုးစားကြလေသည်။ ဗိုလ်ချုပ်သည် တော်လှန်ရေးကို စေတနာသန့်သန့်နှင့် လုပ်ကိုင်သူဖြစ်လေရာ သူ၏ ရည်ရွယ်ချက်သည် လွတ်လပ်ရေးမှ ရအပ်သောဆုလာဘ်သပ္ပကာတို့ကိုချိန်သည့် ရည်ရွယ်ချက်မျိုးမဟုတ်ချေ။

ရဲဘော်သုံးကျိပ်တို့တွင် မူလကဦးစီးခေါင်းဆောင်ကြီးအောင်စွန့်စားသည်ကား ဗိုလ်ချုပ်ပင်ဖြစ်၏။ သာမာန်အားဖြင့်ကြည့်လျှင် မြန်မာနိုင်ငံရေးလုပ်ကြရာ၌ ရာထူး



www.burmeseclassic.com

www.burmeseclassic.com

သော်လည်းကောင်း၊ အာဏာသော်လည်းကောင်း၊ လာဘ်လာဘသော်လည်းကောင်း ရရှိလာသောအချိန်တွင် ခေါင်းဆောင်လုပ်သူတို့၏ လောဘဇောသည် တက်ကြွလာသည်ကိုသာ တွေ့ရှိရပေသည်။ ဗိုလ်ချုပ်ကား ထိုသို့မဟုတ်ပါချေ။ ဗိုလ်ချုပ်၏ ခေါင်းဆောင်ပီသသော အရိုက်အရာများဖြစ်၏။

ဗိုလ်ချုပ်သည် ရာထူးဌာနန္တရကို လက်ကိုင်ပြုနေသော လောဘနှင့်မနေတတ်၊ နလုံးကောင်းသူဖြစ်လေရာ အညတ်၊ အလတ်၊ အမြတ်မရွေးသူအား ထောက်ခံသူဖြစ်စေ၊ သူနှင့်ဆန့်ကျင်သူကိုပင်ဖြစ်စေ မိတ်ဆွေပြုလိုသည်။

ဤသို့လျှင် "စာရေးဆရာမောင်ထင်"က ဗိုလ်ချုပ်အောင်ဆန်း၏ သဘောသဘာဝ စိတ်နေစိတ်ထား၊ ပြောဆိုလှုပ်ရှားဟန်အမူအကျင့်တို့ကို တိုတိုနှင့်လိုရင်း အနှစ်ချုပ်ပြခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် နှစ်ပေါင်းများစွာ နီးနီးစပ်စပ်အတူနေ အတူသွား အတူလုပ်ဖော်ကိုင်ဖက်တစ်ဦး၏ အမြင်ဖြစ်၍ အတိကျဆုံး အမှန်ကန်ဆုံးဟု ဆိုရလိမ့်မည်။ အပီပြင်ဆုံး ဝေဖန်သွား၊ အကောင်းဆုံးရိုက်ချက်၊ လက်ရာမြောက်ဆုံး စုတ်ချက်ဟုပင် ဆိုနိုင်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာတိုင်းရင်းသားတို့ စည်းကမ်းသိသိ၊ စည်းကမ်းရှိရှိ နေထိုင်လုပ်ကိုင်တတ်ရန် အရေးကြီးကြောင်း မိန့်ခွန်းများတွင် အလျဉ်းသင့်သလို ထည့်သွင်းသတိပေးတတ်သည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီ(၆)ရက်အလို ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ မြို့တော်ခန်းမ၊ ပြည်သူ့အစည်းအဝေးကြီးတွင် ပြည်သူလူထုကို လွတ်လပ်ရေးနှင့် ထိုက်ထိုက်တန်တန် နေထိုင်တတ်ရေးအတွက် အမှတ်တရကျန်ရစ်ရော အသုံးအနှုန်းများဖြင့် နောက်ဆုံးအကြိမ် မှာကြားသွားခဲ့သည်။



လွတ်လပ်ရေးဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက်ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးသားလုံးကောင်းစားဖို့ဖြစ်စေ၊ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့၊ အခြားလူတွေရဲ့အကျိုးကို မထိခိုက်စေဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပါပဲ။

× အခြားနိုင်ငံရဲ့ လွတ်လပ်ရေးကို သွားနှောင့်ယှက်တဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေး မဟုတ်ဘူး။ ရမ်းကားမှုသာဖြစ်တယ်။

× လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။

× × × ဂျပန်ခေတ်တုန်းက ဖာသီတနယ်ထဲမှာ ကျွန်တော်တွေ့ခဲ့တယ်။ "ဟာ … လွတ်လပ်ရေးရပြီကွ" ဆိုပြီးတော့ လူတကာသွားတဲ့လမ်းပေါ်မှာတက်ပြီး ဆေးတွေလှန်းတယ်။ အဲဒီတော့ လမ်းသွားလမ်းလာတဲ့သူတွေ အတော်ခက်ကြတယ်။ အဲဒါဟာ လွတ်လပ်ရေးမဟုတ်ဘူး။

× × × လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကို ရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကို ရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစား ခံစားစေချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်များတို့ ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ သောက်ကျင့်တွေကို ပြင်ကြဖို့ လို့ပြီဆိုတာ ကျွန်တော် ကနေ့ ပြောခဲ့ချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

## မြန်မာနှင့်စည်းကမ်း

မြန်မာတွေ စည်းကမ်းဖောက်လို့၊
ထီးနန်းပျောက်ဖြစ်ပြီ၊
မိုးဖြိမ်းထောက် အသစ်မှိုတယ်၊
ညစ်ပလီလူမျိုး။
မိပစ်လို့ ဖရှောင်သွေ့သည်၊
ခွကောင်တွေ ခွေးဖြစ်ပေါ့ဗျိုး။
မြန်မာချင်း ကြွားကြချင်၊
ဓားပြသွင် သူခိုး၊
ကုလားမြင် သူ့အမေရိုးတော့မလို၊
ခုမြေလျှိုး ပုန်းရှောင်၊
မိုက်မနော် ပြုမတေးရယ်နဲ့၊
သူ့ပထွေးတော့ ထွက်ရှိမဟောင်။





မြောရေ့တဲ့ရာဇဝင်ပြောင်အောင်၊
ကာဇင်တောင်ဦးချလို့၊
ပလူးကြမြေးကြို့ခါခါ၊
ခွေးတို့ပမာ။
တွေးမိတိုင်း အရှိုးနာတယ်၊
အမျိုးပါဆဲချင်ပေါ့လေး။

*အချုပ်တန်း ဆရာဝေ*

*(၁၂၀၀ ခန့်–၁၂၅၀ ခန့်)*

ကျွန်ုပ်တို့သည် "ရဟန်းဝိနည်း၊ မြို့ကြီးစည်းရိုး၊ လူမျိုးစည်းကမ်း" ဟူသော အသုံးအနှုန်းကို မကြာမကြာ ကြားရတတ်သည်။ သုံးမိတတ်သည်။ သို့ရာတွင် စည်းကမ်းဟူသော ဝေါဟာရနှင့် ပတ်သက်၍ တစ်ကြိမ်တစ်ခါမျှ ခွဲခြမ်းစိတ်ဖြာ ကြည့်ခဲ့မိဖူးပါလေစ။

စည်းကမ်းသည် လူ့တန်ဖိုးဖြစ်သည်။ စည်းကမ်းကို လိုက်နာတတ်ခြင်းသည် လူ့ဂုဏ်အရည်အသွေးတစ်ရပ်ပင် ဖြစ်သည်။ စည်းကမ်းရှိခြင်းသည် ကောင်းကျိုးတရားများရရှိစေခြင်း ဖြစ်သည်။ ကောင်းသောတွေ့ဆုံမှုများကို ဖြစ်ပေါ်ခံစားစေခြင်းဖြစ်သည်။ စည်းကမ်း မဲ့ခြင်းသည် လူသားတို့၏ မကောင်းသော စရိုက်လက္ခဏာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းစိုင်းသော သဂေါ်တာတစ်ရပ်ဖြစ်သည်။ စည်းကမ်းမဲ့လျှင် အများအားဖြင့် ဆိုးကျိုးတရားများကိုသာ ဖြစ်ပေါ်ခံစားရပေလိမ့်မည်။

စည်းကမ်းဟူသော ဝေါဟာရကို သရုပ်ခွဲကြည့်သင့်သည်။

'စည်း'ဟူသည်မှာ ပိုင်းခြားသတ်မှတ်ထားသော ခြံဝင်းအကာအရံ(ဝါ)စည်းရိုးဖြစ်သည်။ တစ်ခုနှင့်တစ်ခု ပိုင်းခြားသတ်မှတ်ထားသော နယ်နိမိတ်၊ မကျူးမကျော် မဖောက်ဖျက်ရန် သတ်မှတ်ထားသော ကျင့်ဝတ်ဟူ၍ အဓိပ္ပာယ်ရသည်။

'ကမ်း'မှာ ချောက်၊ မြောင်၊ တောင်ယံ၊ ရေပြင်စသည်တို့၏ အနားသောင်အဖြစ် တည်ရှိသော ကုန်းပိုင်း(ဝါ)အပိုင်းအခြားကို ဆိုလိုသည်။ ထို့ကြောင့် စည်းကမ်းဟူသော ဝေါဟာရကို အနက်ဖွင့်ကြည့်လျှင် 'လိုက်နာစောင့်ထိန်းရမည့်အချက်အလက်'ဟူ၍ တွေ့ရလိမ့်မည်။

**စည်းကမ်းဟူသော** ဝေါဟာရနှင့် စပ်လျဉ်း၍ လူအများစုက ကျင့်**ဝတ်ထုံးတမ်း**စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ၊ အက်ဥပဒေစသည်တို့ဖြင့် သိနားလည်ခဲ့ကြသည်။ ခေါင်းဆောင်မှုအဘိဓာန်တွင် 'စည်းကမ်းအရာမှာ စံနမူနာဖြစ်ရမည်'ဟူ၍ပင် အရေးတကြီး ထည့်သွင်းထားသည်။ 'စည်းကမ်းဖောက်ဖျက်မှုသည် လူ့ကျင့်ဝတ်နှင့်သာဆိုင်သည်'ဟူ၍လည်း ခံယူသဘောပေါက်ထားကြသည်။





ပညာရှင်အချို့က စည်းကမ်းဟူသော အသုံးအနှုန်းသည် ရက်ကန်းမှ ဆင်းသက်လာသည်ဟု ယူဆသည်။ စည်းနှင့်ကမ်းကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ အတိုင်ချည်ပင်များကို တစ်ပင်နှင့် တစ်ပင် မပူးယှက်စေရန် တစ်ပင်ချင်းစည်းဖော်၍ လမ်းခွဲခြင်း၊ လမ်းရှင်းခြင်းများကို 'စည်းဖော်သည်'ဟုခေါ်သည်။ 'ကမ်း'ဟူသည်မှာ တစ်ဖက်ကမ်းဖြစ်သော အစွန်းအဖျား၊ ကာလနားများကိုဆိုလိုသည်။ အထည်၏အနားသား ချောမွတ်ကောင်းမွန်ရန် အရေးကြီးသည်။ စည်းမရှိလျှင် အတိုင်ချည်ပင်များ ယှက်ထွေးရောနှောသွားပြီး အထည်ဖြစ်လာတော့မည်မဟုတ်ပေ။ ထို့ပြင် ကာလနားသားကောင်းအောင်ပြုတတ်မှသာ ရက်ကန်းစက်ကျွမ်းကျင်သည်ဟု အပြောခံရလိမ့်မည်။ စည်းနှင့်ကမ်းကျနမှသာ အထည်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

'စည်းကမ်း'ဟူသော စကားလုံးကို ကုန်းဘောင်ခေတ်စာပေများတွင် ကြိုကြား ကြိုကြား တွေ့ရသည်။ လှိုင်ထိပ်ခေါင်တင်သည် ဗုဒ္ဓဝံသ နန်းတွင်းဇာတ်တော်ကြီးတွင် 'စည်းကမ်းကာလနားမရှိ၊ အလွန်မိုက်ခေါင်တိုင်နိုင်သည့် ဝိဋ္ဌာ'ဟူ၍ ရေးခဲ့သည်။

ကင်းဝန်မင်းကြီးကလည်း တိဂ္ဂုကပျို့တွင် ...



www.burmeseclassic.com

www.burmeseclassic.com



'ပြည်မသာယာ၊ ရွာမငြိမ်းချမ်း
စည်းတမ်းလွတ်ကင်း၊ မင်းတရားချွတ်
မျိုးမတ်ကျင့်သွမ်း ...'

စသည်ဖြင့် စည်းကမ်း ဝေါဟာရကို သုံးစွဲခဲ့သည်။ နေမိရကန်တွင်လည်း ...

'စည်းနှင့်ကမ်းနှင့်၊ ထုံးတမ်းဥပဒေ
သက်သေသက်ကန်၊ စံဥဒဟာရဏ်'

ဟူ၍ရေးခဲ့သည်။ 'မင်းမှုမင်းရာ၊ တံတွာထုံးတမ်း၊ စည်းကမ်းမရှိ'ဟူ၍လည်း စည်းကမ်းဝေါဟာရကို လှိုင်လှိုင်ကြီးသုံးခဲ့သည်။

စလေဦးပုညကလည်း ဝိဇယပြဇာတ်တွင် စည်းကမ်းဝေါဟာရကို ထည့်သုံးခဲ့သည်။ ဝိဇယမင်းသားတို့ကို အရေးယူသည့်အခန်း၌ 'ပုံရိပ်တော်သွေး၊ စည်းကမ်းမရှိ မှန်းမသိတဲ့၊ ပြည့်အလေးကို'ဟူ၍ သုံးစွဲခဲ့သည်။

စိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာသတ်ပုံကို လေ့လာဖူးသူတိုင်း ...

'ကျူ့စောင်ရန်းစည်း
ဆင်နှင့်လှည်း
ပြည်းပြည်း ကုန်ပျက်ပြို ...'ဟူသော အချက်ကို တွေ့ကြဖူးပေမည်။ ဤအသုံးအနှုန်းအရ 'စည်း'ဆိုသည်မှာ 'အပိုင်းအခြား၊ နယ်နိမိတ်၊ အကန့်အသတ်၊ အကာအရံ၊ စောင်ရန်း၊ ပရိုင်း'တို့နှင့် အနက်ချင်း တူညီကြောင်း သိနိုင်သည်။

'ကမ်း'ဆိုသည်မှာလည်း ချောင်းကမ်း၊ မြစ်ကမ်း၊ ပင်လယ်ကမ်းတို့သည် ရေနှင့်ကုန်းကို ခွဲခြားထားသော အပိုင်းအခြား၊ နယ်နိမိတ်၊ အကန့်အသတ်၊ အကာအရံ၊ စောင်ရန်း၊ ပရိုင်း'တို့နှင့်ပင် အဓိပ္ပာယ်ချင်း တူညီကြောင်း ထင်ရှားသည်။

ယောမင်းကြီးဦးဖိုးလှိုင်သည် မန္တလေးခေတ်ဦး၌ အလင်္ကာနိသျှကို ရေးသားရာတွင် မရိယာဒါပုဒ်ကို ကောင်းသောအပိုင်းအခြားဟု မပြန်ဆိုဘဲ 'ကောင်းသောအကျင့်ဟူသော စည်းကမ်းဥပဒေ'ဟူသော အနက်ပြန်ဆိုခဲ့သည်ကိုလည်း သတိပြုမိကြပေလိမ့်မည်။

'စည်း'နှင့်'ကမ်း'ဟူသော အနက်တူ ဝေါဟာရနှစ်လုံးကို 'စည်းကမ်း'ဟူ၍ မန္တလေးခေတ်ဦးတွင် လှိုင်လှိုင်ကြီးပူးတွဲသုံးနှုန်းခဲ့ခြင်းမှစ၍ မြန်မာစာပေလောကတွင် 'စည်းကမ်း'ဟူသော ဝေါဟာရသစ်တစ်လုံး တိုးလာသည်ဟု ဆိုရချိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂)

# မြန်မာ့အုပ်ချုပ်ရေးစည်းကမ်း

ပျူမြို့ပြနိုင်ငံများ၏ နိုင်ငံအုပ်ချုပ်ရေးစနစ်ကို အတိအကျ မခန့်မှန်းနိုင်သေးချေ။ သို့ရာတွင် ပျူတို့နှင့်ပတ်သက်၍ တန်ရာဇဝင် ပောင်းများအရ၊ ထိုခေတ်အခါကပင် ဘုရင်စနစ်အုပ်ချုပ်ရေးနှင့် ဝန်ချုပ်၊ ဝန်ကြီးတို့အကြောင်းကို အရိပ်အမြွက်မျှ သိခွင့်ရသည်။ အနော်ရထာမတိုင်မီက ခရိုင်နှင့်တိုက် အုပ်ချုပ်ရေးသာလျှင် ထွန်းကားသေးသည်။ အနော်ရထာနှင့်မင်းအဆက်ဆက်တို့ အနီးပတ် ဝန်းကျင်ကို ချဲ့ထွင်သိမ်းသွင်းသည့်အခါတွင်မှ နိုင်ငံဟူ၍ ပေါ်ပေါက်လာဟန်တူသည်။

မြန်မာတို့အုပ်ချုပ်ရေးနှင့်ပတ်သက်၍ မည်မျှစည်းကမ်းစနစ်ကြီးမားကြောင်း အနော်ရထာ၏အုပ်ချုပ်ရေးအစီအစဉ်များကို ကြည့်လျှင် တွေ့ရသည်။ အနော်ရထာသည် ပြည်တွင်းရှိ ပဒေသရာဇ် မြို့ပြနိုင်ငံများကို ဒိမိညာဏအောက်သို့ သိမ်းသွင်းခဲ့သည်။ တစ်ပြည်





လုံးတွင် သိန်းပြူ၊ သောင်းပြူ၊ ထောင်ပြူ၊ ရှစ်ရာပြူ၊ လေးရာပြူ၊ သုံးရာပြူ၊ နှစ်ရာပြူ၊ တစ်ရာပြူ၊ ရှစ်ဆယ်ပြူ၊ သုံးဆယ်ပြူ၊ နှစ်ဆယ်ပြူ စသည့် မြို့ပြများကို စစ်ရေး၊ ကာကွယ်ရေးရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ခံတပ်မြို့ပေါင်း ၄၃မြို့ကိုလည်း တည်ထောင်သည်။ ကျန်စစ်သားလက်ထက်တွင် အမျိုးသား စည်းလုံးညီညွတ်ရေး ပိုမိုခိုင်မြဲအောင် ဆောင်ရွက်နိုင်ခဲ့သည်။

နရပတိစည်သူမင်းလက်ထက်တွင် တိုင်းပြည်ပြန်လည် စည်းရုံးထူထောင်ခဲ့သည်။ နိုင်ငံအတွင်း ဒေသအနှံ့ခရီးလှည့်သည်။ ရောက်ရာအရပ်တွင် မြို့ရွာအခြေအနေအလိုက် ပေါင်းသင့်၊ ခွဲသင့်သည်များကို ခွဲခြားပေါင်းစပ်ပေးခဲ့သည်။ ရွာကြီးများကို မြို့ဟု သမုတ်သည်။ တိမ်ကောလာသောမြို့များ အချင်းချင်းပေါင်းပြီး မြို့သစ်များတည်ထောင်ပေးသည်။ ကျောက်ဆည်၊ ဝလင်းနယ်၊ မိတ္ထီလာနယ်တို့တွင် ဆည်များတည်ဆောက်သည်။ ပုဂံပတ်ဝန်းကျင်တွင် ကန်ကြီး၊ ကန်ငယ်များ တူးဖော်သည်။ ကိုယ်ရံတော်တပ်များကို ဖွဲ့စည်းသည်။ နန်းတော်ပတ်လည် အစောင့်အကြပ် အထပ်ထပ်ထားသည်။ အမှုထမ်း၊ အရာထမ်းများကို ရိက္ခာအဝတ်အစား ထောက်ပံ့ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် နိုင်ငံအတွင်း အခွန်စည်းကြပ်ကောက်ခံမှုကို စနစ်တကျဆောင်ရွက်သည်။ ရွှေခွန်၊ ငွေခွန်၊ ပယင်းခွန်၊ ကြေးဖြူခွန်၊ ကြေးနီခွန်၊ သလဲခွန်၊ သံခွန်၊ မိုင်းလုံးခွန်၊ မော်ယော်ခွန်၊ ကတို့ခွန်၊ ဆင်ခွန်၊ မြင်းခွန်များ ကောက်ယူသည်။ အခွန်ကောက်ခံခြင်း၊ ရိက္ခာပေးခြင်း၌ အမှန်အကန်ဖြစ်စေရန် အလေးချိန်၊ အတိုင်း၊ အရှည် စနစ်များကိုလည်း တိကျစွာ ပြဋ္ဌာန်းသည်။

မဟာရာဇဝင်ကြီးအရ၊ ခရစ်နှစ်(၁၂၁၀–၁၂၃၁)ခန့် ဇေယျသိခ်ဥဇနာ(နန်းတောင်းများရာဇာ၊ ထီးလိုမင်းလို)မင်းလက်ထက်တွင် ရှုံးဆောက်လုပ်သည်။ နောင်တော်များနှင့် တိုင်းပြည်အုပ်ချုပ်မှုရေးရာများကို တိုင်ပင်စီမံခဲ့သည်။ ကျွာမင်း(ခရစ်နှစ် ၁၂၃၅-၁၂၄၉)လက်ထက်တွင်လည်း တိုင်းပြည်အုပ်ချုပ်ရေးတွင် အနှောင့်အယှက်ပြုနေသည့် ခိုးဆိုးတိုက်ခိုက်မှုများကို အမိန့်ပြန်တမ်းများ၊ ကျောက်စာတိုင်များဖြင့် တိတိကျကျထုတ်ပြန် နှိမ်နင်းခဲ့သည်၊ တောကျောင်းဂိုဏ်းကဲ့သို့ ရဟန်းအချို့ကို ပေးလှူထားသော မြေများ ပုဂ္ဂလိကပိုင်ဆိုင်မှုအဖြစ် တိုးပွားနေမှုကိုလည်း စီစဉ်ဆောင်ရွက်ခဲ့သည်။

ပုဂံမင်းများလက်ထက်တွင် မင်းကောရာဇ်၏အုပ်ချုပ်ရေးအာဏာ သက်ရောက်စေရန် အလှမ်းကွာဝေးသောဒေသများသို့ မဟာသမန်းခေါ် ဘုရင်ခံများကို ခန့်ထားစေလွှတ် အုပ်ချုပ်ခဲ့သည်။ နယ်အုပ်ချုပ်ရေးအတွက်လည်း တိုက်သူကြီး ရွာသူကြီးတို့ကို စနစ်တကျ ခန့်ထားခဲ့သည်။



ပင်းယနှင့်စစ်ကိုင်း ပျက်ယွင်းပြီး အင(အင်းဝ)၄ ဗတို အုပ်ချုပ်မှု အာဏာရရှိလာချိန်တွင်လည်း အုပ်ချုပ်ရေးစနစ်တကျ ရှိစေရန် မင်းအဆက်ဆက် ကြိုးပမ်းခဲ့ကြသည်။ သတိုးမင်းဖျားနှင့် မင်းကြီးစွာတို့သည် အုပ်ချုပ်မှုစနစ်တကျရှိရေး၊ အခွန်အကောက်ရရှိရေးတို့အတွက် အစဉ်တစိုက် အားထုတ်ခဲ့ကြသည်။ မင်းကြီးစွာစော်ကဲ အမိန့်တော်တမ်းကြီး(၇၂၉-၃)ကို လေ့လာကြည့်လျှင် အင်းဝခေတ်အုပ်ချုပ်ရေး၏ စည်းကမ်းစနစ်ကြီးမားမှုကို တွေ့ရမည်။ အုပ်ချုပ်ရေးစနစ်ကျမှုကို အားပြုလျက် အင်းဝတွင် စီးပွားရေးနှင့် စိုက်ပျိုးရေး ဖွံ့ဖြိုးလာခဲ့ကြောင်းကိုလည်း သိရပေလိမ့်မည်။

အုပ်ချုပ်ရေးအခြေအနေတည်ငြိမ်လာသောအခါ ဘုရင့်အဏ္ဏာနှင့်ပေါ်သက်၍ အခွန်အကောက်များကို စနစ်တကျ ကောက်ခံသာနိုင်မှုကလည်း အင်းဝမင်းများ၏ စည်းကမ်းကျနစွာ အုပ်ချုပ်ဆတ်မှုကို ဖော်ထုတ်ပြသလျက်ရှိသည်။

အဝနရပတိလက်ထက် ခရစ်နှစ် ၁၄၅၈ ထိုးကျောက်စာ၊ ခရစ် ၁၄၈၁ ထိုးကျောက်စာများအရ ဘဏ္ဍာတော်ပွားများ

www.burmeseclassic.com



ရေးအတွက် အကောက်အစား၊ အခွန်တော်အမျိုးမျိုးကို စည်းကြပ် ကောက်ခံခဲ့ကြောင်း သိနိုင်သည်။

ပင်းယ၊ စစ်ကိုင်း၊ အင်းဝခေတ်အုပ်ချုပ်ရေးဆိုင်ရာ အထက် လွှာ အဆောက်အအုံကြီးအောက်တွင် အသည်၊ အလာ၊ သူဆင်းရဲ သားများ၊ ကျေးကျွန်များ စသည့် အခွန်ထမ်း ပြည်သူပြည်သား တို့ရှိကြသည်။ အသည်တို့သည် မြေပိုင်ရှင် သူကောင်းမျိုးရိုးများ ဖြစ်ကြသည်။ ခေတ်အဆက်ဆက် ဩဇာကြီးမားခဲ့သည်။ အုပ်ချုပ်ရေး အရာထမ်း အမှုထမ်းများသည် အသည်များမှပင် ဖြစ်လာသည်ဟု ဆိုသည်။

တောင်ငူ၊ ဟံသာဝတီ၊ ဘုရင့်နောင်မင်းတရားကြီး လက်ထက်တွင်လည်း ပြည်တွင်းငြိမ်ဝပ်ရေးနှင့် ပြည်ပလက်အောက်ခံ ဩဇာခံနယ်မြေများ ဆက်လက်တည်တံ့စေရန် စစ်ရေးများ ဆင်နွှဲ ခဲ့ရသည်။

တစ်ချိန်တည်းမှာပင် အုပ်ချုပ်ရေးနှင့် ပြုပြင်ရေးလုပ်ငန်း များကို အခွင့်အခါသင့်သလို ဆောင်ရွက်ပေးခဲ့သည်။

ဘုရင့်နောင်အုပ်ချုပ်ရေးစနစ်မှာလည်း စည်းကမ်းကျနစွာ ရှိသည်။ သိမ်းသွင်းရသမျှသော နယ်တား၊ ပယ်တား၊ ပဒေသရာဇ် ခေါင်းဆောင်များကို မိမိတို့သက်ဆိုင်ရာဒေသများ၌ ပြန်လည်အုပ်ချုပ်





ခွင့်ပေးသည်။ သားတော်များကို ပြည်ပလက်အောက်ခံ နယ်အချို့တို့ စေလွှတ် အုပ်ချုပ်စေသည်။ အလေးတင်းတောင်းများကို ဟံသာဝတီနှင့် တစ်ညီတည်းဖြစ်စေသည်။ စစ်ချီရင်း လမ်းများ၊ တံတားများကို ဆောက်သည်။ အဝနှင့်တောင်ငူသို့လည်း လှည်းလမ်းပြင်ဆင် ဖောက်လုပ်ခဲ့သည်။

ဘုရင့်နောင်လက်ထက်တွင် ဒေသဆိုင်ရာ ထွက်ကုန်များမှ ဖြစ်စေ၊ ရွှေငွေကျောက်သံပတ္တမြားတွင်းများမှဖြစ်စေ နှစ်စဉ်အခွန် တော်များ ဆက်သွင်းစေခဲ့သည်။ နိုင်ငံတော် ဘဏ္ဍာတောင့်တင်းမှု ကြောင့် ဘုရင့်နောင်သည် ရောက်ရာအရပ်တိုင်းတွင် ဘုရားစေတီများ ပြုပြင်ခဲ့သည်။ ဟံသာဝတီမြို့တော်သစ်ကို တည်ဆောက်ရာတွင် ဝန်းကျင်တံခါးပေါက်ပေါင်း ၂၀ ကို လက်အောက်ခံပဒေသရာဇ် မင်းများက တာဝန်ယူ၍ ဆောက်လုပ်ပေးရသည်။ တရားစီရင်ရေး ကိုလည်း လက်နက်နိုင်ငံများအပါအဝင် ကျယ်ပြန့်လှသော ပိုင်နက် နယ်ပယ်အတွင်း တစ်ပြေးညီ သက်ရောက်စေခဲ့သည်ကို တွေ့ရပေ လိမ့်မည်။ နေပြည်တော်ကိုတောင်ငူမှ ဟံသာဝတီ ပြောင်းရွှေ့ခဲ့ခြင်း မှာလည်း ဘုရင့်နောင်၏ အုပ်ချုပ်ရေးစည်းကမ်း သိနားလည်မှုကို ပေါ်ပြခဲ့သည်။ ယင်းသို့ပြောင်းရွှေ့ခဲ့ခြင်းအားဖြင့် မွန်-မြန်မာစည်းရုံးရေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရပ်ခြားမှ သံကြီးတမာန်ကြီးများ အလွယ်တကူ ဝင်ထွက်သွားလာနိုင်ရေး၊ ဆိပ်ကမ်းမြို့ကြီးအဖြစ် ကူးသန်းရောင်းဝယ်ရေး ဗဟိုဌာနကြီး ဖြစ်ပေါ်လာရေးတို့အတွက် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းပင် ဖြစ်သည်။ ထို့ပြင်ဘုရင့်နောင်၏ တပ်မတော်ကြီးများတွင် ရှမ်း၊ မြန်မာ၊ မွန်စသည့် တိုင်းရင်းသား လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားခြင်းကြောင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေခဲ့သည်။

သာလွန်မင်းလက်ထက်တွင်လည်း စာရင်းစစ်တမ်းများ ကောက်ယူစေခဲ့သည်။ လူဦးရေနည်းပါးနေမှုကို နယ်ခြားဒေသ၊ တောင်ပေါ်ဒေသများမှ တိုင်းရင်းသားဖြင့် ရွှေ့ပြောင်းဖြည့်တင်းခဲ့သည်။ တိုင်းပြည်လူဦးရေ တိုးပွားရေးအတွက် အိမ်ထောင်လွတ် မရှိအောင် ယောက်ျားလေးနှင့် မိန်းမလေးကို အိမ်ထောင်ချပေးခဲ့သည်။ ကုန်ထုတ်လုပ်မှုအင်အား၊ အမှုထမ်းအင်အား တိုးပွားလာအောင် ညွှန်ကြားလုပ်ဆောင်စေခဲ့ခြင်းပင်ဖြစ်သည်။

သာလွန်မင်းသည် မိမိ၏အမိန့်ပြန်တမ်းများတွင် အရာထမ်း အမှုထမ်းများ၊ စစ်သည်ရဲမက်များ၊ ရွာမြေအကြီးအကဲများ ဆောင်ရွက်ကြရမည့် တာဝန်ဝတ္တရားများကို ထည့်သွင်းခဲ့သည်။ ပြည်သူလူထု အပေါ် ထားရှိရမည့်သဘောထားများကိုလည်း လမ်းညွှန်ခဲ့သည်။

မိတ်ဆွေစာပေ



မင်းရဲကျော်ထင်(ခရစ်နှစ် ၁၆၇၃-၁၆၉၈)လက်ထက်တွင် အုပ်ချုပ်ရေးကိစ္စများကို လွှတ်တော်ဝန်ကြီးများနှင့် စိတ်ဝမ်းညီညွတ်စွာ ညှိနှိုင်းတိုင်ပင်ခဲ့သည်ဟု သိရသည်။ အချုပ်အားဖြင့် ညောင်ရမ်းခေတ်တွင် မင်းသည် အမြင့်ဆုံးအာဏာပိုင်ဆိုင်သည်။ မင်းနှင့်အတူ ဘုရင့်သားတော်၊ ညီတော်နှင့်ဘုရင့်အလိုကျ ရွေးချယ်သော အိမ်ရှေ့မင်းတို့ အာဏာပိုင်သည်။[၃]

ကုန်းဘောင်ခေတ် အုပ်ချုပ်ရေးမှာလည်း သက်ဦးဆံပိုင်ဘုရင်စနစ်က ဆက်လက်အမွေခံထားသော အုပ်ချုပ်ရေးစနစ်ဟု ပြောလိုက ပြောနိုင်သည်။ ပြည်သူလူထု၏ ကံကြမ္မာသည် မင်း အပေါ်တွင် တည်မှီနေခဲ့သည်။ မည်သို့ပင်ဖြစ်စေ မန္တလေးခေတ် အုပ်ချုပ်ရေးစနစ်အရ မင်းအစိုးရတို့ထင်သလို မပြုကျင့်နိုင်ရန် ပွဲကိုင်ထိန်းမတ်ပေးမည့် လွှတ်ရုံးဇာရပ်ကို ပြည်သူတို့ကိုယ်စား တည်ထောင်ပေးခဲ့သည်ကို တွေ့နိုင်သည်။

အမရပူရ ဘိုးတော်ဘုရား လက်ထက်တွင် ဘုရင်မင်းမြတ် ထုတ်ပြန်သော မသင့်လျော်သည့် အမိန့်တော်များကိုပင် ဆိုင်းထားရန် သို့မဟုတ် ပယ်ဖျက်ရန် လွှတ်တော်တွင် အာဏာပေးအပ်ခဲ့သည်။

ကုန်းဘောင်ခေတ်အုပ်ချုပ်ရေးစနစ်အရ လွှတ်ရုံးဇာရပ်တွင် လွှတ်တော်သည် အခေါင်အချုပ်ဖြစ်သည်။ နန်းတော်မှတစ်ပါး နိုင်ငံ

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



တော်တွင် အမြင့်ဆုံးသောဌာနအဖြစ် ရပ်တည်ခွင့်ရခဲ့သည်။ ထို့ကြောင့်ပင် ဘုရင်မင်းမြတ်ကိုယ်တိုင် လွှတ်တော်တက်၍ အမှုအခင်းများကို ကြားနာစစ်ဆေးတတ်သည်။ မိမိမတက်ရောက်နိုင်သည့်အခါ၌သာ အိမ်ရှေ့မင်းတက်ရောက်ရသည်။ အိမ်ရှေ့မင်းမရှိပါက လွှတ်တက်ရန် စီမံရွေးချယ်ထားသော မင်းသားတစ်ပါးပါး တက်ရောက်ရသည်။ မင်းတုန်းမင်းလက်ထက်တွင် ၁၄ဌာန ခွဲဝေအုပ်ချုပ်ရေးစနစ် ကျင့်သုံးခဲ့သည်ကိုတွေ့ရသည်။



အခန်း(၃)

# မြန်မာ့ပြည်သူ့ဝန်ထမ်းစည်းကမ်း

မျက်မှောက်ကာလတွင် အစိုးရအဖွဲ့ဝင်(ဝါ)ပြည်သူ့ဝန်ထမ်းများအတွက် 'စည်းကမ်း'ဟူသော စကားသည် အထူးအဆန်းမဟုတ်တော့ချေ။ ရုံးစည်းကမ်း၊ လုပ်ငန်းခွင်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရခြင်းသည် နိစ္စဓူဝပေးတာဝန်ကြီးတစ်ရပ်ဖြစ်သည်။ ပြည်သူ့ဝန်ထမ်းတစ်ယောက်အတွက် မိမိ၏လုပ်ငန်းတာဝန်ကို ရိုးသားကြိုးစားစွာ ထမ်းဆောင်ကြဖို့ အရေးကြီးသည်။ အထူးသဖြင့် နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာစောင့်သိကြရန် အရေးကြီးပေသည်။

အလုပ်ချိန်နှင့်ပတ်သက်သော စည်းကမ်းများကိုကြည့်လျှင် အလုပ်ချိန်မှန်ရမည်။ လုပ်ငန်းခွင်မှတာဝန်မဲ့ မပျက်ကွက်ရ။ ခွင့်မဲ့ မပျက်ကွက်ရ။ ခွင့်ရက်ကုန်လွန်ပြီး အလုပ်ပြန်ဝင်ရန် မပျက်ကွက်ရ။ အလုပ်ကူးပြောင်းချိန်ကုန်ဆုံးပြီး လုပ်ငန်းခွင်မဝင်ခြင်း မဖြစ်စေရ။ အလုပ်ဌာနအလိုက် သတ်မှတ်ထားရှိသည့် အလုပ်ခွင်စည်းကမ်းများကို ဖောက်ဖျက်ခြင်း မရှိစေရဟူ၍ တွေ့ရလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မကျေပွန်ခြင်း၊ ပေါ့ဆစွာ တာဝန်ထမ်းဆောင်ခြင်း၊ လုပ်ရည်ကိုင်ရည် အဆင့်အတန်းမမီခြင်း၊ အရည်အချင်းညံ့ဖျင်းခြင်း၊ အမိန့်ညွှန်ကြားချက်များကို မလိုက်နာခြင်း၊ စည်းကမ်းမလိုက်နာမှုကြောင့် အစိုးရပိုင်ပစ္စည်းများဖြစ်စေ၊ ဘဏ္ဍာငွေများဖြစ်စေ ဆုံးရှုံးခြင်း စသည့်ပြစ်မှုများ မကျူးလွန်မိရန်လည်း အမိန့်များ ထုတ်ပြန် တားမြစ်ထားပေသည်။

ရှေးခေတ်အခါများက အစိုးရဝန်ထမ်း(ဝါ)ပြည်သူ့ဝန်ထမ်း ဆိုသူများသည် နန်းတွင်းအမှုထမ်းများ၊ လွှတ်တော်ရုံးဝန်ထမ်းများ၊ မှူးတော်မတ်တော်များ၊ စာရေးတော်၊ စာချီတော်စသည့် မင်းမှုထမ်း များကို ဆိုလိုပေသည်။ ထိုခေတ်အခါများကလည်း ယနေ့ပြည်သူ့ ဝန်ထမ်းများ လိုက်နာကျင့်သုံးရသည့် စည်းမျဉ်းစည်းကမ်းမျိုး ချမှတ်ထားသည်။ တစ်နည်းအားဖြင့် ရှေးအခါကပင် မင်းမှုထမ်းများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းမှု ချမှတ်ထားသည်။ တစ်နည်း အားဖြင့် ရှေးအခါကပင် မင်းမှုထမ်းများ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများ တိကျပြတ်သားစွာ ရှိနေနှင့်ပြီးဖြစ်သည်။

မြို့တိုက်ပေါ်သို့ အင်္ကျီဗလာ ခေါင်းပေါင်းမြှုမပါဘဲ မည်သူမျှ မတက်ရချေ။ အမိန့်တော်ခံ ဗိုလ်များမှတစ်ပါး မည်သူမျှ ဓားတောင်း ကျိုက်၍ မြို့တိုက်ပေါ်သို့ မတက်ရ။ ဖိနပ်များလည်း မြို့တိုက်ပေါ်သို့





မတင်ရဟူသော စည်းကမ်းချက်များကို လိုက်နာကြရသည်။ လွှတ်တော် ကဲ့သို့ မြို့တိုက်တက်ချိန်မှာ နံနက်ဘက်တစ်ချက်မတီးမီက တစ်ချက်တီး (၉)နာရီလျှင် တစ်ကြိမ်၊ နေ့လည်ချက်သီး(၁၂)နာရီကစ၍ သုံးချက်တီး (၃)နာရီတိုင် တစ်ကြိမ်အားဖြင့် ဥပုသ်နေ့မှအပ နေ့စဉ်တက်ရောက် စုဝေးရသည်။ အတွင်းဝန်များသည် မြို့တိုက်တွင် အမြဲနေထိုင်ရသည်။ မြို့တိုက်တက်သည့်အခါ အငြိမ်တက်ဖြင့် ကွန်းစင်ကိုင်တွင်းရှိ ကွမ်း သွေးပေါက်များတွင် ရာထူးအစဉ်အလိုက် နေရာထိုင်ကြရသည်။ မြို့တိုက်တက်ချိန်တွင် သစ်လွင်သန့်ပြန့်သောအဝတ်ကို ဝတ်ရသည်။ အင်္ကျီရှည်အပေါ်တွင် အင်္ကျီလက်ကျယ်ဝတ်ရသည်။ စလွယ်လည်း ဆင်ရသည်။

ကွမ်းရေတော်သားများသည် ဘုရင်မင်းမြတ်အပါးတော်တွင် ရှိနေရသည်။ နံနက်မျက်သစ်တော်ရေ၊ ညနေဘုရားပူဇော်သောအခါ ရွှေဖလား၊ ရွှေကလပ်တွင် ထည့်ထားသော ဆန် ပန်းပေါက်ပေါက်နှင့် မွှေးကြိုင်သောပန်းများကို နံနက်ညနေ အမြဲမပြတ် ဆက်သရသည်။

ဘုရင်ထွက်တော်မူသောအခါ ကွမ်းအစ်တော်၊ ကွမ်းလောင်း တော်၊ ကွမ်းခွက်တော်၊ သောက်တော်ရေစသော သာမန်မင်းခမ်း မင်းနားသုံးပစ္စည်းများကို ကိုင်ဆောင်လိုက်ပါရသည်။ ကွမ်း ရေတော် သားများသည် အခြားအရာရှိများနှင့် ရောနှောထွက်ဝင် ခစားခြင်း



www.burmeseclassic.com

www.burmeseclassic.com



မပြုရပေ။ သီးခြားထမ်းရွက် ခစားရသည်။ လေသာဆောင်၌သာ နေကြရသည်။ ကွမ်း ရေတော်သားများအဖြစ် ဆွေတော်မျိုးတော် ဖြစ်သော မင်းသားကြီးတို့၏သားများ၊ စော်ဘွားမြို့စားတို့၏ သားတော်များ၊ ညီတော်များ၊ ဝန်ကြီးအတွင်းဝန်တို့၏ သားများ၊ ညီများသာ ခစားထမ်းရွက်ခွင့်ရသည်။ ယင်းတို့ထက်နိမ့်သော အရာရှိတို့၏သားများ၊ ညီများကို ထမ်းရွက်ခွင့် မပေးချေ။

နံနက် တစ်ချက်တီး (၉–နာရီ)အချိန်တွင် ပြုလုပ်မြဲဖြစ်သည့် နံနက်ညီလာခံမတိုင်မီ လွှတ်တော်ဝန်ကြီးများ၊ ရှေ့ရုံးနောက်ရုံး၊ တရားရုံး၊ ဝင်းရုံးများမှ အရာရှိများနှင့် သေနတ်ဗိုလ်များသည် မြို့တိုက်တွင် ခေတ္တရပ်တန့်၍ လူစုရသည်။ အရာရှိစုံလျှင် တစ်ညီတညာတည်း ညီလာခံစနုဆောင်သို့ ဝင်ကြရသည်။ ဘုရင့်ရှေ့တော်သို့ ဝင်ရောက်ရခြင်းဖြစ်၍ လုံခြုံရေးအစီအစဉ်များ လုပ်ဆောင်ထားသည်ကိုလည်း တွေ့ရလိမ့်မည်။ ထိုနံနက်ညီလာခံသို့ မည်မျှပင် ချမ်းအေးလှသည်ဖြစ်စေ၊ မည်သည့်အရာရှိမျှ စောင်သက္ကလပ်၊ ညဉ့်ရုံခြုံထည် စသည်များကို ခြုံရုံခစားခွင့်မရချေ။ လက်နက်များလျှို့ဝှက်ယူဆောင်လာမည်စိုးသောကြောင့်ဖြစ်သည်။

ညီလာခံတွင် ဝန်ကြီးခန့်အပ်မိန့်၊ စော်ဘွားခန့်အပ်မိန့်တော်များကိုလည်း သံတော်ဆင့်က ဖတ်ပြန်ရသည်။ မှူးတော်မတ်တော်





များကို ဘွဲ့သနားတော်မူလျှင်လည်း သံတော်ဆင့်ကပင် ဖတ်ပြန်ရသည်။ ဇောင်းတော်ဆောင်တွင် သံဃာတော် ဆရာတော်တို့ ဘုရင်လျှောက်ထား၍ ကြွရောက်လာလျှင် ခေတ္တသီတင်းသုံးနေရသည်။ ထိုဇောင်းတောင်ဆောင်မှာပင် မှူးတော်မတ်တော်များလည်း ဘုရင့်ရှေ့တော်သို့ မဝင်ရမီ ခေတ္တစောင့်ဆိုင်းရသည်။ လက်ဖက်ရည်တော်သားများသည်လည်း မင်းကောရာဇ်တို့အား လက်ဖက်ရည်တော်ဆက်ရသော အမှုထမ်းသားများဖြစ်သောကြောင့် လေသာဆောင်၌ တာဝန်ထမ်းဆောင်ရသည်။ ဝန်ထောက်၊ ဗိုလ်မှူး၊ မြို့ဝန်၊ အဝေးဝန်တို့၏သားများ၊ ညီများသာ အမှုတော်ထမ်းခွင့်ရသည်။ လက်ဖက်ရည်တော်သားများအပြင်၊ ၎င်းထက်အရာမြင့်သော လက်သုံးတော်ကိုင် (လက်သုံးတော်)များလည်း ခစားထမ်းရွက်ရသည်။

နံနက်ညီလာခံကျင်းပချိန်တွင် မှူးမတ်များသည် တောင်နန်းတော်ရှေ့ဆောင်တောင်ဦးတွင် အသင့်စောင့်ပြီးမှ ညီလာခံသို့ ငုံ့ဝင်ရောက်ရသည်။ မှန်နန်းစနုမှာလည်း ညီလာခံစနုဆောင်ပင် ဖြစ်သောကြောင့် သံတမန်နှင့် အဝေးမြို့ရွာစော်ဘွားတို့သည် ယင်းအဆောင်၌ ဘုရင်မင်းမြတ်နှင့်လာရောက်တွေ့ဆုံရသည်။ မှန်နန်းဆောင်တော်မှာ ဘုရင်မင်းမြတ်တို့အမြဲစံမြန်းရာဖြစ်၍ မှူးတော်မတ်တော်တို့သည် အမြဲတက်ရောက် မခစားရပေ။ တက်ရောက်ခစားခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးမှ တက်ရောက်ခစားရသည်။ ရှေးခေတ်မင်းမှုထမ်းများပင် ဖြစ်သည့် စာတော်ဖတ်များသည်လည်း ဘုရင်စက်တော်မခေါ်မီ ခြေတော်ရင်းမှ အလှည့်ကျအမှုထမ်းရသည်။ ဘုရင်ကြိုရာသို့ ဦးသုံးကြိမ် ချပြီးမှ ခုံတော်ပေါ်သို့ တက်ရသည်။ ခုံပေါ်တွင် ဒူးပဆစ်တုပ် ပျပ်တာ တရေးစာအုပ်များကို ဖတ်ရှုဆက်သရသည်။ ရှေးခေတ်က ဘုရင်အိမ်သာအဆင်းတွင်မှ အမင်္ဂလာစကားများကို ရှောက်ထား ရသည်။ မင်းမှုထမ်းများအနက် အနောက်တွင်းဝန်သည် မိဖုရားများ နေထိုင်ရာ အနောက်အတွင်းတော်များသို့ အရွယ်မရောက်သေးသော ယောကျ်ားကလေးများမှအပ၊ မည်သည့်ယောကျ်ားမျှ ဝင်ထွက် သွားလာခြင်းမပြုနိုင်အောင် တားဆီးကာကွယ်ရသည်။ သူငယ်တော် များနှင့် သားပေါက်တော်များသည် သန့်ရှင်းရေးတာဝန်ယူရသည်။

အရှေ့ပိုင်း၊ အနောက်ပိုင်းရှိ နန်းတော်ဆောင်များအားလုံး အပေါ်သို့ ငှက်ဆိုး၊ ငှက်ယုတ်များ မနားမနေ မကျော်မလွှား မအော်မမြည်စေရအောင် ငှက်တော်စောင့် အမှုထမ်းများက စောင့် ရှောက်ရသည်။ အလယ်နန်းတော်ဆောင်ရှိ ပွဲတော်ဖိုတွင် တားတော် ဝန်သည် လက်သုံးတော်ရွှေခွားခွဲ သက်တော်စောင့်များ၊ ခြံရံလျက် ကြည့်ရှုစောင့်ကြပ်ချက်ပြုတ်စေရသည်။ ဝင်းမှူးဟူသော မှုထမ်း များသည် လက်ရုံးရည်၊ နှလုံးရည်တွဲဖက်တတ်ကျွမ်းငွမ်းဆောင် နိုင်သူ၊ ဘုရင့်ကျေးဇူးသစ္စာတော်ကို သိတတ်သူများအဖြစ် ရွေးချယ် ခန့်ထားခံရသူများဖြစ်သည်။ ဝင်းမှူးများရုံးတက်သည့်အခါ လက်ရုံး ဘက်၊ နှလုံးဘက်သက်သေခံ အထိမ်းအမှတ်အဖြစ် ဓားနှင့်ယပ်ကို တွဲဖက်စွဲကိုင်သွားရသည်။ နန်းတော်ရှေ့တံခါးနီ တံခါးမကြီး အတွင်းပိုင်းသို့ မင်းမှုထမ်းတိုင်း မဝင်ရချေ။ နိုင်ငံတော်ရေးကိစ္စနှင့် ပတ်သက်သော သံကြီး၊ တံမန်ကြီး၊ မှူးကြီး၊ မတ်ကြီးတို့သာ ဝင်ထွက်ခွင့်ရှိသည်။ မြို့တိုက်အတွင်းဝန်တို့က တံခါးနီအတွင်းသို့ ဝင်ခွင့်ပေးရသည်။ တံခါးနီအတွင်းသို့ ဝင်လှူတိုင်းသည် ခေါင်းပေါင်းဖြူ ပေါင်း၍ဝင်ကြရသည်။

ရှေးအခါက မင်းသားများမှတစ်ပါး၊ အခြားအရာရှိများသည် လွှတ်တော်သို့ဖြစ်စေ၊ ရှင်ဘုရင့်ရှေ့တော်သို့ ဝင်ရန်ဖြစ်စေ၊ နန်းတော် တွင်းသို့လာရောက်သောအခါ မည်သူမျှ ထီးဆောင်းခြင်း မပြုရပေ။ သက်ရှိသက်မဲ့ယာဉ်များကိုလည်း စီးနင်းဝင်ရောက်ခွင့်မရပေ။ နန်းတော်လှေကားများနှင့် လွှတ်တော်လှေကားများအထိ ရာထူး အလျောက် ခမောက်များကိုဆောင်း၍ ဝင်ခွင့်ရသည်။ နန်းတော် နာရီတော်ရုံမှ နာရီတော်မှူးသည် ငွေမောင်းသံဖြင့် အချိန်တော်ပေးရ သည်။ အချိန်တော်ကြား၍ ဗဟိုရ်ရှိနံကျလျှင် ဗဟိုရ်တီးသွေးသောက် ကြီးတို့သည် ခေါင်းပေါင်းဖြူ၊ အင်္ကျီရှည်ကြီးများဝတ်ဆင်လျှက်

www.burmeseclassic.com

www.burmeseclassic.com



ဗဟိုရ်စင်ပေါ်မှ ရွှေနန်းတော်ကြီးဘက်သို့ ဦးသုံးကြိမ်ချကာ တီးခတ်ရသည်။ လွှတ်တော်ကွန်းစင်ခန်းမကြီးများအတွင်းသို့လည်း မင်းသားများနှင့်ဝန်ကြီးများမှအပ၊ မည်သူမျှ မဝင်ရချေ။ ဝန်ကြီးများမှအပ၊ အခြားလွှတ်တော်အရာရှိများတွင် နေရာသီးခြားစီ ခစားရသည်။

ကွမ်းသွေးပေါက်ရသော လွှတ်တော်အရာရှိများမှအပ အခြားအရာရှိများ၊ အဝေးအရာရှိများသည် ကွမ်းသွေးပေါက်အတွင်းသို့ ဝင်ပြီး၊ ကွမ်းစင်တိုင်များကိုမှီ၍ မထိုင်ရချေ။ ထို့ပြင် လွှတ်တော်ပေါ်၌ ဖျာသင်ဖြူးခင်း၍ ထိုင်ခြင်း၊ ခေါင်းပေါင်းဖြူမပါဘဲ တက်ရောက်ခြင်းတို့ကို ခွင့်မပြုချေ။ လွှတ်တက်ဆဲ အခါတွင်လည်း မည်သူမျှ ဖျောက်လျှောကားမှ မတက်ရပေ။ အမိန့်တော်ခန့်ဗိုလ်များမှတစ်ပါး မည်သူမျှ ဓါးတောင်းကျိုက်၍ လွှတ်တော်ပေါ်သို့ မတက်ရချေ။ ဖိနပ်များလည်း တင်ထားခြင်း မပြုရပေ။ သေးနုပ်သော အမှုအခင်းများ ကျူးလွန်သူများကို ဖွားဘက်ကျော်တန်းတွင် ချုပ်ရပြီး အတော်အတန်ကြီးလေးသော အမှုကျူးလွန်သူများကို ဒိုင်းတော်တန်းတွင် ချုပ်ရသည်၊ ဖွားဘက်ကျော်အမှုထမ်းများသည် ရာဇဝတ်သင့်သူများကို အသာအယာဆင့်ခေါ်ရသည်။ ကြိုး၊ ကြိမ်များလည်း မကိုင်ရ၊ လူများကိုလည်း မကိုင်ရပေ။ ဒိုင်းတော်အမှုထမ်းများမှာမူ





ကြမ်းတမ်းစွာ ခေါ်ဆောင်ခွင့်ရှိသည်။ ကြိုး၊ ကြိမ်ကိုင်ခွင့်ရသည်။ လူများကိုလည်း ရိုက်နှက်နိုင်သည်။

ရှေးခေတ်မင်းမှုထမ်းများ(ဝါ)ပြည်သူ့ဝန်ထမ်းများ ထမ်းဆောင်ကြရမည့် လုပ်ငန်းခွင်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများစွာ အနက်မှ ကောက်နုတ်တင်ပြချက်ဖြစ်သည်။ အရည်အချင်းနှင့်ပြည့်စုံ၍ အသိပညာကြီးမားသူ၊ ရဲရင့်ယုံကြည်ရသူများသည် မင်းမှုထမ်းများအဖြစ် ချီးမြှောက်ခံရစမြဲဖြစ်သည်။ ယင်းသို့ မင်းမှုထမ်းများအဖြစ် ချီးမြှောက်ခံရလျှင် ချီးမြှောက်ခံရရန် ကြိုးပမ်းအားထုတ်နေချိန်တွင် မင်းနှင့်တိုင်းပြည်အပေါ် မည်သို့သဘောထားကျင့်ကြံသင့်သည် ဟူသောအချက်ကိုလည်း ရှေးစာပေပညာရှင်တို့သည် ပျို့လင်္ကာဆုံးမစာများအသွင်ဖြင့် သတ်မှတ်ပေးခဲ့ကြသည်။

○



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄)

# မြန်မာ့တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစည်းကမ်း

မြန်မာနိုင်ငံတိုင်းရင်းသားတို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပုဂံနိုင်ငံကြီးသည် နှစ်ပေါင်း ၃၀၀ နီးပါး တည်တံ့နိုင်ခဲ့သည်။ မြန်မာနိုင်ငံတိုင်းရင်းသားတို့၏ သမိုင်းစဉ်အတွက် လွန်စွာကောင်းမွန်နိုင်ခန့်သော အခြေခံအုတ်မြစ်ကြီးကိုလည်း ချနိုင်ခဲ့သည်။ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ဟံသာဝတီ၊ ညောင်ရမ်းစသည့် ပဒေသရာဇ်နိုင်ငံများခေတ်တွင်လည်း မြန်မာနိုင်ငံ တိုင်းရင်းသားများသည် မျိုးချစ်စိတ်ဓာတ်၊ တိုင်းပြည်ချစ်စိတ်ဓာတ်၊ နိုင်ငံတည်ဆောက်ရေးနှင့် လူမျိုးတည်တံ့ရေးအတွက် အရေးကြီးလှသော သူရဲကောင်းစိတ်ဓာတ်တို့ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြသည်။





မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများသည် ရှေးပဝေသဏီကပင် တစ်ခုတည်းသော မျိုးနွယ်များမှ ဆင်းသက်ပေါက်ဖွားလာကြသူများ ဖြစ်သည့်အလျောက် အပြောအဆို၊ အနေအထိုင်၊ အဝတ်အစား၊ အမှုအရာ၊ ဓလေ့ထုံးစံ၊ ဘာသာစကားများ၌ အနည်းငယ်စီ ကွဲပြားသွားလင့်ကစား၊ အဓိကကျသော အတွေးအခေါ်အယူအဆပိုင်း၌ တူညီချက် အမြောက်အများကို တွေ့နိုင်သည်။ အထူးသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် များစွာအထောက်အကူပြုနိုင်သော စကားပုံများဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ရေး စည်းကမ်းများကို တစ်ညီတစ်ညွတ်တည်း ချမှတ်ပေးအပ်ခဲ့သည်။

ကချင်(ဂျိန်ဖော့)တို့က 'ညီအစ်ကိုများကို ခွန့်ပစ်ရန် ချောက်ကမ်းပါးမရှိ၊ ဖက်နွမ်းခြောက်များကို ပစ်ရန်သာ ချောက်ကမ်းပါးရှိသည်'ဟူ၍ ပြောဆိုခဲ့သည်။ 'သံမီးညှပ်နှင့်ကိုင်လျှင် မပူ၊ မပြုတ်နိုင်၊ အများလက်နှင့်ဝိုင်းကိုင်လိုက်လျှင် မညွတ်နိုင်။ စုပေါင်းဝိုင်းလုပ်လျှင် အမြန်အောင်မြင်ပြီးစီးနိုင်သည်'ဟူ၍ သတိပေးသည်။

တိုင်းတစ်ပါးယဉ်ကျေးမှုများကို အထင်မကြီးရန်နှင့် လမ်းမှားမလိုက်မိစေရန် ကယားတိုင်းရင်းသားတို့ကလည်း 'မသွားဖူးသည့်လမ်းကိုခေါ်တိုင်း မလိုက်နှင့်၊ မစားဖူးသည့်အစာကို ကျွေးတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မစားနှင့်’ဟူ၍ မှာကြားခဲ့သည်။ ‘ညှော်သည်က အိမ်ရှင်ကို နိုင်တတ်သည်’ဟူ၍လည်း တိုင်းတစ်ပါး အန္တရာယ်ကို လက်ညှိုးထိုးပြခဲ့သည်။

ကရင်တိုင်းရင်းသားတို့ကလည်း ‘ကိုယ်က ကြောက်လျှင် ရန်သူကလည်း ကြောက်၊ ငှက်အဖြူဆိုလျှင် အဖြူအုပ်မှာပျံ၊ ငှက်အမည်းဆိုလျှင် အမည်းအုပ်မှာ ပျံဟု မှာကြားခဲ့သည်။ ညီအစ်ကို မောင်နှမအချင်းချင်း မိခင် ဖခင်လို သဘောထား၊ အဖေအမေကို နတ်သိကြားလိုရိုသေ’ဟူ၍လည်းကောင်း၊ တောင်းစုတ်၊ ပလုံးစုတ် ပစ်ထားနိုင်၊ ညီအစ်ကိုများ ပစ်မထားနိုင်’ဟူ၍လည်းကောင်း၊ တစ်ဘက်က ...န်နေလျှင် တစ်ဘက်က လျှော့ပေး၊ နှစ်ဘက်လုံး သန်လျှင်ကား ထမင်းအိုးတွဲလိမ့်မည်’ဟူ၍ လည်းကောင်း၊ ညီညွတ်ရေး တရားဟောခဲ့သည်။ ‘မသိသော အသီးစားလျှင် မူးတတ်သည်။ မသိသောလမ်းသွားလျှင် မှားတတ်သည်’ဟူ၍လည်း တိုင်းတစ်ပါး ယဉ်ကျေးမှုအန္တရာယ်နှင့်ပတ်သက်၍ သွယ်ဝိုက်သတိပေးခဲ့သည်။ ‘မီးထွန်းလျှင် မီးတောက်သည်၊ တိုင်းပြည်ကို ပြုစုလျှင် ပွံ့ဖြိုးသည်’ဟူ၍လည်း တိုင်းပြည်နှင့်လူမျိုးကို ချစ်တတ်ရန် သင်ကြားပေးခဲ့သည်။

‘ရေမရှိလျှင်လည်း ပျော်ပျော်နေ၊ တိုင်းပြည်ဆူလည်း ပျော်ပျော်နေ’ဟူ၍လည်း မှာကြားသည်။ ‘ရေသည်လသာ်ပင်ရိုင်





အောက်မှာ အေး၏။ လူသည် ဥပဒေအောက်၌ နေရမှပျော်သည်’ဟူ၍လည်း ဥပဒေလေးစားတတ်ရန် သတိပေးသည်။ ‘မြေခန်းလျှင် တွင်းမြှုပ်တူးပါ၊ လူနည်းလျှင် ဖြန့်၍ စုစည်းပါ’ဟူ၍လည်းကောင်း၊ ‘လျှော်များလျှင် ကျစ်လျစ်၊ နှီးများလျှင် ခိုင်ခံ့’ဟူ၍လည်းကောင်း၊ ‘သစ်သားပူးပြီး တွဲသွားလျှင် ခိုင်၏။ ဝါးပူးတွဲလျှင် ခိုင်၏။’ဟူ၍လည်းကောင်း၊ အတူတူလုပ်စာ အလုပ်တွင်၊ အတူတူစားက တးလို့မြိန်’ဟူ၍လည်းကောင်း၊ အတူတူစားလျှင် မြိန်ယှက်သည်၊ အတူတူအိပ်သော် နွေးသည်’ဟူ၍လည်းကောင်း၊ ‘အလုပ် မလုပ်တတ်ကြလျှင် ညီအစ်ကိုပင်ရန်သူဖြစ်နိုင်သည်’ဟူ၍လည်းကောင်း ညီညွတ်မှု၏တန်ဖိုးကို ထွက်ပြခဲ့သည်။

အထူးသဖြင့် ‘ဤတိုင်းပြည်မှာနေလျှင် ဤတိုင်းပြည်ကို ပြုစုပါ၊ ဤကျောက်ဆောင်ထဲမှ ဖားကိုစားလျှင် ဤကျောက်ဆောင်ကို ပြုစုပါ၊ ဤရေအိုင်ထဲမှ ငါးကိုစားလျှင် ဤရေအိုင်ကို ပြုစုပါ’ဟူ၍ မျိုးချစ်စိတ်ဓာတ် သွတ်သွင်းပေးခဲ့သည်။

ချင်းတိုင်းရင်းသားတို့ကမူ ‘ကိုယ့်မျိုးခစ္စ ကိုယ်ရိုသေရမည်’ဟူ၍ ပြောခဲ့သည်။ ‘ကြက်များ အမျိုးပျောက်ကာနီးလျှင် တစ်ကောင်နှင့်တစ်ကောင် ဆိတ်ကြသည်’ဟူ၍ သတိပေးခဲ့သည်။ ‘ဒါခြေ



www.burmeseclassic.com

www.burmeseclassic.com



ဒီပခုံး(အချင်းချင်း ရန်မဖြစ်သင့်၊ ညီအစ်ကိုများဖြစ်သည်)ဟူ၍လည်း ပြောခဲ့ကြသည်။

'နွားနောက်အမြီး အမြီးချင်း၊ အမည်းအမည်းချင်း ခင်တွယ်ကြသည်'ဟူ၍လည်း ဆိုကြသည်။ 'လင်မယားညီလျှင် ရွာတစ်ရွာက မတိုက်နိုင်၊ ရွာတစ်ရွာညီလျှင် ရွာကိုးရွာက မတိုက်နိုင်'ဟူ၍လည်း သင်ခန်းစာပေးခဲ့သည်။ 'သစ်ပင်ကြောင့် မိုးရွာ၍ မိုးကြောင့် သစ်ပင်ပေါက်ရသည်'ဟူ၍လည်း တစ်ဦးနှင့်တစ်ဦး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီသဘောကို ဆောင်ခဲ့သည်။

နေနှင့်တောင်ရိုးတိုင်းရင်းသားတို့ကလည်း 'ယာနားနီးချင်း၊ ဆွေမျိုးရင်း'ဟူ၍ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်နေရန် စည်းကမ်းချက်တစ်ရပ် ချမှတ်ခဲ့သည်။ ပလောင်တိုင်းရင်းသားတို့ကလည်း 'ကျီးလို ဝိုင်းဝန်းကူညီပြီး ကြက်သွန်ဖြူလို စုစည်းပါ'ဟူ၍လည်းကောင်း၊ 'ကောင်းလျှင် မပြောင်နှင့်၊ မြဲလျှင် မဖျက်နှင့်'ဟူ၍လည်းကောင်း၊ 'စု၍စားလျှင် ပျော်သည်၊ စု၍လုပ်လျှင် ပြီးသည်၊ စု၍လှူလျှင် အကျိုးများသည်'ဟူ၍လည်းကောင်း အကြိမ်ကြိမ်အထပ်ထပ်မှာကြားခဲ့သည်။

'မိမိပေါင်ကို မိမိရိုက်ခြင်းသည် မိမိကိုသာ နာစေမည်'ဟူ၍တစ်မျိုး၊ 'မနေတတ်လျှင် နေစရာ မြေကျဉ်းမည်'ဟူ၍





တစ်နည်း၊ ရေရှေးလျှင် သောက်ရန်မရှိ၊ မြေရှေးလျှင် နေစရာမရှိ'ဟူ၍တစ်ဖုံ သတိအမျိုးမျိုးပေးခဲ့သည်။

အထူးသဖြင့် ပလောင်တိုင်းရင်းသားတို့ကလည်း 'အမှေ့မှန်းအမေမှန်းမသိသောသူသည် အမြီးပေါက်သောခွေးနှင့် ဘာမျှမခြား'ဟူ၍လည်း တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးစိတ် ကင်းမဲ့နေသူများအား သတိပေးခဲ့သည်။

ပအိုဝ်းတိုင်းရင်းသားတို့ကမူ 'နယ်ရဲ့အန္တရာယ်'ကို သွယ်ဝိုက်၍ သတိပေးခဲ့တန် တူသည်။ 'ကြက်က အိပ်ပေမယ့် တောကြောင်က မအိပ်ဘူး'ဟူ၍ ဆိုခဲ့သည်။ 'ဘယ်ရွာမှာနေနေ၊ နေတဲ့ရွာက နီးနဲ့ပဲချည်မှဖြစ်မယ်'ဟူ၍လည်းကောင်း၊ 'ရွာညီလျှင် ကြားမဝင်နိုင်'ဟူ၍လည်းကောင်း တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ်နေခဲ့ရန်မှာခဲ့သည်၊ 'အနေမတတ်လို့ သူ့လည်ပင်းကို ဂဏန်းညှပ်တယ်'ဟူ၍လည်း သတိပေးသည်။ 'အားလုံးညီလျှင် ရန်လိုတယ်'ဟူ၍လည်း အတိအလင်း မှာကြားခဲ့သည်။

မွန်တိုင်းရင်းသားတို့ကလည်း 'ကိုယ့်ပေါင် သူများကို လှန်မပြပါနှင့်'ဟူ၍ မှာကြားသည်။ 'တစ်လှေတည်းစီး၊ တစ်သီချင်းတည်းဆို၊ တစ်ခွက်တည်းသောက်'ဟူ၍လည်း မှာကြားသည်။ 'နွားကောင်း မကောင်း၊ လှည်းဆွဲမှသိ၊ လူကောင်း မကောင်း



www.burmeseclassic.com

www.burmeseclassic.com



အတူတူနေမှသိ'ဟူ၍ မှတ်ချက်ချခဲ့သည်။ 'မျက်ခုံးမွေးကိုလည်း မရိတ်နှင့်၊ မင်းအမိန့်ကိုလည်း မဖီဆန်နှင့်'ဟူ၍လည်း သတိပေးခဲ့သည်။ ရခိုင်တိုင်းရင်းသားတို့ကမူ 'ဖိတ်ချင်းဖိတ်၊ ကိုယ့်အိမ်မှာ ဖိတ်ကြရန် မှာကြသည်။ 'မျက်ဖြူဆိုက်လီ၊ ဆရာကြိုက်လီ'တူ၍လည်း သတိပေးသည်။ 'ဝါးကွဲကော၊ ရိဝင်ရေ'ဟူ၍လည်း ဆုံးမခဲ့သည်။

မြန်မာတိုင်းရင်းသားများအနက် ရဝမ်တို့ကလည်း 'ရန်သူ့လက်ဆောင်သည် အလွန်ကြောက်မက်ဖွယ်ကောင်း၏'တူ၍ အတိအလင်း သတိပေးခဲ့သည်။ ရှမ်းတိုင်းရင်းသားတို့ကလည်း 'ကိုယ့်အမှားမမြင်ဘဲနှင့် သူများအား အပြစ်မတင်ပါနှင့်'ဟူ၍ မှာကြားသည်။ 'ခွန်အားနည်းသူ အိုးသကြီးပြီး လက်နက်စွဲကိုင်ထားသည်ထက် ခွန်အားကြီးသူ ပြုံးရယ်ခြင်းက ကြောက်စရာကောင်းသည်'တူ၍ လည်း မြန်မာ့ ရန်သူတို့၏ ပရိယာယ်ကို ညွှန်ပြခဲ့သည်။ ထို့ပြင် 'နွားကွဲလျှင် အမဲသားဖြစ်မည်'ဟူ၍လည်း ပွင့်ပွင့်လင်းလင်း သတိပေးခဲ့သည်။ မိမိတိုင်းပြည်၏ မြေကြီးကို ငုံ့ကြည့်ပါ။ တစ်နေ့နေ့တွင် သာယာစည်ပင်လာလိမ့်မည်'ဟူ၍လည်း နိုင်ငံကိုချစ်ရန် မှာကြားခဲ့သည့်နည်းတူ 'သူများကို ယုံမယ့်အစား အယားဖျောက်တဲ့ တံတွေးကိုယုံပါ'တူ၍လည်း တိုက်တွန်းသည်။ အဝေးမှာရှိသောရေသည်





ချောက်သွေ့နေသောယာမြေကို မစွတ်စိုနိုင်'တူ၍လည်း ပြောပြခဲ့သည်။ အထူးသဖြင့် 'အချောင်းတစ်ရာရှိသောမြား လူအများ မချိုးနိုင်'တူ၍လည်း မိမိပြည်တွင်းအင်အားကို ယုံကြည်အားကိုးရန် သင်ကြားပေးခဲ့သည်။

လူရှေ တိုင်းရင်းသားတို့ကမူ 'ကျောက်ဆောင်ကြီးပင်ဖြစ်လင့်ကစား ကျောက်စရစ်ခဲကလေးများဖြင့် ခုခံခြင်းမရှိလျှင် မတည်နိုင်'ဟူ၍ ကောက်ချက်ဆွဲခဲ့သည်။ အိမ်နီးချင်းကို ရန်ပြုခြင်းထက် အခြား(၇)ရွာကို စစ်တိုက်သည်က ပို၍သက်သာသည် တူ၍လည်း သဘောထားခဲ့သည်။ အဲ့ဒင်းလေးစကားပုံများကို လေ့လာကြည့်လျှင်လည်း 'ပန်းလည်းလှစေ၊ ပျားလဲဝစေ'ဟူသော အချက် တစ်ချက်ပါရှိကြောင်း တွေ့ရပေလိမ့်မည်။ ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၅)

# မြန်မာ့စစ်ရေးစည်းကမ်း

စည်းကမ်းလိုက်နာမှုသည် တပ်မတော်သား တစ်ဦးချင်းစီ၏ သိက္ခာဂုဏ်အင်္ဂါကို မြှင့်မားစေသည်ဟု ယုံကြည်ကြသည်။ စစ်ရေးအောင်မြင်မှုအတွက် ပဓာနကျသော သော့ချက်လည်းဖြစ်သည်ဟု သိမြင်သဘောပေါက်ကြသည်။ တပ်မတော်ဟူသည်မှာ အမြင်အားဖြင့် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို စောင့်ရှောက်ရန် စည်းကမ်းစနစ်နှင့်အညီ ဖွဲ့စည်းထားသော လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟုဆိုလျှင် ပိုမိုပြည့်စုံ မှန်ကန်ပေလိမ့်မည်။

တပ်မတော်သည် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်သင့်ကြောင်း၊ စစ်စည်းကမ်းကို မည်သို့ လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ ရှေးမြန်မာ စစ်သည်တော်ကြီးများလက်ထက်ကပင် နားလည်ကျင့်သုံးခဲ့ကြသည်မှာ အစဉ်အလာကောင်း တစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်။





ရှေးမြန်မာ့တပ်မတော်ကို စတင်တည်ထောင်ခဲ့သူအဖြစ် ပုဂံအနော်ရထာမင်းကို မြန်မာနိုင်ငံသမိုင်းတွင် အသိအမှတ် ပြုထားသည်။ ဘုရင့်နောင်ကျော်လင်အနော်ရထာနှင့် အလောင်းမင်းတရားတို့၏ အမည်များကိုလည်း တပ်မတော်အင်အား ပိုမိုခိုင်မာတောင့်တင်းလာအောင် တည်ဆောက်ခဲ့သူ စီလုကာကြီးများအဖြစ် မှတ်တမ်းတင်ထားသည်။ အနော်ရထာမင်းသည် နိုင်ငံတော်၏ ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာလာစေရန် ထိုစဉ်က သထုံ၊ ပဲခူး၊ ရခိုင်စသည့် ပဒေသရာဇ်မြို့ပြနိုင်ငံငယ်များကို သိမ်းသွင်းနိုင်ခဲ့သည်။ ရာပြုမြို့၊ ထောင်ပြုမြို့များ တည်ထောင်ပေးခဲ့သည်။ ခံတပ်မြို့တောင်း ၄၃-မြို့ကိုလည်း တည်ထောင်ခဲ့သည်။ ဤနည်းဖြင့် နိုင်ငံတော်၏ အခြေခံအုတ်မြစ်ကို ပိုမိုခိုင်ခံ့စေခဲ့သည်။ အနော်ရထာလက်ထက်တွင် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းအတွက် စွမ်းရည်သတ္တိနှင့် ပြည့်စုံသော သူရဲကောင်းများကိုလည်း မွေးထုတ်ပေးခဲ့သည်။ ယင်းစစ်သူရဲကောင်းကြီးများ၏ စွမ်းဆောင်မှုကြောင့် သထုံမှ စစ်မှန်သော ဗုဒ္ဓသာသနာတော်သည် ပုဂံသို့ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ဘာသာတရားကြောင့် ပုဂံပြည်သူတို့၏ ကိုယ်ကျင့်တရားများ မြင့်မားလာခဲ့ရခြင်းကိုလည်း မမေ့အပ်ပေ။ နိုင်ငံတော် အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာယာမှုနှင့်အတူ ပိုမိုစိုက်ပျိုးဖြစ်ထွန်းလာခဲ့ရသည်။ ဆည်မြောင်းကန်ချောင်းများ တိုးတက်များပြားလာမှု၏ရလဒ်အဖြစ် ဆန်ရေစပါး ပိုမို ပေါကြွယ်ဝလာခဲ့ရသည်။ ဘုရင့်နောင်လက်ထက် မြန်မာတိုင်းရင်းသား စစ်သည်တော်ကြီးများသည်လည်း နိုင်ငံတစ်ဝန်းလုံးကို စုစည်းညီညွတ်စေခဲ့သည်။ စီးပွားတက်၍ တိုင်းပြည်ပိုမိုဖွံ့ဖြိုးလာခဲ့သည်။ အလောင်းဘုရား၏ စစ်သည်တော်ကြီးများကလည်း မြင်းရှည်တက် သွေးသောက်အဖွဲ့များအသွင်ဖြင့် ဖွဲ့စည်းလေ့ကျင့်ခဲ့သည်။ မြေလှန်စနစ်ကို စစ်နည်းဗျူဟာမြောက် ကျင့်သုံးခဲ့သည်။ မြန်မာ့စစ်အင်အားကို ပိုမိုကြီးမားလာစေခဲ့သည်။ တပ်မတော် အင်အားကြီးမားလာသည်နှင့်အမျှ မြန်မာနိုင်ငံတော်အပေါ် ထိပါးနှောင့်ယှက်လာတတ်သော အိမ်နီးချင်းနိုင်ငံများကို မြန်မာ့သွေးပြနိုင်ခဲ့သည်။

'ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံရေးသမိုင်းတွင် ကုန်းဘောင်ခေတ်၌ ပဒေသရာဇ် အချင်းချင်း မသင့်မတည့်ဖြစ်ခဲ့သည်များ ရှိခဲ့သော်လည်း လူမျိုးရေးကို အခြေခံ၍ တိုက်ခိုက်ခဲ့ခြင်းမျိုး လုံးဝမတွေ့ရပေ။ ပဒေသရာဇ်အချင်းချင်း အာဏာစက် တိုးချဲ့ရာမှ ဖြစ်ပွားသော တိုက်ခိုက်မှုများသာ ဖြစ်ပေသည်။ ထိုကဲ့သို့ တိုက်ခိုက်မှုမျိုးကို ဗြိတိသျှနယ်ချဲ့





အရင်းရှင်တို့သည် မိမိတို့အကျိုးအတွက် ကောင်းစွာ အသုံးချခဲ့ပေသည်။ အိန္ဒိယနိုင်ငံတွင် သွေးခွဲအုပ်စုဝါဒကို ကျင့်သုံးသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း လက်တွေ့ ကျင့်သုံးခဲ့လေသည်။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲမှစတင်၍ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲပြီးဆုံးပြီး လွတ်လပ်ရေး ကြိုးပမ်းမှုကာလ တစ်လျှောက်လုံးအထိ ကိုလိုနီကျွန်သက် ရှည်စေရန် ရည်ရွယ်ချက်နှင့် တစ်မြေတည်းနေ၊ တစ်ရေ တည်းသောက်၊ တစ်အူတုံဆင်း ညီအစ်ကိုအရင်းများ ဖြစ်ကြသည့် ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှု မပြိုကွဲ ပြိုကွဲအောင် ဖြိုခွဲအုပ်ချုပ် ခဲ့ပေသည်။ …'

ဗြိတိသျှအရာထမ်း ဂျေ၊ အက်စ် ဖာနေဗယ်ကိုယ်တိုင် ဖွင့်ဟချက်။

(ကိုလိုနီစနစ်နှင့် လက်တွေ့ကျင့်သုံးမှု)စာအုပ်မှ…။

နောက်ဆုံး ထီးကျိုးစည်ပေါက် ပလ္လင်ပျောက်ခဲ့ရသည့် စစ်ပွဲ၊ နယ်ချဲ့သမား ဝံပုလွေများနှင့် တိုက်ခိုက်ခဲ့ရသော နောက်ဆုံး စစ်ပွဲများတွင် ဓားနှင့်သေနတ်၊ လှံနှင့်အမြောက် ယှဉ်ပြိုင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ဦးစွန်းသာ မြေပေါ်သို့ လျှောကျခဲ့ရသည်။ မြန်မာ့ရဲ့စစ်သည်တို့၌ မည်သည့်နိုင်ငံနှင့်မျှ မနှိုင်းယှဉ်သာသော 'မြန်မာ့ဇာတိသွေး ဇာတိမာန်နှင့် သူ့ကျွန်မခံ အလံမလှဲစိတ်ထားများသည် အထွတ်အထိပ်၌ တည်နေဆဲဖြစ်ခဲ့သည်။ စည်းကမ်းစနစ်ကြီးမြင့်ခဲ့သော ပုဂ္ဂိုလ်များအဖြစ်လည်း ထာဝရ စွဲမှတ်ခံယူစေခဲ့သည်။

မြန်မာ့စစ်သည်တို့၏ စစ်စည်းကမ်း လိုက်နာစောင့်ထိန်းမှု အစဉ်အလာသည် မည်မျှကြီးမားခဲ့ပါသနည်း။ မည်မျှရှည်ကြာခဲ့ပါ မြို့နည်း။ ရှေးမြန်မာ့တပ်မတော်ကြီး၏ စစ်စည်းကမ်း ပညတ်ချက်များကို လေ့လာလိုသူများအတွက် မင်းတရားကြီး၏ စစ်သည်တော်ကြီးများနှင့် ပထမဦးစွာ တွေ့ဆုံသင့်လှသည်။ သာလွန်မင်းတရားသည် အရာထမ်းအမှုထမ်းများ၊ စစ်သည်ရဲမက်များ၊ ရွာမြေ အကြီးအကဲများ ပြုလုပ်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများနှင့် လယ်ပိုင်ရှင်များ၊ ပြည်သူတို့အပေါ် ထားရှိရမည့် သဘောထားများကို အမိန့်ပြန်တမ်းများ ထုတ်ပြန်ခဲ့သည်။ စစ်ချီစစ်တက်စဉ် ကျင့်ကြံနေထိုင်ရမည့် အမူအရာစိတ်ထားများကို စစ်သည်တော်များ ကျင့်ဝတ်စည်းကမ်းများအဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာစစ်သည်ကြီးတို့ စည်းကမ်း ကာလနား ရှိမရှိ လေ့လာလိုသူများအတွက် ထုတ်ဖော်တင်ပြချင်သည့် သာဓကမှာ





လက်ဝဲသုန္ဒရ အမတ်ကြီးရေးခဲ့သော 'နန္ဒိသေနပျို့'ပါ စည်းကမ်းများပင်ဖြစ်သည်။

မြန်မာ့စစ်သည်တော်များ၏ စည်းကမ်းများနှင့် ပတ်သက်၍ ပြောပြရန် ဤမျှသာရှိသလောဟု မေးလာခဲ့လျှင် မဟုတ်သေးပါ။ မကုန်သေးပါ။ ကျန်ပါသေးသည်ဟူ၍ ရင်ကိုကော့၍ ဖြေစရာအသင့်ရှိပေသေးသည်။ သေနင်္ဂဗျူဟာ၊ စစ်သမိုင်းကျမ်းလာ၊ မဟာဗန္ဓုလ၏ စစ်ချီအမိန့်ကို ဖတ်ရှုလေ့လာကြည့်ပါဦးဟု အကြံပြုလိုပေသည်။

မဟာဗန္ဓုလ၏ စစ်ချီအမိန့်တွင် ...

'... လိုက်ပါထမ်းရွက်သင့်သောရဲမက်တို့သည်၊ မျက်စိမှုံ၊ တိမ်စွဲ၊ မျက်ခမ်းစပ်၊ ပန်းနာ၊ နူလာ၊ မှင်တက်ရောဂါ၊ အိပ်ရာယောင်ယမ်း၊ ကိုယ်ထက်ဒူးရှည်,ပေါင်ရှည်၊ ခြေသိမ်၊ လက်သိမ်၊ အသက် ၂၀ မပြည့်သူ၊ အသက် ၅၀ ကျော်သူ၊ ခေါင်းရှုပ်သူ၊ ထိုထိုသူတို့ကို တပ်ပါရဲမက်ဆု၍ အခန့်အထားမရှိစေနှင့်။ ဆိုခဲ့သော လူတို့ကို ချန်လှပ်၊ တပ်တော်ပါသင့်သော သူတကိုယ်လျှင် ၂ ပြည်ဝင် ဆန်စလွယ် ၁၊ လှာဘိနပ်၊ ဆူးထွင်ဆပ်ကိုယ်စီပါစေ။ အသီးအသီး လက်နက်ကိုင်ကျသည့် မြို့ကျေးရွာတို့သို့ စာတို စာရှည်နှင့်ဆင့်။



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကိုင်လူတို့ ရှေ့ဘဝါးတော်အောက်ရောက်၍ တပ်စည်းကြပ်သည့်ကာလ ၅ယောက်ကို တအိုးစားဖွဲ့။ တအိုးစားလျှင် မိုးကာ ၁၊ မယ်န ၄၊ ကြေးအိုး ၁၊ ဓားမ ၁၊ ပုဆိန် ၁၊ တူရွင်းဓောက် ၁၊ အပြား ၁၊ စူးလွန် ၁၊ လက်ရိုက် ၁ပါစေပြီးလျှင်၊ ရဲမက်သေနတ်တစ်လက်လျှင် ဗန့်ပွေးကြိုး သုံးလွန်းတင် အရှည် ၇ တောင်၊ နားခွက်ဆေးချိန် ၁ဝိ၊ ကျည်ယမ်း ၁ ပိဿာ၊ ကျည်လုံးရေ ၁၀၀၊ ယမ်းတောင့် ၅၀၊ မီးကျောက်ပြား ၅၊ အုန်းကုလားကျောက်ဆတ် ၁၊ အုန်းဆံကာပတ်များပါစေ။

၂ အိုးစားလျှင် အကြပ် ၁၊ လူ ၁၀ယောက်တွင် သေနတ်ကိုင် ၇၊ ဝန်ထမ်း ၂၊ အကြပ်မှာမောင်း၊ အောင်းလုံ စွဲကိုင်စေ၊ ၅ကြပ်လျှင် တသွေးသောက်အုပ်ကွပ်ခန့်ထား၊ ၂သွေးသောက်လျှင် တပ်မှူး ၁ အုပ်ကွပ်ခန့်ထား၊ ၅တပ်မှူးလျှင် ဗိုလ် ၁အုပ်ကွပ်ခန့်ထား။

တပ်တော်ချီတက်လာသည့်ကာလတပ်ပါ လူတို့ကို ၅စုပြု ၃စုကို ဗိုလ်ရှေ့ကချီစေ။ ကျန် ၂စုကို ဗိုလ်နောက်ကချီစေ၊ အကြပ်ကိုလူ ၁၀ယောက်အကြား၊ သွေးသောက်ကို လူ ၅၀အကြား၊ တပ်မှူးကို လူ ၁၀၀အကြား၊ ဗိုလ်ကို လူ ၅၀၀အကြား နေထား မပျက်ချီစေ။ ရဲမက်သားကို အရောအနှော မရှိစေရ။ ရှေ့တပ် နောက်တပ်၊ တပ်မ မရှုပ်မထွေးရအောင် တတပ်နှင့်တတပ် တစခန်းကွာ(သုံးတိုင်)ချီတက်စေ။



ချီတက်သည့်ကာလ ရေးခြား လိမ္မာသူ ၂ယောက်ကို မြင်းတပ်မှူးခန့်ပြီးလျှင် တစ်ယောက်မြင်းတပ်မှူးကို လှံသေနတ် တစ်ဝက်စီ စွဲကိုင်သော မြင်း ၂၀နှင့် ရှေးဦးချီဇါးရာ ဗိုလ်ရှေ့ တတိုင်ကွာက ကျန်တစ်ယောက် မြင်းတပ်မှူးကို အထက်နည်းအတိုင်း စွဲကိုင်သည့် မြင်း ၂၀နှင့် အလယ်ချီ ဗိုလ်ချုပ်ရှေ့တစ်တိုင်ကွာက မြင်းနှစ်တပ်ပတ်ယပ်(ရှေ့နောက်)ထောက်လှမ်းရန် ချီတက်စေရမည်။

ရဲမက်တို့နားရန် တပ်စခန်းသာမသာ၊ ဆင်စာမြင်းစာ ရှိမရှိ တပ်ဝန်း၊ တပ်လျား ရပ်နားသင့်မသင့် အကြောင်းအရာတို့နှင့် တကွ ရန်သူပုန်တို့အကြောင်းကို ဗိုလ်ရှေ့ချီရှေ့ကင်းမြင်း ၂၀ တပ်မှူးက ထောက်လှမ်းစိစစ်၍ နေ့စဉ်မပြတ် ရှေ့ဦးချီဇါးရာ ဗိုလ်ထံ အစီရင်မြင်းစေလွှတ်ရမည်။ ဇါးရာဗိုလ်က တဆင့် တပ်မရှေ့မြင်း ၂၀ တပ်မှူးကို လျှောက်လွှာအပ်၍ အရေးပိုင်အလယ်ချီ ဗိုလ်ချုပ်ထံ လျှောက်ထားစေ။

တပ်တော်ရပ်နားသည့် စခန်းရောက်လျှင် ဆင်မြင်းကြိုးက မချွတ် တပ်တော်နှင့်ခရီးတတိုင်ကွာ အရပ်ရှစ်မျက်နှာ ကင်းတို

မိတ်ဆွေစာပေ

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကင်းရှည်ပစ်၍ ကင်းအနေအထားကျမှ ဆင်မြင်းကြီးက ဝန်စ
များကို ချပြီးလျှင် ရဲမက်တို့ ချက်ပြုတ်စားသောက်ရမည်။

ညဥ့်ယံတိုင်လျှင် တကြပ် မီးတဖို မီးစောင့်တစ်ယော
အလှည့်ကျနေစေ၍ ဆင်ကြိုး မြင်းကြိုး မြဲခိုင်စေ။ စားလှံ ကိုယ်
အနီးထား၊ နိုးကြားစေ။ တပ်မတော်၂၀စ၍ ရှေ့တပ် နောက်
တို့မှာ တညဥ့်သုံးကြိမ် တပ်ဆော်က မောင်းတီး၍ တစ်အော်

တပ်တော်ချရပ်သော စခန်းတိုင်းတွင် ငါးရာဗိုလ်တ
တပ်ပါဗိုလ်အောက်ဗိုလ်တို့က မားစွဲကိုင်ပြီးလျှင် ဗိုလ်တပ် ငါး
ဗိုလ်ထံ၊ တပ်မှာ တပ်ပါအရာရှိဟို့ ဓားစွဲကိုင်ပြီးလျှင် ဗိုလ်ချုပ်
ညဥ့်ယံမအိပ်မီ ဝင်ထွက်ခစား။ အရေးတော်၊ တိုက်ရေး၊ လှန်
လုပ်ကြံရေးတို့ကို ဆောဆောလျှင်လျှင် ဆေးဆေးလေး
လုပ်ကြံသင့်၊ မသင့်သဘောထင်မြင်သမျှ တိုင်ပင်ကြစေ။ သ
အတိုင်း တပ်ပါအရာရှိတို့ကို ဆင့်'

ဟူ၍ ရှေးမြန်မာစစ်သည်တော် ကျင့်ဝတ်စည်းကမ်းများ
တွေ့ရလိမ့်မည်။

"ပုဂံမင်း စစ်အမိန့်"တွင် ...

"လမ်းခရီးတစ်လျှောက် မြို့ရွာများမှာ အရှင်မပေးသ
ဥစ္စာ သစ်သီးတစ်လုံး၊ ဟင်းရွက်တစ်ခက်ကိုမျှ မဆွတ်မခူး မ





ယူစေနှင့်၊ တပ်ပါဆင်မြင်းများကိုလည်း လမ်းခရီးက မစီးမနင်း
စေနှင့်၊ ဝလင်အောင် ကျွေးမွေးစေ။

ဒိဌသုတမျှ မြင်လာရှိသည့် အခြင်းအရာများကိုသာ ပြော
ဆိုစေ၊ မျှ မြင်လာမရှိသည့် စကားကို မပြောမဆိုစေနှင့်၊ အမှုထမ်း
ရဲမက်လက်နက်ကိုင်တို့ကို - ဖဲ၊ ကြွေ၊ အန်၊ အရက်၊ ကဖော်၊
လှော်ဇာ၊ စိန်ပင်၊ ဘင်းဘိန်း ယစ်မျိုးနှင့် စပ်သည်များကို မသောက်
မစား မကစားစေနှင့်၊ နိုင်နင်းအောင် ကွပ်ညှပ်ရမည်" ... စသည်ဖြင့်
တွေ့ရလိမ့်မည်။

အောက်ပါ"သီပေါမင်း၏ စစ်အမိန့်"ကလည်း ရှေးမြန်မာ
စစ်သည်တော်ကြီးများ၏ စစ်ချီစစ်တက် စစ်ကျင့်ဝတ် စည်းကမ်းများ၊
ပြည်သူတို့အပေါ် ထားရှိရမည့် သဘောထားများကို အထင်အရှား
တွေ့နိုင်ဖွယ်ရှိပေသည်။

သီပေါမင်း၏ စစ်အမိန့်တော်ပြန်တမ်းတွင် ... "နိုင်ငံတော်
အတွင်း အရပ်ရပ်မြို့ရွာသူကြီး မြင်းခေါင်း မြင်းစီး၊ ဒိုင်းခေါင်း၊
အဝှန်း၊ ရွှေခွန်မှူး၊ ငွေခွန်မှူး၊ မြေတိုင်း၊ တောကဲတို့နှင့် မြို့ရွာနေ
ပြည်သူ ကျွန်တော်မျိုးအပေါင်းတို့။

မိစ္ဆာအယူရှိသော အင်္ဂလိပ်ကုလားလူမျိုးတို့သည် သာသနာ
တော်မြတ် အစီးအပွားပျက်ပြားဆုတ်ယုတ်ရန်အကြောင်း၊ နိုင်ငံတော်



www.burmeseclassic.com

www.burmeseclassic.com



အစဉ်အလာ ဓလေ့ထုံးစံများကို လွှန်ကျူးရန်အကြောင်း၊ မြန်မ
အမျိုးသားတို့ ဂုဏ်အရေယုတ်ညံ့ရန်အကြောင်းများနှင့် စပ်သည
စကားများကို တင်းမာစွာပြောဆို၍ နိုင်ငံတော်ကို ရန်စစ်ပြုမည
ကဲ့သို့ ဟိတ်တန်ပြသ အကြံအစည်ပြုလုပ်ရှိသည်ကို တိုင်းကြ
ပြည်ကြီး ဓလေ့ထုံးစံနှင့်အညီ တရားသဖြင့် လမ်းဖြောင့်လမ်းမှ
ကျသည့် စကားရပ်များနှင့် ပြန်ကြားပြောဆိုရှိသည်။

သို့တရားနှင့်အညီ ပြန်ကြားပြောဆိုသည်ဖြစ်လျက် မိ
ကုလားတို့ နိုင်ငံတော်ကို တစ်စုံတစ်ရာ စတင်ထိပါး လှုပ်ချော
လာလျှင် သာသနာတော်ကျိုး၊ တိုင်းကျိုးပြည်ကျိုး မဆုတ်ယုတ်စေ
စောင့်ရှောက်တော်မူသည့်အတိုင်း ဗိုလ်မှူး၊ ဗိုလ်ချုပ်၊ စစ်ကဲ စစ်က
တို့နှင့်တကွ၊ များစွာသော ခြေသည်တပ်၊ အမြောက်တပ်၊ ဆင်တ
မြင်းတပ်၊ ကြည်းဘက်၊ ရေဘက်၊ ရဲမက်စစ်သည်တော်အပေါ
တို့ဖြင့် စစ်အင်ကျင်းပတော်မူလျက် ကိုယ်တော်တိုင် ရွှေစက်တေ
ပြန့်ချီတော်မူ၍ မိစ္ဆာအင်္ဂလိပ်ကုလားလူမျိုးတို့ကို သုတ်သင်ရှင်းလ
နှိမ်နင်းသိမ်းယူတော်မူမည်ဖြစ်သည်။

ပြည်သူကျွန်တော်မျိုးအပေါင်းတို့မှာ မိစ္ဆာကုလားတို့ ရန်
စွဲ၍ စိုးရိမ်ကြောက်ရွံ့ထိတ်လန့်တုန်လှုပ်မရှိ၊ နိုင်ငံတော်မှအ
ထွက်သွားရှောင်ရှားခြင်းကို မပြုမလုပ်၊ ငြိမ်ဝပ်စွာလုပ်ကိုင်ရေ

မိတ်ဆွေစာပေ



ယ်စားသောက်နေထိုင်မြဲ နေထိုင်ကြရမည်။ မြို့ရွာရှင် အကြီးအအုပ်
တို့ကလည်း ကိုယ့်မြို့ကိုယ့်ရွာတွင် သူခိုးဓားပြ ရာဇဝတ်တော်ရေး
ကင်းလွတ်လုံခြုံအောင် အသီးသီးအုပ်စုည်းကြပ်စောင့်ရှောက်ကြ
ရမည်။

တပ်တော်အများ ချီတက်မည်မှာလည်း ရှေးအခါကာလ
ည်းကြပ်ချီတက်သကဲ့သို့ ရဲရှုမိရာ လူတို့ကို လက်နိုင်သိမ်းခေါ်
ရုံးစည်းကြပ်ချီတက်မည်မဟုတ်၊ နေပြည်တော်တွင် အသင့်ဖွဲ့စည်း
သည့် စစ်သည်ရဲမက်တော်နှင့် ချီတက်သိမ်းယူတော်မူမည်ဖြစ်၍၊
မြို့ရွာနယ်ရှင် အကြီးအအုပ်ပြုလုပ်သူတို့က မလိုက်ထမ်းလိုသူတို့ကို
အကြပ်အတည်း ဆင့်ဆိုသိမ်းခေါ် မရှိစေနှင့်။

သာသနာတော်မြတ်ကို စောင့်ရှောက်ရခြင်း၊ အမျိုးသားတို့၏
ဂုဏ်အသရေကို စောင့်ရှောက်ရခြင်း၊ ပြည်သူတို့အလုပ်အဆောင်
အစီးအပွားကို စောင့်ရှောက်ရခြင်းများသည် သာသနာတော်အကျိုး၊
အသျှင်အကျိုး၊ ကိုယ်ကျိုးသုံးပါးစုံပြီးစီး၍ နတ်ရွာနိဗ္ဗာန်လမ်းကြောင်း
ကောင်းမြတ်သော အကျိုးထူးကို ရရာသည်နှင့်အညီ မည်သူမဆို
အမှုတော်ကို ညီညာကြိုးပမ်း ထမ်းရွက်လိုသူဖြစ်လျှင် ဆုတော်ငွေကို
အထိုက်အလျောက် သနားချီးမြှင့်တော်မူ၍၊ ထမ်းသင့်ရာရာ လိုက်ပါ
ထမ်းရွက်စေမည်ဖြစ်သည်။ မြို့ရွာသူကြီး၊ နယ်ရှင်အကြီးအကဲ

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်သူတို့က ပျော်ထမ်းသူကောင်းထမ်း လိုက်ပါ၍ ထမ်းရွက်လိုသူတို့ကို မေးမြန်းစိစစ်၍ ဆိုင်ရာမြို့ရုံး ခရိုင်ရုံးများမှာ အသီးသီး စာရင်းတင်ပေးကြရမည်" ဟူ၍ ပါရှိပေသည်။

အထက်ပါရှေးခတ်စစ်ရေးစစ်ရာ အပိုန့်ပြန်တမ်းများကို လေ့လာကြည့်ပါ။ ရှေးနှစ်ပေါင်းများစွာကပင် မြန်မာစစ်သည်တော်ကြီးများသည် စစ်ချီ၊ စစ်တက်ရာတွင် မည်မျှစည်းကမ်း စနစ်ကျမှုရှိခဲ့ကြောင်း သဘောပေါက်မိပေလိမ့်မည်။ အထူးသဖြင့် မြန်မာစစ်သည်တော်ကြီးများ၏ ပြည်သူတို့နှင့် တွေ့သောအခါ ပန်းကဲ့သို့ပွင့်လန်းဝေဆာခဲ့သော စိတ်ကောင်းစေတနာကောင်း ကျင့်ဝတ်စည်းကမ်းကောင်းတို့ကို အထင်အရှား တွေ့ရမည်ပင် ဖြစ်သည်။ ။



အခန်း(၆)

# မြန်မာ့နိုင်ငံခြားဆက်ဆံရေးမူဝါဒ

မြန်မာတို့အတွက် ပြဟ္မစိုရ်တရားခေါ် လောကပါလတရား ည် ရှေးပဝေသဏီကပင် တည်ရှိလာခဲ့သော ယဉ်ကျေးမှုစည်းကမ်း စ်ရပ်ဖြစ်သည်။ ပေးကမ်းစွန့်ကြဲခြင်း၊ ချစ်ဖွယ်သောစကားကို ခြင်း၊ သူတစ်ပါးအကျိုးကို ရှာကြံကျင့်ဆောင်ခြင်း၊ မိမိနှင့်တစ်တန်း းတည်းထား၍ ပေါင်းသင်းဆက်ဆံခြင်း(ငါ)ကိုယ်နှင့်ထပ်တူ ကျင့်ခြင်းဟူသော သင်္ဂဟတရားလေးပါးဖြစ်သည်။ ရှေးမြန်မာ င်းအဆက်ဆက်သည် မိမိတို့နှင့်ခေတ်ပြိုင်ထီးနန်းပြိုင်နိုင်ငံများနှင့် ဆက်ဆံလုပ်ကိုင်ရာတွင် ဖော်ပြပါသင်္ဂဟတရားလေးပါးကို မပြတ် ကျင့်သုံးလာခဲ့သည်။ ယင်းသို့ ဆက်ဆံလုပ်ကိုင်ရာတွင် ချစ် ခြင့် မျက်နှာလိုက်ခြင်း၊ မုန်းသဖြင့် တစ်ဖက်သို့ မျက်နှာလိုက်ခြင်း၊ ကြောက်သဖြင့် မျက်နှာလိုက်ခြင်း၊ မသိနားမလည်ဖြင့် မျက်နှာ တ်ခြင်းဟူသော အဂတိတရားလေးပါးမှ လုံးဝကင်းရှင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောက်မြန်မာနိုင်ငံတော်သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီးငါးချက်ပေါ်ထွက်လာခဲ့ပြီး နှစ်ပေါင်း(၅၀)မျှ ကြာမြင့်ခဲ့ပြီဖြစ်သော ယနေ့အထိ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေး၊ အထူးသဖြင့် အိမ်နီးချင်းဒေသအတွင်း မိတ်ဆွေနိုင်ငံများနှင့် ဖော်ပြပါမူကြီးငါးချက်နှင့်အညီ အစဉ်တစိုက်စွဲမြဲစွာ ကျင့်သုံးနေထိုင်လာခဲ့သည်ကို အများအသိပင်ဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက် အခါကလည်း တစ်ဦး၏နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်ဦးက လေးစားခဲ့သည်။ တစ်ဦးနှင့်တစ်ဦး ကျူးကျော်ဝင်ရောက် တိုက်ခိုက်မှုမျိုးကို တတ်နိုင်သမျှ ရှောင်ရှားခဲ့သည်။ တစ်ဦး၏ ပြည်တွင်းရေးကိစ္စများတွင် တစ်ဦးကဝင်ရောက်စွက်ဖက်မှုမျိုးကိုလည်း မလွဲမကင်းသာမှ ပြုမူခဲ့ကြသည်။ တန်းတူရည်တူရှိမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းရေးအတွက် ထာဝရခံယူသဘောပေါက်ခဲ့သည်။ အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာ တူယှဉ်တွဲနေထိုင်ခြင်း၏ အကျိုးသက်ရောက်မှုကိုလည်း ကောင်းစွာသိနားလည်ခဲ့သည်။

မြန်မာနိုင်ငံတွင် ပျူခေတ်များအတွင်း မြို့ပြနိုင်ငံအချင်းချင်း အင်အားပြိုင်ဆိုင်လျက် နေခဲ့သည့်အခါလည်းရှိသည်။ အညီအညွတ် ပြုလျက် နေထိုင်အုပ်စိုးသည့်အခါမျိုးလည်း ရှိတတ်သည်။ ပုဂံခေတ်





အနော်ရထာလက်ထက်တွင် ပြည်ပနိုင်ငံများနှင့် အလွန်ရင်းနှီးသော မဟာမိတ်အဖြစ် ဆက်သွယ်လုပ်ကိုင်ခဲ့သည်ကို တွေ့ရသည်။ အေဒီ ၁၀၆၀ ခန့်၌ သီဟိုဠ်သို့ အိန္ဒိယတောင်ပိုင်းမှ စောဠလူမျိုး(မြန်မာအခေါ် ကျေးကုလား)တို့ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့သည်။ သီဟိုဠ်မင်း ဝိဇယဗာဟုက စစ်ကူတောင်းသည်။ ပုဂံမှ မြန်မာစစ်သည်တော်တို့ သွားရောက်ကူညီခဲ့ကြသည်။ ထိုကျူးကျော်စစ်ကြောင့် သီဟိုဠ်တွင် ဗုဒ္ဓသာသနာ ဆက်ပြတ်လုမတတ်ဖြစ်သွားသည်။ သီဟိုဠ်မင်းက မေတ္တာရပ်ခံပြန်သည်။ ထို့ကြောင့် ပုဂံမှမဟာထေရ်ကြီးများကို စေလွှတ်ပေးခဲ့သည်။ ဤနည်းဖြင့် သီဟိုဠ်သာသနာကို ပြန်လည်ထွန်းလင်းအောင် ကူညီပေးခဲ့သည်။

အနော်ရထာလက်ထက်တွင် အင်အားတောင့်တင်းသော မြန်မာနိုင်ငံကြီးတစ်ချပ် တည်ထောင်နိုင်ရန် လိုလားသည်။ ထို့ကြောင့် နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးအခြေစိုက်ရာ တောင်ဖက်ပိုင်း(ယခု တရား ကျွန်းဆက်နေရာ)ကို ချုပ်ကိုင်ထားနိုင်ရန် ကြိုးပမ်းအောင်မြင်ခဲ့သည်။

ပုဂံကျန်စစ်သားမင်းလက်ထက်တွင်လည်း နိုင်ငံခြားတိုင်းပြည်များနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့သည်။ သီဟိုဠ်နိုင်ငံ၏ ရန်သူစောဠနိုင်ငံနှင့်ပင် ဆက်သွယ်လုပ်ကိုင်ခဲ့သည်။ အိန္ဒိယပြည်



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဂါယာရှိ မဟာဗောဓိရှိ လုံ့ဝပျက်စီးနေသော အသောကမင်းကြီး၏ ကုသိုလ်အဆောက်အဦအဟောင်းများကို အိန္ဒိယမင်းများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် အေဒီ ၁၁ဝ၆၊ ဇော်လ(၁၆)ရက်နေ့တွင် တရုတ်ပြည်သို့ မြန်မာသံတမန်များကို စေလွှတ်ခဲ့သည်။ တရုတ်ပြည်ဆွန်မင်းက မြန်မာသံတမန်များကို ကောင်းမွန်စွာ လက်ခံပြုစုခဲ့ကြောင်း တရုတ်မှတ်တမ်းဟောင်းများတွင် တွေ့နိုင်သည်။ ကုဒ၀ဝဓိကြီးများ၏အဆိုအရ အာလောင်းစည်သူမင်းသည်လည်း ရေကြောင်းမှ ပြည်တွင်း ပြည်ပခရီးအများဆုံး လှည့်ခဲ့သည်။

နရပတိစည်သူမင်းလက်ထက်တွင်လည်း မြောက်ပိုင်းအိန္ဒိယပြည်၊ သီဟိုဠ်ကျွန်းစသည်တို့၌ ဗုဒ္ဓသာသနာကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည်။ ထိုမင်းလက်ထက်မှစ၍ ပုဂံနိုင်ငံသည် သီဟိုဠ်ကျွန်းနှင့် ဆက်သွယ်မှုပိုမိုများပြားလာခဲ့သည်ဟု သိရသည်။ နရသီဟပတေ့မင်းလက်ထက် အေဒီ ၁၂၇၇တွင် ပုဂံသို့ မွန်ဂိုတပ်များ စတင်ကျူးကျော်တိုက်ခိုက်လာသည်။ အေဒီ ၁၂၈၃၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင် ငဆောင်ချမ်းတွင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားသည်။ ကျူးကျော်ရေးသမားမွန်ဂိုတို့သည် ပုဂံကိုမူ သိမ်းပိုက်အုပ်ချုပ်ခြင်းမပြုနိုင်ခဲ့ချေ။ ထိုကျူးကျော်ရေးစစ်ပွဲများအတွင်း အမတ်ကြီးအာနန္ဒပိစည်း၊ မဟာပိုင်တို့ကို ပထမစေလွှတ်သည်။





ထို့နောက်မှ ရှင်ဒိသာပါမောက်(ရှင်ဒိသာပြုမုတ်)ကို ပီကင်းအထိ စေလွှတ်စေ့စပ်စေခဲ့သည်။ မြန်မာတို့သည် အေဒီ ၁၂၇၀ ခန့်မှ အေဒီ ၁၃၀၀ အထိ မွန်ဂိုတို့၏ ကျူးကျော်ရန်စမှုကို အနှစ် ၃၀ ကျော်မျှ ရင်ဆိုင်ခုခံခဲ့ရသည်။ ထိုကာလများအတွင်း မြန်မာမင်းများသည် လက်နက်ချင်း ယှဉ်သည့်အခါ ယှဉ်ခဲ့သည်။ အခြားနိုင်ငံမှ အေးချမ်းချစ်ကြည်စွာ ကမ်းလှမ်းလာသော လက်များကိုလည်း ဆတတ်နိုင်ဆုံး ရင်းနှီးချစ်ကြည်စွာ ဆုပ်ကိုင်နေထိုင်ခဲ့သည်။

ဖော်ပြခဲ့သည့်အတိုင်း မြို့ပြခေတ်များအတွင်းကပင် တို့သည် ပြည်ပနိုင်ငံများနှင့် အဆက်အသွယ်များစွာ ရှိခဲ့ပြီး ခဲ့သည်။ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ စသော ပျူနိုင်ငံများသည် အိန္ဒိယ၊ တရုတ်ကုန်သွယ်ရေးတွင် အဓိကအချက်အခြာကျစွာ ရပ်တည်ခဲ့သည်။ တောင်ပိုင်းရှိ ပြည်ပနိုင်ငံများနှင့်လည်း ရေကြောင်းမှ သွားလာဆက်ဆံခဲ့သည်။ တရုတ်ရာဇဝင်မှတ်တမ်းများအရ၊ ပျူနိုင်ငံမှ ယဉ်ကျေးမှုအဖွဲ့များ၊ သံတမန်များသည် တရုတ်ပြည်သို့ သွားရောက်ခဲ့ကြသည်။ ရှေးဟောင်း သုတေသနတူးဖော်ရရှိသော ယဉ်ကျေးမှုပစ္စည်းများက ထိုစဉ်က အိန္ဒိယနိုင်ငံနှင့် ဆက်အသွယ်များခဲ့ကြောင်း သက်သေခံလျက်ရှိသည်။

www.burmeseclassic.com



အနော်ရထာလက်ထက်တွင် ပြည်ပဆက်သွယ်ရေးမှာ ဘာသာရေးအသွင်၊ နိုင်ငံရေးအသွင်နှင့် စီးပွားရေးအသွင်ကို ဆောင်ခဲ့သည်။ ကျန်စစ်သားမင်းလက်ထက်တွင်မူ ဘာသာရေးအသွင်နှင့် နိုင်ငံရေးအသွင်ကို ဆောင်ခဲ့သည်။ သီဟိုဠ်မင်းနှင့် အပြန်အလှန် အဆက်အသွယ်ပြုခြင်းဖြင့် ပြည်ပ မဟာမိတ်နိုင်ငံအင်အားကို တိုးချဲ့နိုင်ခဲ့သည်။ ပုဂံခေတ်သာသနာရေး၊ စီးပွားရေးဆက်ဆံမှုများကြောင့် ပြည်ပနိုင်ငံတို့သည် ကြီးကျယ်ခမ်းနားလှသော ပုဂံနိုင်ငံကို ပိုမိုသိလာကြသည်။ သိလာကြသည်နှင့်အမျှ ဈေးကွက် ပိုမိုလေးစားခန့်ညားလာခဲ့ကြသည်။ မွန်ဂိုကျူးကျော်ရေး စစ်ပွဲများအတွင်း မြန်မာ့သံတမန်ရေးရာ ကျွမ်းကျင်မှုကို ဖော်ထုတ်ပြသနိုင်ခဲ့သည်။

အင်းဝနရပတိမင်း(အေဒီ ၁၄၂၂–၁၄၆၈)လက်ထက်တွင် တရုတ်စစ်သူကြီး ဆင်သွေဦးစီးသော ပြည်ပတပ်များ ဝင်ရောက်ကျူးကျော်ခံရသည်။ ထိုစဉ်ကလည်း ပြည်ပကျူးကျော်မှုကို ပြတ်ပြတ်သားသား တားဆီးနိုင်ခဲ့သည်။ အင်းဝ၏အချုပ်အခြာအာဏာပိုင်မှုကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်သည်။ ဟံသာဝတီ ကေရာဇ်နိုင်ငံတော် ထွန်းကားခဲ့စဉ်ကလည်း ပြည်ပနိုင်ငံများနှင့် ပိုမိုတွင်ကျယ်စွာ ဆက်ဆံခဲ့သည်။ စစ်ရေးစစ်ရာထက် ကူးသန်းရောင်းဝယ်ရေးတွင် ပိုမိုအာရုံစိုက်ခဲ့သည်။ ထိုခေတ်က အလနှင့်





သံလျင်တို့သည် စစ်မြေပြင်များ မဟုတ်တော့ပေ။ ပြည်ပကုန်သည်အမျိုးမျိုးတို့ လာရောက်ဆုံဆည်းရာ စည်ကားလှသော ဈေးမြို့များအဖြစ်သို့ ပြောင်းလဲနိုင်ခဲ့သည်။ ၁၅–ရာစု နှင့် ၁၆–ရာစု နှစ်များအတောအတွင်း အိန္ဒိယသမုဒ္ဒရာ၌လည်း နိုင်ငံခြားကူးသန်းရောင်းဝယ်မှုကို ပိုမိုလုပ်ဆောင်နိုင်ခဲ့သည်။

ဘုရင့်နောင်လက်ထက်တွင် နိုင်ငံခြားသားများအား လွတ်လပ်စွာ ကူးသန်းခွင့် ပေးထားသည်ဟု ဆိုနိုင်သည်။ သာလွန်မင်းလက်ထက် နိုင်ငံခြားကုန်သွယ်ရေးဝါဒမှာ နိုင်ငံခြားကုန်သည်တိုင်းအား တိုင်းပြည်၊ လူမျိုး မခွဲခြားဘဲ အခွင့်အရေးညီမျှစွာ ပေးရေးဖြစ်သည်။ သို့ဖြစ်၍ ဒတ်ချ်တို့က ပေါ်တူဂီအပါအဝင် အိန္ဒိယကုန်သည်များအပေါ် ယှဉ်ပြိုင်အနိုင်ယူပြီး လက်ဝါးကြီးအုပ်ရန် ကြိုးပမ်းခဲ့မှုကို လက်မခံနိုင်ခြင်းဖြစ်သည်၊ ထိုစဉ်က မြန်မာနိုင်ငံပင်လယ်ဆိပ်ကမ်းများသို့ နိုင်ငံခြားသင်္ဘောများ ဝင်ရောက်လျှင် သင်္ဘောတင်အမြောက်လက်နက်များကိုဖြုတ်၍ လက်နက်ချကာ ဝင်ရောက်ရသော စည်းကမ်းတစ်ရပ်ကို ချမှတ်နိုင်ခဲ့သည်။

မန္တလေးခေတ်မြန်မာနိုင်ငံ၏ အခြေအနေမှာ အထက်ပိုင်းကွက်ကွက်ကလေးမျှသာ ဖြစ်သည်ဟုဆိုနိုင်သည်။ သို့ရာတွင် အချုပ်အခြာ အာဏာပိုင်လွတ်လပ်သော မြန်မာနိုင်ငံတော်ကြီးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့နိုင်ငံကြီးများနှင့် တန်းတူရည်တူ ဆက်ဆံနိုင်ခဲ့သည်။ ထိုစဉ်က
မြန်မာ့နိုင်ငံရေးအခြေအနေမှာ နယ်ချဲ့အင်္ဂလိပ်နှင့် နယ်ချဲ့ပြင်သစ်တို့
အကြား၌ အလွန်အန္တရာယ်ကြီးမားစွာ ရပ်တည်နေရသည်
တစ်ဖက်သို့လိုက်ပါသွားလျှင် အခြားတစ်ဖက်က အချိန်မရွေး
အန္တရာယ်ကြီးမားစွာ ရပ်တည်နေရသည်။ တစ်ဖက်သို့ လိုက်
သွားလျှင် အခြားတစ်ဖက်က အချိန်မရွေး အန္တရာယ်တုန့်ပြန်လာ
မည်မှာ သေချာသည်။ သို့ဖြစ်၍ မင်းတုန်းမင်းလက်ထက်တွင်
မြန်မာ့နိုင်ငံခြားရေးဝါဒကို တိကျစွာ သတ်မှတ်ကျင့်သုံးခဲ့သည်။

ခရစ်နှစ် ၁၈၇၇ ခုနှစ်၊ ဇွန်လ(၂၂)ရက်နေ့၊ အီရန်-မြန်မာ
မဟာမိတ်စာချုပ်ချုပ်ဆိုရာတွင် 'ဘုန်းတော်အလွန်ကြီးမြတ်တော်
မူလှသော မြန်မာနိုင်ငံကို အစိုးရတော်မူသော နေထွက်ဘုရင်
မြန်မာမင်းမြတ်'သည် 'ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော
ရုပ်ရှာနိုင်ငံကို အစိုးရတော်မူသော ရွှက်ရှာဘုရင်မင်းမြတ်'သို့
ပေးပို့သည့်ရာဇသံကိုလေ့လာခြင်းဖြင့် ရှေးမြန်မာမင်းများလက်ထက်
အထူးသဖြင့် မန္တလေးနေပြည်တော်ခေတ် မြန်မာတို့၏ နိုင်ငံတကာ
ဆက်ဆံရေးဆိုင်ရာ စည်းကမ်းစနစ်ထားရှိမှုကို တွေ့ရှိ သုံးသပ်
နိုင်ပေလိမ့်မည်။



ဤသို့ အရာရာတွင် စည်းကမ်းကလနားထားရှိလုပ်ဆောင်တတ်သော မြန်မာတို့နှင့် ရှေးအခါကတည်းကပင် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များတွင်လည်း သတိကြီးစွာထား၍ လုပ်ဆောင်တတ်ကြသည်။ မိမိတို့ရပ်ရွာထဲတွင် အိမ်နီးချင်းများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခြင်း၊ ချိုသာအေးချမ်းစွာပြောဆိုခြင်း၊ တတ်စွမ်းသမျှ လက်ဖဲ့စောင်မမှု၊ နှုတ်ဖဲ့စောင်မမှုပြုခြင်း၊ သာနာမှုပေါ်လျှင် ဂရုတစိုက်သွားရောက်ကူညီခြင်း၊ အားပေးခြင်း စသည့်အပြုအမူများဖြင့် အေးချမ်းပျော်ရွှင် ဂုဏ်သရေရှိစွာ နေထိုင်လာခဲ့ကြသည်။

အိမ်နီးချင်း၏ မိမိအပေါ် မလိုမုန်းထား ပြုလာမှုများကိုပင် အတတ်နိုင်ဆုံးအများအားဖြင့် သည်းခံခွင့်လွှတ်ခဲ့ကြသည်။ မြန်မာတို့ကား စိတ်နေမြင့်မြတ်သူများ အမှန်တကယ် ပီသကြပါပေသည်။ အိမ်နီးချင်း၏ အကျိုးပျက်စီးရာ ပျက်စီးကြောင်းကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ဖောက်ဖျက်တတ်ဖို့ဝေးစွ၊ အိမ်နီးချင်းတို့အပေါ် သွယ်ဝိုက်သောနည်းဖြင့် အကျိုးစီးပွားထိခိုက်စေမည့် အသေးအမွှားကိစ္စရပ်ကလေးများကိုပင် မလွဲမရှောင်သာ၍ ပြုရမည့်ကိစ္စ၌ အများသိအောင် အချိန်မီအသိပေးပြီးမှ လုပ်ဆောင်တတ်ကြသူများဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အထင်ရှားဆုံး သာဓကတစ်ရပ်မှာ မြန်မာတို့၏ နေအိမ်များမှ မကြာမကြာ ကြားရတတ်သော 'ညှော်ကြမယ်ဗျို့' ဟူသော အသံကို နားထောင်ခြင်းဖြင့် အိမ်နီးချင်းတို့အပေါ်တွင် ထားရှိတတ်သော မြန်မာ့စည်းကမ်းကောင်းတစ်ရပ်ကို နားလည်သဘောပေါက်မိကြမည်ဖြစ်သည်။ ။

အခန်း(၇)

## မြန်မာ့ဘာသာရေး အခံဆုံးအမစည်းကမ်း

ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု
ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ။

ဝိနည်းမည်သည်ကား ဘုရားသာသနာတော်၏ အသက်ဖြစ်ပေသည်။

ဝိနည်းတရားတော်တည်ရှိမှသာ သာသနာတော် တည်ရှိသည်မည်၏။

ဝိနည်းအဋ္ဌကထာ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင်မြန်မာတို့ နေ့စဉ်ပြုရမည့်စည်းကမ်
ကျင့်ဝတ်တစ်ရပ်မှာ ရတနာသုံးပါးနှင့်ဆရာသမား၊ မိဘတို့ကို
ရှိခိုးပူဇော်ရခြင်းဖြစ်သည်။ ဘုရားဝတ်ပြုလျှင် 'ဘုရားရှင်ကိုယ်တော်
မြတ်ကြီးအား ငါးပါးသော ထိခြင်းမျိုးဖြင့် ရှိခိုးပူဇော် ပူးမျှော်
မှန်လျှော့ ကန်တော့ပါ၏အံ့ရှင်ဘုရား'ဟူ၍ ရွတ်ဆိုတတ်စမြဲဖြ
သည်။ ထိခြင်းငါးပါးနှင့်ညီညွတ်အောင် ရှိခိုးရမည်ဟူသောအချက်မှ
တံတောင်ဆစ်နှစ်ခုတို့ကို မြေ၌ (ကြမ်းပြင်ပေါ်ထိုင်၍ ရှိခိုးလျှ
ကြမ်းပြင်၌)ထိကပ်စေရခြင်း၊ ဒူးဝန်းနှစ်ခုတို့ကိုလည်း မြေ
ထိကပ်စေရခြင်း၊ နဖူးကိုလည်း မြေ၌ထိကပ်စေရခြင်းဖြစ်သည်

အတုလဆရာတော်က 'အကြင်သူသည် ဥပုသ်နေ့
ရတနာသုံးပါးအားဖြင့် ဆည်းကပ်၍အလှူပေး၏။ တရားလည်းနာ
တရားစကားကိုလည်း ဆွေးနွေး၏၊ ဥပုသ်လည်းစောင့်၏။ ထို
သည် သုံးဆယ်ရှစ်ဖြာသောမင်္ဂလာတို့ ပြည့်မီရာသတည်း'ဟူ
ညွှန်းဆိုတော်မူခဲ့သည်။ ၃၈ဖြာ မင်္ဂလာတရားတော်အရ သူတော်
ကောင်းများကို မှီဝဲဆည်းကပ်ရသည်။ သူယုတ်တို့ ရှောင်ကြ
ရသည်။ ပူဇော်ထိုက်သူကို ပူဇော်ရသည်။ သင့်တင့်လျောက်ပတ်
သောအရပ်၌ နေထိုင်ရသည်။ ကောင်းမှုပြုရသည်။ ကိုယ်စိတ်
တို့ကို မြဲမြံထိန်းသိမ်းရသည်။ အကြားအမြင်ကို ဆည်းပူးရသည်

မိတ်ဆွေစာပေ



သူတော်ကောင်းတို့လေ့လာသော တရားကိုမှတ်သားရသည်။
အကုသိုလ်တရား၌ မစွန်းမငြိစေမူ၍ ကိုယ်နှုတ်နှလုံးသုံးပါးကို
စောင့်ရှောက်ရသည်။ (ဝါ) ဆုံးမရသည်။

ထိုတရားကို စောင့်သောနေ့၌ သူတော်ကောင်းဆိုသော
တရားကို နာလွှယ်ရသည်။ ထိုနေ့၌ အမိအဖတို့အား အရိုအသေ
ပြု၍ လုပ်ကျွေးရသည်။ သာမိန်ယားတို့အား တရားနှင့်သဲ့ပြင်ရသည်။
သူတော်ကောင်းတရားကို လေ့ကျက်စေရသည်။ ဥပုသ်စောင့်သော
နေ့၌ အကုသိုလ်နှင့်စပ်သော အမှုကိုမပြုဘဲ ကုသိုလ်နှင့်စပ်သော
အမှုကိုသာ ပြုရသည်။ အလှူဒါနပြုရသည်။ တရားစောင့်ရသည်။
ဆွေမျိုးဉာတကာအား တရားနှင့်အညီ ပေါပြောသင်ကြားရသည်။
အသက်မွေးမှုကိုထောက်၍ မှသာဝါဒအစရှိသောအပြစ်နှင့် မရောစေ
မူ၍ တရားနှင့်အညီ ရောင်းဝယ်ရသည်။ ပဥ္စသီကျူးလွန်အပ်သော
ဝတ္ထုရောက်မှ ကြဉ်ရသည်။ ဝတ္ထုမရောက်မီ ခိဋ္ဌာန်စောင့်ရှောက်
ရသည်။ သူ့ရမေရယစသော ယစ်မျိုးကို ရှောင်ကြဉ်ရသည်။ ကုသိုလ်
တမ္ပပထ၌ မပေ့ါမလျော့ နေထိုင်ရသည်။ ရတနာသုံးပါးစသော
ကြီးသူတို့အား ရိုသေရသည်။

ထိုရတနာသုံးပါးစသော လူကြီးမိဘတို့၌ နေခြင်း၊
သွားခြင်း၊ ပြောခြင်းတို့ကို နှိမ့်ချရသည်။ ဥပုသ်နေ့၌ ဝတ်ခြင်း

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



စားခြင်း၊ ပလ္လင်းခြင်းမရှိဘဲ ရှောင်ရဲရသည်။ ကျေးဇူးရှိစေသော သူတို့၏ ကျေးဇူးဂုဏ်ကို အောက်မေ့ရသည်။ လျောက်ပတ်သော အခါ တရားနာရသည်။ သည်းခံရသည်။ ဆူဆောက်ကောင်းတို့၏ စကားကိုနားလွယ်ရသည်။ မြိုးခြံ၍ ဥပုသ်သီတင်းစောင့်ရသည်။ မြတ်သောအကျင့်ကို ဆောက်တည်ရသည်။ သစ္စာလေးပါးတရားကို နှလုံးသွင်း၍ ဆင်ခြင်ရသည်။ နိဗ္ဗာန်ကိုမျက်မှောက်ပြုရသည်။ လောဘ၊ ဒေါသ၊ မောဟအာရုံတို့၌လည်း မတုန်လှုပ်ရပေ။

ဗုဒ္ဓမြတ်စွာဘုရားသည် ၂၂၇ဆွယ်သော သိက္ခာပုဒ်များကို ရဟန်းများအတွက် ပညတ်တော်မူခဲ့ခြင်းသည်ပင် မြန်မာများအတွက် ပထမဦးဆုံးသော ဘာသာရေးဆိုင်ရာ အခြံအရံ စည်းမျဉ်းစည်းကမ်း များနှင့်ကြုံကြိုက်ခွင့်ရခြင်းဖြစ်သည်။ မြတ်စွာဘုရားသည် တလော ကလုံးက လေးစားလောက်သော အရည်အချင်းပြည့် သံဃာ အဖွဲ့အစည်းကြီးကို စနစ်တကျဖွဲ့စည်းတည်ထောင်ခဲ့သည်။

သို့ရာတွင်သာသနာဝင် ပုဂ္ဂိုလ်ပီပီစစ်ရေးလွယ်ကူရန် စနစ်များ စည်းကမ်းများကို တိကျစွာ ချမှတ်ပေးတော်မူခဲ့သည်။ ရှင်ရဟန်း ဖြစ်ခွင့် လုံးဝမရထိုက်သူ၊ ရှင်ရဟန်းဖြစ်နိုင်သော်လည်း မသင့် လျော်သူဟူ၍ ခွဲခြားသတ်မှတ်ခဲ့သည်။ ထိုသို့သော မရထိုက်သူ ၁၁ ဦးနှင့် မသင့်လျော်သူ ၃၂ ဦးတို့ကို ရှင်ရဟန်းပြုမပေးရ



ညတ်ခဲ့သည်။ ၁၅နှစ်အောက်ငယ်ရွယ်သူများကို ရှင်ပြုမပေးရဟု ညတ်ခဲ့သည်။ ကျင့်ဝတ်သိက္ခာလိုက်နာမကျင့်သုံးနိုင်သေးသော အရွယ် မိမိကိုယ်ကို သုတ်သင်နိုင်စွမ်း မရှိလောက်အောင် အိုမင်း ခွမ်းအရွယ်များကိုလည်း ရှင်ရဟန်းပြုမပေးရန် တားမြစ်တော် ခဲ့သည်။ ရဟန်းပြုခွင့်အရွယ်မှာ အနည်းဆုံးပဋိသန္ဓေနှင့်တကွ အသက်နှစ်ဆယ်ပြည့်သူဖြစ်ရမည်။

ရှင်ပြုရာတွင် ဆံမုတ်ဆိတ်ပယ်ရသည်။ သာမဏေအသွင် ရောက်စေရန် သင်္ကန်းဝတ်ရသည်။ ရဟန်းများကိုယ်တိုင်က သရဏဂုံ ပေးရသည်။ ရဟန်းတော်တို့၏ ခွင့်ပြုချက်မရဘဲ သင်္ကန်းဝတ်လျှင် သူခိုးသူဟု သတ်မှတ်ခဲ့သည်။ လိင် ၁၀-ပါး၊ ဒဏ် ၁၀-ပါး၊ သေခိယ ၇၅-ပုဒ်၊ ခန္ဓကဝတ်၊ သီလနှင့် ကျင့်ဝတ်သိက္ခာများကိုလည်း လိုက်နာကျင့်သုံးရသည်။ ရဟန်းတစ်ပါးဖြစ်လာစေရန် ပဉ္စင်းပါးနှင့် ပြည့်စုံရသည်။ ပဋိသန္ဓေနှင့်တကွ အသက် ၂၀ပြည့်သူ ဖြစ်ရသည်။ ရာဇဝတ်ကျပြီးသူ မဖြစ်စေရ။ ရှင်ရဟန်း ဖြစ်ထိုက်သူ ၁ဦးတွင် လည်း မပါဝင်စေရ။ ရဟန်းများအတွက် ပရိက္ခရာရှစ်ပါးကိုလည်း သတ်မှတ်ပေးခဲ့သည်။

သပိတ်၊ နှစ်ထပ်သင်္ကန်းကြီး၊ ကေသိ၊ သင်းပိုင်၊ ခါး ပန်းကြိုး၊ ရေစစ်၊ ခေါင်းရိတ်ဓားနှင့်အပ်တို့ဖြစ်သည်။ ခေါင်းရိတ်ဓား

www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားခြင်းမှာ ရတနာများသည် ဆံပင်လက်နှစ်သစ်ထက်ရှည် အောင် မထားရသောကြောင့်ဖြစ်သည်။ ရဟန်းပြုမည့်သူတွင် နူနာ၊ ခရူသင်း၊ ပန်းနာ၊ အဆုတ်နာ၊ ဝက်ရူးစသောရောဂါများ မရှိစေ ရပေ။ သူ့ကျွန်အဖြစ်မှ လွတ်လပ်သူဖြစ်ရမည်။ ကြွေးမြီကင်း ရမည်။ မင်းခစားယောက်ျားမဖြစ်စေရ။ မိဘများက ကျေကျေနပ်နပ် ခွင့်ပြုသူဖြစ်ရမည်။ အသက် ၂၀ ပြည့်ရမည်။ သပိတ်သင်္ကန်းလည်း ပြည့်စုံရမည်။ ရဟန်းများသည် မေထုံမမှီဝဲရ။ သူတစ်ပါးဥစ္စာကို မခိုးယူရ။ သူတစ်ပါးအသက်မှန်သမျှကို မသတ်ဖြတ်ရ။ ထို့ပြင် သိမ်ညာပြောဆိုခြင်း မပြုရချေ။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုး အများစုသည် ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ပူးမျှော်ခြင်းစသော အလုပ်သုံးမျိုးကို စနစ်တကျ လေ့ကျင့်ဆောင်ရွက်ရသည်။ နေ့စဉ်စေတနာသုံးတန်ပြဋ္ဌာန်း၍ လုပ်ကိုင်ဆောင်ရွက်ရသည်။ မကောင်းမှုမှန်သမျှကို ရှောင်ရှားကြရ သည်။ သတ္တဝါတို့အား မိမိနှင့်အမျှ ချစ်ခင်ရသည်။ ဆင်းရဲသူကို သနားရသည်။ ချမ်းသာသူတို့အတွက် ဝမ်းမြောက်ရသည်။ မုန်း ချစ်၊ ချမ်းသာ ထိုနှစ်ဖြာကို မုန်းချစ်မပြု လစ်လျူရှုရသည်။ ဘုရားရှင်ကို ယုံကြည်သည်။ ဘုရားရှင်၏ တရားတော်၌ ယုံကြည် သည်။ ဘုရားရှင်၏ တပည့်သားသံဃာတို့၌ ယုံကြည်သည်။ ကံတရား၌ ယုံကြည်သည်။ ကံ၏အကျိုးတရား၌လည်း ယုံကြည် ကြသည်။ ရတနာသုံးပါးကို ပူဇော်ခြင်း၊ ကိုယ်ကျင့်တရား စောင့် ထိန်းကျင့်သုံးခြင်း၊ အကြားအမြင်ရှိခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ ကောင်းစွာသိမြင်ခြင်း၊ ကောင်းမှုမှ ရှက်ခြင်း၊ မကောင်းမှုမှ ကြောက် ခြင်းတို့ ပြည့်စုံစွာ နေထိုင်ရသည်။ ဗုဒ္ဓဘာသာဝင်တို့သည် ကောင်း သောအမှုကိုပြုလျှင် ကောင်းကံ(ကုသိုလ်ကံ)ဖြစ်သည်။ ကောင်းသော အကျိုးခံစားရမည်။ မကောင်းမှုကိုပြုလျှင် မကောင်းကံ(ဆိုးကံ) ဖြစ်သည်။ ဆိုးသောအကျိုးကို ခံစားရမည်ဟု နားလည်သဘော ပေါက်ထားသည်။

ထို့ပြင် ဗုဒ္ဓဟောကြား ပညတ်တော်မူသော အဆုံးအမ၊ စည်းကမ်း၊ ပညတ်ချက်များအရ သူတစ်ပါးအသက်ကို သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူများသားမယားကို ကျူးလွန်ခြင်းတည်းဟူသော ကာယကံ(ကာယကံ)သုံးပါးကို ရှောင်ကြဉ်ကြသည်။ လိမ်ညာပြောဆို ခြင်း၊ ကုန်းတိုက်ခြင်း၊ အယုတ်တမာဆဲဆိုခြင်း၊ သိမ်ဖျင်းသော စကားကိုပြောဆိုခြင်းစသည့် ဝစီဒုစရိုက်(ဝစီကံ)လေးပါးကိုလည်း ရှောင်ကြဉ်သည်။ သူတစ်ပါးစည်းစိမ်ကို ငါ့ဟာဖြစ်လျှင် ကောင်း လေစွတု မတရားကြံစည်ခြင်း၊ သူတစ်ပါးပျက်စီးသွားလျှင် ကောင်း လေစွတု ပြစ်မှားခြင်း၊ ကံ-ကံ၏ အကျိုးကို မယုံကြည်ခြင်း







www.burmeseclassic.com

www.burmeseclassic.com



စသည့် မနောဒုစရိုက်(မနောကံ)သုံးပါးကိုလည်း အထူးရှောင်ကြဉ် ရသည်။

ဗုဒ္ဓအဆုံးအမကို ခံယူလိုက်နာသူတို့သည် နေ့စဉ်နှင့်အမျှ ကုသိုလ်အမျိုးမျိုးကို ပြုနေကြကြောင်း တွေ့ရလိမ့်မည်။ စွန့်ကြဲပေးကမ်းခြင်း၊ ကိုယ်ကျင့်တရားစောင့်စည်းခြင်း၊ ကုသိုလ်တရားအားထုတ်ခြင်း၊ အရိုအသေပေးခြင်း၊ ကုသိုလ်ဆိုင်ရာအမှုကြီးငယ်ကို ဆောင်ရွက်ခြင်း၊ မိမိပြုသော ကုသိုလ်အဖို့ကိုပေးခြင်း၊ သူတစ်ပါးပြုသောကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း၊ တရားနာယူခြင်း၊ တရားဟောခြင်း၊ အယူဖြောင့်မှန်စွာ ယူခြင်းတို့ဖြင့် နိစ္စဓူဝကျင့်ကြံနေထိုင်လျက် ရှိကြသည်။

ထို့ပြင်သာလော။ မဟုတ်သေးချေ။ ရန် မရှိကြပါစေသတည်း။ စိုးရိမ်မှု မရှိကြပါစေသတည်း။ ဆင်းရဲမှုမရှိကြပါစေသတည်း။ မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေသတည်း ဟူသော အဝေရာဒိကမေတ္တာကိုလည်း နေ့စဉ်နှင့်အမျှ ပွားများနေတတ်ကြသည်။ လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြွေအရံပေါ်ခြင်း၊ အခြွေအရံမရှိခြင်း၊ အကဲ့ရဲ့ခံရခြင်း၊ အချီးမွမ်းခံခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းတည်းဟူသော လောကဓံတရားရှစ်ပါးနှင့်အညီဘဝကို ကြံ့ကြံ့ခံနိုင်ကြသည်။





ထို့ပြင်အကုသိုလ်ဟူသမျှ မပြုရ၊ ကုသိုလ်ဟူသမျှနှင့် ပြည့်စုံရမည်။ မိမိစိတ်ကို ဖြူစင်စေရမည်ဟူသောဘုရားရှင်၏ အဆုံးအမကိုလည်း မပြတ်နှလုံးသွင်းခဲ့ကြသည်။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလဟူသော သီလသုံးမျိုးအနက် အနည်းဆုံး ငါးပါးသီလနှင့် နေ့စဉ်ပြည့်စုံနေအောင် မပြတ်အားထုတ်နေထိုင် ကြသည်။ ငါးပါးသီလမြဲစေခြင်းဖြင့် သူ့အသက်ကို သတ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ သူ့လင်မယား၊ သူ့သမီးသားတို့၌ ဒုန်ကျူးစော်ကားပြစ်မှားခြင်း၊ လိမ်ညာလှည့်ဖြား မမှန်သောစကားကို ပြောဆိုခြင်း၊ သေရည်သေရက်ကို သောက်စားခြင်းစသည့် မကောင်းမှုများမှ ဝေးဝေးရှောင်နိုင်ခဲ့ကြသည်။

ဗုဒ္ဓသာသနာသည် နိုင်ငံအုပ်ချုပ်မင်းလုပ်သူ(အစိုးရ)ကို အမှီပြု၍ တည်ရှိရမည်ဟူသော စကားရှိသည်။ မြန်မာမင်းများ လက်ထက်က ဘုန်းကြီးကျောင်းများကို စနစ်တကျ သတ်မှတ် ဆောက်လုပ်ရသည်။ ရွာဦးရွာထိပ်၊ မြို့ဦးမြို့ထိပ်စသည့် နေရာ များမှာသာ ဆောက်လုပ်ရသည်။ လူနေအိမ်များနှင့်လည်း မနီး ကပ်စေရပေ။ သီးခြားပုရိုဏ်းတံတိုင်း၊ အရံအတားများ ခတ်ရသည်။ သပ်မွန်ချွန်၊ ပြာသာဒ်၊ ဘုံဆောင်များ၊ ပန်းတောင် ပန်းဆွဲများ၊



www.burmeseclassic.com

www.burmeseclassic.com



စိန်တောင်မှန်ကင်းများ၊ ခိုနန်းချိုးလည်ပေါ်ဆောင်များ ထည့်သွင်းဆောက်လုပ်ရသည်။

ထိုခေတ်က အခါကြီး၊ ရက်ကြီးများနှင့် ဝါတွင်းဥပုသ်နေ့များတွင် လူတိုင်း ဥပုသ်စောင့်ရသည်။ မိမိတို့နှင့်သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ မပျက်မကွက် သွားရောက်ရသည်။ ကျောင်းမတက်သူများကို မိစ္ဆာဒိဋ္ဌိများအဖြစ် သတ်မှတ်ကြသည်။ ရှုတ်ချကဲ့ရဲ့တတ်ကြသည်။ ဘာသာရေးတာဝန်များ အချိန်ကြာကြာ ပျက်ကွက်နေသူများမှာ ဝိုင်းကြဉ် ခံရပေလိမ့်မည်။

မြန်မာမင်းများလက်ထက်က ဘုရင်ကဖြစ်စေ၊ မြို့စားရွာစားများကဖြစ်စေ မည်သည့်ရပ်ကွက်သည် မည်သည့်ဘုန်းကြီးကျောင်းကို ကိုးကွယ်ရမည်ဟူ၍ တိတိကျကျ သတ်မှတ်ပေးရသည်။ ရဟန်းသံဃာများကိုလည်း ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်များ၊ သုဓမ္မာဝင် ဆရာတော်များဖြင့် စနစ်တကျ ကြီးကြပ်ကွပ်ကဲအုပ်ချုပ်စေခဲ့သည်။ သာသနာဝန်တစ်ပါးထားရှိ အုပ်ချုပ်စေခဲ့ကြောင်း တွေ့ရသည်။

ထိုခေတ်က ရဟန်းဖြစ်လျှင် အနည်းဆုံး ဘိက္ခုပါတိမောက်ကို အလွတ်အာဂုံရွတ်ဆိုနိုင်ရသည်။ သိတင်းကျွတ် ပဝါရဏာပွဲနှင့် ဝိနည်းစာပြန်ပွဲတွင် အလွတ်ပြန်ဆိုရသည်။ မဖြစ်နိုင်သူရဟန်းများကို သဲဒဏ်၊ ရေဒဏ်ပေးသည်။ ကျောင်းမှပင် နှင်ထုတ်တတ်သည်။





အကယ်၍ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်များက ဆင့်ခေါ်လျှင် မပျက်မကွက် လာရောက်ရသည်။ မလာရောက်ပါက မင်းလုလင်များသည် နှောင်ကြိုးတည်း၍ဖြစ်စေ၊ ထိပ်တုံးခတ်၍ဖြစ်စေ ခေါ်ဆောင်ရသည်။ စာသင်ကျောင်းတိုက်ကြီးများ၏ အဝင်အဝတွင် ကြိုး၊ ကြိမ်၊ ထိပ်တုံးများပင် တန်းစီချထားတတ်သည်ဟု သိရသည်။ ထိုစဉ်က တိုက်အုပ်၊ တိုက်ကြပ်များ အခွင့်ပေးလျှင် အပြစ်ရှိသူ ရဟန်းသာမဏေများကို ထိပ်တုံးခတ်နိုင်သည်။ ကြိမ်ဒဏ်ပေးနိုင်သည်။ ထိုခေတ်က တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ တိုက်အုပ် တိုက်ကြပ်များကို ရဟန်းရှင်လူတို့ ပြားပြားဝပ် ကြောက်ရွံ့ရသည်။ ရိုသေလေးစားရသည်။ ပါရာဇိကံ ကျူးလွန်သူဖြစ်သော ဝိနည်းမိုရ်ဖြစ်သော ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ဂိုဏ်းချုပ်ဆရာတော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ သာသနာပိုင်ဆရာတော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ၊ မဟာဒါန်ဝန်က ပြစ်မှုကျူးလွန်သူ ရဟန်းထံသို့ ပုဆိုးနှင့် အင်္ကျီသွားပို့ရသည်။ လူဝတ်လဲစေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာမင်းများလက်ထက်က ဘာသာရေးနှင့်ပတ်သက်သော အဆုံးအမစည်းကမ်းချက်တစ်ရပ်မှာ သာသနာတော် သန့်ရှင်းရေး၊ တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် ရဟန်းသံဃာများသည် ရဟန်းအလုပ်ကိုသာ လုပ်ကြရခြင်းဖြစ်သည်။ တိုင်းပြည်ရေး၊ မင်းရေး၊ စိုးရေးများတွင် ဝင်ရောက်မစွက်ဖက်ရခြင်းဖြစ်သည်။ ထို့ပြင် ဗေဒင်မဟောရ၊ ဆေးဝါးမကုရ၊ ကျွန်ုပ်ားမွေးမြူခြင်းမပြုရ၊ ပြိုင်လှည်း၊ ပြိုင်လှေများလည်း မထားရဟူသော စည်းကမ်းချက်များကိုလည်း တွေ့ရပေလိမ့်မည်။

# အခန်း(၈)

# မြန်မာ့တရားရေး စည်းကမ်း

ဥပဒေဆိုသည်မှာ အများပြည်သူတို့ လိုက်နာဆောင်ရွက် အသုံးပြုရန် သက်ဆိုင်ရာ ဥပဒေပြုအာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ၊ ဥပဒေပြုအာဏာပိုင် တစ်ဦးဦးကဖြစ်စေ ပြဋ္ဌာန်းထားသည့် ကျင့်စဉ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံရာ၌ တရားမျှတမှုရှိစေရေး၊ အကွပ်အကဲ အထိန်းအကျောင်းသဖွယ်ဖြစ်စေရေးတို့အတွက် အုပ်စိုးသူတို့က သတ်မှတ်ပြဋ္ဌာန်းထားသော စည်းကမ်းစုကို ဆိုလိုသည်။

ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်မှ မျက်မှောက်ကာလအထိ မြန်မာတို့လက်ခံကျင့်သုံးလာခဲ့ကြသော ဥပဒေသဘောသက်ဝင်သည့် ဓလေ့ထုံးစံများ၊ ဓလေ့ထုံးတမ်းများသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်အဆက်ဆက်လိုက်နာကျင့်သုံးခဲ့ကြသော လူမှုရေးစည်းကမ် များလည်း ဖြစ်ကြသည်။ ကျင့်စဉ်များ ကျင့်ဝတ်များလည်း ဖြစ်ကြ သည်။ မြန်မာလူ့ဘောင်ဖွဲ့စည်းထူထောင်ကိန်းသိမ်းထားသော လူမှုရေးစည်းမျဉ်းများတုဆိုလျှင်လည်း မမှားနိုင်ချေ။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည် မြန်မာ့သမိုင်း၊ မြန် ယဉ်ကျေးမှု၊ မြန်မာ့အယူဝါဒ၊ မြန်မာ့တွေးခေါ်ဆင်ခြင်မှုများမှ ပေါ် ပွားလာခဲ့ခြင်းဖြစ်သည်။ မြန်မာ့လူမှုရေးစည်းကမ်းကို အကော အထည်ဖော်မှုဖြစ်သော တရားစီရင်ရေးသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာကပင် စတင်အခြေစိုက်ခဲ့သည်။ ပျူခေတ်ဦးနိုင်ငံသ ခရစ်နှစ် ၁၀၀ မှ ၅၀၀ အထိလည်းကောင်း၊ ပျူခေတ်နှော နိုင်ငံသည် ခရစ်နှစ် ၅၀၀ မှ ၉၀၀ အထိလည်းကောင်း အသီးသ ပေါ်ထွန်းခဲ့သည်။

ပျူတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အလျောက် ဗု ဝါဒီများ၏ ကိုယ်ကျင့်တရားများကို ထိန်းသိမ်းစောင့်ရှောက်တတ်သည် စိတ်နေစိတ်ထားကောင်းမွန်သည်။ သိမ်မွေ့နူးညံ့သည်။ ကိုယ်ချ စာနာတရားပြည့်ဝသည်။ ပျူတို့၏ တရားဥပဒေဆိုင်ရာ စနစ်မျာ စည်းကမ်းများကို အတိအကျ မသိရသေးသော်လည်း တရားဥပဒ ကျင့်သုံးရာတွင် များစွာသိမ်မွေ့လှကြောင်း တွေ့နိုင်သည်။





ရှေးဟောင်းသုတေသန အထောက်အထားများနှင့် တရုတ် တန်ရာဇဝင်သစ် မှတ်တမ်းများအရ ၈-ရာစုအလွန်ကာလ ခရစ် ၈၄၉ ခုနှစ် ပျဉ်ပြားဖျင်း၏ ပုဂံမြို့တည်ထောင်ချိန်ကာလအတွင်း ပျူခေတ်နှောင်း(သို့မဟုတ်) ပုဂံခေတ်ဦးတွင် ...

'...နန်းတော်မုခ်ဝနှင့် မျက်နှာချင်းဆိုင်နေရာတွင် ပေတစ်ရာ ဉီးထိပ်တော်အမြင့်ရှိသော ဆင်းတုတော် အမြုတစ်ဆူရှိသည်။ တရားတသောင်ဖြစ်သော သူတို့ သည် ဆင်းတုတော်ရှေ့၌ ပုဆစ်ဒူးချ ဝတ်ပြု၍ မိမိတို့အမှားအမှန်ကို ဆင်ခြင်ပြီးမှ လိုရာသို့ သွားကြ သည်...'ဟူသောအချက်ကိုတွေ့ရသည်။ ယင်းကဲ့သို့

ဆင်းတုတော်ရှေ့တွင် အမှားအမှန်ဆင်ခြင် သုံးသပ်စေခြင်းမှာ မိမိ တို့၏ အမှားကိုပြန်လည်မြင်လာပြီး ကြေအေးမှုရနိုင်မည်ဟု ယုံကြည် သောကြောင့်ဖြစ်သည်။

ပုဂံယဉ်ကျေးမှုသည် ခရစ်နှစ် ၁၀ ရာစုခန့်မှ စတင်ဖွံ့ဖြိုး တိုးတက်လာသည်။ ထိုအချိန်လောက်မှာပင် မြန်မာ့တရားစီရင်ရေး စနစ်သည် တိကျခိုင်မာစွာ ပေါ်ထွန်းနေပြီဖြစ်ကြောင်း ပုဂံကျောက်စာ များအရ သိနိုင်သည်။

ထိုစဉ်က တရားသူကြီးတို့သည် ယေဘုယျအားဖြင့် ဓမ္မ



www.burmeseclassic.com

www.burmeseclassic.com



သတ်ကိုရှု၍ တရားစီရင်ရသည်။ တရားဥပဒေအရာ၌ ကျွမ်းကျင်သ မနုရာဇာ၊ ဓမ္မဝိလာသစသော ပုဂ္ဂိုလ်များလည်း ပေါ်ထွန်းနေပြီ ဖြစ်သည့်အလျောက် ပုဂံခေတ်တရားဥပဒေပြုရေးတွင် ကောင်းမွ အခြေတည်လျက်ရှိပြီဟု ဆိုနိုင်သည်။ တရားစီရင်သူ တရားသူကြီ များသည် ရာဇဝတ်မှု၊ တရားမမှုစသည့် အမှုအခင်းများကို တရာ ဥပဒေအရသာ ဆုံးဖြတ်ခဲ့ကြသည်။ ပုဂံခေတ်ကျောက်စာ အထော အထားများအရ ပုဂံတရားစီရင်ရေးစနစ်တွင် မှတ်တမ်းတင်ခြင် အမှတ်တံဆိပ်များခတ်နှိပ်ခြင်း၊ နှုတ်သက်သေခံချက်၊ စာရွက်စာတမ် သက်သေခံချက်များကို စနစ်တကျ ထားရှိခဲ့ကြောင်းပေါ်လွင်သည်

ပုဂံမင်းနှင့် သံဃာတော်များဖြစ်စေ ပုဂံမင်းနှင့်အရာရှိမျ ဖြစ်စေ၊ အမှုအခင်းများဖြစ်ပွားရာ၌ပင်ဖြစ်စေ သံဃာတော်မျ အရာရှိဘက်က မှန်ကန်နေလျှင် ဘုရင်ကိုပင် အရှုံးပေးစေခဲ့ကြော မှတ်သားသိရှိရသည်။

ပုဂံခေတ်တရားစီရင်ရေးစနစ်သည် တရားမှန်စီရင်သေ မြန်မာ့တရားစီရင်ရေးတစ်ရပ်ဖြစ်ကြောင်း သိသင့်သည်။ ရာဇဝတ် များ ကျူးလွန်လျှင် အမန္တန်စာဆို ရာဇဝတ်ဥပဒေအရ တရားစီရင်ခ ရှိကြောင်း ခရစ်နှစ် ၁၂၄၉ ခုနှစ်၊ ထုတ်ပြန်သော ကျစွာမင်းကြ အမိန့်တော်အရ သိရသည်။



ပုဂံခေတ်တွင် ပြစ်မှုကျူးလွန်သူများကို သေဒဏ်ပေးကြောင်း ကျောက်စာများတွင် မတွေ့ရပေ။ နိုင်ငံတော်ပုန်ကန်ခြားနားသူများ ကိုမူ ပြည်နှင်ဒဏ်ပေးတတ်ကြောင်းသိရသည်။ ပုဂံခေတ်မြန်မာ့ တရားဥပဒေများသည် ခေတ်ပြိုင်အနောက်နိုင်ငံတရားဥပဒေများ ထက်ပင် သာလွန်ကောင်းမွန်သည်ဟု သုတေသီများက သုံးသပ် သည်။ တရားကွန်သာယာ(ဓမ္မကွန်သာယာ)ဟူသည်မှာ ပုဂံခေတ် တရားစီရင်ရာ အဆောင်ဖြစ်သည်ဟု မှတ်သားရသည်။

ဟံသာဝတီခေတ် ဘုရင့်နောင်ကျော်ထင်နော်ရထာ လက် ထက်တွင် အိမ်ရှေ့မင်း(နောင်တွင် နန္ဒဘုရင်)တောင်းပန်မှုကြောင့် ရှင်ဗုဒ္ဓဃောသသမထေရ်သည် မနုသာရဓမ္မသတ်ကျမ်း(တောင်း)ကို သစ်မံစီရင်သည်။ ဘုရင့်နောင်သည် သိမ်းပိုက်ရရှိသော လက်နက် နိုင်ငံများအတွင်း တရားစီရင်ပုံနှင့် ဟံသာဝတီနေပြည်တော် တရား စီရင်ပုံတို့ တစ်ပြေးညီစေရန် ဓမ္မသတ်များကိုလည်း ပြဋ္ဌာန်းခဲ့သည်။ ထိုခေတ်က မြန်မာ့ဓမ္မသတ်သည် ယိုးဒယား(ထိုင်း)နိုင်ငံ၏ တရား ဥပဒေစီရင်ရေးအတွင်းသို့ပင် ထိုးဖောက်လွှမ်းမိုးနိုင်ခဲ့သည်။

'ဟံသာဝတီဆင်ဖြူရှင်ဖြတ်ထုံး'' ဟူ၍ ရှိခဲ့သောကြောင့် ထို ခေတ်က ဘုရင့်နောင်ကိုယ်တိုင် တရားစီရင်ဆုံးဖြတ်ခဲ့ကြောင်း ထင်ရှား သည်။ 'တရားသူကြီးရှင်ကျော်သူဖြတ်ထုံး'ဟူ၍လည်း ရှိခဲ့ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ ဘုရင့်နောင်လက်ထက်မှာပင် တရားခေါင်းလောင်း တရားစည်ကို နန်းတော်ဝင်းတော်ထဲတွင် ဆွဲထားစေခဲ့သည်။ တရား သူကြီးများ မိရင်ဆုံးဖြတ်သောလည်း မှန်ကန်မှုမရှိ၍ ထပ်မံတိုင်ကြား လိုသူ တိုင်းသူပြည်သားများ ထိုးနှက်အသိပေးနိုင်ရန် စီစဉ်ပေးခြင်း ဖြစ်သည်။

ညောင်ရမ်းခေတ် သာလွန်မင်းလက်ထက် ခရစ် ၁၆၂ ခုနှစ်တွင် သာလွန်မင်း၏ အမိန့်တော်အရ တောင်ဖီလာပုဂ္ဂိုလ် ကျော်နှင့် ကိုင်းရှာစား မနုရာဇာတို့သည် မနုသာရ ရွှေမျဉ်းမွှေသတ် ကို ပြုစုခဲ့သည်။ သာလွန်မင်းလက်ထက်တွင် တရားတဘော ဖြစ်ပွားလျှင် တရားသူကြီးတို့သည် ပြည်သူတို့အတွက် 'အဖိုးထက် လက်ခကြီး' မဖြစ်စေအောင် စီရင်ဆုံးဖြတ်ရသည်။ ညောင်ရမ်းမင်း အနောက်လွှန်မင်း၊ သာလွန်မင်းများလက်ထက် မှတ်တမ်းများအရ ဘုရင့်ကိုယ်စား စီရင်ဆုံးဖြတ်ရသော တရားသူကြီးများအပြင် အ သည်များအတွက် အကျိုးဆောင်ရှေ့နေများလည်း ထားရှိပေး ကြောင်း သိရသည်။

ကုန်းဘောင်ခေတ် (ခရစ်နှစ် ၁၇၅၂–၁၈၈၅)အတွင်း သီပေါမင်း လက်ထက်တွင် အစည်းအဝေးဥပဒေ၊ မူလဘူတဥပဒေ၊ အခွင့်ပေး ဥပဒေ၊ တရားမှုပြဿနာနှိုင်းချက်ဥပဒေ၊ စာရင်းယူဥပဒေ၊ ဖြတ်ပိုင်



အဆင့်ခေါ်ဥပဒေ၊ မြေတော်အခွင့်ပေးဥပဒေ၊ မြို့ရွာသူကြီးတို့ စောင့် ထိန်းရန်ဥပဒေ၊ ခရိုင်ဝန်တို့ စောင့်ထိန်းရန်ဥပဒေ၊ အဝေးမြို့ဝန်တို့ စောင့်ထိန်းရန်ဥပဒေ၊ အကောက်တော်ကောက်ခံရန် ကုန်နှုန်း ဥပဒေ၊ ရာဇဝတ်အစောင့်ဥပဒေ၊ ပထမပြုန်ဥပဒေ၊ ငွေပင်စိုက်ရန် ခေါ် ထိရုံဥပဒေစသည့် ဥပဒေအမျိုးမျိုးကို စနစ်တကျ စီရင်ပြုစု ထားပြီးဖြစ်ကြောင်း လေ့လာသိရှိနိုင်သည်။

ကုန်းဘောင်ခေတ်တွင် သူကြီးရုံး၊ အဝေးမြို့ဝန်ရုံး၊ ခရိုင် ဝန်ရုံး၊ တရားရုံး၊ တရားဌာနချုပ်ရုံး၊ အစည်းအဝေးဝင်မှူးတော် ဆက်တော်ရုံး၊ လွှတ်တော်ရုံး၊ ဘုရင့်ရှေ့ မေးညီဖြင့် တရားရုံးများလည်း စနစ်တကျ ထားရှိနိုင်ခဲ့သည်။ မြန်မာတို့၏ တရားဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းကျနမှု သက်သေတစ်ရပ်ပင်ဖြစ်သည်။ ရှေးနန်းသုံး ဝေါဟာရအဘိဓာန်ပထမတွဲတွင် 'သတ်၊ ဖြတ်၊ ကွက်၊ မှတ်၊ ဖြည့်၊ သည့်၊ ပို့၊ အပ်၊ ဤရှစ်ရပ်မှတ်လေရာဇဒဏ်'ဟု အတိုကောက် မှတ်သားထားသည်။ သတ်ခြင်း၊ ဖြတ်ခြင်း၊ ပါးတွင်အတွက်ဝိုင်း ရေးမှတ်ခြင်း၊ နဖူး၊ ရင်ဘတ်၊ လက်မောင်းတို့တွင် ဆေးနက်ဖြင့် အတမ်းထိုးခြင်း၊ အမှုထမ်းရန်ဖြည့်ခြင်း၊ တပ်တွင် အမှုထမ်းရန် သည့်ခြင်း၊ မိုးကောင်း၊ ဗန်းမော်၊ မဲဇာ၊ ရွှေလီတို့သို့ပို့ခြင်း၊ ဘောင်မှူးထံအပ်နှံခြင်းတို့ကို ဆိုလိုသည်။ ကိုခေတ်က မြန်မာ

www.burmeseclassic.com

အပြစ်ပေးပုံပေးနည်း ၃၂မျိုးမှာ ကြမ်းတမ်းရိုင်းစိုင်းလှသည်ဟု အနောက်နိုင်ငံ သုတေသီများက ရေးသားသုံးသပ်ခဲ့ကြဖူးသည်။ မည်သို့ပင်ဖြစ်စေ ရှေးမြန်မာတို့သည် တရားစီရင်ရေးနှင့်ပတ်သက်၍ တွေဝေတွန့်ဆုတ် အရှုံ့အကြောက်မရှိ ပြတ်ပြတ်သားသား တိတိကျကျ ဆောင်ရွက်တတ်ခြင်းမှာလည်း စည်းကမ်းကောင်းတစ်ရပ်ဖြ သာဓကပင်ဖြစ်ချေသည်။ ။



အခန်း(၉)

## မြန်မာ့ပညာရေးစည်းကမ်း

ရှေးအခါက ပညာသင်ကြားမှုနှင့်ပတ်သက်၍ အထူးဂရုစိုက် ဆောင်ရွက်တတ်ကြသည်။ ပညာစတင်သင်ယူရမည့် နေ့ကောင်း ရက်သာများကို တိတိကျကျ သတ်မှတ်ပေးထားသည်။ ပညာစတင် သင်ကြားသင့်သည့် နေ့ဆိုးရက်ပုပ်များကိုလည်း သတ်မှတ် သတိ ပေးထားသည်။

လောကနီတိပျို့ဆိုးမစာတွင် အမှာတော်ရေးဦးရှင်ကလေး က 'သင်ကြားပညာ၊ အစမှာကား၊ ကြာသပတေးလျှင်၊ မြီးအောင် မြင်၏။ တနင်္ဂနွေ၊ သောကြာပေမူ၊ လျစ်လျူမှုသာ၊ တတ်စပါရှင့်၊ ဗုဒ္ဓစန္ဒ၊ စ၍သင်ထွေ၊ မတတ်ချေတည့်၊ စနေ အင်္ဂါ၊ သင်သည် ရှာမူ၊ ဖျားနာသေမည်၊ မြဲမှတ်တည်လော့။ ။ သင်သည် ဦးသော်၊ ဆန်းကျော်လိုရွေ့၊ ရှစ်ရက်နေ့တွင်၊ စ၍သင်မူ၊ ပူပင် ဆလတတ်း ဆရာမြတ်ကို၊ သင်သည်လည်းကောင်း၊ မည်တုံရှောင်ရှား။

www.burmeseclassic.com



တကြောင်းဆန်းကျော်၊ ဆဲ့လေးခေါ်ကြ၊ ဝုဒ္ဓသမ္မ၊ သင်သူ့တပည့်၊ သတ်သည့်ပမာ၊ မည်ကုန်ရာရှင့်၊ ဆန်းခါဆုတ်လျက်၊ ဆယ်ရက် မှာလျှင်၊ ပညာသင်မှု၊ ထိုပညာအား၊ သတ်သောလားတည့်၊ မှတ်သား ကြရာ၊ ပုဏ္ဏာနေ့တွင်၊ သင်သူတို့မှာ၊ နှစ်ဖြာမိဘ၊ သတ်ရာကြ သည်။ ထိုမှလွတ်စေ၊ တတ်လွယ်တည်း'ဟူ၍ ရေးသားခဲ့သည်ကို သတိမူသင့်သည်။

ရှေးအခါက မြန်မာ့ကျေးရွာသည် မြန်မာ့လူနေမှုစနစ်၏ အခြေခံအုပ်စုဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းများသည် ရပ်ရေး ရွာရေးကိစ္စအဝဝအတွက် စုဝေးရာဗဟိုဌာနများဖြစ်ခဲ့သည်၊ ရွာတိုင်း တွင် ကလေးငယ်များသည် ဘုန်းတော်ကြီးကျောင်းများ၌ အခြေခံ ပညာများ သင်ယူကြရသည်။ ဘုန်းတော်ကြီးကျောင်းပညာရေးသည် စာပေတတ်မြောက်စေရန် သင်ကြားပေးခြင်းအပြင် လိမ္မာရေးခြား ရှိသော လူတော်လူကောင်းများ ပေါ်ထွန်းလာစေရေးအတွက်လည်း အားပေးမြှင့်တင်ခဲ့သည်။ သာမန်ပြည်သူတို့အတွက် ဘုန်းတော်ကြီး ကျောင်းပညာရေးသည် လူမှုရေးချေုံမှုနှင့် ရပ်ရွာတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုခဲ့သည်။ အုပ်ချုပ်ရေးပိုင်းအတွက် အရာရှိများ ကိုလည်း မွေးထုတ်ပေးခဲ့သည်။

ရှေးခေတ်မြန်မာလူကြီးမိဘများသည် မိမိတို့၏ သား



ယောက်ျားကလေးများ ခုနစ်နှစ်သား၊ ရှစ်နှစ်သားအရွယ်လောက် တပင် ဘုန်းတော်ကြီးကျောင်းများသို့ ပို့တတ်သည်။ ကျောင်းပို့ အပ်သောနေ့တွင် မိဘများသည် မိမိတို့၏သားသူငယ်တို့ကို ဝတ် ကောင်းစားလှများဝတ်ဆင်ပေးရသည်။ လှူဒါန်းမည့်ဝတ္ထုများကို ချပ်ခွက်ဒေါင်းပေါင် သုံးချောင်းထောက်စသည်တို့တွင်ထည့်ကာ ဘုန်းတော်ကြီးကျောင်းသို့ သွားရသည်။ ကျောင်းတွင်လှူဖွယ်ဝတ္ထု များဆက်ကပ်ပြီး မိမိတို့၏သားငယ်အား တပည့်အဖြစ်အပ်ရသည်။

ဆရာတော်သည် မိမိ၏လက်အောက်ရှိ စာပေပို့ချမည့် ကျောင်းတစ်ပါးပါးသို့ ထပ်မံအပ်နှံရသည်။ ဆရာတော်သည် ကလေး ငယ်ကို ချက်ချင်းစာသင်ခွင့်မပေးတတ်ချေ။ သူတစ်ပါး စာအံစာရေး သည်ကို အားကျလာအောင် ကြည့်နိုင်းပြီးမှ သင်ပေးတတ်သည်။ စာသင်ရာတွင် ဂထမဦးဆုံး ဗျည်း ၃၃လုံးအနက် က မှ အေထိ သာသင်ရသည်။ သင်ပုန်းပေါ်တွင် ကံ့ကူဆံဖြင့် ရေးပေးထားသည်ကို တစ်လုံးချင်း လက်ဖြင့်ထောက်ကာ ဖတ်ရမှတ်ရသည်။ အသံထွက် ပြီး ဖတ်ရသည်။ ယင်းသို့ဆောင်ရွက်ရခြင်းကို စာအံသည်ဟု ခေါ်ကြသည်။

ဤသို့သောနည်းဖြင့် ဗျည်း ၃၃လုံး ကုန်သည်အထိ သင်ယူရသည်၊ ထို့နောက်မှ သရတွဲများကို သင်ယူရသည်။ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သားတစ်ဦးသည် နံနက်တစ်ကြိမ်၊ နေ့လည်နှစ်ကြိမ်နှင့် ညနေ တစ်ကြိမ်စားအံရသည်။ နံနက်စာအံချိန်သည် တစ်နာရီခန့်ကြာသည်။ နေ့လည်တွင် တစ်ကြိမ်လျှင် နှစ်နာရီခန့်ကြာသည်။ ညနေတွင် တစ်နာရီခန့်ကြာတတ်သည်။ ကျောင်းသားတစ်ဦးသည် သင်အံ ထားသော စာကိုနောက်တစ်ရက်တွင် ပြန်ဆိုပြရသည်။ စာပြန် သည်ဟုခေါ်သည်။ စာပြန်ချိန်တွင် မိမိ၏သင်ပုန်းကိုဖြစ်စေ၊ ပေကို ဖြစ်စေ ဆရာရှေ့တွင် ချထားရသည်။ ဦးသုံးကြိမ်ချရသည်။ လက်အုပ် ချီလျက် အလွတ်ဆိုပြရသည်။

အကယ်၍စာမကျေပါက ပြန်လည်၍ အံရ၊ ကျက်မှတ် ရသည်။ စာမရသောရက်များလာပါက အရိုက်ခံရသည်။ ရေဒဏ် သဲဒဏ်ဖြစ်စေ၊ ကျောင်းဝေယျာဝစ္စတစ်ခုခု ဆောင်ရွက်ရသော ဒဏ် ဖြစ်စေ ခံယူရသည်။ ထိုစဉ်က စာမအံမီ မိမိဖတ်မည့် သင်ပုန်း (သို့မဟုတ်)ပေပုရပိုက်ကို ဦးသုံးကြိမ်ချပြီးမှ စာအံကြရသည်။ စာအံသံများ တိုးတိတ်သွားလျှင် ဆရာကကြမ်းကိုကြိမ်ဖြင့် ရိုက် တတ်သည်။ ရပ်တံ့စေလိုပါကလည်း ကြမ်းကိုသုံးကြိမ်ခန့်ရိုက်၍ အချက်ပေးတတ်သည်။

ရှေးမြန်မာပညာရှင်ကြီးများက ပညာအားသည် အားတကာ အားအပေါ်တွင် အကြီးဆုံးနှင့်အမြတ်ဆုံးဖြစ်သည်ဟု မိန့်ဆိုခဲ့သည်။





သရေခေတ္တရာပျူခေတ်ကြီးတွင် ဗုဒ္ဓဘာသာ၏ သာသနိက ကျမ်းကြီးများဖြစ်သော မဟာယာနနှင့်ဟိနယာနတို့ ယှဉ်တွဲထွန်းကား ခဲ့သည်။ ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်အလယ်ပိုင်းအထိ သာသနာ့ နှင့်ထမ်း ရဟန်းတော်များသည် လောကုတ္တရာရေးနှင့် လောကီ ရေးကို တွဲဖက်ဆောင်ရွက်တော်မူခဲ့သည်။

ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ဟံသာဝတီ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်အဆက်ဆက်တွင် အရှည သီရဟန်းတော်များသည် သုတ၊ ဝိနည်း၊ အဘိဓမ္မာစသော ပိဋကတ် သုံးပုံကို သင်ပေးခဲ့သည်။ ဂါမဝါသီပွဲကျောင်း ဘုန်းကြီးများကမူ စာပေပညာဆိုင်ရာ၊ ရာဇဝင်ပုံပြင်၊ မွေ့သတ်ထုံးတောင်းများ၊ နက္ခတ် ဗေဒင် အတတ်ပညာများကို သင်ပေးခဲ့သည်။ အင်္ဂရိတ်ပညာကို သင်ပေးခဲ့သည်။ ဆေးပညာ၊ အနှိပ်ပညာများကိုလည်း သင်ပေး ခဲ့သည်။

စစ်ပညာ၊ ဆင်အတတ်၊ မြင်းအတတ်၊ ဆင်စီး၊ မြင်းစီး၊ ဓား၊ လှံ၊ တုတ်၊ ဒိုင်း၊ သိုင်းကနည်း၊ ကာကနည်း၊ ဒူးလေး၊ လောက်လေး၊ လောက်လွှဲ၊ ခဲလုံးပစ်နည်း၊ လက်ပွေ့လက်ဝှေ့ သတ်နည်း၊ ဓားခုတ်လှံထိုးနည်းတို့ကိုလည်း သင်ပေးခဲ့သည်။

စာသင်သားတို့သည် ယင်းပညာများအပြင် ပန်းတိမ်၊



www.burmeseclassic.com

www.burmeseclassic.com



ဝန်းပဲ၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းရန်၊ ပန်းယွန်း၊ ပန်းတော့ ပန်းတဉ်း၊ ပန်းပု၊ ပန်းတမော့၊ ပန်းရွဲစသော ပန်းဆယ်မျိုးလုပ်ငန်း ကိုလည်း သင်ယူရသည်။ အဝတ်အထည်၊ လူ့အသုံးအဆောင်တို့နှင့် စပ်ဆိုင်သောပညာများကိုလည်း သင်ရသည်။ အဆောက်အဦ ဆောက်လုပ်မှုပညာများကိုလည်း သင်ယူရသည်။ အတီးအမှုတ် ပညာများကိုလည်း သင်ယူရသည်။

ဖော်ပြပါ ဂမ္ဘီသီပွဲကျောင်းများတွင် မင်းညီမင်းသားများ မှူးမတ်နှင့်သူဌေးသူကြွယ်များ၏ သားသမီးများသာ တက်ရောက် သင်ယူခွင့်ရခဲ့သည်မဟုတ်ချေ။ အသည်သား၊ လယ်ယာတောင်သူ မိလက္ခူတို့၏ သားများ၊ မြေးများလည်း တက်ရောက်သင်ယူခွင့် ရခဲ့သည်။ ၁၉ ရာစု နှစ်ဦးပိုင်း ကုန်းဘောင်မင်းဆက် နောက်ပိုင်း မင်းတုန်းမင်း၊ ကနောင်မင်းသားနှင့် သီပေါမင်းတို့လက်ထက်တွင် မြန်မာတို့ခေတ်မီနိုင်ငံတည်ထောင်ရန်အထိ ကြိုးပမ်းစီစဉ်ပေးနိုင် ခဲ့သည်။ ပညာတော်သင်များကို အနောက်ဥရောပနိုင်ငံများသို့ စေလွှတ်ခဲ့သည်။ စက်မှုပညာများ၊ စစ်ပညာများကို သင်ယူကြ ရသည်။

ထိုခေတ်က ဘုန်းတော်ကြီးကျောင်းပညာရေးနှင့်ပတ်သက်၍လည်း ၍ ကွယ်လွန်သူပညာမင်းကြီးဦးကောင်းက –



'ဘုန်းတော်ကြီးကျောင်းပညာရေးသည် စာရိတ္တ တည်ထောင်ရေးနှင့် မြန်မာ့ယဉ်ကျေးမှု အခြေခံ ပျိုးထောင်ရေးအတွက် သင့်လျော်သည့်ပညာရေး ပင်ဖြစ်သည်' …ဟူ၍ သုံးသပ်ခဲ့သည်။

'ဘုန်းကြီးကျောင်းပညာရေး၏ရည်ရွယ်ချက်မှာ ဘာ သာရေးပင်ဖြစ်သည်။ သို့သော် မြန်မာ့လူ့ဘောင်တွင် လောကီနှင့်လောကုတ္တရာဟူသည် ဆက်စပ်နေရကား၊ ဘုန်းကြီးကျောင်းပညာရေးကို အမျိုးသားပညာရေး ဟူ၍လည်း ခေါ်သင့်ပေတော့သည်' …ဟူ၍လည်း ကောက်ချက်ဆွဲခဲ့သည်။ ထို့ပြင် …

'ဘုန်းကြီးကျောင်းပညာရေးသည် စာပေပညာကို လည်းကောင်း၊ စာရိတ္တကောင်းမွန်မှုကိုလည်းကောင်း၊ မြုစုပျိုးထောင်ရာတွင် အောင်မြင်ခဲ့သည်။ သို့သော် နိုင်ငံခြားသားများလက်အောက်သို့ ရောက်ရှိခဲ့ရသော အခါတွင် အမျိုးသားပညာရေး၏ အနှစ်သာရ၊ သဘောတရားများ ပျောက်ကွယ်ခဲ့ရသည်' …ဟူ၍ တိကျမှန်ကန်စွာ သုံးသပ်ပြခဲ့သည်ကို တွေ့နိုင်ပေသည်။

မှန်ပါသည်။ မြန်မာမင်းများလက်ထက်က မြန်မာ့ပညာရေး

www.burmeseclassic.com

www.burmeseclassic.com



စနစ်(ဝါ)ဘုန်းကြီးကျောင်းပညာရေးစနစ်သည် ထိုခေတ် မြန်မာ လူနေမှုစနစ်နှင့် ကိုက်ညီသော ပညာသင်ကြားမှုပုံစံပင်ဖြစ်သည် ထိုခေတ်ဘုန်းတော်ကြီးကျောင်းများတွင် သင်ကြားပုံမှာ နည်းစနစ် ကျနမှုရှိသည်။ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အပြင်အောင်ခြင်း အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ သဒ္ဒါ၊ သင်္ဂြိုဟ်စသည်တို့ သင်ရသည်။ နေ့စဉ် ဘုရားရှိခိုးရသည်။ သီလခံယူရသည်။ ပရိတ် ကြီး ရွတ်ရသည်။ တရားဒေသနာ နာကြားရသည်။ ရတနာသုံး အကြောင်း နေ့စဉ်မှတ်သားရသည်။ လောကနီတိ၊ ပုဏ္ဏော စသော ဆုံးမစာလင်္ကာများကိုလည်း နှုတ်တက်ရအောင် ရွတ်ဆိုရသည် ဂဏန်းသင်္ချာပညာ၊ နက္ခတ်ပညာ၊ ဗေဒင်ပညာများသင်ရသည် ရာဇဝင်ပုံပြင် ပညာ၊ ရာဇသတ်၊ မွေသတ်ပညာ၊ ဆေးအတတ် ပညာများကိုလည်း သင်ယူရသည်။

ထိုခေတ်က ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်နှ ကြုံခဲ့ရသူများသည် 'အတတ်ပညာ၊ တတ်မှသာလျှင် ကျောင်းမှ နေကျိုးနပ်မည်ပ'ဟူသော ရှင်မဟာသီလဝံသ၏ အဆိုအမိန့်နှ ညီအောင် ကျင့်ကြံအားထုတ်ခဲ့ရသည်။ 'ဗဟုသုတ။ တတ်ပါမှ လျှင်။ သင်သာခိုက်ကို သင်လိုက်ကြ။ သို့ပင်တစေ၊ မနေရသာ ကျောင်းကခွာသော်၊ နောင်ခါနောင်တ၊ ယိုတတ်စွ'ဟူသည့်အတိုင်





ာင်တရကြမည်ကိုလည်း စိုးရိမ်ပူပန်ခဲ့ကြသည်။ ထို့အတူ တောင် လာဆရာတော်၏ 'တို့နှယ်ပညာ၊ တတ်သော်သာတည့်၊ အိုကာ က်ချ၊ စားသောက်ရအံ့'ဟူသော မိန့်ဆိုချက်ကိုလည်း နှလုံး တ်မိခဲ့ကြသည်။ အထူးသဖြင့် ရှင်မဟာရဋ္ဌသာရ၏ ထိုခေတ်စာပေ လေ့လာနည်း၊ စာပေကျက်မှတ်နည်းဖြစ်သော 'သု-စိ-ပု-ဘာ၊ လိ-လိ-သိ-ဓာ၊ အက္ခရာစွဲသိုး၊ ဤရှစ်လုံးကို သီကုံးပန်းသွင်' နှ့တိုင်းဆင်ခဲ့ကြသည်။ ရှေးခေတ် မြန်မာ့ပညာရေးစနစ်၏ ည်းကမ်းကျနမှုများကြောင့် ပညာစုံ၍ ကျောင်းမှထွက်ခဲ့ကြသော သင်သားအများစုသည် ပညာရှင်များ ဖြစ်ခဲ့ကြသည်။ သူတော်ပါး က်လာခဲ့ကြသည်။ အကျိုးစီးပွား ဖြစ်ထွန်းခဲ့ကြသည်။ အခြေ ရပ်ပေါ်များခဲ့ကြသည်။ စည်းစိမ်တိုးခဲ့ကြသည်။ ကိုယ်စိတ်ချမ်းသာ ကြသည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံခဲ့ကြသည်။

ရှေးမြန်မာပညာရေးစနစ်၏ စည်းကမ်းကောင်းမှုကြောင့် ရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာငြိမ်းချမ်းသာယာရေးကို ရေရှည်တွင် ည်တံ့ခိုင်မြဲစေခဲ့သည်။ ထိုခေတ်က မိုက်မဲမှုကိုပယ်၍ လိမ္မာရေးခြား တတ်လူယဉ်ကျေးကလေးများ ပေါ်ထွန်းလာစေရန် ရည်ရွယ်လျက် ကျောင်းသားကျင့်ဝတ် စည်းကမ်းများ"ကို ရဟန်းတော်များ ဆွမ်းစားချိန်တိုင်း ကျောင်းသားများရွတ်ဆိုခဲ့ရသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ရွတ်ဆိုပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ရဟန် တော်များဆွမ်းဘုန်းပေးနေစဉ် ကျောင်းသားများသည် သင့်တေ ဖေရှာက်ပဟ်ရာ နေရာတစ်နေရာတွင်စုဝေးရောက်ည်၊ ဖယောင့်ကြေ ထိုင်ရသည်။ လက်အုပ်ချီပြီး တညီတညွတ်တည်း ရွတ်ဆိုရသည် သံပြိုင်လျှောက်ထားကြရသည်။

ရှေးစာတတ်ပေတတ် ဆရာတော်ကြီးများသည် ကျောင် သားများ ကျောင်းပိုင်ပစ္စည်းများကိုခိုးရာမှ အိမ်ပိုင်ပစ္စည်း၊ ရွာပို ပစ္စည်း၊ မြို့ပိုင်ပစ္စည်းများကို တစ်ဆင့်ပြီးတစ်ဆင့် အတင့်ရဲက ခိုးတတ်လာလိမ့်မည်။ သူခိုးကလေးဘဝမှ သူခိုးကြီးဘဝသို့ ရောက် သွားလိမ့်မည်။ ဓားပြဘဝမှ တစ်ဆင့်တက်ပြီး နောက်ဆုံးသူပု သူကန်အဖြစ် တိုင်းပြည်လူထုကို ဒုက္ခအန္တရာယ်ကြီးမားစွာ ပြု လိမ့်မည်ဟု တွက်ခဲ့မိကြသည်။

ထို့ကြောင့် ပထမအကြိမ် ခိုးမိသူတိုင်း သဲဒဏ်ဖြစ်စေ ရေဒဏ်ဖြစ်စေ အကြိမ်သုံးဆယ်ထမ်းရသည်။ ဒုတိယအကြိမ် ခိုး ပါက ဒဏ်ခြောက်ဆယ်ထမ်းရသည်။ တတိယအကြိမ် ခိုးသမ ကို ကျောင်းမှအပြီးအပိုင် ထုတ်ပယ်ပစ်ခဲ့သည်။

ဤသည်တို့ကား တန်ဘိုးများစွာ မတန်လှသော အသေ အမွှားပစ္စည်းကလေးများကို ခိုးဝှက်မှုအတွက် အပြစ်ဒဏ်များသ





ဖြစ်သည်။ အကယ်၍ အဖိုးထိုက် အဖိုးတန်ပစ္စည်းများကို ခိုးခဲ့ လျှင်ကား တစ်ကြိမ်တည်းနှင့်ကျောင်းဝင်းမှ ထွက်ခွာသွားရသည်။

ထို့ပြင် တုတ်၊ ဓားကိုင်၍ ခိုက်ရန်ဖြစ်ပွားသူများကိုလည်း ကျောင်းတိုက်မှ ထွက်စေခဲ့သည်။ ဖဲရိုက်၊ ကြက်တိုက်၊ ထန်းရည် သောက်စားတတ်သူများကိုလည်း ကျောင်းက လက်မခံတော့ချေ။

ရှေးခေတ်စည်းစနစ်ကျလှသော စည်းကမ်းကြီးမားလှသော ခန်မာဘုန်းတော်ကြီးကျောင်းများ၏ အရေးပါအရာရောက်မှု၊ ရှေးခေတ် မြန်မာ့လူ့ဘောင်ဘဝ၏ အဓိကသော့ချက်ကျမှုနှင့် ပတ်သက်၍ နိုင်ငံ ခြားသားတစ်ဦး၏အမြင်ကို လေ့လာကြည့်စေချင်ပါသည်။ ယင်း နိုင်ငံခြားသားမှာ ရွှေရိုးဟူသော ကလောင်အမည်ဖြင့် "ဗမာ" ခေါ် စာအုပ်ထူကြီးတစ်အုပ် ပြုစုသွားခဲ့သူ ဆာဂျိမ်းဂျော့စကော့ (ခရစ်နှစ် ၁၅၈၁-၁၉၃၅)ပင်ဖြစ်သည်။

ရွှေရိုးက "တစ်နိုင်ငံလုံးရှိ အမျိုးသားများသည် ဘုန်းကြီးကျောင်းများတွင် ပညာဆည်းပူး ကျင်လည်နေသမျှ ကာလပတ်လုံး အနောက်နိုင်ငံမှ သာသနာပြုအဖွဲ့များ၏ ဆောင်ရွက်မှုများသည် ဗုဒ္ဓဝါဒအပေါ် လွှမ်းမိုးကြီးစိုး နိုင်လိမ့်မည် မဟုတ်ချေ"ဟူ၍ တင်ကြို၍ ဟောကိန်းထုတ်နိုင်ခဲ့ပေသည်။

○



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၀)

# မြန်မာ့မူးယစ်ဆေးဝါးနှင့် မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးစည်းကမ်း

မြန်မာ့သမိုင်းအဆိုအရ၊ သီပေါမင်းပါတော်မူပြီးနောက် ဗြိတိသျှလက်အောက်တွင် နိုင်ငံရေးနှင့်စီးပွားရေးအရ ဖိနှိပ်ချယ် လှယ်မှုများ ခံရသည်။ လူမှုရေးတွင်လည်း ယိုယွင်းပျက်ပြားလာ ရသည်။ တိုင်းတစ်ပါး၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ ထို ဖောက်ဝင်ရောက်လာမှုကြောင့် စာရိတ္တပိုင်း၌လည်း အတော်ပင် ဆုတ်ယုတ်သွားခဲ့ရသည်။

စာရေးဆရာ ဇော်ဂျီ-အောင်ဗဲလ်က-

ဗြိတိသျှတို့သည် စာသင်ကျောင်းများကို အပေါ စာရေးများ ထုတ်လုပ်ပေးသည့်အလုပ်ရုံများအဖြ ဖြင့်သာ ဖွင့်လှစ်ပေးခဲ့ကြသည်။ လူငယ်များအာ



အနောက်တိုင်းယဉ်ကျေးမှုဖြစ်သည့် ဝီစကီသောက် ခြင်းနှင့် ဘောလုံးကစားခြင်းမှအပ၊ အခြားအသုံးကျ အဖိုးတန်သောပညာကို သင်မပေးခဲ့ကြချေ… ဟုရေးသား ကောက်ချက်ဆွဲခဲ့သည်။

မည်သို့ပင်ဖြစ်စေ၊ ထိုခေတ်အထိလည်း ကံငါးပါးကို စောင့်ထိန်းခြင်းဖြင့် မိမိတို့၏ အကျင့်စာရိတ္တကို ထိန်းချုပ်နိုင်ခဲ့ ကြသည်။ ယင်းဘာသာရေး ထိန်းချုပ်မှုအရ၊ ကိုယ်စိတ်ကျန်းမာမှု သာမက၊ ပတ်ဝန်းကျင်ရှိ အခြားသူများအတွက်ပါ အနှောင့်အယှက် အဟန့်အတား ကင်းရှင်းစေရေးအတွက် အဘတ်နိုင်ဆုံးကြိုးပမ်း ခဲ့ကြသည်။ ဥပမာအားဖြင့် ရှေးမြန်မာကြီးတို့သည် လူကို ယစ်မူး စေတတ်သော ဘိန်း၊ ကိုကင်းနှင့် အရက်သေစာ သောက်စား သုံးစွဲမှုတို့ကို ရှေးနှစ်ပေါင်းများစွာကပင် အသိပညာပေး၍ တန့်တား လာနိုင်ခဲ့ကြသည်။ အုပ်ချုပ်သူမင်းများကိုယ်တိုင်ကလည်း မျက်မှောက် ခေတ်ဥပဒေ၊ အက်ဥပဒေများ ထုတ်ပြန်သကဲ့သို့ အမိန့်တော် ပြန်တမ်းများဖြင့် မူးယစ်သောက်စားမှုကို တားဆီးကာကွယ်ပေး ခဲ့ကြသည်။

ဘိန်းသည် မြန်မာပြည်တွင် အလေ့ကျပေါက်သော အပင်မျိုး မဟုတ်ချေ။ ကုန်းဘောင်ခေတ်ဦးပိုင်းတွင် အိန္ဒိယမှ မြန်မာနိုင်ငံသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာခဲ့သည်ဟု ယူဆရသည်။ ဘိန်းဟုခေါ်တွင်သော မူးယစ်ဆေးကို အာရှမိုင်းနားဒေသတွင် 'အိဖျန်း'ဟု လူသိများသည်၊ ပါဠိဘာသာဖြင့် 'အဟိဖေန'၊ သက္ကတဘာသာဖြင့် 'အဖေန'၊ တမီသာသာအရ 'အဖိန်း'၊ မွန်နှင့်မြန်မာတို့က 'အဖိန်း'မှတစ်ဆင့် 'ဘိန်း'ဟု ခေါ်တွင်လာကြသည်။

ရှေးအခါက မြန်မာနိုင်ငံတွင် ဘိန်းဓါးမနာမကျဉ်စေတဲ မူးယစ်စေသော အစွမ်းသတ္တိကြောင့် ရောဂါဘယနှင့်ရာသီဥတုဒဏ် တားဆီးကာကွယ်ရေးအတွက် သုံးခဲ့သည်။ ထိုးကွင်း၊ မင်ကြောင်များထိုးရာတွင် သုံးတတ်သည်။ သို့ရာတွင် မြန်မာကြီးတို့သည် 'သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ ဝေရာမဏီ သိက္ခာပဒံ၊ သမာဒိယာမိ'ဟုသော ငါးပါးသီလမှ အရက်သေစာကို ရှောင်ကြဉ်ပါမည်ဟူသည့် ကတိခံဝန်ချက်ကိုမူ မေ့ပျောက်မထားခဲ့ကြချေ။ 'ဘိန်း၊ ကင်းကစော်၊ လှေ့ါစ သောက်စားပြုသူများ စီးပွားပျက်မည်တည့်'ဟူသော သတိပေးသံသည် ရင်ထဲတွင် အမြဲထာဝရ ပဲ့တင်ထပ်နေခဲ့သည်။

စာပေပညာရှင် ရှင်မဟာရဋ္ဌသာရကိုယ်တိုင်ကလည်း 'သေနှင့်အရက်၊ စီးပွားပျက်ကို၊ တစက်ကာယမျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရေ'ဟူ၍ သတိပေး





သည်မတုတ်ပါလော။

စိန္တကျော်သူ ဦးပြကလည်း–

'သူရာ သောက်ဝယ်၊ ဖြစ်ခြောက်သွယ်ကား၊ လိုမယ်ရှိများစွာ၊ ပျောက်တတ်စွာ၏၊ နှုတ်သာလက်လွန်၊ ရန်လည်းတ်ထိ ပွားတတ်ဘိ၏။ မျက်စိသိဝေ၊ လက်ခြေတုန်ယင်၊ မဝင်တွင်း ထမင်းမစား၊ ရောဂါများ၏ စသည်ဖြင့် အကျိုးအပြစ်ကိုသည်။ ထို့ပြင် 'ယစ်စွာလွန်ကျူး၊ သေသောက်ကြူးကို၊ ယှဉ်ပူးတ်ဟူ၊ ချစ်သောသူဟု၊ စွဲယူစိတ်မှာ၊ မယုံရာတည့်'ဟူ၍လည်း တိပေးသည်။ 'မှားရှောက်မူးမော်၊ ကျင့်မတော်မူ၊ အုတ်အော်စွာ၊ လူတကာတို့၊ မေတ္တာကင်းပျောက်၊ မုန်းခြင်းရောက်၏'သော သတိပေးချက်ကိုလည်း ရှေးမြန်မာတို့ အမှတ်ထားတတ်သည်။

တွင်းသင်းမင်းကြီး မဟာစည်သူ၏ ကြောက်ကြီး ၉–လုံးစာမှ –

'သေနှင့်အရက်၊ လူကိုဖျက်၊ အရှက်ရမည်ကြောက်'သော အချက်မှာလည်း ထာဝရသတိရစရာ ဖြစ်စေခဲ့သည်။ မေရယ–စသည်၌ အဆိပ်ပြည့်သော ရေကဲ့သို့ ...'မှတ်ယူသည်ဟူသော ပေါက္ကံမောင်ချိုဖြစ်စကားပုံတစ်ရပ်ကလည်း မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



တို့အတွက် အရေးကြီးသော အချက်ကြီးတစ်ရပ်ပင် ဖြစ်နေခဲ့သ

မြန်မာနိုင်ငံအတွင်း ဘိန်း၊ ကင်းဗသည့် မူးယစ်ထုံထိ ကောင်းကြိုက်စေတတ်သော ဆေးဝါးများ ကျင်ကျယ်ခေတ်စားလာခဲ့ ကာလအတွင်း၌လည်း မြန်မာမင်းများသည် ဘိန်းမိန့်ပြန်တမ်း ထုတ်ပြန်တားဆီးခဲ့သည်ကို တွေ့နိုင်သည်။ ဘိုးတော်ဘုရား ပန်းမင်း(၁၇၈၂-၁၈၁၉)လက်ထက် ဘိန်းမိန့်ပြန်တမ်းတစ် ကြည့်ပါ။

'ဘိန်းစား၊ ဘိန်းသောက်၊ ဘိန်းရှူသမျှသည် မြန် တိုင်းပြည်တွင် လေ့ထုံးစံမရှိဖြစ်သည်။ ဖမ်း ရမည်မှာ လူမျိုးခြား ကုလား၊ တရုတ်တို့ကိုး မဖမ်းမဆီးစေနှင့်။ မြန်မာဘိန်းစား၊ ဘိန်းသော သူတို့ကိုသာ မဖမ်းမဆီးစေနှင့်၊ မြန်မာဘိန်း ဘိန်းသောက်သူတို့ကို တွေ့မိအောင် မြို့ဝ ဖမ်းဆီး၍ အကျဉ်းလုံအောင်ထားစေ။ ဘိန်းရော သူလည်း မရှိစေနှင့်၊ ဘိန်းရှိသမျှကိုသိမ်း၍ တော်သို့သွင်းစေ၊ တရုတ်တို့မှာရှိသည့် ဘိန်းကို ရှေ့တိုက်ဝန်ကသိမ်း၍ ရှေ့တိုက်တော်သို့သွင်း ...'ဟူ၍ တွေ့ရလိမ့်မည်။





ထိုခေတ် ခရစ်နှစ် ၁၈၁၉ ခုနှစ်ထုတ် အခြားပြန်တမ်း စောင်တွင်လည်း ...

'ဟံသာဝတီ၊ ညောဝတီ၊ ရမ္မာဝတီ၊ ဒွာရာဝတီ၊ မေဃာ ဝတီမြို့ဆိပ်များသို့ ဘိန်းသင်္ဘောဆိုက်ရောက်သည် များတွင် ရောင်းရန်ဘိန်းတင်ဆောင်ယူလာသည်များကို မဝယ်မခြမ်း မသုံးမဆောင်ကြစေနှင့်။ ဘိန်းရှူ ဘိန်း သောက်လူတို့ကိုလည်း မြန်မာတို့သောက်ရှူသမျှကို စစ်၍ အကျဉ်းထားစေ၊ အသီးသီးမြို့ဝန်စစ်ကဲတို့ ကိုယ်မှာ ခန်းပတ်မြို့သို့ ကသည်းတို့ကရောက်သည့် ဘိန်းများကိုလည်း မဝယ်မခြမ်း မသုံးဆောင်စေနှင့်၊ ခမ်းပတ်မြို့ဝန်က စစ်ကြောစေ'

တွေ့ရပေလိမ့်မည်။

ထိုမျှသာမဟုတ်ပါချေ။ ဘိုးတော်ဘုရားလက်ထက် ခရစ်နှစ် ၁၉ ခုနှစ်မှာပင် အခြားပြန်တမ်းတစ်စောင် ထုတ်ပြန်ခဲ့သေး ကို တွေ့ရသည်။

'မြန်မာတိုင်းပြည်တွင်၊ အလေ့ထုံးစံမရှိသည်ကို ဘိန်း သောက်ရှူကြသောကြောင့် နောင်ရေးနောင်ရာကို ထောက်တော်မူ၍ သင်းတို့ဘိန်းသောက်တစုကို



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းထားစေသည်။ အကျဉ်းရှိသည့် ဘိန်းသော
လူတို့မှာ နောက်နောင် မသောက်မစားပါပြီ၊ စာမှ
ခံစေ၍ အကျဉ်းကလွှတ်၊ နောက်နောင်လည်း ဘိန်း
ဘိန်းရှူ မရှိစေနှင့်။ နောင်ပေါ်ရှိလျှင် ဘိန်းရော
ဘိန်းသောက် လူတို့ကို အဆုံးစီရင်'

ဟူ၍ တိကျပြတ်သားစွာ အမိန့်ထုတ်ပြန်ရေးယူခဲ့သ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ မြန်မာ့စည်းကမ်းများကို တွေ့ မည်သာဖြစ်သည်။

အစောဆုံးတွေ့ရသည့် မြန်မာနိုင်ငံ၏ မူးယစ်ဆေး တားဆီးကာကွယ်ရေးဆိုင်ရာ စည်းကမ်းများအနေဖြင့် ဘိုးတေ ဘုရားထီးနန်း စတင်သိမ်းပိုက်ရရှိချိန် ခရစ်နှစ် ၁၇၈၂ ၌ ထုတ် ခဲ့သော ဘိန်းမိန့်ပြန်တမ်းတစ်ရပ်ကိုလည်း ကျွန်ုပ်တို့ မမေ့အပ် ယင်းပြန်တမ်းတွင် တိကျသော အရေးယူအပြစ်ပေးမှုမျိုး မပါ သေးချေ။ အရောင်းအဝယ်၊ အရှူအသောက်မလုပ်ကြရန်သ တားမြစ်ပိတ်ပင်ထားသည့် သဘောသာ ဆောင်လျက်ရှိသည်။ ယ တားမြစ်ချက်မှာ ...

'ငါအရှင်ဧကရာဇ်မင်းမြတ်၊ ရွှေထီး ရွှေနန်း တိုင်းခ
နိုင်ငံတော်အလုံးကို တရားသဖြင့် အုပ်စိုးတော်မူသည်





နေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း ရှမ်းပြည်၊
ယွန်းပြည်၊ အကြေ၊ အညာ အရပ်ရပ်၊ မြို့၊ ကျေးရွာ
များတွင် ထန်းရည်၊ အရက်၊ စိမ်ပင်၊ ကစော်၊
လော်စာ၊ ဘင်း၊ ဘိန်း၊ ယစ်မျိုးနှင့် စပ်သမျှကို
မဖော်မချက်၊ မရောင်းမဝယ်စေနှင့်။ သားထိုးငှက်ခတ်၊
အနံခတ်၊ ကြက်တိုက်၊ လောင်းကစားမှုမျိုးကိုလည်း
မပေါ်မရှိစေရ။ နိုင်အောင်မြစ်'

ဟူ၍ပင်ဖြစ်သည်။

မြန်မာတို့အတွက် မူးယစ်ထုံထိုင်းအေးဖြစ်စေတတ်သော ဆေးဝါးပစ္စည်းများကို တားဆီးကာကွယ်ရမည်ဟူသော စည်းကမ်း သည် မျက်မှောက်ကာလအထိပင် အရိုးစွဲလျက်ရှိသည်။ ထိုနည်း တူစွာ မီးဘေးကို ရှောင်မလောင်ခင်တားရမည်ဟူသော စည်းကမ်း ချက်တစ်ရပ်ကိုလည်း ရှေးနှစ်ပေါင်းများစွာကပင် မြန်မာတို့နားလည် ကျင့်သုံးခဲ့ကြသည်။

ခရစ်နှစ် ၁၆၃၅ တွင် အင်းဝနေပြည်တော်၌ မီးလောင်မှုကြီး တစ်ခု ပြင်းထန်စွာ ဖြစ်ပွားသည်။ ထိုကဲ့သို့ မီးလောင်မှုများကို တားမြစ်နိုင်ရန်အတွက် သာလွန်မင်းသည် ...

'...ခိုးသေး မီးပွားမပေါ် မတွက်ရအောင် ညဉ့်နေ့နိုးဆော်၍



www.burmeseclassic.com

www.burmeseclassic.com



တအိမ်ကို ချိတ်ချိတ်သောဝါး ၁၀ စင်းတန်သည်။ ၅ စင်းတန်သည် ဒိုက်ထောင်၍ အိမ်မိုးမှာလည်း ရေအိုးရေပြည့်တင်စေ။ ထမင်းဟင်း ချက်ပြုတ်သည်မှာလည်း ကျင်းကိုစောက်သုံးတောင်တူး၍ ချက်ချိန် ကိုသာ ချက်စေ။ နံနက်လေးချက်တီးကျော် သုံးချက်တီးကျော် နှစ်မောင်းတွင် လက်မထောင်မှူးတို့က မောင်းသံပေးလျှင် ထမင်း ချက်စေ။ ည(နေ)သုံးချက်တီးကျော် ခုနစ်မောင်းကို မီးသေငြိမ်းစေ။ ချက်ပြုတ်ချိန် မောင်းသံပေးသည့် အချိန်တွင်းကလွန်သည့်အချိန်တွင် တစ်အိမ်မျှ မီးပွားမီးပေါက် မီးပွင့်မရှိစေနှင့်။ မီးကျင်းတွင် မီးဆော်တို့ အမှိုက်ကြွက်သွန်နှင့်တိုး၍ စမ်းသပ်စေ။

သာလွန်မင်း၏အမိန့်တွင် ဆက်လက်ဖော်ပြသည်မှာ ...

'သေငြိမ်းချိန်ကာလဖြစ်လျက် မသေငြိမ်း စမ်းသပ်သည့် အမှိုက်ကြွက်မွေးကို စွဲကပ်လောင်လျှင် မီးရှို့သည့် အိမ်ရှင်ကို ရှေ့ဆုံးမှအပ်စေ။ လမ်းခရီးလမ်းကူး၊ လမ်းကြား၊ လမ်းကွေ့ပြင်အတွင်းအိမ်များမှာလည်း ဆေးအိုးဆေးတံသောက်၍ မသွားလာစေနှင့်။ သွား လာသူတို့ကိုတွေ့လျှင် ဆေးအိုး ဆေးတံကို လုယူ သိမ်းထား၍ အချက် ၁၀၀ ရိုက်။ မီးဆော်ကို တစ်နေ့ငါးကြိမ် လှည့်ပတ်စမ်းသပ်စစ်ကြောစေ ...





၍ မီးဘေးကာကွယ်ရေးအမိန့်များကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်ခဲ့သည်ကို တွေ့ရလိမ့်မည်။ မီးဘေးကာကွယ်ရေးအတွက် စစ်တကျ ဆောင်ရွက်ခဲ့သည့်နည်းတူ သာလွန်မင်းတရားကြီးသည် သေးမှုခင်း တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍လည်း ...

'... ညဉ့်မှုညဉ့်ခင်းမှာလည်း အမှုအခင်းမရှိသည်ကို ညဉ့်တစ်ချက်တီးကျော်လျှင် မသွားမလာစေနှင့်။ အမှုအခင်းရှိ၍ သွားလျှင် မီးအိမ်မီးအိုးနှင့် သွားလာစေ။ သူခိုးသူဝှက်တို့အိမ်ရာ ကိုကြဖောက်ယူတတ်ခိုးသည်ကိုသိ၍ ဟစ်ကြော်လျှင် ကြားသမျှ နီးရာဝိုင်းဆီးစေ။ ကြားထောက်သိထောက်သင့်လျက် မလာမရောက် သိမညာနေလျှင် နေသူတို့ကို အချက် ၅၀ ရိုက် ...'ဟူ၍ အမိန့်ညွှန်ကြားချက်များ တိကျပြတ်သားစွာ ချမှတ်ပေးခဲ့ပေသည်။ ၎င်းအချက်များကို ရှေးမြန်မာတို့သည် မြို့ရွာငြိမ်ဝပ်ပိပြားရေးနှင့် အေးချမ်းသာယာရေးအတွက် မိရိုးဖလာ စည်းမျဉ်းစည်းကမ်း တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်တတ်သူများဖြစ်ကြောင်း လေ့လာ သိရှိနိုင်လောက်ပေပြီ။ ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၁)

# မြန်မာ့သဘာဝပတ်ဝန်းကျင်
# ထိန်းသိမ်းရေး စည်းကမ်း

၂၀ ရာစုကုန်ခါနီးလာသည်နှင့်အမျှ ကမ္ဘာ့သဘာဝပတ်ဝန်း ကျင်ဟူသော အသံကို ပိုမိုကျယ်လောင်စွာ ကြားလာရသည် မြေကမ္ဘာသည် လူသားများအတွက် တစ်ခုတည်းသော မိတ နေထိုင်စရာ ဂြိုဟ်ကြီးတစ်လုံးဖြစ်သည်။ တစ်နည်းအားဖြင့် အိ ဂေဟာကြီးတစ်ခုဖြစ်သည်။ လူသားတို့၏လိုအပ်ချက်များ ပြည့်စုံ အတွက် ကမ္ဘာပေါ်ရှိ သယံဇာတများပေါ်တွင် မှီခိုနေရသည်။ ကမ္ဘာ ပတ်ဝန်းကျင် ယိုယွင်းလာလေ လူသားများအပါအဝင် သက် အားလုံး၏နေထိုင်မှုဘဝဖြစ်စဉ်သည်လည်း ပျက်စီးပြုန်းတီးလာ ဖြစ်လာသည်။





အများဆိုင် အမွေအနှစ်ဖြစ်သော ယနေ့ကမ္ဘာ့ပတ်ဝန်းကျင်သည် လူသားတို့၏ မဆင်မခြင်မှုကြောင့် စိုးရိမ်ဖွယ်အနေအထားသို့ ရောက်နေရလေပြီ။ ပတ်ဝန်းကျင်လေထု ညစ်ညမ်းရသည်။ ရေထု ညစ်ညမ်းရသည်။ သစ်တောများပြုန်းတီးရသည်။ မြေဆီလွှာတိုက်စားခံရသည်။ သဲကန္တာရများ ကျယ်ပြန့်လာရသည်။ သစ်ပင်နှင့် သတ္တဝါများ မျိုးတုံးပျောက်ကွယ်ရသည်။ ဖန်လုံအိမ်အာနိသင်ပေါ်ထွက်လာရသည်။ ကမ္ဘာကြီးပိုမို ပူနွေးလာရသည်။ အိုဇုန်းလွှာထိခိုက်ယိုယွင်းလာရသည်။ မျက်မှောက်ကမ္ဘာ့ပတ်ဝန်းကျင် အနေအထားက အနာဂတ်လူသားတို့ကို ယခုကတည်းကပင် ခြိမ်းခြောက်နေပြီဖြစ်သည်။

ထို့ကြောင့်လည်း ယနေ့ဆိုလျှင် ဆိုးရွားစွာ ယိုယွင်းလာနေသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို နိုင်ငံအလိုက် ဖြေရှင်းနေရသည်။ ထိုမှဆင့်တက်၍ ဒေသအလိုက် ဖြေရှင်းနေရသည်။ နောက်ဆုံးတွင် ကမ္ဘာလုံးဆိုင်ရာအဆင့်အထိ ရောက်ရှိဖြေရှင်းနေကြရသည်။

မြတ်စွာဘုရားလက်ထက်ကပင် သမင်တို့အား ဘေးမဲ့ပေးသည့် မိဂဒါဝုန်တော၊ နိဂြောဓာရုံတော၊ ဥရုဝေဠတောတို့ ပေါ်ထွန်းတည်ရှိခဲ့သည်။ မြန်မာ့သမိုင်းများကို လေ့လာကြည့်သော



www.burmeseclassic.com

www.burmeseclassic.com



အခါတွင်လည်း အုပ်ချုပ်သူမင်းများက အဘယဌာန(ဘေးမဲ့တော)များ သတ်မှတ်ပေးခဲ့ကြကြောင်း တွေ့ရသည်။

မြန်မာ့ဝေါဟာရ၌ ဇီဝိတဒါနဖြင့် သတ္တဝါအပေါင်းအား မေတ္တာရှေ့ထား၍ အသက်ရှည်စေရန်နှင့် အသက်ရှင်သန် တည်တံ့စေရန် အကျိုးဆောင်ခဲ့ပေသည်။ မြန်မာတို့၏ဗုဒ္ဓဘာသာရိုးရာယဉ်ကျေးမှုနှင့်အညီ တစ်လောကလုံးအထိ ပြန့်ကျက်ဝင်စားသောတရားသဘောဖြင့် ဆပ်ခြင်စောင့်ထိန်းခဲ့ကြခြင်းဖြစ်သည်။ ပုဂံပြည်တွင် စေတီပုထိုးများ လက်ညှိုးထိုးမလွဲအောင် ဖူးမြင်ရပါသည်။

ယနေ့ပုဂံတစ်ဝိုက် လွင်တီးခေါင်ပမာ ဖြစ်နေရခြင်းမှာ ဘုရားများစွာအတွက် အုတ်ဖုတ်ရာတွင် ပတ်ဝန်းကျင်သစ်တောကြီးများကို ခုတ်ထွင်ရှင်းလင်းခဲ့မှုကြောင့်တု ယူဆကြသည်။ ဤအချက်မှန်ကန်ပါမည်လော။ အကယ်၍သာ အုတ်ဖုတ်ရန်မြေကြီးများ တူးယူခဲ့ကြပါက ပုဂံတွင် အင်းကြီးများစွာကို မရေတွက်နိုင်လောက်အောင် တွေ့ရလိမ့်မည်။

ယနေ့ပုဂံဝန်းကျင်တွင် လောကနန္ဒာအင်းနှင့် ဝက်ကြီးအင်းတို့ကိုသာ တွေ့ရသည်။ ထို့ကြောင့် မြေကြီးတူး၍ အင်းကြီးများဖြစ်ပေါ်လာရသည်ဟူသောအချက်သည် မည်မျှမှားယွင်းကြောင်း သိရလိမ့်မည်။





သုတေသီများအနေဖြင့် ပုဂံတွင်တွေ့ရသော အုတ်ခဲများတွင်ပါရှိသောစာများ၊ အုတ်ဖုတ်ရာဒေသများ၊ အုတ်ဖုတ်သူအမည်များကို လေ့လာပြီးနောက် ပုဂံဘုရားများအတွက် အုတ်များဖုတ်ရန် မြေကြီးများကို ပုဂံတစ်ဝိုက်မှ တူးယူခဲ့ခြင်းမဟုတ်ကြောင်း စလေ၊ စစ်ကိုင်းကြီး၊ မြင်းမူ၊ မုန်ရွေး၊ မြောင်းဆုံ၊ မပစရ၊ ကြာပင်၊ ခံလှူပယ်ကြီးယောင်၊ လကွဲ၊ ဖိုင်လယ်မှာသင်၊ သကြင်၊ ကလဖဒေသများဖြစ်ကြောင်း တိကျစွာသိရှိရသည်။

အမှန်စင်စစ် ပုဂံဒေသသည် ရှေးနှစ်ပေါင်း နှစ်သန်းကျော်ခန့်က မိုးများသော ဒေသဖြစ်ပုံရသည်။ သစ်တောကြီးများထူထပ်စွာ ပေါက်ရောက်နေတတ်သည်။ ယင်းအချက်ကို ယနေ့ပုဂံပြတိုက်တွင် ပြသထားသော ကျောက်တုံးကြီးက ပြောပြနေသည်။

ဤကျောက်တုံးကြီးမှာ လွန်ခဲ့သော အနှစ် နှစ်သန်းခန့်က အင်ကြင်းပင်ကြီးတစ်ပင် ကျောက်ဖြစ်နေခြင်းဖြစ်သည်။ ကျောက်ဖြစ်အင်ကြင်းတုံးကြီးကဲ့သို့ပင် တောင်ဇင်း၊ တောင်ညိုတစ်ဝိုက်ရှိ ကျောက်ဖြစ်နေသော သစ်ပင်အစိတ်အပိုင်းများစွာက ပြောပြနေကြသည်။

ဘူမိဗေဒပညာရှင်များ၏ လေ့လာချက်အရ ယနေ့ပုဂံမြေ၏ အောက်တွင် သဘာဝကွန်ကရိကျောက်လွှာကြီး တည်ရှိနေသည်။

www.burmeseclassic.com

ကျောက်လှာကြီးသည် ထု ၂ပေမှ ၅ပေခန့်အထိ ရှိသည်။ ယင်းကျောက်ပြားကြီးကို ကြည့်ခြင်းဖြင့် ပုဂံဒေသသည် တစ်ချိန်သောကာလက မိုးအလွန်ကောင်းခဲ့သော ရပ်ဝန်းဖြစ်ခဲ့ပုံကြောင်း ထင်ရှားသည်။

ကျွန်စစ်သားမင်းကြီးသည် ရွှေစည်းခုံဘုရား အရှေ့ဘက်တွင် လေးထောင့်ကျောက်စာတိုင်ကြီးနှစ်တိုင်ရေးထိုး စိုက်ထူခဲ့ရာ၊ မိမိလက်ထက် ပုဂံပြည်ကြီးကို တတ္တဒေသအလွန်ပူသောဒေသဟု ဖော်ပြထားကြောင်း တွေ့ရသည်။ သစ်တောများပုံးလွှမ်း၍ မိုးကောင်းစွာ ရရှိခဲ့သောပုဂံ။ ညောင်ဦးဒေသဝန်းကျင်အနေအထားသည် အနော်ရထာနှင့် ကျွန်စစ်သားမင်းကြီးတို့ လက်ထက်တွင် အတော်ပင် ပျက်စီးယိုယွင်းနေပြီလောဟု တွေးမိရာဖြစ်လာသည်။ သစ်တောများစွာ ပျက်စီးပြီးနောက် ပူပြင်းသော ရာသီဥတုအခြေအနေမျိုးနှင့် ကြုံတွေ့နေရပြီလောဟု တွေးဖွယ်ရာဖြစ်လာသည်။

သို့မဟုတ်ပါက ပုဂံဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိသောကြောင့် အနော်ရထာနှင့်ကျွန်စစ်မင်းများလက်ထက် မတိုင်မီ ရှေးပဝေသဏီ များစွာကပင် ပူပြင်းခြောက်သွေ့နေခဲ့ပြီဟု ယူဆရသည်။

ပူပြင်းခြောက်သွေ့ဒေသဖြစ်နေပြီဟု ထင်ရလင့်ကစား။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းအရ ၁၂၄၅ ခုနှစ်တိုင်အောင် ပုဂံ



သစ်ပိုက်တောကြီးများအတွင်း ဆင်အပြောက်အများ သွားလာလျက် ရှိနေသေးကြောင်း၊ ပုဂံမြို့ကျေး၊ ပုဂံ[illegible]ာင်တောတ အောက်နှင့် [illegible]သော အစွယ်နှင့်ဆင်ရိုင်းများကိုပင် ကျုံးသွင်းရခဲ့ပုံကြောင်း ရှိသည်။ ထို့ကြောင့် အနော်ရထာနှင့် ကျွန်စစ်သားတို့ လက်ထက် တိုင်အောင် ပုဂံဒေသသည် အတော်အတန်စိမ်းလန်းစိုပြည်နေခဲ့ ပုံကြောင်း ထင်ရှားသည်။

မြန်မာမင်းအဆက်ဆက်သည် သစ်တောများရှိနေသရွေ့ ကာလပတ်လုံး ရာသီဥတုမျှတကောင်းမွန်မည်။ ရေပေါများမည်။ သစ်သီးဝလံပန်းမန်နှင့်ကောက်ပဲသီးနှံများ ဖိုဖိုထွက်ရှိမည်။ ရေကြီးမှု ဘေးမှ ကာကွယ်ပေးနိုင်မည်။ သစ်တောအအေးဓာတ်က မိုးရွာသွန်း အောင် ဖန်တီးနိုင်မည်ဟူသော ခေတ်မီအယူအဆတို့ကို ထိုစဉ်ကပင် လက်ခံခဲ့ပြီးဖြစ်သည်။

သဘာဝပတ်ဝန်းကျင်က အစဉ်ပြောင်းလဲတတ်သော သဘော တရားနှင့် လိုက်လျောညီထွေ ကျင့်ကြံနေထိုင်တတ်အောင် လူသား တို့အား စည်းမျဉ်း၊ စည်းကမ်းများသတ်မှတ်ပေးနိုင်ခဲ့သည်။ စည်းကမ်း လိုက်နာမှုနှင့် ပတ်သက်၍ မြန်မာတို့ဂုဏ်ယူလောက်သည့် သာဓက များလုံရှိသေးသည်။ ရှေးနှစ်ပေါင်း ရာပေါင်းများစွာကပင် သဘာဝ

www.burmeseclassic.com



လက်ဆောင်မွန် ရေအရင်းအမြစ်များကို စည်းကမ်းတကျ ထိန်းသိ တတ်လာခဲ့မှုဖြစ်သည်။

ပုဂံအနော်ရထာမင်းလက်ထက်တွင် အောင်မြင်ပြီးစိတ်တွန်းသော စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာရရှိရေးသည် ပဓာနကျကြော သဘောပေါက်ခဲ့သည်။ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးစေရန် လ တွင်းကိုးခရိုင်၌ ဆည်မြောင်း၊ တာတမံများတည်ဆောက်ထိန်းသိ ပေးခဲ့သည်။ ပန်းလောင်မြစ်၊ ဇော်ဂျီမြစ်တို့ကို ဆည်များခတ် တူးမြောင်းများ ဖောက်လုပ်ပေးခဲ့သည်။ အနော်ရထာမှစ၍ မြန်မာ အဆက်ဆက်တို့သည် ရေဝေရေလဲဒေသများတွင် မည်သူတစ် တစ်ယောက်ကိုမျှ အခြေစိုက်နေထိုင်ခွင့်မပြုခဲ့ချေ။ ဤနည်း ရေအရင်းအမြစ်များကို စည်းကမ်းတကျ ထိန်းသိမ်းသုံးစွဲတတ် ဖြစ်ကြောင်းကို ပြည့်ထွန်းလျက်ရှိသည်။

မြန်မာ့သမိုင်းကို လေ့လာပါက အမရပူရမြို့တည် နန်းတ ဘိုးတော်မင်းတရား (၁၇၈၂-၁၈၁၉)လက်ထက်တွင် စိုက်ထူခဲ့သေ ကျောင်းတောင်ကျောက်စာတွင် သားငှက်တိရစ္ဆာန်များကို ဘေး ပေးခဲ့ကြောင်း ရေးထိုးမှတ်တမ်းတင်ထားသည်။

မင်းတုန်းမင်းတရား (၁၈၅၂-၁၈၇၈)လက်ထက်တွင်လည်း မိတ္ထီလာ ကန်တော်ရှိ ကျိုးပေါက်သည်ကို ဆည်ဖို့ကြောင်း ကမ္ဗ





ထိုးခဲ့သော ကျောက်စာနိဂုံးတွင်လည်း သားငှက်တိရစ္ဆာန်များကို ဘေးမဲ့ပေးတော်မူခဲ့သည်။

'... ဓမ္မဥရ၊ မဟာရာဇာ၊ မိဂပက္ခိသု၊ ခတ္တိယ စသည့် မုက္ခပါဠိ၊ ရွှေခွန်းမြွက်အညီ၊ ဤမိတ္ထီလာ ကန်တော်အတွင်း မွေ့လျော်အင်ချိုက်၊ မြေပျော် ပိုက်ကျက် စားတုန်သော သားငါး တိရစ္ဆာန်တို့အား ပရက္ကမ၊ သူလုံ့လကြောင့် သေဘေး သေဒဏ် မရောက်စေနှင့် ချမ်းသာစေ ...'ဟူ၍ သဘာဝ တ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းများကို တိတကျပြတ် သားစွာ ပြဋ္ဌာန်းပေးခဲ့သည်။

ထို့ပြင် ရတနာပုံ မန္တလေးနေပြည်တော်တည်ပြီးနောက် င်းတုန်းမင်းတရားကြီးသည် ဒေသများစွာတွင် ဘေးမဲ့ပေးတော် ခဲ့ကြောင်း ကျောက်တိုင်များစိုက်ထူခဲ့သည်။ နယ်လေးရပ်၊ နယ် စ်ရပ်တို့ဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသော နယ်မြေအတွင်း သားငှက် တိရစ္ဆာန်များကို အပစ်အခတ် အသစ်အညစ် အဖမ်းအဆီးမရှိစေရ ဟု စည်းကမ်းသတ်မှတ်ထုတ်ပြန်ခဲ့သည်။

မင်းတုန်းမင်းကြီး၏ အဘယဋ္ဌာန (ဘေးမဲ့ဌာန)သည်



www.burmeseclassic.com

www.burmeseclassic.com



အကျယ်ဝန်းအားဖြင့် ၁၇၅၀၀ ကေမျှ ကျယ်ဝန်းခဲ့သည်ဟု မှတ်သာ
ရသည်။

ကျောက်စာတိုင်ဖြစ်ရှေ့မျက်နှာစာပြင် နယ်ပယ်ဖြေ
အသာများကို သတ်မှတ်ဖော်ပြထားသည်။ ကျောဘက်တွင် အေ
အမည်ကို ခေါင်းစဉ်တပ်ပြီး နိုဂြောဓေ၊ နန္ဒိယဇာတ်၊ ပဟာကာ
ဇာတ်၊ ဒုပဏ္ဏဇာတ်၊ မိဂဒါဝုန်တော စသည်များတွင် သားအပေါ်
ကို ဘေးမဲ့ပေးသကဲ့သို့ သတ်မှတ်ထားသော ရွှေကြိုးသတ်နယ်
အတွင်း၌ သား၊ ငါး၊ ငှက် တိရစ္ဆာန်တို့ကို ဘေးမဲ့ပေးကြော
ရေးထိုးထားသည်။

ဘေးမဲ့ပေးရာနယ်မြေအတွင်း ကုန်းနေ၊ ရေနေသတ္တ
များကို ဖမ်းစားသတ်ဖြတ်ခြင်း၊ နှိပ်စက်ခြင်းများသည် ရာဇဝတ်
တစ်မျိုးအဖြစ် သတ်မှတ်ထားသည်။ သို့ရာတွင် ဆရာတော်
သံဃာတော်များကဖြစ်စေ ဘေးမဲ့နယ်မြေစောင့်ကြပ်သူများကဖြစ်
ပြေပြစ်ချမ်းသာပေးပါတ အပြစ်မှကင်းလွတ်ခွင့်ကိုလည်း ပြုထားသည်

ဘေးမဲ့ပေးသည့် ကုန်းသတ္တဝါ၊ ရေသတ္တဝါနှစ်မျိုးအန
ဝမ်းဘဲ၊ ဟင်္သာ၊ ကြာပက်နှင်း၊ ရေကြက်၊ စက္ကဝက်စသောသတ္တ
များကို ကောင်းကင်သို့ ပျံနိုင်သော်လည်း ရေနေသတ္တဝါစာရင်းတွ
ထည့်သွင်းထားကြောင်း ထူးခြားစွာ တွေ့ရပေသည်။



ရှေးမြန်မာကြီးများသည် ဘုန်းတော်ကြီးကျောင်းဝင်းများကိုလည်း သားငှက်တိရစ္ဆာန်တို့အတွက် ဘေးမဲ့တောများအဖြစ် သတ်မှတ်ခဲ့သည်။ ခရစ်နှစ် ၁၈၅၉ ခုနှစ်တွင် စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်၊ ဝမ်းဘဲအင်းရွာသူကြီးဦးပိုက်၏ တင်ပြချက်အရ ဘုန်းတော်ကြီးအရှင်ဇာဂရ ကျောင်းဝင်းအား ဘေးမဲ့တောအဖြစ် ကြေညာခဲ့သည်။ ရှင်ဘုရင်က ရဲမက်အစောင့်များချထား စောင့်ရှောက်ပေးခဲ့သည်။

ထင်းခုတ်လျှင်ပင် မြန်မာတို့သည် နတ်နေကိုင်းဘူး၍ ချန်ထား ခုတ်လှဲတတ်ကြသည်။ သစ်တောသစ်ပင်များ မပျက်စီး မပျောက်စေရန် ချန်ထားရသည်မှာ မြန်မာ့စည်းကမ်းတစ်ရပ်ပင် ဖြစ်သည်။

www.burmeseclassic.com

# အခန်း(၁၂)

## မြန်မာ့စီးပွားရေးစည်းကမ်း

စိုက်ပျိုးရေးနှင့်ပတ်သက်သော ရှေးခေတ်မြန်မာစကား မျာ:ကို လေ့လာကြည့်လျှင် မြန်မာတို့၏စိုက်ပျိုးရေးလုပ်ငန်းမျာ တွင်လည်း စည်းကမ်းစနစ်များဖြင့် သေသပ်ကျနစွာ လုပ်ဆော ခဲ့ကြောင်း တွေ့ရလိမ့်မည်။

'ယာလည်းညက်စေ၊ ကြက်လည်းပန်းစေ'၊ 'မိုးလွန်မှထွန်ခ 'ကောက်သင်းကောက်သူ အနံ့ကြီးကြိုက်'၊ 'ကြက်စပါးစား၊ ထ လှံ့ဒဏ်သင့်'၊ 'မှန်းချက်နှင့်နှမ်းထွက်မကိုက်'၊ 'ဗူးဆိုဖရုံမသီး 'မိုးရွာလျှင်ရေခံ'၊ 'နွားရှေ့ထွန်ကျူး'၊ 'ကျွန်းကိုင်းမို ကိုင်းကျွန်းမှ 'ဗူးသီးမှ အရိုးတော်'၊ 'ဗူးလေးရာ ဖရုံဆင့်'၊ 'ကိုးထမ်းပိုးကျ နွားမော့သင်'၊ 'ဗူးကောင်းမှစင်ခံ လင်ကောင်းမှစံရ'၊ 'စီးတွဲရေဆယ ကန်သင်း' စသည့် စကားပုံများသည် မြန်မာ့လယ်ယာမြေမှ ပေါ်ထွ လာခဲ့သော မြန်မာ့စည်းကမ်း၏ သက်သေခံများဖြစ်သည်။



သိပ္ပံနည်းကျ စိုက်ပျိုးနည်းများ မပေါ်ပေါက်သေးသည့် အလျောက်၊ ရှေးခေတ်တောင်သူလယ်သမားများသည် ရှေးရိုးစဉ်လာ အတိုင်းသာ ဆောင်ရွက်ခဲ့ကြသည်။ မိမိတို့၌ အသင့်ရှိနေသော မျိုးစေ့များကိုသာ အားကိုးခဲ့ကြသည်။ ခြံထွက်နွားချေးနှင့် သဘာဝ မြေဩဇာများကိုသာ သုံးခဲ့ကြသည်။ နွားဆွဲထယ်များဖြင့်သာ ရှံ့ထဲ ရုန်းခဲ့ကြသည်။ အပင်ပေါက်လျှင်ပြီးရောဟု သဘောထားခဲ့ကြသည်။ လွယ်လွယ်ကူကူပင် လက်ကြဲ ကြဲခဲ့ကြသည်။ ဖြစ်သလိုပင်ထွန် လက်ပေါင်းလိုက်ခဲ့ကြသည်။ ရောဂါပိုးကို ဖြစ်သလို နှိမ်နင်းခဲ့ ကြသည်။ အထူးသဖြင့် ကြိုတင်ကာကွယ်မှုများ မရှိသလောက် ဖြစ်နေခဲ့သည်။ တစ်ကေအတွက်နှုန်းကောင်းလျှင် မျိုးကောင်းဟု ထင်မှတ်ခဲ့ကြသည်။

လူဦးရေ မပေါများမီက လူတို့အတွက် စားသုံးစရာ အလျှံပယ်ကြွယ်ဝခဲ့သည်။ စားပင် သီးပင်များသည် လူဦးရေ ထက်ပင် ပိုနေခဲ့သည်။ နောက်ပိုင်းတွင် လူဦးရေနှင့်အခြား သက်ရှိ သတ္တဝါဦးရေတိုးတက်များပြားလာသည်။ စားပင်၊ သီးပင်များ နည်းပါးလာသည်။ ရှားပါးလာခဲ့သည်။ သို့နှင့်ပင် လူသားတို့သည် စိုက်ပျိုးထွန်ယက်မှုဘက်သို့ ဦးလှည့်လာမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့စိုက်ပျိုးရာတွင် မြေကြီးကိုစူးထိုး၍ စိုက်ပျိုးခဲ့ကြ သည်။ ဤနည်းမှာ အချိန်ကြာလွန်းသည်။ ထို့ကြောင့် မြေကြီး ပေါ်တွင် ဆူးဖြင့်အကြောင်းဆွဲကြသည်။ အရာဖော်ကြသည်။ ဆွဲကြောင်းထဲတွင် သစ်စေ့များထည့်၍ စိုက်ပျိုးခဲ့ကြသည်။ တစ်ချိန် တည်းတွင် တောရိုင်းတိရစ္ဆာန်အချို့ကို ယဉ်ပါးအောင် လေ့ကျင့် ပေးနိုင်ခဲ့သည်။ တိရစ္ဆာန်များကို စေခိုင်းခဲ့ကြသည်။ ဆူးကိုလည်း တစ်စထက်တစ်စ ပိုမိုကောင်းမွန်အောင် ပြုပြင်ဖန်တီးနိုင်ကြသည်။ လယ်လုပ်ကိရိယာများ ပေါ်လာခဲ့သည်။ နောက်ဆုံးတွင် ကျွဲဆွဲ၊ နွားဆွဲ၊ မြင်းဆွဲ ထွန်ထယ်များ ပေါ်လာခဲ့ကြသည်။

တောင်သူလယ်သမားများသည် ထွန်နှင့်ထယ်နှင့်ကျွဲနှင့် နွားနှင့် အမြဲတမ်းထိတွေ့ သုံးစွဲလုပ်ကိုင်ရင်း ပေါ်ပေါက်လာသော အသုံးအနှုန်းများသည် မြန်မာဘာသာစကားတွင် စကားပုံများ၊ လက်သုံးစကားများ၊ ဥပမာစကားများ၊ ဥပမာဥပမေယျများ စသည်တို့ ဝင်ရောက်အမြစ်တွယ်လာခဲ့သည်။ ဥပမာအားဖြင့် နွားရှေ့ ထွန်ကျူးသည်၊ လယ်ထွန်သွား နွားမေ့သည်။ မိုးလွန်မှ ထွန် ချသည်။ စသည့်စကားမျိုးများဖြစ်သည်။ လယ်ယာစိုက်ပျိုးမှု သမိုင်းကြောင်းကို လေ့လာကြည့်သောအခါ လွန်ခဲ့သောနှစ်ပေါင်း ငါးထောင်ခန့်က စတင်ခဲ့ကြောင်း တွေ့ရလိမ့်မည်။ မြန်မာ

ပြည်လည်း လွန်ခဲ့သည့်နှစ်ပေါင်းနှစ်သန်းခန့်ကပင် လူသားများ တင်အခြေစိုက်နေပြီ ဖြစ်သည့်အလျောက် စိုက်ပျိုးရေးကိုလည်း နောက်ပိုင်းတွင် တတ်မြောက်လာခဲ့သည်ဟုဆိုနိုင်သည်။

သုတေသီများက စပါးကို စတင်စိုက်ပျိုးတတ်သော စိုက်ပျိုးရေးအတတ်ပညာသည် မြန်မာနိုင်ငံ အပါအဝင် အရှေ့ တောင်အာရှဒေသက စတင်ခဲ့သည်ဟု ခန့်မှန်းသည်။ အင်္ဂလိပ် စာရေးဆရာ အိပ်ချ်ဂျီဝဲက မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀၀ ခန့်ကစ၍ ကြက်မွေးမြူရေးကိုဆောင်ရွက်ပြီး ကမ္ဘာသို့ ပျံ့နှံ့သွားသည်ဟု ရေးသားခဲ့သည်။

သမိုင်းအကြိုခေတ်ကပင် စတင်ခဲ့သော မြန်မာ့စိုက်ပျိုး မွေးမြူရေးလုပ်ငန်းသည် ပုဂံခေတ်သို့ ရောက်ရှိလာချိန်တွင် ကျောက်စာမင်စာများ၌ မှတ်တမ်းတင်ခြင်း ခံခဲ့ရသည်။ ယင်း ကျောက်စာများတွင် စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သော လယ်ယာဥယျာဉ်ခြံမြေ၊ ကျွဲ၊ နွားတို့အကြောင်း အတော်များများ တွေ့ရမှတ်ရသည်။ ပုဂံမြို့လေးထောင့်ကန် အရှေ့မြောက် အရှင် ဘာကဿပကျောင်း ကျောက်စာတွင် စာကြောင်းရေ ၃ မှ စ၍ 'လယ်'ဆိုသော စကားများကို တွေ့ရသည်။ စာကြောင်းရေ ၃၉၌ နိုင်းလယ်အပါယ် ၄၀ ဟူ၍ တွေ့ရသည်။

www.burmeseclassic.com



မုရင်းလယ်ဆိုသည်မှာ မုရင်းစပါးစိုက်သော လယ်ဖြစ်ပြီး 'သန်လယ်'ဆိုသည်မှာ 'ဝေသဿနု'ဟူသော ပါဠိစကားမှ ဆင်းသက် လာသည့် 'ဝသန်' မှ 'သန်'ဖြစ်လာပြီး 'သန်လယ်'ဟု ခေါ်ခြင်း ဖြစ်သည်။ မိုးရာသီ စိုက်ပျိုးသောလယ်ဟု ဆိုလိုသည်။ ကျောက်စာ ပါ အချက်အလက်များအရ ပုဂံခေတ်ကပင် မုရင်းစပါးစိုက်နည်း မိုးရာသီစပါးစိုက်နည်းပညာရပ်များဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပေါ်ထွန်းလျက်ရှိပြီဟု သိနိုင်သည်။ ရှင်မဟာကဿပကျောင်း ကျောက်စာမှာပင် မောက္ကိပေါက်အရပ်တွင် လယ်တပယ်၏တန်ဖိုး သည် တစ်ကျပ်ဖြစ်ကြောင်း ဖော်ပြထားသောကြောင့် လယ်မြေ အရောင်းအဝယ် စည်းမျဉ်း စည်းကမ်းများလည်း စနစ်တကျ ပေါ်ထွန်းနေပြီဟု ဆိုနိုင်သည်။

ပုဂံခေတ်တွင် ကန်များဆည်ဖို့၍ဖြစ်စေ၊ ဆည်မြောင်းများ တည်ဆောက် တူးဖော်၍ဖြစ်စေ ရေသွင်းစိုက်ပျိုးနေပြီဟူသော အချက်ကိုလည်း သိရသည်။ ပုဂံခေတ်မတိုင်မီကပင် ရေသွင်း စိုက်ပျိုးရေးဆိုင်ရာ စည်းစနစ်များ ပေါ်ထွန်းလျက်ရှိကြောင်း ထင်ရှားပေသည်။

ပုဂံမြို့နှင့် ရှစ်မိုင်ခန့်အကွာ တူရွင်းတောင်ခြေရှိ မြကန် သည် ကျွန်စစ်မင်းကြီး၏ ကောင်းမှုဖြစ်သည်။ ကျွန်စစ်မင်းကြီးသည်





ကောက်နှံကို သောက်သုံးရေအတွက်သာမဟုတ်၊ ကြာပေါင်းစုံဖူး၍ ငါးမျိုးစုံ ပျော်မြူးစေရန်အတွက်သာမဟုတ်၊ မူလရည်ရွယ်ရင်းမှာ စိုက်ပျိုးရေးတိုးတက်ဖွံ့ဖြိုးစေရန်အတွက်သာ တူးဖော်ခဲ့ခြင်း ဖြစ်ကြောင်း မှန်ဘာသာတို့ မြကန်ကျောက်စာတွင် တွေ့ရလိမ့်မည်။

အမှန်စင်စစ် ပုဂံခေတ်တွင် စိုးစံသော မင်းကောင်းမင်းမြတ် အလုံးလိုလိုပင် ဆည်မြောင်း၊ ကန်ချောင်းများကို ထိန်းသိမ်း ပြုတည်ဆောက်ခဲ့ကြသည်သာ ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ဖွံ့ဖြိုးပြီး ပြည်သူတို့စားရေရိက္ခာဖူလုံ ကြွယ်ဝရေးအတွက် ကြိုးတည်ကြိုးပမ်းခဲ့ကြသည်သာဖြစ်သည်။

ပုဂံခေတ်တွင် စပါး၏ အရေးပါမှုကို ရှင်ဒိသာပါမောက္ခ ရေးထိုးခဲ့သည့် မင်္ဂလာစေတီကျောက်စာအရ သိရသည်။ တရုတ် မြေမင်းခေါ် နရသီဟပတေ့မင်းလက်ထက်တွင် ဆရာတော်သည် တရုတ်မင်းမြို့တော်သို့ သွားရောက်၍ ငြိမ်းချမ်းရေးစကားကို ဆိုခဲ့ သည်။ ယင်းသို့ငြိမ်းချမ်းရေးစကား ဆိုခဲ့ရမှုနှင့်ပါတ်သက်၍ စပါးကို အဓိကထား၍ ငြိမ်းချမ်းစကား ဆိုခဲ့ကြောင်းကို မင်္ဂလာ စေတီကျောက်စာပါ 'မဟာရစ်ကျ်သူရဲ အကုံသဃ်ာအလုပ်စပါတိမှ ဆာတည်ကြည်အံ။ စပါကာ ပြည်စည်စိမ်အမြစ်မဟုတ်လော'ဟူသော အချက်က သက်သေပြခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ်တွင် ထွန်၊ ပေါက်တူးနှင့် ခက်များကိုသ
သုံးတတ်သေးသည်။ စပါးကို ပျိုးထောင်ပြီးမှ ကောက်စိုက်တတ်
သေးသည်။ ကျွဲ၊ နွား၊ ဆင်တို့ဖြင့် လယ်ထွန်တတ်သေးသည်
ထို့ကြောင့် ပုဂံခေတ်စပါးအထွက်နှုန်းသည် နည်းလွန်းလှသည်

မည်သို့ပင်ဖြစ်စေ၊ ကျောက်စာအမှတ်အသားများအ
ဥယျာဉ်များကိုလည်း စိုက်ပျိုးတတ်နေပြီဖြစ်ကြောင်း သိခွင့်သည်
ပုဂံခေတ်ကျောက်စာများနှင့် အုတ်ခွက်အထောက်အထားများအ
ထိုစဉ်က ကောက်ပဲသီးနှံ၊ သစ်သီးဝလံ၊ စားသုံးသီးပင်များနှ
ဆေးဖက်ဝင်အပင် စုစုပေါင်း(၇၇)မျိုးခန့် စိုက်ပျိုးတတ်ပြီဖြစ်ကြောင်
တွေ့ရသည်။

သက္ကရာဇ် ၅၅၈ ခုနှစ်ထိုး ဓမ္မရာဇက ဘုရားမင်းတ
ပုဂံအနန္တာဘုရား တောင်ဘက်ရှိ ရွှေဘိုသာဘုရား ကျောက်စ
စသည်တို့တွင် ဖော်ပြထားချက်အရ ကျွဲ၊ နွား၊ ဆိတ်၊ ကြက်
ဘဲများကိုပင် တွင်တွင်ကျယ်ကျယ် မွေးမြူတတ်ပြီဖြစ်ကြောင်
သေချာစွာ သိရသည်။

အင်းဝခေတ်ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့တွင်
လောကုတ္တရာအကြောင်းကို ဖွဲ့ဆိုရင်း အင်းဝခေတ် လယ်အကြောင်း
ယာအကြောင်း၊ စိုက်ပျိုးမွေးမြူရေးနည်းလမ်း စည်းကမ်းများကို



ည့်တွင်းရေးသားခဲ့သည်။ ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင်လည်း
င်းဝခေတ် စိုက်ပျိုးရေးအကြောင်းကို တစေ့တစောင်းတွေ့
သည်။

အင်းဝခေတ်စာပေများအနက် ရှင်အုန်းညို၏ဂါထာ ခြောက်
ယ်ပျို့ကို လေ့လာကြည့်လျှင် ထိုခေတ်ကစိုက်ပျိုးရေးနည်းလမ်း
ည်းကမ်းများကို တွေ့ရပေလိမ့်မည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍
ကြားပြည့်စုံလှသည် ရွှေဟသာ်မင်းပျို့ကို ရဟန်းစာဆို ရှင်တေဇော
ရေးဖွဲ့ခဲ့ဖူးသည်။ စိုက်ပျိုးရေးတွင် ရေသည် ပဓာနကျကြောင်း
ဆိုတင်ပြထားသည်ကို တွေ့နိုင်ပေသည်။ ဆရာတော်သည် စပါး
ထွက်ကောင်းရန် ထွန်ယက်နည်းကိုလည်း သင်ပေးခဲ့သည်။
ောက်ပင်များ လှန်လာသည့်အချိန်တွင် ကတွတ်ပေါက်ကိုဖွင့်၍
တ်ပြီးလယ်ကွက်အတွင်းမှရေကို ထုတ်ပစ်ရန်၊ ရေသစ်သွင်း
ရန် လမ်းညွှန်ပြထားသည်။ စပါးအထွက်ကောင်းစေရန်
ထုတ်ရေသွင်းနည်း၊ နည်းလမ်းစည်းကမ်းများကို သင်ကြား
ခြင်းပင်ဖြစ်သည်။ ဝါးစိုက်ရာတွင် အရည်အသွေးကောင်းသည့်
န်များထွက်ရှိအောင် စိုက်ပျိုးသင့်ကြောင်း၊ ပိုးမွှား၊ ကျေးငှက်
ရှောင် အန္တရာယ်ကိုကာကွယ်ရန် စသည်ဖြင့် လယ်ယာစိုက်ပျိုး
ည်းများကို အသေးစိတ်ဖော်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်ဘူခေတ် နတ်ရှင်နောင်ဖိရေတုများအရ၊ စပါးစိုက်ပျိုး
ရေးအတွက် ရှစ်ဝပ်လည်အောင် ထွန်ယက်နည်းပညာကို စန
ကျနစွာ သုံးစွဲလုပ်ကိုင်နေပြီဖြစ်ကြောင်း သိရသည်။ အမတ်ကြီး
မဟာပညာကျော်၏ ရေးသားချက်အရလည်း ကောင်ဘူခေတ်တွ
နွားချေးကို မြေဩဇာအဖြစ် စည်းကမ်းတကျ သုံးစွဲတတ်
ဖြစ်ကြောင်း သိရှိရသည်။ ညောင်ရမ်းခေတ် တောင်ဖီလာဆ
တော်ကလည်း မြှောင်တောင် အန္တရာယ်ကို ဖော်ပြခဲ့သည်
ပင်းယခေတ် ဦးကုလား ရာဇဝင်အရ သာလွန်မင်းလက်ထက်တွ
စိုက်ပျိုးရေးဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများကို လေ့လ
သိရှိနိုင်သည်။

ကုန်းဘောင်ခေတ်တွင်လည်း အလောင်းမင်းတရားကြီးသည်
ဆည်တည်ဆောက်နည်းပညာနှင့် ပတ်သက်၍ ကြိုးပမ်းအကော
အထည်ဖော်ခဲ့သည်။ ဝိနည်းကျော်သူဦးပြသည် မဟာနန္ဒာ ကန်တော်
ကြီး တူးဖော်ဆည်ဖို့သည်ကို မျက်မြင်ကြုံခဲ့သူဖြစ်သည်။ ထို့ကြော
ကဝိလက္ခဏာသတ်ပုံ သံပေါက်တွင် စိုက်ပျိုးရေးနှင့်ပတ်သက်
နည်းပညာပိုင်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန် အချက်များ
ထည့်သွင်းလမ်းညွှန်ခဲ့သည်။





ရှေးခေတ်မြန်မာတို့၏ လယ်ယာထွန်ယက်စိုက်ပျိုးရေး
ည်းစနစ်သည် သိပ္ပံနည်းကျချင်မှ ကျပေမည်။ အမျိုးမှန်ချင်မှ
န်ပေမည်။ အထွက်တိုးချင်မှ တိုးပေလိမ့်မည်။ သို့ရာတွင် ရှေး
စ်ပေါင်းများစွာကပင် ထွန်ယက်ရေးနည်းပညာကို စည်းကမ်းတကျ
တ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်သည်။

ထိုခေတ် တောင်သူလယ်သမားတစ်ဦး ထွန်နေသောအခါ
မိသူတစ်ယောက်အနေဖြင့် တစ်ပတ်ပြီးတစ်ပတ် လှည့်လည်
သည်ဟုသာ ထင်ရသည်။ အမှန်စင်စစ် ရှေးမြန်မာကြီးတို့သည်
န်သည့်နေရာတွင်လည်း စည်းစနစ်ရှိသည်ကို တွေ့ရလိမ့်မည်။
းတောင်သူဦးကြီးများက ခရုပတ်ထွန်နည်း၊ ရစ်ခေါက်ထွန်နည်း၊
ာ်လှလည်ရောက်ထွန်နည်း၊ လပြည့်ဝန်းထွန်နည်း၊ ထွန်ရေးစုံ
န်နည်း၊ ထွန်ရေးကြီး ထွန်နည်း၊ ထောင့်သန်းထွန်နည်းဟူ၍
န်နည်း ခုနစ်မျိုးကို သတ်မှတ်ပေးခဲ့သည်။

မုံရွေးဆရာတော်၏ မှတ်စုမှာပင် နန်းတော်တည်ဆောက်မည့်
ကို ထွန်ယက်ရမည့်စည်းကမ်းကို အတိအကျ ဖော်ပြခဲ့သည်။
ရာတော်၏ မှတ်စုများအရ ရှေးအခါကပင် မြန်မာကြီးတို့သည်
ကောင်းမကောင်း၊ မိုးရွာမရွာ ခန့်မှန်းသည့် နည်းပညာကိုလည်း
စ်တကျ တတ်မြောက်သုံးစွဲနေပြီးဖြစ်ကြောင်း သိနိုင်သည်။

www.burmeseclassic.com



ဤသည်ကို ထောက်ရှု၍ ရှေးခေတ်မြန်မာ့လယ်ယာ
များကို ထွန်ယက်စိုက်ပျိုးရာတွင် ရှေးမြန်မာကြီးတို့သည် မည်
အထိ စည်းကမ်းတကျရှိခဲ့ကြောင်း သိနိုင်လောက်ပေ၏။

ရှေးမြန်မာလယ်သမားကြီးများ၏စပါးပုံကို ကြည့်ရှု၍
စပါးတင်းရေ မည်မျှရှိနိုင်သည်ကို ခန့်မှန်းတတ်ကြသဖြင့် ချီးကျ
ဖွယ်ရာပင်။ ရှေးမြန်မာကြီးများသည် 'ဒူးတစ်ဆယ်ပေါင်၊ လ
အစိတ်'ဟု ဆိုတတ်ကြသည်။ စပါးပုံသည် ဒူးလောက်ရှိ
ဆယ်တင်း၊ ပေါင်လယ်ရှိလျှင် ၂၅တင်းရှိသည်ဟု ဆိုလိုခြင်းဖြစ်သ

မြန်မာမင်းများလက်ထက် ဈေးပွားကုန်သွယ်မှုဆိုင်ရာ စည်း
စည်းကမ်းများကိုလည်း လေ့လာကြည့်သင့်သည်။ ပုဂံခေတ် မြ
လူ့ဘောင်ဖွဲ့စည်းမှုသည် ရှုပ်ထွေးလှသည်။ မြန်မာစီးပွား
စနစ်သည် ကုန်ပစ္စည်းချင်း ဖလှယ်မှုပေါ်တွင် အခြေခံခဲ့သ
ပြည်ပကုန်သွယ်မှုဆက်ဆံရေး မရှိသလောက် ဖြစ်ခဲ့သည်။

ပင်းယနှင့် စစ်ကိုင်းခေတ်တွင် မြန်မာ့စီးပွားရေးဘဝသ
ပဒေသရာဇ်စီးပွားရေးစနစ်ဖြစ်သည်။ ပြည်ပသို့ တင်ပို့ရောင်း
မရှိသေးချေ။ အင်းဝခေတ်တွင် ဥရောပနိုင်ငံ၊ ဥရောပတိုက်သ
များနှင့် ကုန်သွယ်မှု စတင်နိုင်ခဲ့သည်။



နယ်ခြားကုန်သွယ်ရေး စတင်လာသည်။ အင်းဝခေတ်သည်
အိမ်နီးချင်းနိုင်ငံများနှင့်သာ ဆက်သွယ်ရောင်းဝယ်သည့်ဘဝမှ တစ်ဆင့်
မြင့်လာသည်။ ဥရောပနိုင်ငံများနှင့် အစောဆုံးဆက်သွယ်ရောင်းဝယ်
ခဲ့သည့်ကာလပင်ဖြစ်သည်။

၀

www.burmeseclassic.com

## အခန်း(၁၃)

# မြန်မာ့ကျန်းမာရေးပညာပေးစည်းကမ်း

ကျန်းမာခြင်းဟူသည်မှာ အဘယ်နည်း၊ ကမ္ဘာ့ကျန်းမာရေ
အဖွဲ့ကြီး၏ တရားဝင်အဓိပ္ပာယ် ဖွင့်ဆိုချက်အရ ကျန်းမာခြ
ဆိုသည်မှာ ရောဂါဝေဒနာကင်းရှင်း၍ ကိုယ်အင်္ဂါချို့ယွင်းမှုမရှိခြ
ထို့ပြင် ကာယသုခ၊ စိတ္တသုခ စသည်တို့ဖြင့် ပြည့်စုံနေရခြင်း
ဖြစ်သည်။ တစ်နည်းအားဖြင့် ကိုယ်ကျန်းမာမှုနှင့် ပြည့်စုံခြ
စိတ်ချမ်းသာမှုရှိခြင်း၊ ပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံမှုအဆင
ကောင်းမွန်ခြင်းတို့ဖြစ်သည်။ ခန္ဓာကိုယ် တစ်ကိုယ်လုံး ကျန်းမ
ရှိမရှိကို ကိုယ်ခန္ဓာတည်ဆောက်ထားသည် အင်္ဂါအစိတ်အပ
အသီးသီးတို့တွင် ချွတ်ယွင်းချက် လုံးဝကင်းရှင်း၍ ပုံမှန်အတိ
ဆောင်ရွက်နေနိုင်မှုကိုကြည့်မှ သိနိုင်သည်။ စိတ်ညစ်ညူးခြင်း၊ ပူ
သောက ဗျာပါဒများခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိတ်ဖောက်ပြန်ခြ
မှုမမှန်ခြင်း၊ ရူးသွပ်ခြင်း စသောစိတ်ဝေဒနာအမျိုးမျိုးမှ ကင်းရှ



ခြင်းရှိ မရှိ မိမိလုပ်ကိုင်ဆောင်ရွက်နေသမျှ စိတ်ပါဝင်စားမှု၊ ကျေနပ်အားရပျော်ရွှင်မှုရှိမရှိတို့ကိုကြည့်မှ စိတ်ကျန်းမာခြင်းကို သိရသည်။ လူမှုရေးသတ္တဗေဒတဖြစ်မှု၊ ပတ်ဝန်းကျင် လူနေမှုအသိုင်းအဝိုင်းနှင့် ပေါင်းသင်းဆက်ဆံရေး အဆင်ပြေမှု၊ လွတ်လပ်စွာနေထိုင်နိုင်မှုသည့်အချက်များကိုလည်း ထည့်တွက်ရသည်။

ကျွန်ုပ်တို့အသက်ရှည်စွာ အနာမဲ့ကြောင်းအတွက် ကြိုးပမ်းအားထုတ်ကြရာတွင် တစ်ကိုယ်ရေ သန့်ရှင်းကျန်းမာခြင်းသည် လွန်စွာအဓိကကျသည်။ ကျန်းမာရေးအတွက် အခြေခံအချက်များစွာအနက် အရေးအကြီးဆုံး ပထမအချက်မှာ မိမိကိုယ်ကိုမိမိ သန့်ရှင်းအောင်နေတတ် ထိုင်တတ်ခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ကိုယ်ခန္ဓာအတွင်း သန့်ရှင်းမှုရှိအောင် ဆီး၊ ဝမ်းမှန်အောင် လေ့ကျင့်ပေးခြင်းဖြစ်သည်။

တတိယအချက်မှာ မိမိနှင့်သင့်တော်မည့် အစားအစာမျိုးတို့မှ တန်ရုံလောက်သာ ချင့်ချိန်စားသောက်ရခြင်းဖြစ်သည်။ ပဥ္စမအချက်မှာ လေကောင်းလေသန့်နှင့် ရေကောင်းရေသန့်လိုအပ်ခြင်း၊ တစ်ချိန်တည်းမှာပင် စိတ်ဓာတ်အတွက် နံနက်နေရောင်ခြည်ကို ခံယူရရှိရန် လိုအပ်ခြင်း၊ ဆဋ္ဌမအချက်မှာ ပတ်ဝန်းကျင်သန့်ရှင်းခြင်းတို့ဖြစ်ကြသည်။

www.burmeseclassic.com



ရှေးမြန်မာကြီးများလက်ထက်က လူသားများအတွ
ကျန်းမာရေးကို ယခုခေတ်ကဲ့သို့ ဖွားစွာပူပင်ကြောင့်ကျမှုရှိ
မဟုတ်ဟု ယူဆခဲ့ကြသည်။ မည်သူကမျှ တာဝန်ယူ၍ မည်သူ
ကိုမျှ ကျန်းမာရေးပညာပေးလုပ်ငန်းများဖြင့် လှုံ့ဆော်သတိ
တတ်ကြမည်မဟုတ်သေးဟူ၍လည်း ယူဆမိခဲ့ကြသည်။ မည်သို့
ဆိုစေ မြန်မာတို့အတွက် ဂုဏ်ယူစရာကောင်းသည့်အချက်မှာ
မြန်မာကြီးတို့သည် ကျန်းမာရေး၏တန်ဖိုးကို ကောင်းစွာသိနား
ခဲ့ကြပြီး အမှန်ဆုံး နည်းစနစ်တစ်ရပ်ဖြင့် ကျန်းမာရေးပညာ
အစီအစဉ်များကို လမ်းညွှန်ပြနိုင်ခဲ့ခြင်းဖြစ်သည်။

ရှင်မဟာသီလဝံသ၏ တိလောကဟု ဆုံးမစာတွင် ‘အ
ခြေရင်း၊ ကျောင်းသလင်းတွင်၊ မြက်သစ်ပင်ကို၊ မြင်လျှင်မ
မတင့်တယ်သော်၊ လယ်၍မပြတ်။ တံမြက်ခတ်’ဟု ထည့်
စပ်ဆိုခဲ့သည်။ ‘သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေ
မြင်သော်၊ ခေါ်ဝင်ညီညွတ်၊ သွား၍ခပ်’ဟူ၍ မှာကြားခဲ့သည်
‘နေ့ညဉ့်နံနက်၊ ကျိန်းစက်မွေ့ရာ၊ သင်ဖြူးဖျာကို၊ ခင်
ယူပြား၊ ခေါက်သွင်းထား’ဟူ၍လည်းကောင်း၊ ‘ခရီးပန်
လာသည်မြင်သော်၊ အလျင်ယူလှမ်း၊ ဝတ်သက်နှင်းကို၊ ချွေးစွန်းမှ
နေပူဖြန့်လှား၊ သွင်းခေါက်ထား’ဟူ၍လည်းကောင်း ဂရုတ



မှာကြားထားသည်။ ‘ကိုယ်လက်ဖိန်း၍၊ ကျိန်းစက်သော၏၊ တစာ
တနင်၊ ပြာပြာလျောင်လျောင်၊ တပေါင်ပေါင်သည်၊ ခေါင်ခေါင်
တွမ်းကို မနင်းနှင့်’ဟူလည်း အလေးအနက်မှာကြားသည်။

‘သပိတ်၊ ဆွမ်း၊ ခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်းဝင်ဖျပ်ကို၊
ပွတ်တိုက်ညစ်ကြေး၊ မြူးမှေးမတင်၊ စင်အောင်ဆေး’ဟူ၍လည်း သတိ
ပေးသည်။ ‘ကျောင်းတွင် အိမ်တွင်၊ မသန့်စင်၍၊ မြင်သည်ယိုသော်၊
ယူငင်သိမ်းဆည်း၊ အထည်းသို့ပြား၊ ကောင်းကောင်းထား’ဟူ၍
တိုက်တွန်းထားသည်။ ဆရာတော်သည် ကျောင်းတွင် နာဖျား
ကျန်းမာသော ရဟန်းရှင်လူရှိပါက ကြင်ကြင်နာနာ ညီညာဖြဖြ
ဆေးဝါးပေး၍ ကုသကြရန်လည်း သတိပေးခဲ့သည်။

ရှင်မဟာသီလဝံသည် သူတစ်ပါး၏ သက်နှင်းအဝတ်အစား
များကို ကောက်သူဝတ်ဆင်တတ်သူများအတွက်လည်း သတိပေး
ခဲ့သည်။ ကန်တော်မင်းကျောင်းဆရာတော်ကလည်း ‘ဓာတ်ပျက်
သည်းခြေ၊ သွေးလေချောက်ချား၊ သလိပ်ဖျားက စသည့်ရောဂါ
အနာမျိုး၊ ကိုးဆယ့်ခြောက်ပါး၊ အပြားပြားကို မမှားလပ်အောင်၊
ကုသဆောင်၍၊ အခေါင်သမား ပြောက်စေမင်း’ဟူ၍ ရှေးသမား
တော်ကြီးများကို သတိပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စိန္တကျော်သူ ဦးညြကလည်း 'ဆည်းဆာနေဝင် ဆဲ ... တွင်၌၊ အိပ်ချင်သော်လည်း၊ စိတ်ကိုတည်း၍'ဟူ၍ အိပ်ချိန်ကန့်သတ်ပေးခဲ့သည်။ 'ခုလုထစ်ခွင့်၊ နိမ့်မြင့်မောင်းထောင်၊ မာ... ကျောလွှန်း၊ ကြမ်းစွန်းဖျားနား၊ မိုးတားရုံယာ၊ လွတ်ရာမှာလည်း ရှောင်ပါအိပ်ခင်း၊ လွတ်ရှင်းရှင်း'ဟူ၍ မအိပ်သင့်သည့်နေရာကိုလည်း ပြဆိုခဲ့သည်။ 'မစင်မကြယ်၊ ရွံ့ဖွယ်စက်ဆုပ်၊ မည်းပုပ်မွဲပြာ၊ ထမ... သေး၊ ဖွယ်ဆေးမလျှော်၊ ညှိစော်မြေးသန်း၊ ဟောင်းနွမ်းစုတ်ပြ... ညှိုးညစ်ဂတ်က၊ မဝတ်လေရာ'ဟူ၍လည်း တားမြစ်သည်။

'စားခင်းမှာတုံ၊ ရသာထွေပြား၊ မြိန်မြတ်ခြားလည်း၊ ... မကြူးရော၊ ပူဆာစပ်ငန်၊ ချဉ်ပန်ချိုခါး၊ ထွေထွေစားစားလည်း သုံးပါးဥတု၊ မြော်ရမ်းရှုလော့'ဟူ၍ အစားအစာကို သတိနှင့်စား... သင်ကြားပေးခဲ့သည်။

'ပိုးမွှားလောက်ကျို၊ မြူဘိနောက်ထင်၊ သန့်စင်မကြ... ရေကိုသည်လည်း၊ ချပ်ဆည်အာသာ မသောက်ရာတည့်'ဟူ၍လည်း ရေကောင်းရေသန့်ကိုသာ သောက်စေသည်။ 'ထမင်းစိမ့်... မနပ်သောအခါ၊ အစာမကြေ'ဟူ၍လည်း ထမင်းမနပ်လျှင် အ... မကြေတတ်ကြောင်း မှာကြားခဲ့သည်။





ဦးညြသည် သမားတော်များကိုလည်း 'ရောဂါဖခင်း၊ ရှိနိုင်... ခြင်း။ တနင်္ဂနွေ၊ စနေပါပ၊ လက်ကျစန်းရောက်၊ ရှေ့နောက် ...ခင်း။ ယိုယွင်းဇာတာ၊ ကြိုပ်သက်မှာလည်း၊ ပညာဆေးကု ...အောင်ပြုလော့'ဟူ၍ တိုက်တွန်းခဲ့သည်။ နဝရတ်ကိုးသွယ် လင်္ကာ ...လည်း 'တိုရှည်နီးဝေး၊ မွှခွင့်ရေးကို၊ ထောက်တွေး၊ မြော်မြင်၊ ...သင်တူရော၊ သမားကောင်းသည်၊ ကြိုးကောင်းဖွဲ့နည်၊ ပြည့်နား ...သည်'ဟူ၍ ပြဆိုခဲ့သည်။

ကျည်းကန်ရှင်ကြီးကမူ 'မမြင်အပ်သည် ဆေးသမား' ...၍ ရေးခဲ့သည်။ ပေါက္ကံမောင်ချိုကားပုံတွင်လည်း 'အစားလွန် ...တယ'ဟူ၍ သတိပေးထားသည်။ စဉ့်ပါဆရာတော်ကလည်း ...တိုးမိုး ပိုဒ်ရေ ၁၉၅တွင် 'မြတ်သောဇော် ချိုချဉ်များ၊ စားသောက် ...သမီးလျှင်၊ ဖြမ်းသက်ကာယ်ထိုင်နေက၊ ကိုယ့်သားရေ လွှမ်းပြည့်မြိုး၊ ...သိမ့်ထင်ထင်'ဟူ၍ ထမင်းစားသောက်ပြီးနောက် လှုပ်လှုပ်ရှားရှား ...လာနေထိုင်သင့်ကြောင်း၊ သို့မဟုတ်ပါက ခန္ဓာကိုယ်အဆမတန် ...လေးကန်လာတတ်ကြောင်း သတိပေးခဲ့သည်။

ကျန်းမာရေးပညာပေး ဆွေးနွေးသင်ကြားပေးခဲ့ရာတွင် ...တော်မြင်ဆရာကြီး ဦးပညာကလည်း ...

'သစ်ပင်ခုတ်တဲ့ ကျေးသားနှုတ်နှုတ် ကြက်ငှက်လိုက်ထောင်



www.burmeseclassic.com

www.burmeseclassic.com



တယောင်ယောင်လျှင်၊ ကတောင်ချောက်ချား၊ ပြေးလွှားလျှိုင့် တောင်တို့ချောက်ပြန်၊ အဖန်ဖန်တည်၊ ပူပန်စိုးစွတ်၊ ကိုယ်အဝတ်ကို မချွတ်မလှန်း၊ ခပ်တန်းတန်းကြောင့်၊ သန်းဆူ သန်းပြူ၊ ရှုရှုလည်း တက်၊ ဇေါက်ညှိနံ၊ ဦးဆံမသိမ်း၊ ဆီမလိမ်းဘဲ၊ ချမ်းငြိမ်းရေမိုး မချိုးမသွန်း၊ မတွန်းကြေးနစ်၊ အညစ်ညစ်နှင့်၊ ဖြစ်စလက်ခတ် ဟူ၍ တောင်ပြေး ချောက်ပြေးနှင့် ဆော့ကစားပြီး၊ ချွေးတလုံးလုံး အဝတ်အစားကို မဖွပ်မလျှော်ခြင်း၊ ဦးခေါင်းဆံပင် ဆီမလိမ်းခြင်း ချေးတွန်းရေချိုးခြင်းမပြုလျှင် မည်သို့ဒုက္ခမျိုးနှင့် ကြုံတွေ့ရတတ် ကြောင်း သတိပေးခဲ့သည်။

ထိုကဲ့သို့ပင် ...

'ဤသည့်မြေကို၊ အနေတကျ၊ မြနိစ္စလျှင်၊ တူးဆွသသူ ကြေးမြူစင်စေ၊ လက်နှင့်ခြေကို၊ ရေမဆေးမူ၊ သွားဝင်ဖြူအောင် ဒန်ပူမခြစ်၊ ညစ်ပတ်သသူ၊ ဖြစ်ထူကြေးမွမ်း၊ ဝတ်လဲနှမ်းတ ဖုံးလွှမ်းမချွတ်၊ ဝတ်တတ်သသူ။ မွှေးကြူအနံ့၊ သင်းပျံ့အေးမြ ဆီမလိမ်းဘဲ၊ မသိမ်းဦးဆံ၊ အနံ့နံနှင့်၊ ခြောက်ခံသသူ၊ အမူအရာ မသင့်စွာလျှင်၊ ဆည်းဆာနှစ်ပါး၊ အချိန်များ၌၊ အိပ်များသသူ' ကိုလည်း မြေကြီးကဲ့သို့သော အညစ်အကြေးများကိုကိုင်ပြီး ရေဆ ဆေးကြောသင့်ကြောင်း၊ သွားတိုက်သင့်ကြောင်း၊ သန့်ရှင်းသေ





အဝတ်ကို ဝတ်သင့်ကြောင်း၊ ဦးခေါင်းဆီလိမ်းသင့်ကြောင်း၊ အချိန်အခါ မတော်တွင် မအိပ်သင့်ကြောင်း စသည်ဖြင့် ကျန်းမာရေးပညာပေး ခဲ့သည်။

ကျီးသဲလေးထပ်ဆရာတော်က ...

'သလိပ်သည်းခြေ၊ သွေးလေမကောင်း၊ အနာထောင်းသော်၊ အကောင်းဒေါသထုတ်'ဟူ၍ ဝမ်းချုပ်မခံသင့်ကြောင်း မှာကြားသည်။ 'ကိုယ်တွင်ရောဂါ၊ ကပ်ခဲ့လာ၊ အနာမရင့်ပါစေနှင့်'ဟူ၍လည်း သတိ ပေးခဲ့သည်။

ကျောင်းပင်သာ ဦးပုည၏ သုတရတနာဆုံးမစာတွင်လည်း ...

'အစာနှင့်ခိုင်း၊ ဝမ်းကိုနှိုင်း၊ ဝင်တိုင်းမစားနှင့်'ဟူ၍ လည်းကောင်း၊ 'နေ့ညချင့်နှိုင်း၊ ကာလပိုင်း၊ ပျော်တိုင်းမအိပ်နှင့်' ဟူ၍လည်းကောင်း တွေ့ရလိမ့်မည်။ 'ဆေးကုဆရာ၊ မလိမ်မာ၊ သူနာအသုံးဆုံးတတ်သည်'ဟူ၍လည်း သမားတော်များကို အတိ အလင်း အသိပေးခဲ့သည်။

ဖိုးသူတော်ဦးနုစကားပုံတွင် 'သေရည်ကို မသောက်နှင့်။ ရေကြည်ကို မနှောက်နှင့်။ သေရည်သောက်က အပါယ်ဘုံသို့ ကျတတ်သည်။ ရေကြည်ကို နှောက်က အနည်မှုန်တို့ ထတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်’ တူ၍ မိန့်ဆိုခဲ့သည်။ ‘မတော်တာကို မပြည်းမစားနှင့်၊ အဖော်မပါလျှင် ခရီးမသွားနှင့်။ မတော်တာကို ပြည်းစားမိက ဘေးရလို့ ရောဂါပွားတတ်သည်’ တူ၍လည်းကောင်း၊ ‘ဆရာပြော သမျှကို အပြီးမမှားလေနှင့်၊ အနာရောဂါကို မကြီးပွားစေနှင့်၊ ဆရာပြောသမျှကို အပြီးမှားက မုချမှောက်တတ်သည်။ အနာရောဂါကို ကြီးပွားစေက ဒုက္ခရောက်တတ်သည်’ ဟူ၍လည်းကောင်း သတိပေးရေးသားခဲ့သည်။

အမှာတော်ရေး ဦးရှင်ကလေးကလည်း အဝတ်တွင်လည်း ‘မစင်မကြယ်၊ ရွံ့ဖွယ်စက်ဆုပ်၊ မည်းပုပ်မွဲပြာ၊ တမကြေသေး၊ ဖွပ်ဆေးမလျှော်၊ ညှီစော်မြေးသန်း၊ ဟောင်းနွမ်းစုပ်ပြတ်၊ ညှိုး ညစ်ပတ်က၊ မဝတ်လေရာ’ တူ၍ မိန့်မှာခဲ့သည်။ ‘ပိုးမွှားလောက်ကို မြူညှိနောက်တင်၊ သန့်စင်မကြည်၊ ရေကိုသည်လည်း၊ ချုပ်ဆည် အသာ၊ မသောက်ရာတည့်’ ဟူ၍လည်းကောင်း၊ ‘ရှုစ်ရပ်ဖျော်မည်၊ ဆီကြည်ထောပတ်၊ မြိန်မွန်မြတ်လည်း၊ ကြိုက်တတ်သော့အား၊ လျှာကိုထား၍၊ မများစေရ၊ သင့်ရုံမျှသာ၊ သောက်လေရာ၏’ တူ၍ လည်းကောင်း၊ အစားအသောက် ဆင်ခြင်စားသုံးရန် လှုံ့ဆော် သတိပေးခဲ့သည်။

ကုန်းဘောင်ခေတ်ဦးပိုင်း အလောင်းမင်းတရား လက်ထက်





တွင်လည်းကောင်း၊ ဘိုးတော်မင်းတရားလက်ထက်တွင်လည်းကောင်း။ ကုန်းဘောင်ခေတ်နောက်ပိုင်း မင်းတုန်းမင်းနှင့်သီပေါမင်းလက်ထက် တို့တွင်လည်းကောင်း၊ မြန်မာ့ဆေးကျမ်းများ ပြုစုထင်ရှားခဲ့သည်။ မြန်မာမင်းများလက်ထက်က သမားတော်ကောင်းတစ်ယောက် ကိုနန်းသုံးတော်ဝင်အဖြစ် ‘ဘိသက္ကရာဇာ’ သမားတော်ဘွဲ့ အပ်နှင်း လေ့ရှိသည်။

ယင်းဘွဲ့ကိုရရှိရန် ထိုပုဂ္ဂိုလ်သည် သမားတော်ကြီးများ ၏ရွေးချယ်ခြင်းကို ခံရသည်။ လူနာဘေးတွင် အတွေ့လက်တွေ့ တတ်မြောက် ကြောင်း ထင်ရှားစွာပြနိုင်ရသည်။ သမားသုံးဦးမှကိုးဦးအထိပါဝင်သော ဂိုဏ်းရင့်သမားတော်အဖွဲ့မှ ပြုလုပ်သည့် အစစ်ဆေးခံ စာမေးပွဲကို အောင်မြင်ရသည်။

သမားတော်ဘွဲ့ခံယူရန် သင့်တော်သူဖြစ်ကြောင်း အတွင်းဝန် (အမတ်ချုပ်ကြီး)ရွှေတိုက်ဝန်၊ ဒံ့တော်ဆင့်ကြီး၊ စာရေးတော်ကြီး၊ နှင့်ထောက်မင်းတို့၏ ထောက်ခံချက်ကို ရရှိရသည်။ ရွှေတိုက်ဝန် သည် သမားတော်ဘွဲ့ပေးအပ်ရေးကိစ္စနှင့်ပတ်သက်သော တာဝန်ကို ထမ်းဆောင်ရသည်။ အလွန်ခက်ခဲပြင်းထန်သော စာမေးပွဲကို အောင်မြင် သော သမားတို့သည်သာ ၎င်းတို့၏အမည်နှင့်တွဲ၍(တော်)တပ် ရသည်။ သမားတော်ဘွဲ့ ချီးမြှင့်ခံရသူများကို ခွဲခြားသိသာနိုင်



www.burmeseclassic.com

www.burmeseclassic.com



စေရန် ရာထူးဌာနန္တရအလိုက် အဝတ်တန်ဆာတို့ကို ဝတ်ဆင်ရသည်။ နေမျိုးဘိသက္ကရာဇာမင်းထင် ဘိသက္ကရာဇာ၊ မဟာဘိသက္ကရာဇာစသော ဘွဲ့တံဆိပ်တို့ကို ခံယူရသည်။

ဘုရင့်သမားတော်တို့သည် မြို့ရွာများကိုလည်း ပိုင်စားရသည်။ မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်တွင်မှ လခကြေးငွေ ရရှိသည်။ အသိအမှတ်ပြုခံရသော သမားတော်ကြီးတို့သည် နန်းတော်အတွင်း ပွဲလမ်းသဘင် မင်းခမ်းမင်းနားများသို့ ဖိတ်ကြားခံရသည်။ မှူးကြီးမတ်ကြီးများ ဝတ်ဆင်သကဲ့သို့ ခေါင်းပေါင်းဖြူ ဖော့လုံးနှင့် အင်္ကျီရှည်ကြီးများကို ဝတ်ဆင်ကြသည်။

ဘုရင်မင်းမြတ်ရှေ့တော်တို့ အတားအဆီးမရှိ ဝင်ခွင့်ထွက်ခွင့်လည်းရရှိသည်။ ဘုရင်အသိအမှတ်ပြုခံရသော သမားတော်ကြီးဟု အများပြည်သူ သိနိုင်ရန် ရွှေမြိတ်များပါရှိသော ကတ္တီပါဆေးလွယ်အိတ်ကို လွယ်ရသည်။ ထိုခေတ်က ဘုရင့်အသိအမှတ်ပြု သမားတော်ကြီးတို့သည် စစ်ပွဲ၌လည်း အမှုထမ်းဆောင်ရသည်။ စစ်ချီတက်လျှင် မကျန်းမာသူ ဒဏ်ရာရရှိသူတို့ကို ကုသရန် မြန်မာ့တပ်မတော်သားကြီးများနှင့်အတူ လိုက်ပါဆောင်ရွက်ရသည်။

ရှေးခေတ်မြန်မာလူမျိုးတို့၏ ကျန်းမာမှုနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် စည်းကမ်းစနစ်များ တိကျစွာထားရှိသည့် အ





ထောက်အထားများကိုလည်း တွေ့နိုင်သည်။ ဥပမာ ဆေးသမားတို့သည် သူတစ်ပါးတို့ ကုထုံးကုနည်းကို များစွာတွေ့ကြုံဖူးခြင်း၊ စိတ်စင်ကြယ်ခြင်း၊ ဆေးကုသောအရာ၌ ကျွမ်းကျင်လိမ္မာခြင်း၊ ဆေးကျမ်းစာစောင်တို့ကို တတ်မြောက်ခြင်းဟူသော ဂုဏ်အင်္ဂါ လေးရပ်နှင့် ပြည့်စုံရသည်။

ပုဆိုးအဝတ်နွမ်းသော ဆေးသမား၊ မာနကြီးသော ဆေးသမား၊ ယဉ်ကျေးသောစကားကိုမတတ် စကားရိုင်းကိုသာတတ်သော ဆေးသမား၊ မပင့်ဖိတ်ဘဲ လူနာအိမ်သို့ လာရောက်တတ်သော ဆေးသမား၊ စသည်တို့ကို စွန့်ပစ်တားမြစ်ထိုက်သော ဆေးဆရာမျိုးအဖြစ် တိကျပြတ်သားစွာ သတ်မှတ်ထားသည်။

သူနာပြုအင်္ဂါများကိုလည်း တိကျစွာ ခွဲခြားထားရာ ဆေးကို ဖော်စပ်ခြင်းငှာ စွမ်းနိုင်ခြင်း၊ လျောက်ပတ်သည် မလျောက်ပတ်သည်ကိုသိ၍ မလျောက်ပတ်သည်ကိုပယ်ပြီးလျှင် လျောက်ပတ်သည်ကို ကပ်ခြင်း၊ ပစ္စည်းလာဘ်လာဘကို မငဲ့ဘဲ မေတ္တာစိတ်ဖြင့် လူနာကို ပြုစုခြင်း၊ ကျင်ကြီး၊ ကျင်ငယ်၊ အံဖတ်၊ နှပ်၊ တံတွေး၊ ခန်းတို့ကို သုတ်သင်၍ ပစ်ခြင်းငှာ မစက်ဆုပ် မရွံရှာခြင်း၊ လူနာကို ရံဖန်ရံခါတရားနှင့် လျော်သောစကားဖြင့် ရွှင်လန်းစေခြင်းငှာ စွမ်းနိုင်ခြင်း စသည်တို့ပါဝင်ပေသည်။ ရှေးအခါက အသက်ကြွင်း



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိစေ၊ သတ္တုဂုဏ်လည်းရှိစေ၊ ကုစားၡ၍ရနိုင်သောရောဂါလည်းဖြစ်စေ၊ ဥစ္စာလည်းရှိစေ၊ အခွေ့ခင်ပွန်းကောင်းလည်းရှိစေ၊ ဆေးသမားဖါ်စကားကို နားထောင်တတ်သည်လည်းဖြစ်စေ၊ လောကဌ် ဆေးကျမ်းရှိဖါ်တူသော အယူဝါဒလည်းရှိစေ၊ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော လူနာကိုသာ ဆေးကုပေးရမည်ဟူ၍လည်း သတ်မှတ်ချက်ထားရှိသည်။

တစ်ချိန်တည်းတွင် အလွန်စိတ်ဆိုးလွယ်သော လူနာ၊ မသင်မကြိုပြုလေ့ရှိသော လူနာ၊ ကြောက်တတ်သော လူနာ၊ ကျေးဇူးကို ချေဖျက်တတ်သော လူနာ၊ တည်ကြည်ခြင်း၊ သည်းခံခြင်း၊ သတ္တုဂုဏ်မရှိသော လူနာ၊ စိုးရိမ်သောက နှောင့်ယှက်သောလူနာ၊ သေခါနီးသောလူနာ၊ မိမိ၌ဖြစ်သော ဝေဒနာတို့၏ အစွမ်းသတ္တိမှ တင်းသောလူနာ၊ ရန်သူဖြစ်သော လူနာ၊ ဆေးသမားကို လှည့်စားတတ်သောလူနာ၊ ဆေးသမား၌ ယုံကြည်ခြင်းမရှိသော လူနာ၊ ဆေးသမား၌ ယုံမှားသံသယရှိသော လူနာ၊ ဆေးသမား၏ စကားကို နားမထောင်သော လူနာ၊ ဆေးသမားယောင်ယောင်ရှိသော လူနာ၊ ၁၄ ဦးသော လူနာမျိုးတို့ကို ဆေးဝါးကုသမပေးရဟူ၍လည်း ဖြတ်သားစွာ စည်းကမ်းတစ်ရပ် ပညတ်ထားခဲ့ပေသည်။ ။

၀



အခန်း(၁၄)

## မြန်မာ့အားကစား စည်းကမ်း

အားကစားဟူသော ဝေါဟာရနှင့် ပတ်သက်၍ သုတေသီအချို့က ခွေးသံတရွဲရွဲဖြစ်လောက်အောင် အင်အားကို အသုံးပြု၍ ပြေးလွှားကစားခြင်းဟု အနက်ဖွင့်ကြသည်။ ခေတ်သစ်အဘိဓာန်များကမူ အားကစားဆိုသည်မှာ ရေကူးခြင်း၊ ပြေးခြင်း၊ အလေးမခြင်း စသည့် ကိုယ်လက်ကြံ့ခိုင်လှုပ်ရှားမှုဟူ၍ အဓိပ္ပာယ်ဖွင့်ကြသည်။ ရှေးမြန်မာနိုင်ငံတွင် ကိုယ်ပိုင်မြန်မာ့ယဉ်ကျေးမှုရှိသည့်နည်းတူ၊ ကိုယ်ပိုင်မြန်မာ့အားကစားနည်း အမျိုးမျိုးလည်း ရှိခဲ့သည်။ ရှိခဲ့သည်မှာ ရိုးရိုးသာမန်မျှသာမဟုတ်၊ စည်းကမ်းကျကျ၊ နည်းလမ်းကျကျ ရှိနေခဲ့ခြင်းဖြစ်သည်။

ရှေးဟိုးအမည်ခံ ဆာကျောစကော့က သူ၏စာအုပ်တွင် ကစားခုန်စားခြင်းဟူ၍ သီးသန့်ခေါင်းစဉ်တစ်ရပ်ပင် ရေးခဲ့သည်။ တစ်နေရာတွင် ...



www.burmeseclassic.com

www.burmeseclassic.com



'ခြင်းလုံးမှာ ကြိမ်ဖြင့်ယက်ထားပြီး များစွာပေါ့ပါး
လက်နှင့်မထိဘဲနိုင်သမျှ လေထဲတွင် အချိန်ကြာစွာ ရှိစေသ
တို့ကြောင့် ခြင်းလုံးကို တစ်ဦးတည်း(သို့မဟုတ်)လူအုပ်စု က
နိုင်ကြသည်။ ခြင်းလုံးကစားရာတွင် မည်သူမျှ ဖိနပ်မစီးရ၊ ခြေထော
များကို လွတ်လပ်စွာ ရွေ့လျားနိုင်ရန် ပုဆိုးသည် ဒူးအထ
ရှိနေရမည်'ဟူ၍ သရုပ်ဖော်ခဲ့သည်။

'လက်ဝှေ့ပွဲကား အတွေ့ရများသော ကစားနည်းတစ်
ဖြစ်သည်။ မြန်မာလက်ဝှေ့မှာ ဥရောပလက်ဝှေ့များနှင့် လုံးဝမ
ခြေရော လက်ရော ဒူးရော အသုံးပြုနိုင်သည်။ အနိုင်အရှုံး
သွေးထွက်လျှင် အနိုင်ရတော့သည်' ... စသည်ဖြင့် မြန်မာ့လက်
ကစားနည်းကိုလည်း သုံးသပ်ခဲ့သည်။

ရှေးမြန်မာမင်းများလက်ထက်တွင် အထင်ရှားဆုံးသေ
မြန်မာ့အားကစားနည်းတစ်ရပ်မှာ မြင်းခင်းသဘင်ဖြစ်သည်။ ပြာ
လတွင် ကျင်းပတတ်သည်။ မြင်းခင်းသဘင်ပွဲသည်။ ရှေးခေ
မြန်မာ့တပ်မတော်ကြီး၏ လူရည်ချွန်ရွေးပွဲ၊ သူရဲကောင်းရွေးပွဲ
ပြောလျှင် မမှားနိုင်ချေ။

ပြာသိုလမြင်းခင်းသဘင်သည် ဆင်တပ်၊ မြင်းတပ်၊ ခြေသ





တပ်၊ လေးသည်တပ်တို့၏ စစ်ရေးပြပွဲကြီးပင် ဖြစ်သည်။ အစွမ်းသတ္တိပြိုင်ပွဲကြီးပင်ဖြစ်သည်။

မြင်းခင်းသဘင်နှင့် ပတ်သက်သော စည်းကမ်းချက်များမှာ ယင်းပွဲတော်ကို ပြာသိုလတွင်သာ ကျင်းပရသည်။ တစ်လလုံးလုံး ကျင်းပရသည်။ မြင်းခင်းသဘင်ဟု အမည်တပ်ထားသော်လည်း ဆင်စီး၊ မြင်းစီး၊ လေးပစ်၊ အဲမောင်းရေး၊ ဓားရေး၊ လှံထိုး၊ စက်ပစ်များကိုပါ ယှဉ်ပြိုင်နိုင်ခွင့်ရှိသည်။ မြင်းခင်းသဘင်ပွဲကို လွှတ်တော်ရှေ့ရှိ ကွင်းပြင်ကြီးထဲတွင် ကျင်းပတတ်သည်။ ကွင်းထဲ၌ လှံထိုးစက်ပစ်ရန်နေရာ၊ ဓားခုတ်လှံထိုးရန်နေရာ၊ လေးပစ်ရန်နေရာ၊ မြင်းစီးရေးပြပွဲနေရာ စသည်ဖြင့် နေရာအသီးသီး သတ်မှတ်ထားရသည်။ စက်ထိုးရန်စက်ခွက်အဖြစ် သစ်သားစက်ဝိုင်းတွင် ဆေးဖြူသုတ်ထားပြီး၊ အလယ်ဗဟိုချက်၌ ဆေးအမည်းစက် အဝိုင်းတစ်ခု ထားရှိသည်။

ရှေးခတ်မြင်းခင်းသဘင် စက်ထိုးပွဲသို့ တပ်မှူး၊ မှူးမျိုး၊ မတ်မျိုး၊ မင်းညီမင်းသားမှစ၍ မည်သူမျှ မလာမရောက် မရှိစေရဟု စည်းကမ်းသတ်မှတ်ထားသည်။ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုမနေရဟူ၍လည်း ပြဋ္ဌာန်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်းခင်းသဘင်သို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ပြိုင်ပွဲ
သူသည် အဝတ်အစားကို ချပ်ချပ်ရပ်ရပ်ဝတ်ဆင်ရသည်။ ဆေး
နိုင်မြဲစွာ ဝတ်ဆင်ရသည်။ ပြိုင်ပွဲဝင်နေ့စဉ် မောက်တို၊ မောက်
ကျွတ်မကျစေရ။ မျဉ်းတို၊ မျဉ်းရှည်များလည်း ကျွတ်မကျရ
ဘုရင်တိုယ်တိုင် ရှုစားသော သဘင်ဖြစ်သောကြောင့် အဝတ်ဝု
ကျွတ်ခြင်း၊ အောက်ခံ အလှပြကတ္တီပါဘောင်းဘီ ကျွတ်ကျခြ
မောက်တိုမောက်ရှုခေါင်းမှ ကျွတ်ကျခြင်း၊ ဓားအိမ်ကျွတ်ခြင်း၊ မြ
ဇက်ကြိုးပြတ်ခြင်း စသည်များ မဖြစ်စေရပေ။

အကယ်၍ တစ်စုံတစ်ခု ဖြစ်ပျက်ခဲ့သော် မြင်းခင်းသဘင်
ဆွဲထုတ်ခံရသည်။ နေပူထဲတွင် မြင်းနှင့်အတူ တစ်နေကုန် နေလှ
ခံရသည်။

စက်ကွင်းလှံထိုးပွဲပြီးလျှင် ထူးချွန်စွာ အနိုင်ရရှိသူများသ
မင်းမိဖုရားတို့ရှိရာ စင်မြင့်များရှေ့တော်သို့ ကွင်းကိုပတ်လ
မြင်းအလှစီး၍ ဝင်ကြရသည်။ မိဖုရားကြီးက ရွှေကြင်ခတ်
များကို ဆုချတတ်သည်။ မင်းသမီးများနှင့် နန်းတွင်းအပျို
များက မိမိတို့ခေါင်းတွင် ပန်ဆင်ထားသော ပန်းများကို ပစ်
တတ်ကြသည်။ ပန်းများကို လက်ဖြင့် ဆီးခံပြီးလျှင် တစ်နေရာရာ
သွား၍ နား၌ပန်ရသည်။ မိဖုရားကြီးချီးမြှင့်သော ရွှေကြင်ခတ်



လည်း ရင်မှာ စည်းရသည်။ ယင်းသို့ပြုပြီးမှ ရှေ့တော်သို့
ဖြင့် တစ်ပန်ပြန်ကျော့လာရသည်။

စက်ပင်လှံထိုးပွဲအပြီးတွင် မြင်းရေပြပွဲများ ဆက်လက်
င်းပရသည်။ ပြိုင်ပွဲဝင်သူသည် မြင်း၏ စရိုက်ခြောက်ပါးကို
သူ မြင်းစစ်သည် အရည်အချင်း ခုနစ်ပါးနှင့် ပြည့်စုံသူ၊ မြင်းရေး
သ် ခုနစ်ပါးကို အခြေခံသိနားလည် ကျွမ်းကျင်သူတို့သာ ပါဝင်
ရသည်။ ယင်းသို့ အရည်အချင်း ပြည့်စုံသူတိုင်းသည် မြင်းရေး
–ရေးကို ယှဉ်ပြိုင်စီးနင်း ပြိုင်ပွဲဝင်ရသည်။ မြင်း၏စရိုက်ခြောက်ပါး
သည်မှာ မြင်း၏စိတ်နှင့်သွားလာခြင်းတို့သည် နူးညံ့ခြင်း၊ ခက်ထန်
း၊ အသွားနှေးခြင်း မြန်ခြင်း၊ ယဉ်ခြင်း၊ ရိုင်းခြင်း တို့ကို
ဆိုသည်။

မြင်းရေး ၃၇–ချင်းစီးရာ၌ မြင်းချည်းသက်သက် စီးရသည်
တတ်ပေ။ လက်ထဲတွင် ပန်းပွားတပ် အဲမောင်းခေါ် လှံရှည်ကြီး
ပါ စွဲကိုင်ထားရသည်။ လှံကစားရင်း စီးနင်းပြရခြင်းဖြစ်သည်။
မောင်းမြင်းရေး ၃၇–ချင်းဟု လူသိများသည်။

ပြိုင်ပွဲဝင်သူတို့သည် တစ်ဦးစီဖြစ်စေ အစုအဖွဲ့လိုက်ဖြစ်စေ၊
းစီးရေး၊ အဲမောင်းရေးများကို ပြရသည်။ ပြီးမှ မြင်းစီးလှံစွမ်းနှင့်
းစီးဓားစွမ်းတို့ကို ဆက်လက်ပြကြရသည်။ လှံစွမ်းပြမည့်သူ

www.burmeseclassic.com



များသည် သတ်မှတ်ထားသော တာလမ်းအတိုင်း မြင်းကို နှန်းစိုင်းနေ့ရှိသော ငှက်ပျောပင်ငုတ်တိုများကို မြေပေါ်၌ အဂ္ဂါအဝေး လာရသည်။ သတ်မှတ်ထားသော ခနရာစည်းကြောင်း ရောက်လျှင်မြှစွာ စိုက်ထားရသည်။ တိတိရိရိဖြတ်ထားသော ငှက်ပျောပင် မြေပြင်မှ အသင့်စောင့်နေသူတို့က ရောက်သီးကို မြေပြင်အတိုင်းထိပ်ပေါ်တွင် မြူတာမော် ရေအိုးငယ်များကို ရေအပြည့်ထည့်ပြီး လှိမ့်ပစ်ပေးလိုက်ရသည်။ ...င်ထားရသည်။ မြင်းစီးသူရဲကောင်းတို့သည် ငှက်ပျောပင်များ

မြင်းစီးသမားက မြေပြင်တွင် လိမ့်ပြေးလာသော ရောက်သီး...ရာသို့ မြင်းကို နှန်းစိုင်းစီးလာရသည်။ ယင်းသို့ နှန်းစိုင်းစီးလာရင်း မြင်းစီးနေရင်းကပင် လှံဖြင့် လှမ်းထိုးရသည်။ အထက်သို့ မြှော...က်ပျောပင်ကို ဓားဖြင့် တွက်လိုက်ရသည်။ ငှက်ပျောပင်ပြတ်သွား ပစ်ရသည်။ အထက်သို့တက်သွားပြီး ပြန်ကျလာသော ရောက်သီး...သော်လည်း ရေအပြည့်မြူတာအိုးမှာ ပြကတေ့အတိုင်းကျန်ရှိနေပြီး ကိုပင် မြင်းပြေးနေ...၍ လှံဖြင့်ကိုးခံရသည်။ ရောက်သီးသည်...က်ပျောပင်ပြတ်သွားမှန်းပင် မသိအောင် ခုတ်ပြနိုင်စွမ်းရှိရသည်။ လှံဖျားတွင် တံခိုသီသကဲ့သို့ စူးဝင်နေရသည်။ ထိုခေတ်က လှံ...က်ပျောပင်ကို လက်ဖြင့်တွန်းကြည့်မှ ဓားထိထားသောအပိုင်းနှင့် ကျွမ်းကျင်သူများသည် မိမိတို့၏ လှံဖျားတွင် ရောက်သီး(၁၀)လုံး...အိုးတို့မြေပေါ်သို့ ကျသွားတတ်သည်။ ဓားချက်ငြိမ်ခြင်း၊ (၁၂)လုံးအထိ ပုတီးစေ့များပမာ သိထားနိုင်စွမ်းရှိကြသည်။ ...အားနက်ခြင်း၊ လျှင်မြန်ခြင်း စွမ်းရည်များကြောင့်သာ ယခုကဲ့သို့

မြင်းစီးရင်း ဓားစွမ်းပြရသူများသည် မြင်းကိုအပြေးစိုင်းလု...ရွယ်အမှုများကို ပြုနိုင်ခြင်းဖြစ်ပေသည်။

မြေတွင်စိုက်ထားသော ကြံပင်၊ ငှက်ပျောပင်များကို ဓားဖြင့်ဘယ်... မြန်မာမင်းများလက်ထက်တွင် လှေဝန်း၊ လှေသင်း ညာပြန် တိတိရိရိ ခုတ်ပြဖြတ်ပြရသည်။ အကယ်၍ ညာဝိုး...တွင်းဝန်၊ လှေသင်းဗိုလ်၊ လှေသင်းစာရေး၊ လှေသင်းစုအမှုထမ်း၊ ခုတ်ခြင်း မကျွမ်းကျင်သူဖြစ်ပါက မိမိမြင်း၏ လက်ခြေတို့...တော်စုတ် လက်သမား စသည်ဖြင့် ရာထူးဌာနများ တိကျစွာ ချော်ထိတတ်သည်။ အရှိန်လွန်၍ ခုတ်ပိုင်းမိတတ်သည်။ ...အစ်ထားခဲ့သည်။ မြန်မာရိုးရာယဉ်ကျေးမှု လှေသဘင်ပွဲများသည်

မြင်းစီးဓားစွမ်းပြနည်းတစ်မျိုးမှာ ရေအိုးငယ်များကို ...ချစ်စိတ်နှင့် ဇာတိမာန်ရှင်သန်ထွန်းပြီးစေသော အားကစားပွဲတစ်ရပ် နိုက်အောင် မြင်းပေါ်မှ ခုတ်ပြခြင်းဖြစ်သည်။ ထိုပွဲတွင် လေးတော်...သည်။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဘုန်းလှေတပ်မတော်တွင်

www.burmeseclassic.com

www.burmeseclassic.com



စစ်မှုထမ်းနိုင်မည့် သူရဲကောင်းကို ရွေးချယ်သူကောင်းပြုလျက် ဆုလာဘ်တော်များ ချီးမြှင့်ဂုဏ်ပြုခဲ့သော သူရဲကောင်းရွေးပွဲလည်း ဖြစ်သည်။

တန်ခူးလ လေးပွဲသဘင်နှင့် စိတ္တရပလိမာရ်နတ်ပူဇော် တို့သည် ကြည်းတပ်၏စစ်ရေးစွမ်းအင်ထက်မြက်ရေး လေ့ကျင့် ဖြစ်သည့်နည်းတူ ဝါခေါင်တော်သလင်း ပန်းလှသဘင်(လှေပွဲသဘင် သည်လည်း ရေတပ်၏ စစ်ရေးစွမ်းရည်ထက်မြက်ရေး လေ့ကျ ပွဲကြီးပင်ဖြစ်သည်။

ရှေးခေတ် လှေပြိုင်ပွဲများတွင် လှေသင်းသားတို့သည် အနီရောင်အဝတ်၊ ရွှေဦးထုပ်၊ ငွေလက်ကြပ်၊ ရွှေခြူး၊ ဒဏ်ဘာယာ ဝတ်ဆင်၍ ရွှေသီးတပ်ပြီး ရွှေပိန်းချထားသော လှေတက် လှော်ပြန်ကြရသည်။ လှေသင်းသားများသည် ဟက်ရေး ၃၇ ခ ကိုလည်း စွမ်းရည်ပြ လှော်ခတ်ပြရသည်။

အဝါရောင်(ရွှေရောင်)စက္ကူတွင် အလယ်၌ အမည်းကွ ပြုလုပ်ထားသည့် ရွှေသားဝတ်ကွင်းရှိရာသို့ အကြိတ်အနယ် လုယ ပြိုင်တက်၍ လှော်ခတ်ကြရသည်။

ပုဂံမြို့နဂါးရုံဘုရားတောင်ဘက်ရှိ ဂူငယ်၏ အရှေ့မုခ်မြော နံရံတွင် နပန်းသတ်သူများနှင့် ကချေသည်ရုပ်ပုံများကို တွေ့နိုင်သည်



ပုံမှာ သေးငယ်သော်လည်း ပုဂံသားနှစ်ဦး နပန်းသတ်နေပုံမှာ ပေါ်လွင်ထင်ရှားလှသည်။ နှစ်ဦးစလုံး ကိုယ်လုံးကိုယ်ထည်တောင့် တင်းပြီး ခါးစည်းတိုတိုမျှသာ ဝတ်ဆင်ထားသည်။ ပုဂံခေတ်တွင် ဗမ်းနှင့်နပန်းသတ်ခြင်းဟူသော အားကစားပွဲများရှိနေပြီဖြစ်သော ကြောင့် လက်ပမ်းသတ်ခြင်း(ဝါ)လက်ဝှေ့သတ်ခြင်းသည်လည်း ပေါ်ပေါ်နေပြီဟု ယူဆရသည်။

မြန်မာ့လက်ဝှေ့ပွဲတွင် လက်ဝှေ့သမားတို့သည် အကျီ မပါ အထက်ပိုင်း ကိုယ်ဗလာကျင်းထားရသည်။ ဘောင်းဘီတို ပေါ်မှ ပုဆိုးကို သုံးမြှောင့်ချိုးခေါက်၍ ခါးပုံအဖြစ် စည်းနှောင် ထားရသည်။ ခါးပုံစကို တစ်ဖက်မှဆွဲယူချုပ်ကိုင်ထိုးနိုင်ခွင့်ရှိသည်။ မြန်မာ့လက်ဝှေ့သတ်ခြင်းတွင် စည်းကမ်းကလနားရှိသည်၊

မြန်မာ့လက်ဝှေ့တွင် ပထမတန်း ဒုတိယတန်း တတိယတန်း စတုတ္ထတန်းဟူ၍ အတန်းလေးမျိုး ခွဲထားသည်။ အတန်းတက်ပြီး မှသာ အောက်တန်းသို့ ပြန်မဆင်းရချေ။ ရှေးခေတ် လက်ဝှေ့ ပွဲများတွင် ဝိုင်းခါးပြတ်(ခေါ်)ခြောက်လုံးပတ်၊ ပတ်မ၊ နှဲ၊ လင်းကွင်းနှင့် စည်းလက်ခုပ်တို့ကို သုံးတတ်သည်။ မြန်မာ့လက်ဝှေ့သတ်နေခိုက်တွင် ပါးမှုတ်ပေးရသည်။ လက်ဝှေ့သမားတစ်ဦး ဟန်ရေးပြချိန်တွင် လဲ့ဆင်းတီးပေးရသည်၊ ဟန်ရေးပြသူက ဆိုင်းချက်နှင့် အဝင်အထွက်

www.burmeseclassic.com

www.burmeseclassic.com



အချိုအချဉ်အောင် လှုပ်ရှားပြုရသည်။ ထိုးသတ်နေခိုက်တွ
စိန်းမောင်းတီးပေးရသည်။

သိုးလုံးကြမ်းလာသည်နှင့်အမျှ ဆိုင်းသံခပ်မြန်မြန်း ပိုတ်
ပေးရသည်။ လက်ဝှေ့ဟန်ရေးပြရာတွင် ကိုယ်ရည်သွေးဆိုင်းဆ
လက်ာရွတ်ဆိုရသည်။

မြန်မာ့လက်ဝှေ့တွင် ဦးခေါင်းမှအစ ခြေဖျားအဆုံး ကြို
သလို သုံးနိုင်သည်။ ခြေဖျားကို တစ်ဖက်သားဟန်ရေးပျက်သွ
အောင် ခတ်ခြေအဖြစ် သုံးရသည်။ တစ်ဖက်သားပြေးဝင်လ
လျှင်လည်း တားခြေအဖြစ် အသုံးပြုနိုင်သည်။

မြန်မာ့လက်ဝှေ့ပညာရှင်များသည် ခေါင်းမှအစ ခြေဖျ
အဆုံး ထိုးလုံးထိုးကွက် သတ်လုံး သတ်ကွက်များကိုသာမ
မြန်မာ့သိုင်းပညာ၏ နည်းပရိယာယ်များကိုလည်း ပူးတွဲသုံးကြသည်
နပန်းသတ်နည်းပရိယာယ်ကိုလည်း သုံးကြသည်။ ဂျမ်းဘ
ဆန်သော အခုန်အပျံအလွှားတို့ကိုလည်း အသုံးပြုတတ်သည်

ဖျင်အိုင်နှစ်ဦးသည် အများအားဖြင့် လက်ဝှေ့ကျွမ်းကျင်သ
လက်ဝှေ့သမားဟောင်းကြီးများ ဖြစ်ကြသည်။ မြန်မာ့လက်ဝှေ
ပညာတွင် လက်ခမောင်းခတ်ကာ စိန်ပြီဆိုသော လက်ခမော



တ်သံပြန်လာမှ တစ်ဦးနှင့်တစ်ဦး သွေးထွက်သံယိုဖြစ်သည်အထိ
သှဉ်ပြိုင် ထိုးသတ်ရသည်။

ဆက်လက်မထိုးသတ်နိုင်အောင်ဖြစ်နေလျှင် ပြိုင်ဘက်
ဖြစ်သူအား ကျောပုတ်လိုက်လျှင် ဖြစ်စေ၊ လက်ပြတားလိုက်လျှင်
ဖြစ်စေ နိုင်လူကြီးကတားလျှင်ဖြစ်စေ ထိုးသတ်မှုကို ချက်ချင်း
ရပ်လိုက်ရသည်။

ချိုးကျိုးဖွယ်ကောင်းသည့်အချက်မှာ တစ်ဖက်သား အခြေ
အနေဆိုးရွားနေခြင်းကို အခွင့်ကောင်း မယူတတ်ခြင်းပင်ဖြစ်သည်။

မြန်မာ့လက်ဝှေ့စည်းကမ်းချက်များမှာ နှာခေါင်း၊ ပါးစပ်တို့
သွေးယိုစီးလျှင် သွေးကိုသုံးကြိမ်သုံးခါ သုတ်နိုင်ခွင့်ရှိသည်။ သွေး
ရပ်သွားလျှင် ဆက်ထိုးနိုင်သည်။ သွေးမရပ်ပါက ကွဲရှုံးရှုံးရသည်။

ထိုးသူသည် လက်သီး၊ ဒူးတို့ဖြင့်သာ တစ်ဖက်သား
ကွဲအောင် ထိုးသတ်ရသည်။ လက်သည်းဖြင့် ကွဲအောင် မကုတ်ရ
မဖြတ်ရချေ။ နဖူး၊ ဦးခေါင်း၊ မျက်ခုံး၊ မေးရိုးစသည်တို့တွင်
ကွဲသွားခဲ့ပါက ဖျဉ်နိုင်သည် ဒဏ်ရာကို သူ့လက်ဖြင့်မပြုရ မကိုင်
တွယ်ရ။ ခုံသမာဓိအကဲဖြတ် လူကြီးများကသာ ကိုင်တွယ်အဆုံး
အဖြတ် ပေးနိုင်သည်။ လက်ဝှေ့သမားများသည် လက်ဖြင့်ကုတ်ခြင်း၊
ကိုက်ခြင်း၊ ဆံပင်ဆွဲခြင်း၊ လည်ပင်းညှစ်ခြင်း၊ ကိုယ်ခန္ဓာအောင်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းအား ပုတ်ခတ်ကန်ကျောက်ခြင်းမပြုရ။ ထိုးသတ်ရင် ကြိုးတန်
အပြင်ဘက်သို့ လက်တစ်ဖက် ခြေတစ်ဖက်ရောက်သွားလျှင် အခြာ
သူက လိုက်၍ ဆက်မထိုးရ၊ လဲကျနေသူအားမထိုးရ၊ မတိုက်ေ
မကန်ရဟူ၍လည်း စည်းကမ်းချက်များ သတ်မှတ်ထားသည်
လဲကျနေသူကလည်း ကျောမြေထိ၊ ရင်မြေထိ၊ ဘေးမြေထိကူသော
ထိခြင်းသုံးမျိုးနှင့်အညီ ပြားပြားဝပ်နေရသည်။

အခြားစိတ်ဝင်စားဖွယ် ရိုးရာအားကစားတစ်ရပ်မှာ ယော
ဝေလေ့ ချောတိုင်တက်ပွဲဖြစ်သည်။ ချောတိုင်တက်ပွဲကို တစ်ရွာရွာက
ရှာခံအဖြစ် ဆောင်ရွက်ရသည်။ ဦးဆောင်ရသည်။ ပြာသိုလတွင်
ရက်မြတ်ချိန်ခါရွေးရသည်။

ချောတိုင်ရှာဖွေယူရန် လူခုနစ်ဦးကို ရွေးချယ်ရ ချောတို
အတွက် ကြံသောင်း ဝါးဘိုးဝါးတို့ကို သုံးရသည်။ ချောတိုင်ရှာဖွေ
ခုတ်ယူမည့် လက်ရွေးစင်လူခုနစ်ဦးသည် ခြေလက်အင်္ဂါ မျက်စိ
ဦးနှောက်ကောင်းမွန်ရသည်။ အင်္ဂါစုံရသည်။ သန်မာတောင့်တင်
ရသည်။ ချောတိုင်အတွက် ဝါးခုတ်ထွက်ရာတွင် ဝါးပင်ကို စံမီမမီ
စစ်ဆေးရသည်။

တစ်ဦးချင်းအပြင်ထွက်လှယ်ရသည်။ သဘောချင်းမကိုက်ညီလျှ
နှောက်ထပ်ရှာဖွေရသည်။ အားလုံးသဘောတူကြသည့်ဝါးကိုတွေ့မှ



ထမင်းထုပ်ကို ဖြေစားခွင့်ရသည်။ ချောတိုင်ခုတ်ရာတွင် ဝါးကို
တစ်ဖက်သတ် ခုတ်လှဲခြင်းမပြုရ။ ခေါင်းဆောင်က ဦးစီးပြုလုပ်
ခုတ်ယူရသည်။ ဝါးခုတ်ရာတွင် အင်္ဂလိပ်အက္ခရာ ဗွီ ပုံ (သို့မဟုတ်)
မြန်မာအက္ခရာ ပ ပုံ ခုတ်ရသည်။

ချောတိုင်ခုတ်ပြီးနောက် စံမီမမီ တိုင်းတာရသည်။ ချောတိုင်
လုံးပတ်သည် တစ်ထွာဆိုင်ဖြစ်ရမည်။ ၁၃ တောင်ရှည်ရမည်။
သချာစွာတိုင်းတာပြီးနောက် ချောတိုင်အဖြစ် ဖြတ်တောက်ရသည်။
ချောတိုင်အရင်းပိုင်းတွင် မြေဝင်သုံးတောင် ထားရမည်။ အများ
သုံးတောင်မှာ ဆီဝင်သုံးတောင်အဖြစ် သတ်မှတ်ရသည်။ ဆီဝင်
သုံးတောင်တွင် ဆီဝင်ပေါက်အတွက် အဆစ်ဖောက်ရသည်။

ထို့နောက် ဆီယိုစီးပေါက် ပြုလုပ်ရသည်။ ဒူးဝယ်ဖြင့်
ဆီယိုစီးပေါက် ငါးပေါက် ဖောက်ရသည်။ ချောတိုင်အဖြစ်အနာ
အဆာကင်းမကင်း စစ်ဆေးရသည်။ စစ်ဆေးပြီးနောက် ချောတိုင်
အဆစ်တွင် အမြစ်များကို ချောမွေ့ညီညာအောင် သင်ရသည်။

စံချိန်မီချောတိုင်ပြုလုပ်ပြီးသောအခါ လက်ရွေးစင်ခုနစ်ဦးက
ထမ်းသယ်ရသည်။ ရွာသို့ယူဆောင်လာရသည်။ ချောတိုင်တက်ပွဲကို
အများအားဖြင့် စေတီရင်ပြင်တွင် သတ်မှတ်ထားတတ်သည်။

www.burmeseclassic.com



ချောတိုင်တက်ပွဲတွင် တစ်ဦးချင်းလည်း ပြိုင်နိုင်သည် အဖွဲ့လိုက်လည်း ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်မည့် ရှာသားတို့သည် ဖိုးစည်များတီးလျက် ချောတိုင်ကွင်းသို့ လာရသည်။ ပွဲကြည် ပရိသတ်စည်ကားချိန်တွင် ချောတိုင်ကို ဆီထည့်ရသည်။

လှေကားထောင်ကာ ဆီထည့်ရသည်။ ဆီထည့်သူ ချောတိုင်ထိပ်တွင် ကြက်လျှာသဏ္ဍာန် အလံနီကလေးကို စိုက် ပေးရသည်။ ချောတိုင်အောင်လံလွှင့်ပြီးနောက် ချောတိုင်တစ်ခုလုံး နေရာမလပ်အောင် ဆီလူးရသည်။ ချောတိုင်တက်ပွဲစလျှင် ပတ်မကြီး ကိုထုသည်။

လက်ဖော့ရေးတီးလုံးတီးရသည်။ လက်ဖော့ရေးတီးလုံးနှင့်အ ချောတိုင်တစ်သံ ဟစ်ရသည်။ မိမိတို့ရွာသားတစ်ဦးတက်နေလျှ သက်ဆိုင်ရာရွာက အိုးစည်သံ ဆူညံနေအောင် အားပေးတက် သည်။ ချောတိုင်ပေါ်သို့တက်နည်း အမျိုးမျိုးဖြင့်တက်နိုင်သည်

ချောတိုင်အလံကို မယူနိုင်တော့ပါက ချောတိုင်ဖိုးလိုသည် ပရိသတ်ကို 'ပစားပေးပြီ'ဟု အော်ပြောရသည်။ ကွင်းထဲမှ ထွ သွားရသည်။ ချောတိုင်ဆိုင်းဝိုင်းမှ ငိုချင်းတီးပေးရသည်ဟူ၍ မှတ်သ သိရှိရပေသည်။



အခန်း(၁၅)

# မြန်မာ့အပြောအဆိုစည်းကမ်း

လူတစ်ဦး၏ အတွေးအခေါ်ကို အခြားသူတစ်ဦးတစ်ယောက် နားလည်သဘောပေါက်စေသော သဘာဝဆက်သွယ်မှု နည်းစနစ် တစ်ရပ်မှာ စကားပြောဆိုခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် စကားဖြင့် ပြောချင်သည်ကို ပြောသည်။ ပြောလိုက်ချင်သည်ကို ပြောသည်။ စုံစမ်းချင်သည်ကို စုံစမ်းသည်။ တစ်ဦးကစကားဖြင့်ပြောလျှင် တစ်ဦးကလည်း စကားဖြင့် ပြန်လည် တုံ့ပြန်တတ်သည်။ အကယ်၍စကားပြောခြင်းတည်းဟူသော ဆက်သွယ်မှုဆိုင်ရာ အသံသင်္ကေတတစ်မျိုး မရှိခဲ့ပါက လူတို့၏ ပေါင်းသင်းဆက်ဆံရေးနှင့် ယဉ်ကျေးမှုကို တစ်နည်းတစ်ဖုံ ပြောင်းလဲ သွားဖွယ်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတိုင်းရင်းသားများသည် မြန်မာဘာသာစကား
စ(.ဘားပြောတတ်စကတည်းက အသုံးပြုလာခဲ့ကြသည်။ ရှေးမြန်
လူကြီးများသည် လူမှုကိစ္စအမျိုးမျိုးကို ဆောင်ရွက်ရင်း အများ
သဘောတူ ဝေါဟာရများ အလိုလို သတ်မှတ်မိခဲ့သည်။ ယင်
ဝေါဟာရများကို အစီစဉ်တကျ တွဲစပ်ပြီး ဆက်သွယ်ခဲ့ကြရာ
မြန်မာဘာသာစကားဖြစ်ပေါ်လာသည်ဟု ယူဆနိုင်သည်။

မြန်မာဘာသာစကားသည် တိဗက်-မြန်မာ မျိုးကွဲတွ
ပါဝင်သော ဘာသာစကားတစ်ခုဖြစ်သည်ဟု ပညာရှင်များ
သုံးသပ်သည်။ မြန်မာတိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားမျ
သည်လည်း မျိုးတူနွယ်တူ ဆင်းသက်လာသော ဆွေမျိုးရင်းခြ
ဘာသာစကားများပင်ဖြစ်သည်။

မြန်မာတို့သည် စကားတတ်တိုင်း အပြောတတ်ပြ
မယူဆခဲ့ကြချေ။ စကားပြောလျှင် တစ်ဘက်သား နားဝင်အော
နားဝင်ရှိအောင် နှစ်ဦးနှစ်ဖက် အကျိုးသက်ရောက်မှုရှိအောင် စကာ
လုံးများကို နေရာတကျ အသုံးပြုတတ်ဖို့လိုသည်ဟု ရှေးမြန်
ကြီးတို့က ယူဆခဲ့ကြသည်။

ယူဆသည့်အတိုင်းလည်း စကားရပ်အင်္ဂါလေးတန်
တိကျစွာ သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ သူတို့က နောင်လ



ဘက်သားတို့စကားပြောလျှင် အင်္ဂါစီးပွားနှင့် ယှဉ်သောစကား၊
ကောင်းမြတ်သောစကား၊ ချစ်နှစ်လိုဖွယ်သောစကား၊ တရားတော်နှင့်
ညီညွတ်သောစကား၊ ဖြောင့်မှန်သောစကားကိုသာ ပြောဆိုရမည်ဟု
အလေးအနက် လမ်းညွှန်ခဲ့သည်။

စကားပြောဆိုရာတွင် စိတ်ဝင်စားဖွယ် နှစ်လိုဖွယ်ဖြစ်
အောင် ပြောနည်းဆိုနည်း ဆယ်မျိုးကိုလည်း အမွေပေးခဲ့သည်။
ရကူးညာတင် စကားပြောနည်း၊ ကောက်ပင်ရိတ်နည်း စကား
ပြောနည်း၊ ရေစီးဖောင်ဆန် စကားပြောနည်း၊ အိုးတန်ဆန်ခပ်
စကားပြောနည်း၊ ဆီဖွတ်ကျည်မွေ့ပြောနည်း၊ ဆင်ဖွေ့ရန်ရှောင်
ပြောနည်း၊ တောင်သူယာခုတ်ပြောနည်း၊ ကြက်ဆုတ်ခွပ်ပစ် စကား
ပြောနည်း၊ ရေစစ်ကရား စကားပြောနည်း၊ ခက်တင်မောင်းနင်း
စကားပြောနည်းတို့ဖြစ်ကြသည်။

မြန်မာတိုင်းရင်းသားများသည် စကားပြောဆိုမှုနှင့် ပတ်သက်၍
အလေးအနက်သဘောထားကြသည်။ ကချင်တိုင်းရင်းသားများက
စကားကောင်းတစ်ခွန်းသည် ရွှေတန်၏ဟူ၍ ပြောတတ်ကြသည်။
စကားအရမ်းပြောလျှင် လျှော်ရတတ်သည်။ လုံကိုအရမ်းပစ်လျှင်
ခွေးထိတတ်သည်ဟူ၍ ကယားတိုင်းရင်းသားများက သတိပေး
တတ်သည်။ ကရင်တိုင်းရင်းသားတို့ကလည်း 'ခွေးမအိပ်မီ သုံးကြိမ်

www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်၊ ကြက်မတွန်မီ ဟောပ်ပံသုံးကြိမ်ခတ်၊ ထို့အတူ လူသည် စကားပြောမည်ဆိုလျှင် ဦးစွာဆင်ခြင်ပြီးမှပြောပါ’ဟူ၍ မှာကြား ထားသည်။

‘ကြမ်းတမ်းသောစကားကြောင့် နွားနောက်လျော့ရသည်။ နူးညံ့သောစကားကြောင့် နွားနောက်ကြွေးကျေနိုင်သည်’ဟူသည်ကား ချင်းဝိုင်းရင်းသားများ၏ အယူအဆတစ်ရပ်ဖြစ်သည်။

တောင်ရိုးနှင့် ခနတို့ကမူ ‘တွင်းဆိုးကျုံလျှင် နုတ်ရသည် စကားကျုံသော နုတ်မရ’ဟု ပြောဆိုလေ့ရှိသည်။ ပလောင်တိုင်းရင်း သားတို့ကလည်း ‘စကားပြောသောလူ အလုပ်သမားမဟုတ်’ဟူ၍ သတိပေးစကားတစ်ရပ် လက်ဆင့်ကမ်းခဲ့သည်။

အင်းဝခေတ်စာဆိုကျော် ရှင်မဟာရဋ္ဌသာရက ‘တစ်ယောက် စကား၊ တစ်ယောက်နားမှာ၊ မငြိမ်းရအောင်၊ သတိဆောင်၍၊ မောင်တို့ ဆိုလေ၊ ပျားသကာသို့ ချိုလှစေ’ဟု မှာကြားခဲ့သည်။ ‘ရပ်သူ ရွာသား၊ သူကောင်းများ၏၊ နားမှာမဆံ့၊ မခံ့မလေး၊ သုံ့မှန်းအေးလျှင် ဆဲရေးညစ်ညမ်း၊ ကိုယ်လက်နွမ်းအောင်၊ အသွမ်းမကျင့်ကြလေနှင့်’ ဟူ၍လည်း သတိပေးခဲ့သည်။

ကန်တော်မင်းကျောင်းဆရာတော်ကမူ ‘ပျူပျူငှာငှာ … တကာကို၊ သာသာချိုချို၊ ချစ်ဖွယ်ဆို’ဟူ၍ ဆုံးမခဲ့သည်။ ‘နှလုံး



ချက်စေ၊ စကားထက်မြက်စေ’ … မှာခဲ့သည်။ စိန္တကျော်သူ ဦးဩကလည်း ‘နုတ်မင်္ဂလာစကားမှာကား၊ အသာအချို၊ သူနှာ လိုအောင်၊ မိန့်ဆိုခြင်းလျှင် တန်ဆာဆင်၏’ဟူ၍လည်းကောင်း၊ ပြက်ပြက်ထင်စွာ၊ လူတကာကို၊ ပြစ်ရှာယုတ်ပတ်၊ ချောပစ်ဘတ်က၊ သန့်မြတ်ပါလျက်၊ အမျိုးပျက်၏’ဟူ၍လည်းကောင်း ရေးသား ခဲ့သည်။

ညောင်ပင်သာဦးပုညကမူ ‘စကားယွင်းဝုတ်၊ အဆိုနုတ်သူ၊ အမိယုတ်သည့်သား’ဟူ၍လည်းကောင်း ‘ဝါစာကာယ၊ မကောင်း ကြသူ၊ မိဘယုတ်သည့်သား’ဟု သတ်မှတ်ခဲ့သည်။

‘အရေးချင့်ချိန်၊ ခြားနားပိုင်း၊ သိတိုင်း မပြောနှင့်’ဟူ၍ လည်း သတိပေးခဲ့သည်။ ‘ဆိုခွင့်ရောက်လည်း၊ နှုတ်သိမ်းဆည်း၊ ချည်း၍ သူ့ကိုမနှိပ်နှင့်’ဟူ၍လည်း မှာကြားခဲ့သည်။

တွင်းသင်းတိုက်ဝန် မဟာစည်သူကလည်း ‘ကိုယ်နှင့် တန်၊ စကားလွန်၊ မင်းဒဏ်သင့်မည်ကြောက်’ဟူ၍ သတိပေး သည်။ ရွှေကျောင်းဆရာတော် ဦးပညာကမူ ‘လေးထွေမျိုးနွယ်၊ ငယ်အလတ်၊ ယုတ်မြတ်မရွေး၊ လူမိုက်လေးအား၊ ကြိုင်မွှေး သော၊ စကားသာပြင်၊ ပျူငှာမေးမြန်း၊ မေတ္တာပန်းကို၊ ကြဲဖျန်း ပက်ခြေ၊ ငှာတက်စေလေ’ … မိန့်မှာသည်။

www.burmeseclassic.com



မြန်မာတို့စကားပြောဆိုမှု အရေးကြီးပုံနှင့် ပတ်သက်၍
အများဆုံး ရေးသားမှာကြားခဲ့သူမှာ ကျည်းကန်ရှင်ကြီးဖြစ်သည်
'ယူလိုသည့်စကားကိုပြောလျှင် သဘောတူ၍ လှူပူးသည်
မယူလိုသည့်စကားကိုပြောလျှင် သဘောမတူ၍ လှူမှုန်းသည်
ဆိုခဲ့သည်။ အသုံးကြီးသော်မပြီးစီး၊ စကားလုံးကြီးသော အချိုးနှိုး
တူ၍လည်းကောင်း 'ဆိုရေး ဆိုအပ်ကိုသိမှ စကားတတ်သည်
တူ၍လည်းကောင်း 'အခွင့်ပေး၏၊ ဆိုရေးဆိုစစ်ကိုမသိ'တူ၍
လည်းကောင်း ပေါက္ကံမောင်ချို့က သတိပေးခဲ့သည်။
လုံးတော်ဆရာတော်ကလည်း 'ချည်ရှုပ် နွယ်ရှုပ်ကို
သုတ်သင်နိုင်သူများ၏ စကားရှုပ်ကို သုတ်သင်နိုင်သူရှား၏'တူ၍
အသိပေးသည်။
ညောင်ပင်သာ ဦးပုညက ...
'မမေးဘဲ မဆိုနှင့်၊ မအေးဘဲ မျိုနှင့်။ မမေးဘဲဆိုသော်
ကြောင်တတ်သည်။ မအေးဘဲမျိုသော် လောင်တတ်သည်'တူ၍
လည်းကောင်း၊ 'တံတားအိုမှောင်ကို မလျှောက်နှင့်၊ စကားကို
ဘောင်လိုမမှောက်နှင့်။ တံတားအိုမှောင်ကိုလျှောက်က ကျိုးတတ်
သည်။ စကားကို တောင်လိုမှောက်က ညှိုးတတ်သည်'တူ၍
လည်းကောင်း မြန်မာများအတွက် အသိပေးဆုံးမခဲ့သည်။

မိတ်ဆွေစာပေ



အမှာတော်ရေး ဦးရှင်ကလေးကမူ ...
'မမေးသော်မူ၊ စည်ကြီးတူတိ။ သူကမေးမူ၊ မနှေးလျှင်စွာ၊
ကြီးရွာသို့။ သူတည်းစိစွေး၊ မမေးဖြစ်စေ၊ မေးဖြစ်စေလျှင်၊
စကားတွေများစွာ၊ လူမိုက်သာတည့်'ဟူ၍ မိန့်မှာခဲ့သည်။
စကားပြောဆိုမှုအရာတွင် သိမ်မွေ့နက်နဲလှသော မြန်မာ
စကားသည် အမျိုးအစားအားဖြင့်လည်း အထူးများပြားလှကြောင်း၊
မြန်မာတို့အခြေအနေ၊ အခွင့်အခါကိုကြည့်၍ သိ၍ ပြောတတ်၊
ဆိုတတ်ရန် လိုအပ်ကြောင်း၊ မြန်မာစကားအမျိုးမျိုး၏အမည်များကို
ထုတ်ပြတ်သားစွာ သတ်မှတ်ပေးခဲ့သည်ကိုလည်း တွေ့နိုင်သည်။
သို့ဖြစ်၍ ရှေးမြန်မာကြီးတို့သည် မြန်မာစကားပြောနည်း
နက်နဲနက်နဲမှုသဘောကို အထင်အရှား အသိပေးခဲ့ကြကြောင်း
ထင်လွှင်လှသည်။ တစ်နည်းအားဖြင့် မြန်မာတို့စနစ်တကျ စကား
ပြောတတ်အောင် စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးခဲ့ခြင်းလည်း
ဖြစ်ပါပေသည်။

O

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

# မြန်မာ့အရေးအသားစည်းကမ်း

ရှေးမြန်မာတို့သည် ပညာစတင်သင်ကြားရချိန်တွင် သင်
ကြီးကို စတင်သင်ယူရသည်။ ကကြီး၊ ခခွေး၊ ဂ-ငယ်၊ ဃ-ကြီး
င စသည်ဖြင့် ရွတ်ဖတ်ရသည်။ ကျက်မှတ်ရသည်။ အထက်
ဗျည်း(၃၃)လုံးအပြင် သရများနှင့်လည်း လက်ပွန်းတတီး
ရသည်။ ဗျည်းနှင့်သရများကို နှုတ်တက်ရွရွ ရွတ်ဆို မှတ်ခဲ့ရသည်
မြန်မာ့ဗျည်းများသမိုင်းကို လေ့လာပါက ရှေးမြန်မာ
တို့သည် မြန်မာစကားတွင် သုံးနှုန်းနေကျအသံများအတွက်
မဟုတ်မူဘဲ၊ ပါဠိဘာသာ အသံများကိုပါ ရေးသားနိုင်ရေးအတွက်
မူလမြန်မာဗျည်းများ၊ အက္ခရာတို့တွင် ရှိနေခဲ့သော အက္ခရာများ
ထည့်သွင်းလိုက်ကြသည်။ ဤနည်းဖြင့် မြန်မာတို့အတွက် ဗျ
(၃၃)လုံး ဖြစ်ပေါ်လာရသည်။



မြန်မာ့ဗျည်းဦးရေ သတ်မှတ်ရာတွင် ပါဠိဘာသာအတွက်
ကိုးအတိုင်း ရေးမှတ်လိုသူများက (အ)အက္ခရာအထက်၌ နိဂ္ဂဟိတ်
)တင်သော (အံ)ကို ဖြည့်၍ ဗျည်း (၃၃)လုံးအဖြစ် ရေတွက်
တ်သည်။ အချို့ကလည်း အောက်မြစ် (-့)နှင့် ရှေ့စီး(-း)
(အ)အက္ခရာတွင် သွင်းပြီး အံ၊ အံ့၊ အမ်းဟူ၍ ဗျည်း(၃၅)လုံး
ယူသုံးစွဲကြသည်။ အချို့ကလည်း အံ၊ အံ့၊ အားဟူ၍ ဗျည်း
)လုံး သတ်မှတ်ခဲ့ကြသည်။

ရှေးကျောက်စာများတွင် ဗျည်းအက္ခရာများကို လေးထောင့်
ရေးသားလေ့ရှိသည်။ မြန်မာအက္ခရာရေးပုံနှင့်ပတ်သက်၍
ကမ်းချက်များစွာ တွေ့နိုင်သည်။

မြန်မာတို့သည် (က) မှ (အ)အထိ ဗျည်းအက္ခရာ
ကို သင်ပုန်း၊ ကျောက်သင်ပုန်းများပေါ်တွင်ဖြစ်စေ၊ ပေ၊ ပုရပိုက်
ပေါ်တွင်ဖြစ်စေ၊ ကန့်ကူဆံ၊ ကျောက်တံ၊ မြေဖြူ ဖောင်တိန်၊
အောပင်စသည့် မရှည်းကိရိယာတစ်ခုခုဖြင့် ရေးသားရသည့်
ကိုင်း အက္ခရာများကို နည်းစနစ် မှန်ကန်စွာ အဆွဲအငင်
န်စွာ ရေးဆွဲတတ်ရန် လိုအပ်သည်။ အက္ခရာများကို ရေး
ရေး၍မရ၊ ဝိုင်းဝိုင်းစက်စက် လှလှပပ ရေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ရေးဝိုင်းဝိုင်း၊ လက်ရေးလှလှဖြင့် အက္ခရာများ ရေးရမည်ဟူသော စည်းကမ်းချက်များနှင့်ယှဉ်တွဲ၍ ဟိုလောက ဆုံးမစာတွင် 'သင်ပုန်းထမ်းရှုက်၊ ပေကေဘ်စီကာ၊ ရေးသောခါလည် အက္ခရာကို၊ သေချာလှစေ၊ စာလုံးကိုလည်း လှလှစေ' ဟူ လည်းကောင်း၊ ဩဝါဒ-ရတုပိုဒ်စုံတွင် 'လက်ရေးလက်သား၊ ခြား သိသာ၊ သူ့ထက်ဝါလျှပ်၊ ခရာညီဝန်း၊ မတွန်းမထောင့်၊ ဖြောင့်ဖြေ သားသား၊ မမှားအက္ခရာ၊ သိသာစလှ၊ အချုအတင်၊ အဝင်အ အပစ်အဆွဲ၊ ပုလဲယုံးညီ၊ ကြိုးတွင်သီသို့ဟူ၍လည်းကောင်း၊ ပုဇ ဝါဒဆုံးမစာတွင်လည်း 'ဗိမ့်ဗိမ့်အက္ခရာ၊ ရေးသောခါလည်း၊ သေ စွာလှ၊ က,နှင့်-ပကို၊ လည်းကျမတူ၊ ည,မူတခြား၊ ယ,က တသွယ်၊ န,ယ်နှင့်-မ၊ မတူကြတည့်၊ ကွဲကြသည်'သာ၊ သက် စာလည်း၊ များစွာရှိပေ၊ အထွေထွေကို၊ ညီရွှေတပည့်၊ သင် လှည့်လော'ဟူ၍လည်းကောင်း အသီးသီး လမ်းညွှန်ထားသည် တွေ့ရလိမ့်မည်

ရှေးအခါက စာပေရေးသားရာတွင် ပေရွက်ကိုဦးစွာ ရသည်။ ထိုစဉ်က ဆေးအန်းဖြင့်ရေးပြီး ရွှေချခြင်း၊ ရွှေ ရွှေဇဝါရေးခြင်း၊ မင်ဖြင့်ရေးခြင်း၊ ကညစ်သံချွန်ဖြင့်ရေးခြင်း အက္ခရာစာလုံးများ ရေးသားပုံ ၄-မျိုး ခွဲခြားထားသည်။



ပေရွက်တွင် စာရေးသောအခါ တစင်ပုံဖြင့် ရေးရသည်။ စင်ပုံ၏ လက်ဝဲဘက်အတွင်းပိုင်း ကြက်ခြေတိုင်အစွန်းတွင် အဝတ် လုံးထားရသည်။ ပေရွက်ကို ထိုအပုပေါ်တွင် တင်ပြီးရေးရသည်။ ညစ်(သံချောင်း)ကိုင်သော လက်ညှိုးတွင် လက်စွပ်သဖွယ် ကွင်း လေးစွပ်လျှက် ထိန်းပြီးရေးရသည်။

ကျမ်းပြုသူ(သို့မဟုတ်)ကျမ်းကူးသူသည် ပေရွက်၏ ျက်နှာနှစ်ဖက်စလုံးတွင် ရေးနိုင်သည်။ ပေရွက်၏ ကျောဘက် ျက်နှာ လက်ဝဲဘက်ခြမ်း အစွန်ရှိကွက်လပ်တွင် စာမျက်နှာနံပါတ်ကို က္ခရာစဉ်ဖြင့် ထိုးရသည်။ ၂၄ မျက်နှာ ၁၂ ချပ်ရှိသော ချပ်များကို 'တစ်အင်္ဂါ'ဟုခေါ်သည်။

ကျမ်းစာမှာ တစ်အင်္ဂါဖြင့် မပြီးစီးပါက စာမျက်နှာနံပါတ် ဖြစ် 'ခ'အက္ခရာကို ဆက်လက်အသုံးပြုရသည်။ အကယ်၍ မျက်နှာနံပါတ် 'အ'သို့ ရောက်၍ 'အား'အထိ မှတ်သားရေး ားပြီးသည့်တိုင် မပြီးဆုံးသေးပါက ကျ၊ ကျာ၊ ကျားစသည်ဖြင့် ပ်မံအသုံးပြုရသည်။

ပေချပ်တွင်ပါဝင်သော စာကြောင်းရေကိုလိုက်၍ 'ခုနစ် ကြောင်းပေ' 'ရှစ်ကြောင်းပေ' 'ကိုးကြောင်းပေ'စသည်ဖြင့် သတ်မှတ် ခေါ်တွင်ရသည်။ ပေရွက်ပေါ်တွင် စာကူးရာ၌ စာအကျအပေါက်

www.burmeseclassic.com

www.burmeseclassic.com



ရှိလျှင် စာကျသောနေရာတွင် အမြှောက်လက္ခဏာ ကြက်ခြေခ
ပြရသည်။

ခွအစွန်ကွက်လပ်တစ်နေရာ၌ စာကျကို ရေးပြထားရသည်
စာအရေးအကူး မှားယွင်းသွားလျှင်လည်း မှားသောစာလုံးထဲ
'ဗန္ဒု'(အစက်အပြောက်ကလေး)ထိုးပြရသည်။ ပြီးမှ စာလုံးမှန်
ဆက်လက်ရေးရသည်။ စနစ်တကျရေးကူးနည်းမှာ မိမိတို့ ရေး
ကူးဆဲ ကျမ်းအမည်ကို ပေဖါကျောဘက် လက်ယာခြမ်း အထ
ပိုင်းတွင် လေးရွက်ခြားတစ်ကြိမ်၊ ငါးရွက်ခြားတစ်ကြိမ်ရေး
မှတ်သားပြခြင်းဖြစ်သည်။

ပေစာကူးရာတွင် ညီညာသပ်ရပ်မှုကို အလေးပေးရသည်
ဝါကျအဆုံးတွင် နေရာကုန်သွားပါက (ဥပမာ)မျောက်ဟု ရေးရာတွ
(က်)ရေးရန် ကျန်နေသေးပါက(က်)ကို အောက်စာကြောင်းတွ
ဆက်လက်ရေးရသည်။

ထို့ကြောင့် ပေစာရေးနည်းဟွင် ကြောင့်သည်(ငေ့်)တူ
လည်းကောင်း၊ ကောင်းသည်(ငေး)တူလည်းကောင်း (သော)သ
သစ်ဟူ၍လည်းကောင်း အတိုကောက်များ ဖြစ်လာခဲ့ရသည်။

ပုရပိုက်ပေါ်တွင် ကန့်ကူဆံဖြင့် ရေးရသည်။ သင်ပုန်းတ
သုံးစွဲသကဲ့သို့ မီးသွေးနှင့် ထမင်းရည်(သို့မဟုတ်) အုံတုံရေ



ို့ဖြင့် ချေပြီးမှ ရေးရသည်။ သစ်စေး၊ မင်စသည်တို့ဖြင့် ရေးလိုလျှင်
လျှော်ပင်ဖြင့် ပြုလုပ်ထားသော ပုရပိုက်ဖြူကို သုံးရသည်။

ရှေးအခါက ဆိုသင်ပုန်းနှင့် ရေးသင်ပုန်းတူ၍ ၂မျိုး ခွဲ
ားသည်။ ဆိုသင်ပုန်းတွင် (သစ်သားသင်ပုန်း)တွင် ဖတ်ရ ကျက်
ည့်စာများကို ရေးသားထားသည်။ စာမရမချင်း မဖျက်ဘဲ
ားရသည်။ ရေးသင်ပုန်းမှာမူ တစ်နေ့တစ်ကြိမ် အသစ်ရေးပြီး
ိုင်း ဖျက်ရသည်။ အများအားဖြင့် လက်ရေးလှလှလေ့ကျင့်သော
င်ပုန်းမျိုးသာဖြစ်သည်။

သစ်သားသင်ပုန်းပေါ်တွင် ကနို့ကူဆံဖြင့် ရေးရသည်။
က်ရေးလှရေးရာတွင် ကြက်သွေးရောင်နှင့် အဖြူရောင်ကန့်ကူဆံ
ားကို အသုံးများသည်။ ကန့်ကူဆံကိုင်၍ မကောင်းတော့လျှင်
ကြေး(သို့မဟုတ်)ဝါး ကန့်ကူတံတွင် စွပ်၍ရေးရသည်။

တန့်ကူဖြင့်ရေးထားသော သင်ပုန်းတစ်ချပ်ကို လက်ရေးလှ
သစ်ရေးရန်ရှိလျှင် မီးသွေးခဲပွပွဖြင့် ပွတ်ပြီးရေဆွတ်ရသည်။
င်ပုန်းချေသည်ဟု ခေါ်သည်။ သင်ပုန်းသည် ကောင်းစွာခြောက်
သွေ့သွားမှ လက်ရေးလှရေးရန် မျဉ်းပစ်ရသည်။ ချောမွေ့သည့်
စ်သားချောင်း(မျဉ်းတံ)ဖြင့် မျဉ်းပစ်ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သင်ပုန်းတွင် ခေါင်းရင်းခြေရင်းခွဲထားသည်။ စာရေးလျှင် သင်ပုန်းခေါင်းပိုင်းကို လက်ယာဘက်တွင် ထားရသည်။ ထမင်းရည် ထမင်းလုံးနှင့် မီးသွေးပွပွကို အမြဲသုံးနေရသော သစ်သားသင်ပုန်းသည် ကျောက်သင်ပုန်းနှင့် ကျောက်တံပေါ်လာချိန်တွင် လူသုံးနည်း သွားခဲ့သည်။

ရှေးအခါက စာမရေးတတ်သေးသော ကလေးငယ် ဆရာကစာရေးတတ်အောင် သင်ပေးရသည်။ ကန့်ကူဆံဖြင့်ရေးလျှ လင်္ကာချောင်းများ ပြေစင်းလှပစွာ ကိုင်တတ် ရေးတတ်အော လေ့ကျင့်ပေးရသည်။

လက်အနေအထားမှန်ကန်သွားပါက ဆရာကကျောင်းသား လက်ပေါ်တွင် အုပ်ကိုင်လျက် စာလုံးရေးနည်း သင်ပေးရသည် ဤနည်းဖြင့် 'လက်ထပ်သင်နည်း' ဆိုသော မြန်မာဝေါဟာရနှ 'ကန့်လူလက်လှည့်' ဟူသော ဝေါဟာရများ တိုးပွားလာခဲ့သည် ရှေးခေတ်အက္ခရာအရေးအသားကို လေ့လာကြည့်လျှင် လက်အရေး အထူးလည်းလှ၊ စာလုံးများလည်း ညီညာသပ်ရပ်လှပအောင် ကြိုးစားအားထုတ်ရကြောင်း တွေ့ရလိမ့်မည်။

ရှေးမြန်မာတို့သည် မြန်မာစာရေးသားရာတွင် လက်ရေး လက်သား၊ သတ်ပုံ၊ သတ်ညွှန်းများကို အလေးမူခဲ့သည့် နည်းတ



ည်သည့်စာကိုပင်ရေးရေး သန့်ရှင်းမှန်အောင် ရေးရမည်ဖြစ်ကြောင်း ကိုလည်း သိနားလည်ခဲ့သည်။

မြန်မာတို့သည် ဝါကျတစ်ခုတွင် အနည်းဆုံး ကတ္တား တစ်ခုနှင့်ကြိယာတစ်ခု မလွဲမသွေ ပါဝင်ရမည်ဟူသောမှုကိုလည်း နားလည်ထားရသည်။

မြန်မာစာရေးရာတွင် အဓိပ္ပာယ်ရှင်းလင်းစေရန် ပုဒ်ဖြတ်၊ ပုဒ်ရပ်၊ သင်္ကေတများကို သုံးစွဲတတ်သည်။ ပုဒ်ကလေး၊ ပုဒ်မ၊ ဝိုက်ကွင်းစသော သင်္ကေတများဖြစ်သည်။ နှစ်ခုထက်ပိုသော ပုဒ်များ အကြားတွင် ပုဒ်ကလေးကို သုံးရသည်။ နှစ်ခုထက်ပိုသော ပုဒ်စု များအကြားတွင်လည်း ပုဒ်ကလေးကို သုံးရသည်။

အထူးသတိထား၍ ဖတ်စေချင်သော စကားလုံး၊ ပုဒ်၊ ဝါကျစသည်တို့ကို အောက်မျဉ်းသား၍ပြရန် မြန်မာတို့နားလည် ကြသည်။ မျဉ်းတို၊ မျဉ်းစောင်းတို့ကို ရက်စွဲအတိုရေးရာ၌ဖြစ်စေ၊ ဂဏန်းဖြင့်ရေးသော ကျပ်၊ ပြားကို ဖော်ပြရာ၌ဖြစ်စေ၊ မျဉ်းတိုကို သုံးလေ့ရှိသည်။

မြန်မာစာအရေးအသားတွင် ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုး ဟူသောသင်္ကေတအက္ခရာများကိုလည်း သုံးတတ်သည်။ ယင်းသင်္ကေတ တို့ကို ဗျည်းအချို့နှင့် တစ်ခုချင်းလည်း တွဲနိုင်သည်။ နှစ်ခု

www.burmeseclassic.com

www.burmeseclassic.com



(သို့မဟုတ်)သုံးခုပေါင်း၍လည်း သုံးနိုင်သည်။

မြန်မာစာတွင် အသတ်ဟူသော ရေးထုံးတစ်မျိုးရှိသေးသည်။ က-သတ်၊ င-သတ်၊ စ-သတ်၊ ညကလေး-သတ်၊ ည-သတ်၊ တ-သတ်၊ န-သတ်၊ ပ-သတ်၊ မ-သတ်၊ ယ-သတ်တို့သည် မြန်မာအသတ်(၁၀)ပါးဟူ၍ သတ်မှတ်ထားရှိသည်။ မြန်မာသတ်(၁၀)မျိုးကို သတ်မှတ်ထားသော သရများဖြင့်သာ တွဲဆက်နိုင်သည်။ မြန်မာအသတ်ဆယ်မျိုးအပြင် ပါဠိသတ် အသတ်(၂၆)ပါးလည်း ရှိသေးသည်။

အချုပ်အားဖြင့် မြန်မာတို့သည် အရေးအသား စည်းကမ်းများအရ မြန်မာ ဗျည်းအက္ခရာများကို အဝိုင်းပုံရေးရသည်။ အက္ခရာအချို့ကို မျဉ်းကြောင်းပေါ်တွင် ရေးရသည်။ အချို့ကို မျဉ်းကြောင်းအောက်သို့ဆွဲ၍ ရေးရသည်။ ရေးချတွင် ဝိုက်ချ(-ာ) မောက်ချ(-ါ) ဟူ၍ (၂)မျိုး ခွဲခြားသုံးသည်။ ဝိုက်ချကို (ခ၊ ဂ၊ င၊ ဒ၊ ပ၊ ဝ) အက္ခရာတို့မှအပ၊ ကျန်အက္ခရာအားလုံး၏ လက်ယာဘက်မှ တစ်ပြေးတည်းစပ်၍ ရေးရသည်။ မောက်ချကို (ခ၊ ဂ၊ င၊ ဒ၊ ပ၊ ဝ)တို့နှင့် စပ်၍ရေးရသည်။ အက္ခရာ၏ လက်ယာဘက်မှ အပေါ်သို့တက်၍ အက္ခရာနှင့်တစ်ပြေးတည်းနေရာသို့ရောက်အောင် ဆွဲချရသည်။





လုံးကြီးတင်၊ လုံးကြီးတင်ဆန်ခတ်၊ နောက်ပစ်၊ သေးသေးတင်ဟူသော သရ လက္ခဏာအချို့နှင့် အသတ်၊ ကင်းစီးတို့ကို အက္ခရာအထက်၌တင်၍ ရေးရသည်။ တစ်ချောင်းငင်၊ နှစ်ချောင်းငင်ဟူသော သရလက္ခဏာတို့ကိုမူ အက္ခရာ၏ လက်ယာဘက်အောက်စွန်းမှ အောက်ဘက်သို့ချ၍ ရေးရသည်။ တစ်ချောင်းငင်၊ နှစ်ချောင်းငင်တို့ကို ယပင့်၊ ရရစ်၊ ဟထိုးတို့နှင့်တွဲသုံးပါက အက္ခရာ၏ လက်ယာဘက်ထိပ်တွင်ကပ်ပြီး အောက်ဘက်သို့ချ၍ ရေးရသည်။

အောက်မြစ်ကို အက္ခရာ၏လက်ယာအောက်ဘက်တွင် ရေးရသည်။ သဝေထိုးကိုမူ အက္ခရာ၏ လက်ဝဲဘက်မှ တစ်ပြေးတည်း ရေးသားရသည်။ ဝစ္စနှစ်လုံးပေါက်ကို လက်ယာဘက်မှ တစ်ပြေးတည်းရေးရသည်။ လုံးကြီးတင်၊ တစ်ချောင်းငယ်၊ သေးသေးတင်၊ တစ်ချောင်းငင်တို့ကိုလည်း အက္ခရာ၏အထက်နှင့်အောက်တို့တွင် ရေးရသည်။ ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုးစသည့်ဗျည်းတွဲများကို ရေးရာတွင် လက်ယာရစ်သာ ရေးရသည်။ အက္ခရာ၏လက်ယာအောက်စွန်းကိုလည်း ထိနေစေရသည်။

ဗျည်းတွဲတစ်လုံးထက်ပိုလျှင် အပင်းအရစ်တို့ကို ဦးစွာရေးဆွဲရသည်။ ပြီးမှ ဝဆွဲ၊ ဟထိုးတို့ကို အက္ခရာစဉ်အတိုင်း ရေးသားရသည်ကိုလည်း သတိအမြဲရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့သည် အက္ခရာများကို ရေးသားရာတွင် ဂဏန်းအက္ခရာများနှင့် အရေးအသားရောထွေး မှားယွင်းသွားခြင်း မရှိအောင် သတိပြုတတ်ကြသည်။ ဥပမာဆိုရလျှင် ဂငယ်နှင့် ရှစ်ဂဏန်း ညကလေးနှင့် သုံးဂဏန်း၊ ရကောက်နှင့် ခုနစ်ဂဏန်း၊ ဌဝမ်းဘဲ င–ပတထိုးတို့နှင့် လေးဂဏန်း၏ (၄)၊ သဝေထိုးနှင့် ခြောက်ဂဏန်း စသည်တို့ချင်း အသွင်သဏ္ဍာန်မတူအောင် ရေးရသားရသွဲ့ရင်မည်ကို ကောင်းစွာသိမှတ်ထားခြင်းမှာလည်း မြန်မာတို့၏ စည်းကမ်းကောင်းမှုတစ်ရပ်ပင်ဖြစ်ပေသည်။



အခန်း(၁၇)

## မြန်မာ့နေထိုင်စားသောက်မှုစည်းကမ်း

ရှေးမြန်မာတို့ ဆိုဆုံးမစကားပြောလျှင် လူသားသစ်ယောက်ပီသစွာ နေထိုင်တတ်ရေးအတွက် လူ့ကျင့်ဝတ်စည်းကမ်းများကို ပြောဆိုသွန်သင်တတ်ကြသည်။ ပထမဦးဆုံး အရေးအကြီးဆုံး စည်းကမ်းချက်မှာ ရတနာသုံးပါးကို နေ့စဉ်အမြဲ ကိုးကွယ်ဆည်းကပ်ရမည်ဟူ၍ဖြစ်သည်။ ဒုတိယစည်းကမ်းချက်မှာ မိဘဆရာတို့၏ ဆိုဆုံးမစကားကို နာယူမှတ်သားရန်ဖြစ်သည်။ တတိယစည်းကမ်းချက်မှာ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ မိတ်ဆွေတစ်ဦးနှင့်တစ်ဦး၊ ဧည့်သည်နှင့်အိမ်ရှင် စသည်တို့တွင် ထားရှိကျင့်သုံးအပ်သော ကျင့်ဝတ်များကို လေးစားလိုက်နာတတ်ရန် ဆုံးမတတ်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပညာရေးစနစ်၏ မူလမဏ္ဍိုင်များဖြစ်သော ဘုန်းတော်ကြီးကျောင်းများတွင် အထက်ပါလူ့ကျင့်ဝတ်စည်းကမ်းများကို စတင်မှတ်သားနာယူရသည်။ ရဟန်းစာဆိုများ၊ လူစာဆိုများသည် အဆိုပါအဆုံးအမများကို တတစ်ဖေ့င် ပေတစ်ဖွဲ့ပြုကာ မှတ်သားစေခဲ့သည်။ ဥပမာအားဖြင့် ရှင်မဟာသီလဝံသ၏ တိလောကဟု ဆုံးမစာအဖွင့်တွင် ...

'တိလောကဟု၊ မရှိုင်းတူ၊ ဘက်မပြူသည့်၊ သုံးဆူရတနာ၊ မာတာပီတာ၊ ဆရာစသား၊ အရှင်များကို၊ ဖြစ်မှားမဆို၊ ရိုသေကြစေ' ဟူ၍ စတင်မှာကြားထားသည်။ 'ဆရာသမား၊ မိဘအားကို၊ နိုးကြားမပြတ်၊ မျက်သစ်တံပူ၊ လုံ့လယူသည်၊ ယူ၍မပြတ်၊ နေ့တိုင်းကပ်'ဟူ၍လည်း မှာကြားသည်။

ရှင်မဟာရဋ္ဌသာရကလည်း ...

'လက်ဆစ်ထောင်တာ၊ ယူဇနာပေါင်း၊ တာပြန့်လောင်းသော်၊ ရှစ်သောင်းလေးထောင်၊ အမြင့်ဆောင်ကား၊ တောင်မြင့်မိုရ်ငြိုး ဂုဏ်ကြီးတော်သည်၊ မွေးမိဘခင်၊ ကျေးဇူးရှင်နှင့်၊ ထို့ပြင်တစ်ပြား၊ ကိုးနှင့်ထွားကို၊ ဘုရားတရား၊ ဂုဏ်သုံးသွယ်၊ စိတ်ကထင်လျက်၊ ဦးပေါင်လက်ထား၊ အစားအစက်၊ မလွှတ်ရစေ၊ ရေမူရေအား လိုရာပေး၍၊ မွေးကျေးကြပေ၊ တာဝေမှတ်သား၊ အစါးအရိုး



သူတို့ဆိုလည်း၊ ဘိုးဘွားမိဘ၊ ဆရာသည်၊ ပြသဆိုတွေ၊ မျိုးတတ်စေ'ဟူ၍ သွန်သင်ခဲ့သည်။

သြဝါဒထူးမျိုးဆုံးမစာတွင် စိန္တကျော်လူ ဦးဩက ...

'မိဘတို့၏တာဝန်များ၊ တစ်နည်းအားဖြင့် သားသမီးတို့အပေါ်တွင် မည်သို့သဘောထားရမည်။ သားသမီးတို့ ကောင်းစားစေလိုလျှင် မည်သည့်အပြုအမူမျိုး၊ အပြောအဆိုမျိုးကို မလုပ်ရ'ဟူသော စည်းကမ်းချက်များကို အထင်အရှား ဖော်ပြခဲ့သည်။ ဦးဩက 'သွေးရည်ရင်နှစ်၊ သားကိုချစ်က၊ ကျိုးဖြစ်ပြသ၊ ဆုံးမပြစေ'ဟူ၍လည်းကောင်း၊ 'မြတ်နိုးသောအား၊ သားကိုချိုမှု၊ လွှားသော်ဆိုး၏'ဟူ၍လည်းကောင်း ဆုံးမခဲ့သည်။ 'ဖြစ်ထာဝွန်းငြိုးတစ်မျိုး မရှိစင်ကြား၊ သမီးသားကို၊ ထိမ်းမြားမင်္ဂလာပြုအပ်ရာ၏'ဟူ၍လည်း လမ်းညွှန်ပြခဲ့သည်။

ပုဏ္ဏောဝါဒဆုံးမစာတွင်လည်း ...

'မိဘနှစ်ပါး၊ ကောင်းသောသားကား၊ များ၏လူတွင်၊ ဖြစ်မည်မင်္ဂလာည့်၊ မိခင်မွေးဘ၊ သားတို့မျက်ကို၊ ဆုံးမကြပါ၊ တချို့မှာကား၊ ငါ၏သားသည်၊ သနားစေလို့၊ ဖြစ်စေ၏ဟု၊ ရှုကြည့်သာယာ၊ ကျောင်းမှာမထား၊ အိမ်တွင်သားနှင့်၊ စကားရေးရာ၊ ရှိသောမှု၊ ဇါးမှာလျှောမှု၊ ဟူသည်ကဲ့သို့၊ ကဲ့ရဲ့ဝရာ၊ မျက်နှာမရှု

www.burmeseclassic.com



မိန့်ဘသည်၊ ရှက်ရကောန်၊ သဘောတည်း’ဟူ၍ တိကျစွာ လမ်းညွှန်ပြသည်။

ဆရာတော် ဥဗုဓ်ကလည်း ...

‘မကောင်းမြစ်တာ၊ ...ကောင်းရာသွင်းပေ၊ သင်စေအတတ် လျောက်ပတ်မယား၊ ထိမ်းမြားချိန်ခါ၊ ဥစ္စာအဖွေ၊ ချိန်တန်ပေသည် ငါးထွေမိဘ၊ ကျင့်ဝတ်တည်း’ဟူ ဆိုဆုံးမသည်။

သင်္ဂဇာဆရာတော်ကမူ ...

‘မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ’ ဟူ၍ ဆုံးမတော်မူခဲ့သည်။

ကျီးသဲလေးထပ်ဆရာတော်ကြီး၏ အဆုံးအမတစ်ရပ်မှာ ...‘သမီးကညာ၊ ရွယ်ရောက်လာ၊ အခါမလွန်ပါစေနှင့်၊ အခါလွန်က အသင့်မရ၊ ယုတ်သောသူနှင့် ညားတတ်စွ’ဟူ၍ဖြစ်သည်။

ထိုနည်းအတူပင် သုတမဥ္ဇူဆုံးမစာကို လေ့လာလျှင်လည်း ‘မိဘသားနှင့်၊ ထိမ်းမြားအိမ်ချ၊ နှင်းလိုကာမူ၊ ချွေးမပိပိ၊ မဖြစ်မီက၊ ချစ်သိမ့်မြ၊ ဆွေမိတ်ဖွဲ့၍၊ ရှုဲ့ဘနာ၊ ရှုစမ်းရာ၏’ဟူ၍ ချွေးမလောင်း ရွေး ညီးကိုပင် အထင်အရှား သတ်မှတ်ပေးထားပေသည်။

မိဘတို့က သားသမီးတို့အပေါ် ကျင့်သုံးရမည့် ကျင့်ဝတ်





ည်းကမ်းများ ထားရှိခဲ့သည့်နည်းတူ၊ သားသမီးများကလည်း ...ဘအပေါ် ထားရှိရမည့် ကျင့်ဝတ်စည်းကမ်းမှာလည်း များပြား ...သည်။ အထင်ရှားဆုံး၊ လူသိအများဆုံးစည်းကမ်းတစ်ရပ်မှာ ...င်္ဂဇာဆရာတော်၏ ‘ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံ ...က်စေ၊ လျှုမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ် ...ားတို့တာ’ဟူ၍ဖြစ်သည်။ ဆရာတော်ကပင် ‘အတတ်လည်းသင် ...ြှင်ဆုံးမ၊ သိပ္ပမချန်၊ သားရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ...ျင့်ဖို့ဝတ်ငါးဖြာ’ဟူ၍ ဆရာ၊ ဆရာမတို့အတွက် ကျင့်ဝတ် ...ည်းကမ်းကို တိကျစွာ သတ်မှတ်ပေးခဲ့သည်။

စဥ္စပါဆရာတော်ကလည်း ...

‘ထမင်းစိမ့်ဆပ်နှင့် မနပ်ကယ်ဖိုးတွင်၊ ။ ခွက်ကြာတ်ကာယ ...ကန်သို့၊ တဖန်ရောတ်ပြန်မှတက်၊ နပ်ရွှယ် ဘယ်မှာရှိတာယ်လို့၊ ...ြားသိမပြင်။ ၊ ဆရာဉာဏ်ချည့်က၊ တပည့်ဂုဏ်မထင်၊ စုံလင်လိမ့် ...ယ်တတ်မျိုး။ ။ သည်ဆီကို ကြံရွယ်လို့၊ ဉာဏ်စုံဆရာသို့၊ ...ါရာကာသွား၊ အားသစ်လို့တိုး’ဟူ၍လည်းကောင်း၊ ‘သင်ကြား ...၊ နည်းပြဆရာ၊ ပညာမင်၊ မကုန်ထန်က၊ နည်းခံတပည့် ...သွား၏ရှင်’ဟူသော ဩဝါဒထုံးပို့ အဆုံးအမအရလည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာကောင်းဖြစ်ဖို့၊ ဆရာကောင်းတွေဖို့ မလွယ်ကူလှကြောင်း သိရသည်။

ကျည်းကန်ရှင်ကြီးကမူ ...

'တပည့်ကောင်းတို့၏ အင်္ဂါရပ်၊ တစ်နည်းအားဖြင့် မည်သို့သော တပည့်မျိုးကို ဆရာတို့အနေဖြင့် ချစ်ခင်ရမည်'ဟူသော စည်းကမ်းကို အထင်အရှား ညွှန်ပြသည်။

ယင်းညွှန်ပြချက်အရ –

'တပည့်တို့အင်္ဂါမှာ လျှင်မြန်၊ ပေါ့ပါး၊ စကားပြေချော သဘောချိုသာ၊ ဝေယျာဝစ္စ၊ ခဲသယ်မ်းယမ်း၊ ရှင်လန်းစေတနာ သေချာမှုမျိုး၊ ရိုးရိုးကောင်းရှက်၊ မျက်မှောက်မျက်ကွယ်၊ မပယ်တာဝ သင်အံကြံကြည့်၊ လောင်းဖြည့်ပညာ၊ ဆရာသင်နည်း၊ နိုသယည်း မပျက်၊ ပါဠိအနက်က၊ ထွက်သည့်မိပ္ပာယ်၊ သည်ဝယ်ပုဒ်ဖြတ် သေသတ်မှုချ၊ တကြိမ်ပြလျှင် မခွမှတ်သား၊ တပည့်အားကို သင်ကြားဆရာ၊ မြတ်နိုးရာ'ဟူ၍ နားလည်သဘောပေါက်ပေသည်။

ကျည်းကန်ရှင်ကြီးသည် စာသင်ဆရာတို့၏ အင်္ဂါရပ်ကို ဖော်ပြပြီး ဤသို့သော ဆရာမျိုးကို ရှာဖွေဆည်းကပ်ရမည်ဟူ၍ စည်းကမ်းချက်တစ်ရပ် ချမှတ်ပေးရန်လည်း မမေ့ခဲ့ချေ။ စကား မေတ္တာစာတွင် 'သဒ္ဒါအဘိဓာန်၊ ကျမ်းဂန်သိလှ၊ မုချဥပစာ၊ သေချာ





ယ်၊ လေးဆယ်နယ၊ သို့ချသို့ဝင်၊ သို့သင်သို့ပြစ်၊ အရစ်အပင့် ဆင့်အသတ်၊ အမှတ်သညာ၊ လာသည်ပါဠိ၊ သိသည်အနက်၊ ထွက်အသံ၊ အမှန်သဘော၊ ချောမောအာဂုံ၊ အင်ပြည့်ဂုံမှ ...' သင်ဆရာကောင်းအင်္ဂါနှင့်ပြည့်စုံသည်ဟု ညွှန်းဆိုခဲ့သည်။

သင်္ဂဇာဆရာတော်သည် 'ရှေးဟောင်းနှင့်ဟာကာတို့၏ အပြုံအလျှံ ကျင့်ရမည့် ကျင့်ဝတ်စည်းကမ်းများနှင့်ပတ်သက်၍ 'မကောင်း ထား၊ ကောင်းရာကိုလှစ်၊ အသစ်ဟောကျူး၊ နာမူးထပ်မံ ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု'ဟူ၍ ဖော်ပြခဲ့သည့် တူး 'မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချိုး ှင်ဖိတ်ထား၊ တက်အားလှူစေ၊ ငါးခုနေ'ဟူ၍ ဒါယကာတို့ က် ကျင့်ဝတ်စည်းကမ်းကိုလည်း ချမှတ်ပေးခဲ့သည်။

ဆရာတော်ဦးဗုဒ်ကလည်း 'မကောင်းမြစ်ထား၊ ကောင်းရာ ကြောင်း၊ ကောင်းစိတ်သနား၊ မကြားစကောင်း၊ ထုံးကောင်း သိ၊ ကြားမိသင်စေ၊ နတ်ပြေလမ်းညွှန်း၊ ဤခြောက်ခန်းကား၊ ပုဏ္ဏား ကျင့်ရိုးတည်း'ဟူ၍ ဖော်ပြခဲ့သည်။

တကာကျင့်ဝတ်နှင့်ပတ်သက်၍လည်း 'ကိုယ်နှုတ်စိတ်မှာ၊ ရှိကြား၊ တံခါးဖွင့်ခြင်း၊ ဆွမ်းဟင်းရေစား၊ ပေးလှူကာလျှင်၊ ကျင့်ဝတ်ငါးပါးတည်း'စသည်ဖြင့် ညွှန်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးခေတ်မြန်မာတို့ နိစ္စဓူဝကျင့်ကြံအားထုတ်ရမည့် ကျင့်ဝတ်စည်းကမ်းများ သတ်မှတ်ထားပုံကို ရှေးဟောင်းမျိုး... များတွင် တွေ့ရသည့်အနက်၊ အုပ်ချုပ်သူမင်း(အစိုးရ)တို့ ကျ... ဆောင်ရမည့် ယေဘုယျကျင့်ဝတ်စည်းကမ်းတစ်ရပ်ကိုလည်း တွေ့... ရသည်။

ကုန်းတော်မင်းကျောင်းဆရာတော်သည် လောကသာရ... တွင် 'ပြည်သူ့ချစ်ဘ၊ လောကပတိ၊ မြေကြီးသနင်း၊ မင်း... ကျင့်ရာ၊ ဆိုးမနာလော့၊ မဟာဂမ္ဘီ၊ ခန္တီယတို့၊ နေကျကျင့်... ကောင်းကျိုးအလျှ၊ ငွေကြဲမူလျှက်၊ ဒါနပြုဖြောင့်မင်း၊ နူးညံ့ခြင်း... သီတင်းစောင့်စည်း၊ မျက်နှည်းသည်းခံ၊ ငြိုးခြံသမှု မပြုညှဉ်း... ဆင်းရဲမရှား၊ မေတ္တာပွားဖြင့်၊ လူအဂ္ဂနှံ့အား၊ မဆန့်ကျင်... ဤသို့ရေးသား၊ ဆယ်ထွေစောင့်ကြပ်၊ တရားကွပ်၍၊ လက်... ခေါ်ပြု သဖြုတ်မှုလည်း၊ လေးခုအစေ့၊ ပြုကတေ့ဖြင့်။ ။ ကျင့်... မကြွင်းကျန်စေမင်း' ... ဟူ၍ လိုရင်းကို တိုတိုရှင်းရှင်းဖေ... လမ်းညွှန်ခဲ့သည်ကို တွေ့ရလိမ့်မည်။

ရှေးသူဟောင်းတို့သည် မြန်မာတို့နေ့စဉ်ကျင့်ဆောင်ရ... စည်းကမ်းချက်များတွင် ညှော့သည်ကဖြစ်စေ၊ အိမ်ရှင်ကဖြစ်... အပြန်အလှန် ပြုကျင့်ရမည်ဟူသောစည်းကမ်းများလည်း ရှိသေး...





ညှော့သည်ဝတ္တရားများနှင့်ပတ်သက်၍ ဖွဲ့ဆိုထားကြသည်ကို ... သတ်မှတ်ခဲ့သည့် စည်းကမ်းများဖြစ်သည်။ ယင်းစည်းကမ်း... ...မှာ သူတစ်ပါးဝင်း သူတစ်ပါးခြံထဲသို့ဝင်လိုလျှင် ဇိနပ်မှတ်... ...သည်။ ဇိနပ်အညစ်အကြေးများကို ကောင်းစွာ ပွတ်ခတ်ရသည်။ ထီးကိုလည်း ခေါက်ရသည်။ အဝတ်အစားကိုလည်း မဝင်ရ... ...ခြဲလေးကန့်ကာလည်း မဝင်ရ။ ညှော့သည်သည် ရဟန်းဖြစ်ပါက ...အိမ်ရှင်ကျောင်းတိုင်ကျော်ကို တွေ့သောအခါ ရှိခိုးဝပ်ချရမည် ...သည်။ အိမ်ရှင်၏ ဝတ္တရားမှာလည်း တွေ့မြင်သည်နှင့် တမ်းပြုနက် ...ပြန်ကြွက်ပြီး ကြိုဆိုရမည်။

ထိုင်စရာနေရာပေးရမည်၊ ခြေဆေးရ ခြေဆင်းအင်းပျဉ် ...ကို ပေးရမည်။ သဂိတ်သက်နှံကို လှမ်းယူမည်။ သောက်ရေ ...ရမည်။ ရေတိုက်ရမည်။ ဇိနပ်ကိုတောင်းယူပြီး သုတ်သင်ပေး ...မည်။ ရှိခိုးရမည်။ အိမ်ရှေ နေရာထောင်ချောင်းသောင်းခင်းပေးရမည်။ ...ကယ်၍ညှော့သည်သည် (ရဟန်း)သည် မိမိထက်သက်ကြီးမည် ...လျှင်လည်း သင့်လျော်သလို ညှော့သက်ကျွေးရမည်ဟူ၍ ဖြစ်သည်။

ဤကဲ့သို့ ညှော့သည်အတွက် အိမ်ရှင်သည် မိမိလိုက်နာ ...ရမည့် ကျင့်ဝတ်စည်းကမ်းကို တိတိကျကျ လိုက်နာရသည့်နည်းတူ ...ညှော့သည်(ရဟန်း)သည်လည်း တာဝန်ကျေပွန်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ထိုကျောင်းတိုက်၌ တည်းခိုပြီး ပြန်လည်ထွက် သွားချိန်တွင် မိမိအိပ်ခဲ့သော ခုတင်ပြောင်ခင်းစောင်း မိမိသုံးခဲ့သော ချိုးရေအိုး ဖြေဆေးအိုး သင်္ကန်းဆိုးဆေးအိုးတို့ ပစ္စလက်ခတ် မထားခဲ့ရပေ။ သန့်ရှင်းစင်ကြယ်အောင် သုတ်သင်ရှင်းလင်း ရမည်။

နေသားတကျ ပြန်လည်သိုမှီး သိမ်းဆည်းပေးခဲ့ရမည်။ ပြတင်းပေါက်များ တံခါးပေါက်များကိုလည်း ပိတ်သင့်ဖွင့်၍ မထား ခဲ့ရ။ စည်းကမ်းတကျ ပြန်လည်ပိတ်ဆို့ပေးခဲ့ရမည်။ ကိစ္စအား ရှင်းလင်းသွားလျှင် အိမ်ရှင်(ရဟန်း)များကို ကန်တော့ပြီး နှုတ်ဆ ခွင့်ပန်သွားရမည်။

ရှေးခေတ်က ဧည့်သည်(ရဟန်း)ဖြစ်စေ အိမ်ရှင်(ရဟန်း ဖြစ်စေ ရေအိမ်တက်သည့် အမှုကိစ္စမှာပင် ပညတ်ချက် စည်းကမ်း ထားရှိခဲ့သည်ကို တွေ့နိုင်သည်။ ရဟန်းတစ်ပါးသည် ရေအိမ် ဝင်လိုလျှင် မဝင်မီအပြင်မှရပ်၍ ချောင်းဟန့်ရသည်။ အတွင်း လူရှိလျှင်ပြန်၍ ချောင်းဟန့်ရသည်။

အတွင်းမှ မည်သည့်အသံမှ မကြားရလျှင် ရုတ်တရ မဝင်ရသေးပေ။ သင်္ကန်းကို ကြိုးတန်းတွင် တင်ရသည်။ ပြ အတွင်းမှ မှန်မှန်ဝင်ရသည်။ သင်္ကန်းကိုမြှောက်ပင့်၍ မဝင်ရ





ထိုင်ခုံတွင်ထိုင်ပြီးမှ သင်္ကန်းကို မြှောက်ပင့်ရသည်။ ကျင်ကြီးကိုလည်း ညည်းတွား၍ မစွန့်ရပေ။ မိမိကြောင့် ရေအိမ်ညစ်ပတ်လျှင် သန့်စင် အောင် ဆေးကြောပေးခဲ့ရသည်။

ထို့ပြင် ဧည့်သည်ဖြစ်စေ အိမ်ရှင်ဖြစ်စေ ရဟန်းဖြစ်စေ လူပုဂ္ဂိုလ်ဖြစ်စေ ဆွမ်းစားခြင်း ထမင်းစားခြင်းပြုရာတွင် စောင့်စည်း လိုက်နာရမည့် စည်းကမ်းချက်များစွာရှိပေသည်။

ဤအချက်က မြန်မာတို့သည် အစစအရာရာတွင် စည်းကမ်း စနစ်ရှိကြောင်း ပြသလိုက်ခြင်းပင် ဖြစ်သည်။ လူပုဂ္ဂိုလ်များသည် ထမင်းစားသောအခါ လူကြီး သူကြီးများကို ပထမဦးချပြီးမှ စားရ သောက်ရသည်။ ထမင်းပွဲတွင် ဟင်းခွက်ကို ကုန်းကြွလျက် လည်း မနှိုက်ရပေ။

ထမင်းပန်းကန်ထဲတွင် ထမင်းပြောင်အောင် မစားရ။ ထမင်း မကုန်မီ ထမင်းအသစ်ကို ထည့်စားရမည်။ မိမိတို့ခေါင်းထား အိပ်ရာအရပ်သည် ထမင်းပွဲ၏ထိပ်(သို့မဟုတ်)ထမင်းပွဲ၏ ဦးထိပ် သတ်မှတ်ရသည်။ မိဘနှစ်ပါးသည် ထမင်းပွဲ၏ ဦးထိပ်နေရာ၌ ထိုင်ရသည်။

ထမင်းပွဲတွင် သားသမီးများသာဖြစ်နေပါက မိဘတို့နေရာ တွင် ဝင်မထိုင်ရချေ။ အကယ်၍ ဖခင်မရှိလျှင် မိခင်သည် ထမင်းပွဲ၏



www.burmeseclassic.com

www.burmeseclassic.com



ဦးထိပ်တွင် ထိုင်ရသည်။ ထမင်းပွဲတွင် ဖခင်သည် ဦးထိပ်မှာထိုင်လျှင် မိခင်သည် ဖခင်၏လက်ဝဲဘက်တွင် ထိုင်ရသည်။

သားကြီးသည် ဖခင်၏ လက်ယာဘက်တွင် ထိုင်ရသည်။ သမီးကြီးမှာမူ မိခင်၏ လက်ဝဲဘက်တွင် ထိုင်ရသည်။ ပြီးနောက် ကြီးစဉ်ငယ်လိုက် ထိုင်ကြရသည်။

ရှေးမြန်မာတို့၏ လေးစားစရာ အကောင်းဆုံးစည်းကမ်း ချက်တစ်ရပ်မှာ မည်မျှပင်ဆာလောင်မွတ်သိပ်နေစေကာမူ ဟင်းခွက်ကို ဖခင်နှိုက်ပြီးမှ မိခင်နှိုက်ရခြင်းဖြစ်သည်။ မိခင်နှိုက်ပြီးမှ သားကြီးနှိုက်ရသည်။ သားကြီးနှိုက်ပြီးမှ သမီးကြီးနှိုက်ရသည်။ သမီးကြီးနှိုက်ပြီးမှ အစဉ်လိုက်နှိုက်ကြရသည်။

ဦးဆုံးတစ်ကြိမ်တွင် ယင်းကဲ့သို့စနစ်ကျပြီးနောက် အလိုရှိသလို နှိုက်နှိုက်စားနိုင်ကြသည်။ အကယ်၍ သားသမီးတစ်ဦးဦးသည် အရေးတကြီး အပြင်သို့သွားစရာရှိ၍ ထမင်းအမြန်စားသုံးရန် လိုအပ်ပါက မိခင်သည် ဖခင်ထမင်းပန်းကန်ထဲသို့ အကောင်းဆုံးဟင်းခွက်မှ ဟင်းဖတ်ကို ခပ်ထည့်ပေးရသည်။ ဦးချရသည်။

ဦးချပြီးနောက် မိခင်က ဟင်းခွက်ကိုနှိုက်သည်။ မိခင်ခပ်ယူပြီးသည့်နောက် သားသမီးတို့ ပုံမှန်စားသောက်နိုင်ကြသည်။





ဦးချခြင်းနှင့်ပတ်သက်၍ 'ရှင်ဘုရားသိလဝံသ'ဟာ 'မိဘကြီးဦး၊ ဆရာဦးကို၊ ရှုမြဲအလျှင်မစားနှင့်'ဟူသော ဆုံးမထားချက်ကို ကြည့်လျှင် သိနိုင်ကြပေလိမ့်မည်။

အချုပ်ဆိုရလျှင် မွေးဖွားသည်မှ သေဆုံးချိန်အထိ နေထိုင်ရေး စားသောက်ရေး ပေါင်းသင်းဆက်ဆံရေး စသည့်ကဏ္ဍအသီးသီး၌ စည်းကမ်းတကျ နေထိုင်တတ်အောင် ကျင့်ကြံတတ်အောင် လူကိုယ်တိုင်ဖြစ်စေ၊ [illegible]များဖြင့်ဖြစ်စေ အမြဲမပြတ် သြဝါဒပေးခဲ့ကြသည်။ လမ်းညွှန်ခဲ့ကြသည်။ သတိပေးခဲ့ကြသည်။

မြန်မာတို့၏ကျင့်ဝတ်စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်း မပြုနိုင်သူတို့အတွက် ရှက်ဖွယ်လိလိဖြစ်ရကြောင်းကိုလည်း စဉ်ဆက်မပြတ်သွန်သင်ဆုံးမပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၈)

## မြန်မာ့ ဝတ်စားဆင်ယင်မှု ဓလေ့ထုံးတမ်း

ယဉ်ကျေးမှုဆိုသည်မှာ လူသားတို့၏ ကျင့်ထုံးနှင့် နေထိုင်မှုပုံ
အကျင့်သို့ ယဉ်ကျေးမှုအမြာမြာ ရင်ပြစ်းဆင်းလျက်ရှိသည်။
ဆင်ယင်ထုံးဖွဲ့မှု၊ ပန်းချီ၊ ပန်းပု၊ လက်မှုအတတ်ပညာများ၊ ဆိုတီးသ
သုခုမ အနုပညာရပ်များ၊ ရေးသားတွေးခေါ်ပြောဆိုမှု၊ အယူအဆ
စာပေရေးရာများ၊ ရိုးရာဓလေ့ထုံးစံ၊ ဘာသာအယူဝါဒ၊ ယုံကြည်မှု
လူနေမှုစနစ် စသည်တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နီးကပ်မှု
ရှိသော်လည်း ကိုယ်ပိုင်ရှေးဟောင်းယဉ်ကျေးမှုဓလေ့များ အမြဲ
နိုင်မာစွာ ရပ်တည်လာနိုင်ခဲ့မှုကြောင့် ထင်ရှားလှသည်။





ဝတ်စားဆင်ယင်မှုဓလေ့ထုံးတမ်းများနှင့်သက်ဆိုင်၍ အမျိုးသား
များထက် အမျိုးသမီးများက ပိုမိုအလေးပေးနိုင်ကြသည်။ ရှေးခေတ်
ဝတ်စားဆင်ယင်မှု စနစ်အကျ သတ်မှတ်ထားမှုကို ဘုရား၊ ဂူ၊
ကျောင်း၊ တန်ဆောင်းစသည်တို့ရှိ နံရံဆေးရေးရုပ်ပုံများ၊ ပန်းချီကားချပ်
များက အရုပ်အမြင် ပြောပြနေကြသည်။

ပျူခေတ် အနော်ရထာ ဘုရင့်အခါ၊ ပုဂံခေတ်အခါများက
အမျိုးသမီးများသည် ဆံပင်အရှည်ထားသည်။ ထိပ်၌ ထုံးဖွဲ့ထား
သည်။ ငွေ(သို့မဟုတ်)ပုလဲများနှင့် အလှပြင်သည်။ ပဝါပါးကို
ခြုံရသည်။ ပိုးနှင့်ရက်ဖြီးသား အထည်ကိုဝတ်လျှင် အမြစ်ကြီး
သည်ဟု ယူဆသည်။ လဲမှုမှုရသော ချည်ထည်ကိုသာ ဝတ်ကြ
သည်။ နန်းတွင်းသူများသည် ထိပ်၌ဆံပင် ခပ်ဝိုင်းဝိုင်းထုံးရသည်။
ပုလဲများ အထပ်ထပ်ရစ်ပတ်ရသည်။ တချို့သည်များသည် သံပုရာခွံ
ဦးထုပ်များ ဆောင်းရသည်။ ကချေသည်မှန်းသိအောင် ပန်းဝန်ရ
သည်။ အထက်တန်းလွှာ အမျိုးသမီးများသည် ဦးခေါင်းကို ပဝါ
များဖြင့် ဦးရစ်သဏ္ဌာန် အထပ်ထပ်ပေါင်းရသည်။ ကျောက်သံ
ပတ္တမြားများ၊ ဆံညှပ်၊ ဆံထိုး၊ ပုတီး နားတောင်းများ ဝတ်ဆင်သည်။
ပုလဲဒါးပတ်များ၊ အိတ်ရှုံ့နှင့်တူသော ထဘီတစ်မျိုးကို ဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမြင်သို့ လက်ရွေးစင်ကောက်ချက် ယက်ကောင်များ ကိုက်ဆောင်ရသည်။

အလူးသမြို့ ဇကော်ဂေါ်ဘရာဇာဝင်ယက်မှုနှင့်ပက်သက်သော စည်းကမ်းချက်မှာ ဆံထုံးရုံမိုးတွင် ပုလဲပုံများ၊ ဝန်းဆိုင်များ မပါရှိပါက လက်မထင်ရှားသောအမှုများဟု သတ်မှတ်ထားခြင်းဖြစ်သည်။ အိမ်ထောင်ရှင် ပျူအမျိုးသမီးများသည် အမြိုင်သို့ထွက်၍ လမ်းလျှောက်သွားသည့်အခါ ယပ်ကောင်များကိုလည်း မသွဲ့မဘွေ့ ယူဆောင်သွားရခြင်းဖြစ်သည်။

ပုဂံခေတ်တွင် ဘော်စာဆင်ယင်မှုနှင့်ပတ်သက်၍စနစ် စည်းကမ်းတို့ အခိုင်အမာရှိခဲ့သည်။ အမျိုးသမီးဦးသျှောင်ထုံးနည်း (၅၅)မျိုးက ယင်းအချက်ကို ဖော်ပြလျက်ရှိသည်။

မြွှတ်မြူ၊ မြွှတ်နှီ၊ မြွှတ်ထွက်၊ စုလည်း၊ တိမ်ကောင်တက်၊ တိမ်ကောင်သက်၊ ကြာညို့ဝတ်ဆံ၊ စင်ယော်ကန်းဝဲ စသည်တို့ အပါအဝင် အမည်ဆန်း အမျိုးမျိုး ဦးသျှောင်ထုံးနည်း အတွေ့တွေကို တွေ့နိုင်ပေသည်။

ယင်းသို့သော ထုံးဖွဲ့မှုအမျိုးမျိုးဖြစ်အောင် တစ်ခါတစ်ရံတွင် ဆံပင်ဆံစုနှင့် မလုံလောက်၍ သစ်စေးသရိုး အနက်သုတ်သစ်သား





ပါး၊ ကြိမ်စသည့် တန်ဆာပလာများကို ခေါင်းပေါ်တွင်တင်ပြီး ဆံညှပ်များဖြင့် နိုင်မြဲအောင် ထိုးစိုက်ရသည်။

ဆံထိုးပုံစံပေါ်တွင် ဆံပင်ဖြင့် ရစ်ပတ်ရသည်။ ဆံပင် နည်းသူများ ဆံစုသုံးရသည်။ မလုံလောက်ပါက ရက်ကန်းစင်မှ ချည်နက်များကို အခင်လိုက်ယူပြီး ဆံတုံးပုံပေါ်၌ ရစ်ပတ်ရသည်။ ဆံပင်အဖျားကော့နေစေရန် ဖဲငှယောင်း၊ ပွဲလျက်တို့ဖြင့် လိမ်းသပ် ပေးရသည်။

အင်းဝခေတ်ပျို့ကဗျာများ၊ နံရံဆေးရေးပန်းချီများကလည်း ထိုခေတ်ဝတ်စားဆင်ယင်မှု နည်းစနစ် စည်းကမ်းများကို ဖြောပြ နိုင်ကြသည်။ ရှင်မဟာရဋ္ဌသာရ၏ ဒုတိယမင်းခေါင် သမီးတော် နားထွင်းမင်္ဂလာ လင်္ကာကလေးတွင် အင်းဝခေတ်ဆံထိုးတော်များ၏ အမည်ကိုခွဲခြားဖော်ပြထားသည်။

ဒုတိယအင်းဝခေတ်(ညောင်ရမ်းခေတ်) တံသာဝတီပါမင်း၏ အမှာတော်ပုံအရလည်း ၁၀၉၅ ခုနှစ်မှ ၁၁၁၃ ခုနှစ်အတွင်း အမျိုးသမီးများ စတင်ပေါ်ထွန်းဝတ်ဆင်နေကြပြီဖြစ်ကြောင်း သိရသည်။

အင်းဝခေတ်နောက်ပိုင်းတွင် ပုဆိုး၊ ထဘီအနားပွကြီးများ၊ တာဘက်များကို သုံးစွဲရကြောင်း တွေ့ရသည်။ အင်းဝခေတ် ကချေ



www.burmeseclassic.com

www.burmeseclassic.com



သည့်များသည် အင်္ကျီလက်ပွနှင့် ထဘီအနားပွကြီးများ ဝတ်ဆင်ရသည်။ အမျိုးသမီးများသည် မဟာနဖူး ကျယ်ကျယ်ဖေထာင့်များ ပေါ်အောင် ထားရသည်။ တောင်သူခေတ်တွင်လည်း ပုဂံခေတ် ဥသျှောင်ထုံးနည်း (၅၅)မျိုးအနက် (၃၇)မျိုးကိုသာ အများဆုံး အသုံးပြုခဲ့သည်။

ကုန်းဘောင်ခေတ်ဦး ဝတ်စားဆင်ယင်မှုနည်းစနစ် စည်းကမ်းများနှင့်ပတ်သက်၍ အီတလီဘုန်းကြီးဆန်ဂျာနိုက ကုန်းဘောင်ခေတ် မြန်မာအမျိုးသားများသည် အတောင်နှစ်ဆယ်ပုဆိုးရှည်ကို ခါးတွင် ပတ်ပြီး ခြေဖျားအထိရှည်အောင် ပုဆိုးစကို ပခုံးပေါ်တွင် တင်ထားတတ်ကြောင်း၊ လမ်းလျှောက်သည့်အခါ ပုဆိုးစကို ခါးတွင်ပတ်ထားရကြောင်း၊ အခမ်းအနားများသို့ တက်ရောက်လျှင် ဒူးအထိရှည်သော ရင်ခွဲပိတ်အင်္ကျီဖြူအရှည်ကို ဝတ်ဆင်ရကြောင်း ဖော်ပြထားသည်။

အမျိုးသမီးများမှာလည်း ပိုး(သို့မဟုတ်)ချည်ထည်ကို ခါးတွင် ပတ်ထားပြီး အရှေ့တွင် ကွဲနေသောကြောင့် လမ်းလျှောက်လျှင် ခြေသားလုံးကို မြင်ရကြောင်း၊ ပခုံးပေါ်တွင် အဝတ်ရှည်ပဝါစကို တင်ထားရကြောင်း၊ ညှပ်ဖိနပ်တစ်မျိုးကိုစီးရကြောင်း၊ ပိတ်အနီစကို ရင်ဘတ်တွင် ပတ်စည်းရကြောင်း၊ ဆံပင်နောက်ပတ်ထုံးရကြောင်း မှတ်တမ်းတင်ခဲ့သည်။





ကုန်းဘောင်ခေတ်တွင် နန်းတွင်းသူ အထက်တန်းလွှာများမှအပ မည်သူမျှ ရွှေခြည်၊ ငွေခြည်ထိုးအဝတ်များ မဝတ်ရ။ ထို့ပြင်လည်း အမိန့်ဥပဒေများ ထုတ်ပြန်ကန့်သတ်ခဲ့သည်။ နန်းတွင်းသူများသည် မင်းထံဝင်ထွက်ခစားရာတွင် အဆင့်အတန်းနှင့် အညီသာ ဝတ်ဆင်ရသည်။ အဆင်တန်ဆာလျော်၍ အလှပြင်ရသည်။ (သို့မဟုတ်) ၍ဝတ်ဆင်ရသည်။

ထို့ကြောင့် ထိုင်မသိမ်းလက်ရှည် အနို့တပ်အင်္ကျီနှင့် ကွဲထဘီများကို နန်းတွင်းသူများသာ ဝတ်ဆင်ခွင့်ရသည်။ အရပ်သူများမှာမူ ရင်ဖုံးအင်္ကျီခါးတို လက်ပွများ၊ နံကွဲထဘီအနားကပ်ကိုသာ ဝတ်ဆင်ရသည်။

အမရပူရခေတ်တွင် နန်းတွင်းသူများသည် လွန်းတာရာထဘီ၊ ချိတ်ကြိုးလိုက် မြကြိုးလိုက်ထဘီနှင့် နော်တော့အဆင်များကို ဝတ်ဆင်ခွင့်ရကြသည်။

ဘိုးတော်ဘုရားလက်ထက်တွင် အချိတ်ထည်ကားဝါရောင်၊ အပြာ၊ ခရမ်း၊ အစိမ်းပုပ်ချိတ်များကို ရက်လုပ်သုံးစွဲရသည်။ အမရပူရခေတ် အမျိုးသမီး အများစုသည် ထိုင်မသိမ်း ထဘီရှည်နှင့် ဝါတာဘက်ရှည်များ ဆံထုံး၊ ထိပ်လယ်ထုံးပုံများကို သုံးစွဲခဲ့ကြောင်း အထောက်အထားများရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အင်းဝခေတ်မှစ၍ အမရပူရခေတ် ရတနာပုံခေတ် အထိ ဝန်ကြီး၊ ဝန်ထောက်၊ ဝန်မှူးစသည်တို့သည် ထန်းရွက်ထပ်ကို ရွှေချကာ ကိုင်ဆောင်ရသည်။ နန်းတွင်းအပျိုတော်များသည် ရွှေသင်္ဂြိုဟ် အရည်ကို ကိုင်လျက်မိဖုရားနှင့်သမီးတော်များအပါးတွင် ခစားရသည်။ ဝန်ကတော်များသည် ထန်းယပ်တောင်ကိုကိုင်ကာ ရွှေနင်းဦးဖိနပ် များကို စီးနင်းရသည်။

ရတနာပုံခေတ်တွင် လွန်းချိတ်ထဘီများကို နန်းတွင်းသူ များသာ အသုံးပြုခွင့်ရှိသည်။ ကျေးလက်ပျိုဖြူတို့မှာ ပင်ဖြူနှင့် ပင်နီများကိုသာ အများဆုံးသုံးစွဲခဲ့ရသည်။ မင်းတုန်းမင်းလက်ထက်တွင် အချိတ်ပုဆိုး၊ အချိတ်ထဘီ အမျိုးပေါင်းသုံးဆယ်ခန့် တီထွင် ထုတ်လုပ်နိုင်ခဲ့သည်။ ထိုခေတ်က ဆံပင်ရှည်ကို အမျိုးသမီးများ၏ အလှဟု မြင်ခဲ့ကြသည်၊ သတ်မှတ်ခဲ့ကြသည်။ မြတ်နိုးဖွယ်ကောင်းသော စည်းကမ်းတစ်ရပ်ပင်ဖြစ်ပေသည်။



အခန်း(၁၅)

# မြန်မာ့ယဉ်ကျေးမှု အနုပညာ စည်းကမ်း

သုတေသီများ၏အဆိုအရ မြန်မာ့သုခုမအနုပညာလုပ်ငန်း ရပ်များသည် ပုဂံခေတ်မှ စတင်တိုးတက်လာသည်။ မည်သို့ပင် ဖြစ်စေ ပုဂံခေတ်မတိုင်မီ တည်ရှိခဲ့သော သရေခေတ္တရာ မြို့ဟောင်းမှ ျအရိုးအိုးများ ကျောက်ဆစ်ရုပ်ပွားတော်ကြီးများ ဘောဘောကြီး လေးမျက်နှာ ဘုရားမာစသည့် ပုထိုးကြီးများနှင့် ရွှေငွေရုပ်တု ဆင်းတုတော်များ တွေ့ရှိရမှုကြောင့် ပျူခေတ်ကာလကပင် အနုပညာ န်းဆယ်မျိုး စတင်အခြေအမြစ်စွဲနေပြီဖြစ်ကြောင်း ထင်ရှားသည်။

မြန်မာ့အနုပညာလုပ်ငန်းများသည် ပုဂံအနော်ရထာခေတ် နောက်ပိုင်းလောက်မှစ၍ မြန်မာနိုင်ငံတွင် တိုးတက်ထွန်းကားလာ ပြီး အင်းဝခေတ်တွင် အထူးတိုးတက်ခဲ့ကြောင်း လက်ဝဲသုန္ဒရ င်းမြတ်စံ၏ အဆိုအမိန့်အရ သိရသည်။ သာမိနပျို့တွင် 'ကြိုးပမ်း



www.burmeseclassic.com

www.burmeseclassic.com



ပုံစေ့ အမွေ့အသိမ် ပန်းထိမ်တလျှည်း၊ ပန်းတည်းတညီ၊ ပန်းခ်ီ တကွဲ၊ ပန်းပဲတစ်ခု၊ ပန်းပုတစ်တန်၊ ပန်းယန်တညီ၊ ပန်းခ်ီ တကွဲ၊ ပန်းပဲတစ်ခု၊ ပန်းပုဟပ္ပ ပန်းယန်မလွတ်၊ ပန်းပွတ် တလည်၊ အလုပ်သည်လည်း၊ ဖြီးစည်များစွာ’ စသည်ဖြင့် ဖွဲ့ဆို ခဲ့သည်ကို တွေ့ရလိမ့်မည်။

သက္ကရာဇ် ၅၉၅ ခုနှစ် ထိုး ပုဂံမြို့ဇံသီးဘုရားကျောက်စာ၊ ၅၉၈ ခုနှစ်ထိုး ပုဂံစောလှဝန်းဘုရား ကျောက်စာတို့တွင် ပန်းပဲကို ပန်ဖယ်ဟု တွေ့ရသည်။ ၅၂၄ ခုနှစ် ထိုး အမရပူရ ပုထိုး တော်ကြီးကျောက်စာ၊ ၂တ် ၁၆၄ တွင် ပန်ဖဲဟု တွေ့ရသည်၊ စစ်ကိုင်း ကောင်းမှုတော်ကျောက်စာတွင်မူ ပန်ဘဲဟူ၍ ရေးထိုး ထားသည်။

ပန်းကဲဥ်းပညာမှာ ပန်တျန်ပညာဟူ၍လည်း လူသိများခဲ့ သော ကြေးနီကြေးဝါလုပ်ငန်းဖြစ်သည်။ ယခုအခါ ပဒင်းလုပ်ငန်း ဟူ၍ ခေါ်ဆိုကြသည်။ ကြေးပန်းထိမ် ကြေးသွန်းလုပ်ငန်းပင် ဖြစ်သည်။ ပုဂံစောလှဝန်ဘုရားကျောက်စာတွင် ကျောက်ပုထိုးကိုကား ဆေးရေး၍ ကြေးချည်ခတ်ဖ် ... ဟု ရေးထိုးထားသည်ကို တွေ့ရသည်။



ပန်းပုပညာကိုမူ ရှေးဟောင်းပုဂံကျောက်စာများအရ သိခွင့် ရသည်။ သက္ကရာဇ် ၆၀၄ ခုနှစ်ထိုး ပုဂံမြို့အိမ်ရာ ကျောင်း ကျောက်စာတွင် ‘ပန်းပုသား ငါ်ပစင်း’ဟူ၍ တွေ့ရသည်။ ပန်းရန် ညာနှင့်ပတ်သတ်၍ ပုဂံခေတ်ကျောက်စာများတွင် ပုရန်ဟု ရေးထိုး ခဲ့သည်။ ရွှေစည်းခုံ ခေါင်းလောင်း မြန်မာဘာသာစာတွင်လည်း ရန်ဟုပင် တွေ့ရသည်။

ပန်းတမော့ အတတ်ပညာမှာ ကျောက်ဆစ်ပညာပင် ဖြစ်သည်။ ပန်ဟူသည်မှာ မြန်မာဘာသာဖြင့် ပန်းကိုဆိုလိုသည်။ တမော့မှာ မွန်ဘာသာဖြစ်ပြီး ‘ကျောက်’ဟု အဓိပ္ပာယ်ရသည်။ ပုဂံခေတ် သျှင်ပင်ဗောဓိကျောက်စာတွင် ‘တာမောအိ’ဟူ၍ တွေ့ ရသည်။ ရွှေစည်းခုံ ဘုရားအနောက်မျက်နှာ တံတိုင်းအပြင်ဘက်ရှိ ကျောက်စာတွင်လည်း ‘တာမောအိခ-၃၅’ဟူ၍ တွေ့ရသည်။

ပန်းတော့သည် ပုဂံအနော်ရထာလက်ထက်မှစ၍ နောက်ပိုင်း ခေတ်များတွင် မြန်မာ့ရိုးရာလုပ်ငန်းများနှင့် ပါဝင်လာခဲ့သည်။ ရှေးဟောင်းသုတေသနဦးစီးဌာနမှ စိသနိုးမြို့ဟောင်း တူးဖော် ရာတွင် အင်္ဂတေရုပ်ကြွ အမျိုးမျိုးရရှိသည်။ အင်္ဂတေဖြင့် အရုပ်များ၊ ပန်းနွယ်များပြုလုပ်သော တမော့လုပ်ငန်းသည် ပျူခေတ်တို့ ကတည်းကပင် ထွန်းကားနေခဲ့ပြီဟု ဆိုချက်ချနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ်က ပန်းတော့ပညာသည်ကို 'ကူတွတ်သမား' ဟူ၍ သုံးနှုန်းခဲ့သည်။ ပန်းချီပညာကို ပုဂံခေတ်ကျောက်စာများတွင် 'ပန်ချီ'ဟူ၍ တွေ့ရှိရသည်။ ပန်းထိမ်ပညာကိုလည်း သရေခေတ္တရာမြို့ဟောင်း ဟန်လင်းမြို့ဟောင်းတို့မှ တူးဖော်ရရှိသည့် ပစ္စည်းများအရ ပျူခေတ်ယဉ်ကျေးမှုအရ တွေ့ရှိရသည်။ ပုဂံခေတ်က 'ပန်ထိမ်' ဟူ၍လည်းကောင်း 'ပန်တျန်'ဟူပင် သုံးနှုန်းခဲ့သည်။

'ပန်းရွဲ'ပညာမှာ ကျောက်မျက်ရတနာများကို သွေးသော အနုပညာလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဟန်လင်းနှင့် သရေခေတ္တရာဒေသတို့မှ တူးဖော်ရရှိခဲ့သော ဘုရားဌာပနာများတွင် ပန်းထိမ်ပညာသည်တို့၏လက်ရာများနှင့်အတူ ပန်းရွဲပညာသည်များ၏ လက်ရာများကိုလည်း တွေ့ရသည်။

ပုဂံခေတ်ကျောက်သွေးပညာကို ပန်းရွဲ၊ ပန်းသွေး စသည်ဖြင့် အမျိုးမျိုး တွေ့ရသည်။ ပန်းပွတ်ပညာမှာလည်း အင်းဝခေတ်မတိုင်မီ ရှေးပဝေသဏီကပင် ထီးသုံးနန်းသုံးနှင့် လူ့အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်ပေးခဲ့သော ပွတ်ခုံထွက် သစ်သားပစ္စည်းများဖြစ်သည်။ ပန်းယွန်းပညာနှင့်ပတ်သက်၍ ပုဂံခေတ်အထောက်အထားများတွင် မတွေ့ရသော်လည်း ရှေးအခါကပင် ထွန်းကားထင်ရှားလာခဲ့သော ယွန်းထည်ပစ္စည်းများပင်ဖြစ်ကြသည်။



မှန်စီရွှေချလုပ်ငန်းမှာလည်း အင်းဝခေတ်လောက်တွင် စတင်ပေါ်ထွန်းလာသည့် မြန်မာ့ရိုးရာသုခုမ အနုပညာတစ်ရပ်ဟု ဆိုနိုင်သည်။ ရွှေဘုံနိဒါန်း၏ အဆိုအရ သက္ကရာဇ် ၆၇၄ ခုနှစ်လောက်တွင် မြန်မာတို့လက်သို့ ယွန်းထည်နှင့် မှန်စီရွှေချပစ္စည်းများ ရောက်ရှိလာသည်ဟု မှတ်သားရသည်။ ပျူခေတ်အခါက ရွှေကိုပေရွက်ကဲ့သို့ ပါးလွှာအောင် ခတ်နိုင်သည်ဟူသော မှတ်တမ်းများအရ ပုဂံခေတ်မတိုင်မီကပင် ရွှေမျက်ပါးခေါ် ရွှေဆိုင်းလုပ်ငန်းပေါ်ထွန်းနေခဲ့ပြီဟု ယူဆရသည်။

ရွှေချည်ထိုးလုပ်ငန်းကိုလည်း တရုတ်တန်မင်းဆက် ရာဇဝင်မှတ်တမ်းများအရ ပျူခေတ်ကပင် ပြုလုပ်သုံးစွဲနေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ရှေးမြန်မာကြီးတို့သည် မြန်မာ့ရိုးရာ အနုပညာပန်းဆယ်မျိုး အတတ်ပညာများနှင့် စပ်လျဉ်း၍ တိကျသောစည်းမျဉ်း၊ စည်းကမ်းများဖြင့် လုပ်ဆောင်ခဲ့ကြသည့် အထောက်အထားများစွာရှိသည်။ ရှေးအခါက ပန်းပဲအတတ်ပညာဖြင့် စစ်ဝတ်တန်ဆာဖြစ်သော ကြေးသေး(သံကိုယ်ချပ်)တန်ဆာများကို သံ၊ ကြေး စသည်တို့ဖြင့် လုပ်ဆောင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးမြန်မာကြီးများသည် လက်သုံးဓားကို အားကိုးခဲ့ကြ
သည်။ လက်ရုံးတစ်ဆူအဖြစ် မှတ်ယူသုံးစွဲတတ်ကြသည်။ မြန်မာ
ဘုရင်တို့၏ အုပ်ချုပ်ပုံထုံးတမ်းအရ ဥပရာဇာအိမ်ရှေ့မင်းသည်
တပ်မတော်ကြီးအားလုံးကို တာဝန်ယူအုပ်ချုပ်ရသူဖြစ်သည်။ အိမ်ရှေ့
မင်းအတွက် ဓားလုပ်ကိုင်ရာတွင် စည်းမျဉ်းစည်းကမ်းများနှ
ညီညွတ်ရသည်။

'သီလဝန်ဓား၊ စံရှင်သွား' ဟု ခေါ်ဆိုသော ဓားတော်
သွန်းလုပ်ရာတွင် ပန်းပဲလုပ်သားများသည် ပထမဦးစွာ စင်ကြယ
လှသောသံကို စနစ်တကျ စိုက်ရသည်။ မင်္ဂလာရှိစေရန်ဓား
အရင်းအဖျားကို သတ်မှတ်ရသည်။ သတ်မှတ်ပြီးလျှင် အလယ်ဗဟို
တိုင်းထွာရသည်။ တိုင်းထွာရရှိချက်ကို အိမ်ရှေ့မင်း၏နေ့နံနှ
ပေါင်းရသည်။ ပေါင်း၍ရသော ဂဏန်းကို ၅ဖြင့် မြှောက်ရသည်
နောက်ဆုံး ၈ ဂဏန်းဖြင့်စားရသည်။

တစ်ခုကြွင်းလျှင် အိုသည်အထိ ချမ်းသာကြွယ်ဝမည်
သတ်မှတ်သည်။ နှစ်ခုကြွင်းလျှင် မကောင်းဟုယူဆသည်။ ထိုဓား
အသုံးမပြုဘဲ စွန့်ပစ်ရသည်။ သုံးခုကြွင်းလျှင်မူ ရန်အမျိုးမျိုး
အောင်သည်ဟု ဆုံးဖြတ်လေ့ရှိသည်။ လေးခုကြွင်းသော် မကောင်း



ဆိုပြန်သည်။ ယုတ်နိမ့်တတ်သည်ဟု ယုံကြည်သည်။ ငါးခုကြွင်းက
ဥစ္စာရတနာအမြားအပြား ထွက်တတ်သည်ဟု မကြိုက်ကြပေ၊ ကျေးကျွန်
များလည်း ထွက်ပြေးတတ်သည်ဟု ဆိုတတ်ကြသည်။ ခြောက်ခု
ကြွင်းသော်မကောင်းဟု ယုံကြည်ပြန်သည်။ ခုနစ်ခုကြွင်းပါက
ဇနီးသစ်များရသည်။ လာတ်သစ်များ တိုးတတ်သည်။

အကယ်၍ အကြွင်းမဲ့မရှိခဲ့သော် ထိုဥပရာဇာသည် မုချ
မသေ့ ထီးနန်းတက်ခွင့် ရလိမ့်မည်။ ရှေးစာဟောင်းပေဟောင်း
များကို လေ့လာကြည့်လျှင် လက်သုံးဓားများ လုပ်ကိုင်ရာတွင်လည်း
အထက်နည်းအတိုင်း၊ တွက်ချက်ရသည်။

ရှေးမြန်မာကြီးတို့သည် ပန်းပဲလုပ်ငန်း၏ အဓိကပစ္စည်း
ဖြစ်သည့် သံအကြောင်းကို ကောင်းစွာနားလည်ကြသည်။ မီးညွန့်
အရောင်ကို ကြည့်ခြင်းအားဖြင့်လည်း မီးအပူချိန်ကို နှိုင်းဆတွက်
ချက်တတ်ကြသည်။

ရှေးမြန်မာတို့သည် ပုဂံ၌ ဗုဒ္ဓသာသနာထွန်းကားလာချိန်တွင်
ပန်းတဉ်းပညာဖြင့် ခေါင်းလောင်းနှင့်ကြေးစည်များ သွန်းလုပ်ခဲ့ကြ
သည်။ ကြေးရုပ်တုနှင့်ကြေးပစ္စည်းများကိုလည်း ပြုလုပ်ခဲ့ကြသည်။
ကြေးကိုအရည်ကျို၍ ပုံတွင်သွန်းလောင်းပြီးမှ ပြုပြင်မွမ်းမံရသော

www.burmeseclassic.com

ကြေးသွန်းလုပ်ငန်းလုပ်ဆောင်ရာတွင် စည်းကမ်းချက်အဆင့်ဆင့် တွေ့ရသည်။

ရှေးရိုးမြန်မာ ပန်းချီရေးဆွဲနည်းတွင် ကနုတ်၊ နာရီ၊ ကပိ(ကမ္ဘိ)၊ ဂဇာတို့၌ လေးမျိုးရှိကြောင်း မှတ်သားရသည်။ ထိုလေးမျိုးကိုအခြေခံ၍ စုတ်ဖြင့်ဆေးရေးသော အပြောက်မျိုးလည်း တွေ့နိုင်သည်။ ခြူးပန်း ခြူးနွယ်(မြန်မာအခေါ်)နှင့် ကနုတ်(မာဂဓ ဘာသာ ဟုမှုဒ်မှ ကမုဒ၊ ယင်းမှ ကနုဒ)ဝေါဟာရတို့ အတူတူ ဖြစ်သည်။

ရှေးပန်းချီပညာရှင်များသည် ကနုတ်ပန်းကို ပန်းဆွဲ၊ ပန်းဘောင်၊ ခါးစည်းပန်း၊ မျက်နှာကြက်၊ နပူးစည်း၊ တံကဲစသည် တို့တွင် ရေးခြယ်ထွင်းထုရန် စနစ်တကျ သတ်မှတ်ပေးခဲ့သည်။

ကနုတ်အမျိုးမျိုးနေရာဌာနကိုလိုက်၍ ကြာမှောက်၊ ကြာလန် ကြာရိုး၊ ကြာစွယ်၊ မန်ကျည်းရွက်၊ သဇင်ခွေ၊ မော်ပွင့်၊ ဘီလူး ပန်းဆွဲ၊ ခြူးပန်းဆွဲ၊ ဆင်စွယ်ပန်းယှက်၊ နေကွက်၊ မှန်ကူကွက်၊ ရွှဲ၊ စိန်ပွင့်၊ ဗိန္ဒု၊ ခရုပတ်၊ နဂါးလိမ်၊ လှိုင်းအိ၊ မုဒရက်ပန်းနွယ်၊ ဘူးနွယ်၊ နဂတာ စသည်ဖြင့် ခေါ်ဝေါ်တတ်ရန်လည်း စည်းကမ်း တကျ သင်ကြားပေးခဲ့ကြသည်။



ရှေးခေတ် ပန်းချီပညာရှင်များသည် ဗုဒ္ဓဝင်နှင့် ရုပ်ပွား တော်များ၊ ငါးရာ့ငါးဆယ် ဇာတ်တော်များ၊ မဟာယာနနှင့် တန္တရ ပန်းချီများ၊ နတ်ရုပ်၊ ဗြဟ္မာရုပ်များ မိမိတို့ မျက်မှောက်ခေတ် လူပုံများ၊ အတီးအမှုတ်၊ အကအခုန်များ၊ ကနုတ်ပန်းများ၊ တိရစ္ဆာန် များပုံကို မြန်မာ့ရှေးရိုးပန်းချီဖြင့် ခြယ်မှုန်းခဲ့ကြသည်။

ပုဂံခေတ်ဦးပိုင်းတွင် ပန်းချီပညာရှင်များသည် အဖြူအနက်၊ အဝါနှင့်အနီကို အများဆုံး သုံးစွဲခဲ့ကြသည်။ များသောအားဖြင့် မြေနီရင့်၊ မြေနီနု၊ နံ့သာရင့်၊ နံ့သာနုတို့ကို သုံးခဲ့ကြသည်။ အရောင်မွဲစေရန်နှင့် တောက်ပစေရန် တမာစေးနှင့် သည်းခြေတို့ကို ရောနှောသုံးစွဲသည်ဟု သိရသည်။ တစ်ကြောင်းဆွဲမျဉ်းများကို အနက်ရောင်ဖြင့် ရေးဆွဲသည်။ ဟင်္သာပဒါးမှသာ အနီရောင်သုံးသည်။ မင်ရေးစာ(သို့မဟုတ်)မင်စာများမှာ အဖြူတွင် အနက်ရောင်ဖြင့် အများအားဖြင့် ရေးထားခြင်းဖြစ်သည်။

ရှေးရိုးမြန်မာပန်းချီပညာရပ်များသည် မြေနီ၊ ရှားစေး၊ အောင်မည်းညိုပွင့်နှင့် ယောမည်းဆိုးရာတွင် မပါမပြီးသော 'မဲ' တို့ကိုလည်း ဆေးရောင်အမျိုးမျိုး ဖော်စပ်ရာတွင် ထည့်သွင်း အသုံးပြုခဲ့ကြသည်။

www.burmeseclassic.com



မင်းတုန်းမင်းလက်ထက်တွင် မဲနယ်ပေါ်ပေါက်လာသောကြောင့် အပြာရောင်အတွက် မဲနယ်ကိုသာ သုံးခဲ့ကြသည်။ မဲနယ်မပေါ်မီက အောင်မည်းညိုနှစ်ကိုဖြစ်စေ၊ ဒွတ္တာကိုဖြစ်စေ သုံးစွဲရသည်။

အင်းဝခေတ် (၁၃၆၄-၁၇၅၂)ပန်းချီပညာသည်ကြီးများထံ ကူးယူမှတ်သားထားသည်ဟု ယူဆရသော ဆေးရောင်အမျိုးမျိုး ဖော်စပ်နည်းကို လေ့လာကြည့်ပါက ရှေးမြန်မာကြီးတို့ ပန်း ပညာတွင် မည်မျှအထိ စည်းကမ်းကျနမှုရှိကြောင်း တွေ့ရလိမ့်မည်

ကုန်းဘောင်ခေတ်ဦးပိုင်းတွင်လည်း ပန်းချီဆေးဖော်စပ်နည် ၃၉နည်း တွေ့ရသည်။ အစိမ်း၊ အဝါ၊ အပြာ၊ အနီ၊ အနက် စသည့်အရောင်များကို ဓာတုဗေဒပစ္စည်းများ၊ သစ်ပင်သစ်ဥ သစ် များ၊ နွားနို့၊ ကျွဲရေစသည့် တိရစ္ဆာန်ထွက် ပစ္စည်းများနှင့် ရောစ ဖော်ထုတ်နည်းများကို တွေ့နိုင်သည်။

ရှေးအခါက ပန်းချီပညာလိုလားသူများအတွက် ပန်း အနုပညာနှင့်ပတ်သက်၍ ဖတ်ရှုလေ့လာစရာစာအုပ်စာတမ်းများ ပန်းချီအနုပညာကျမ်းဟူ၍ မရှိသေးချေ။ ပညာလိုလားသူများသည် ဆရာအစဉ်အဆက် အနည်းဆုံး သုံးနှစ်သုံးမိုး တပည့်ခံရသည်

လက်တွေ့လေ့လာဆည်းပူးရသည်။ ပေ၊ ပုရပိုက်များ ပန်းချီအနုပညာ မှတ်စုမှတ်တမ်း၊ ဆေးဖော်စပ်နည်းများ အ



အစားနှင့် အတိုင်းအထွာများကို အဆင့်ဆင့်ကူးယူရသည်။

အချို့ကို အာဂုံကျက်မှတ်ကြရသည်။ ထိုခေတ်က ပန်းချီပညာသည်တစ်ဦးသည် ကောက်ကြောင်း(သို့မဟုတ်)လှော်ကြောင်းကို နိုင်နင်းရသည်။ ခြူးကနုတ် ယိုးဒယား စသည့် ပန်းရေးနည်းများကိုလည်း တတ်ကျွမ်းရသည်။ စပ်(သို့မဟုတ်)ယာယီလုပ်ငန်းဆိုင်ရာကိစ္စအဝဝကိုလည်း တတ်သိရသည်။

သို့မှသာ ဒုမင်္ဂလ သုအင်္ဂလာဆိုင်ရာ မွမ်းမံပြင်ဆင်မှုများကို အကွက်စေ့စေ့ လုပ်ကိုင်တတ်မည်ဖြစ်သည်။

အချုပ်အားဖြင့် ကနုတ်၊ နာရီ၊ ကပိ၊ ဂဇာစသည့် မြန်မာပန်းချီလေးမျိုး၏ အခြေခံကိုနိုင်မှ မြန်မာပန်းချီဆရာတစ်ဦးဖြစ်လာနိုင်သည်။

ရှေးခေတ်မြန်မာကြီးများသည် ပန်းချီပညာသင်ကြားပေးမှု သင်ယူမှုတွင် ဤမျှအထိ စည်းစနစ်မှန်ကန်ခဲ့ကြသည်။ စည်းကမ်းကျနခဲ့ကြသည်။ ဤပညာရှင်ကြီးများသည် ရှေးရိုးမြန်မာပန်းချီပညာကို မိမိတို့တတ်စွမ်းသမျှ ဉာဏ်အားရှိသမျှ ထုတ်နုတ်သင်ကြားပေးခဲ့ကြသည်။

ယုန်နားရွက်မွေး၊ နွားနားရွက်မွေး၊ ရှဉ့်မွေး၊ ခါအမွေးအတောင် ငှက်ကြီးစိုအမွေးအတောင်များကို စနစ်တကျ ရွေးချယ်စုစည်းကာ

www.burmeseclassic.com



၁၅-ပင်၊ ၁၀-ပင်၊ ၅-ပင်၊ ၃-ပင်၊ ၂-ပင်စီခွဲ ပိုးကြိုးကလေးဖြင့် စည်းနှောင်၊ သစ်စေးသုတ်နှောက်ဆုံး ပါးရိုးတပ်ကာ မြန်မာဖြစ် စုတ်တံအချော အနုအမျိုးမျိုး ထုတ်လုပ်သုံးစွဲနိုင်ခဲ့မှုတစ်ခုတည်းနှင့်ပင် မြန်မာတို့၏ စည်းကမ်းကျနစွာ ဖန်တီးတီထွင် သုံးစွဲတတ်မှုကို နားလည်သဘောပေါက်သင့်ပေသည်။

မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်တွင် သီဆိုခြင်း၊ ကခုန်ခြင်း တီးမှုတ်ခြင်းတို့သည်လည်း စည်းကမ်းကိုယ်စီဖြင့် အရေးကြီးလှသည်။ မြန်မာ့တေးသီချင်းတိုင်းတွင် စည်းဝါး၊ သံကျ၊ ဟန်ထားဟူသော ဂီတအင်္ဂါ သုံးရပ်နှင့်ညီညွတ်ရသည်။

တသားဇာ်ဂုဏ်၊ အသံဇာ်ဂုဏ်၊ ဂီတဇာ်ဂုဏ်သုံးပါးစလုံးနှင့်လည်း ပြည့်စုံနေရသည်။ မြန်မာ့အနုပညာတွင် ပုံသဏ္ဍာန်ကို စက်ယန္တရား သဖွယ် ပြောင်းလဲယူ၍ မရနိုင်ကြောင်း အနှစ်သာရကိုလည်း အမျိုးသားဟန်ကင်းမဲ့စွာ ပြောင်းလဲ၍ လုံးဝမရနိုင်ကြောင်း စည်းမျဉ်း စည်းကမ်းများက ဖော်ပြလျက်ရှိသည်။

မြန်မာ့တူရိယာ ဂီတ အနုပညာတွင် ညွှန်းလုံး (ဆင်သံ) အောက်ပြန်(ဥသြသံ)၊ ပုလဲ(ကြိုးကြာသံ)၊ မြင်စိုင်း(ဆိတ်သံ)၊ နရက(ဥဒေါင်းသံ)၊ ခြောက်သွယ်ညှန့်(မြင်းသံ)နှင့် ပြည်တော်ပြန် (နွားသံ)ဟူ၍ ဂီတသံစဉ်(၇)ပါးကို တိကျစွာ သတ်မှတ်ပေးထားသည်



အတိုကောက်အားဖြင့် ညွှန်း၊ ---- မြင်း၊ အောက်၊ ပြည်၊ ဒူလဲ'ဟူ၍ မှတ်သားထားရသည်။

မြန်မာ့တူရိယာဂီတအနုပညာနှင့် အနောက်တိုင်းတူရိယာ အနုပညာအသွင်ကွဲပြားမှုကသည်း မြန်မာတို့၏ စည်းကမ်းကောင်း တစ်ရပ်ပင်ဖြစ်သည်။ အနောက်နိုင်ငံတွင် မျက်စိအကြည်အာရုံ 'သင်္ကေတ'နည်းဖြင့် ဦးစားပေးသင်ကြားပေးတတ်သည်။ မြန်မာ့ တူရိယာဂီတ အနုပညာတွင်မူ အသံကို'နားစွဲအောင်'ဦးစားပေး သင်ယူရသည်။

ရှေးခေတ်ကာလများစွာကပင် မြန်မာ့ဇာတ်သဘင်သည် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ စည်းနှင့်ကမ်းနှင့် စနစ်တကျ ရှိလာခဲ့သည်။

မြန်မာသက္ကရာဇ် ၁၁၃၈ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက် နေ့တွင် ထုတ်ပြန်သော ဘိုးတော်ဘုရား၏ သဘင်မှု အနုပညာဆိုင်ရာ အမိန့်ပြန်တမ်း၌ ...

'သဘင်မှာ တိုင်းပြည်၏အလို၊ မင်း၏အလိုများကို တိုက်ရိုက် အားဖြင့်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း၊ မြူမြင်ပြောဆို တတ်ခြင်းကြောင့်လည်းကောင်း၊ သာသနာရေးနှင့် ဘာသာရေးတို့တွင် အားပေးကူညီတတ်သောကြောင့်လည်းကောင်း၊ သဘင်ဆရာများ အားရခြင်းဖြစ်သည်။ သဘင်စည်းကမ်းကို အားလုံးလိုက်နာရမည်။

www.burmeseclassic.com

www.burmeseclassic.com

ကဗျာလင်္ကာစီကုံးရာတွင် အအုပ်၊ အခံ၊ ကာရန်၊ ဝါကျ မည်ညွှတ်ခြင်း၊ ဂိုဏ်းမလွတ်ခြင်း၊ ဘာသာ သာသနာကို ထိခိုက်ခြင်းများ အား သိနိုင်စွမ်းရှိသည်ကို ကျူးလွန်ခဲ့သော် ရေးသူအား လက်ကိုအပြစ်ပေး၍ဆိုသူအား လျှာကိုအပြစ်ပေးရမည်ဟူ၍ သဘင်ဆိုင်ရာ စည်းကမ်းကို တိကျစွာ လိုက်နာစေခဲ့သည်။

'ရုပ်သေးအစ၊ ကျိုးသုံးတန်နှင့်ပုဂံတ' ဆိုရိုးစကားအရ ပုဂံခေတ်ကပင် ရုပ်သေးသဘင်ကို စတင်တွေ့ရှိရသည်ဟု ယူဆရသည်။ အင်းဝခေတ်တွင်မူ ရုပ်သေးသဘင်အနှံ့တကယ် ထွန်းကားနေပြီဖြစ်ကြောင်း ရှင်မဟာရဋ္ဌသာရ၏ သံဝရပျို့ပုဒ်ရေ(၁၆၈)တွင် တွေ့ရလိမ့်မည်။ ရှေးအခါက ရုပ်သေးသဘင်ကို အမြင့်သဘင်၊ ဇာတ်ကိုအနိမ့်သဘင်ဟု ခေါ်ဆိုသတ်မှတ်ရသည်။

ဇာတ်၊ အငြိမ့်၊ ရုပ်သေးသဘင်သုံးမျိုးတွင် ရုပ်စုံသဘင် (ရုပ်သေးသဘင်)သည် အခက်ခဲဆုံး၊ အနက်နဲဆုံး၊ အသိမ်မွေ့ဆုံးဖြစ်သည်ဟု ဆိုဝမှတ်ပြုကြသည်။ မြန်မာ့ရုပ်သေးသဘင်သည် အလွန်စည်းကမ်းကလနားကြီးသည်။ ရုပ်သေးစင်ကိုပင် ထင်သလို ဆောက်၍မရ။ ရုပ်သေးစင်ကို အရပ်လေးမျက်နှာတိတိ မျက်နှာမူ၍ မတည်ဆောက်ရ။ ခပ်စောင်းစောင်းဆောက်ရသည်။ လယ်ကွင်းထဲတွင် ဆောက်မည်ဆိုပါက လယ်ကန်သင်းကို ခွ၍မဆောက်ရ၊



ကန်သင်းကို တူးဖြိုပြီးမှသာ ဆောက်ရသည်။ ရွာကိုနောက်ကျောပေး၍လည်း မဆောက်ရချေ။

ရုပ်သေးစင်ဆောက်လျှင် ကြံသောင်းဝါး၊ ကြခတ်ဝါးများကို မသုံးရ။ သက်ငယ်ပျစ်ကိုသာ မိုးရသည်။ သက်ငယ်ကို ထိပ်ဆက်မိုးခြင်း၊ ကာခြင်းမပြုရ။ သက်ငယ်ပျစ်မိုးရာတွင် အပျမ်းစဉ် မှန်ရသည်။ ပွဲခင်းအလယ်တွင် မင်းလမ်းထားရမည်။ ဆိုင်းဝိုင်းသည် ရုပ်သေးစင်အလယ်နှင့်တည့်ရမည်။ ဆိုင်းဝိုင်းသည် ရုပ်သေးစင်အလယ်နှင့် တည့်ရမည်။ ဆိုင်းဝိုင်းနှင့်တည့်သော ရုပ်သေးစင်ပေါ်တွင် အလယ်ကမင်းပေါက်မှခေါ်သော အပေါက်ချန်ထားရသည်။ လက်တန်းသည် (၂၁)မိုက် ရှိရသည်။ မင်းပေါက်နေရာ၌ လက်တန်းဝါးကို ခေါင်းချွန်းဆိုင်ထားသည်။ ထိုအပေါက်အနီးတွင် ဝါးလှေကားငယ်တစ်ခုရှိသည်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် အရာရှိများသာ တက်ရသည်။

မင်းသမီးရုပ်ထုလျှင် လိုသလိုထုလုပ်နိုင်သော ယမနေသားဖြင့် တုရသည်။ ဘိုးတော်ရုပ်၊ ရသေ့ရုပ်၊ ရှင်ဘုရင်နှင့် ဝန်ရုပ်တို့ကို ဇကရာဇ်သားဖြင့် ထုလုပ်ရသည်။ အခြားအရုပ်မျိုးစုံကို ကက်ပံသား၊ မအူသား၊ စသည်တို့ဖြင့် ထုရသည်။ အရုပ်၏အမြင့်သည် တစ်တောင့်ထွာ၊ တစ်တောင့်တစ်မိုက်ခန့် ရှိရသည်။

www.burmeseclassic.com



မည်သည့်အရုပ်ကိုမဆို အင်္ကျီစုံ၊ လိုင်စုံ ပါရှိရသည်။ အရုပ်များကို ရုပ်သေးဆွဲသူကိုယ်တိုင် ထုလုပ်၍ ကိုယ်တိုင်ဆေးခြယ်တတ်ရသည်။ ဆေးခြယ်ရာတွင် များသောအားဖြင့် လူ့ရုပ်များကို ခပ်ပြုံးပြုံး ရေးချယ်ထားတတ်သည်။

ရှေးအခါက သုံးဆယ့်ခြောက်ရုပ်အထိ ပြုလုပ် ကပြခဲ့သည်။ နောင်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ အဘိဓမ္မာတရားတော်လာအရ ဉပါဒ်ရုပ် နှစ်ဆယ့်လေးရုပ်နှင့် ဘူတရုပ်ကြီးလေးပါးကိုပေါင်း၍ အရုပ်ပေါင်း နှစ်ဆယ့်ရှစ်ရုပ်သာ ထုလုပ်ကပြလာခဲ့သည်။ အရုပ်တစ်ရုပ်တွင် သာမန်အားဖြင့် ကြိုး(၁၇)ကြိုး ပါရှိရသည်။

ရုပ်သေး၏အသက်သည် လက်ဆစ်၊ ခြေဆစ်၊ ခေါင်းဆစ် ခါးဆစ်တို့တွင် အရှိဆုံးဖြစ်သည်။

မြန်မာ့ရုပ်သေးသဘင်တွင် လက်ဝဲလက်ယာသေတ္တာနှစ်လုံး ထားရှိရသည်။ မင်းသားရုပ်၊ ရသေ့ရုပ်၊ နတ်၊ သိကြားရုပ်နှင့် ဝန်ကြီးရုပ်တို့ကို လက်ယာသေတ္တာတွင်သာ ထည့်ရသည်။ ဘီလူးရုပ် မျောက်ရုပ်၊ မြင်းရုပ်၊ လူပြက်ရုပ် စသည်တို့ကိုမူ လက်ဝဲသေတ္တာ ထဲကသာ ထည့်ရသည်။ သေတ္တာများကို သက်ဆိုင်ရာလက်ဝဲဆောင် လက်ယာဆောင်တို့တွင် သီးသန့်ထားရှိရသည်။





အပျိုတော်ရုပ်သည် လက်တန်းထိပ်ကလည်း မထွက်၊ ာန်းပေါ်ကလည်း မကျော်၊ ကြမ်းပြင်မှာလည်း တွားမသွားဘဲ င်းပေါက်၏လက်ယာဘက်မှ ကပြီး ထွက်လာရသည်။ မြင်းရုပ်ကို ရသတ်ဘက်သို့ ဦးခေါင်းလှည့်ကာ ဘေးတိုက်ထွက်ရသည်။ ဆင်နှင့်ကျားတို့ လက်တန်းထိပ်မှ ထွက်ရသည်။ ငှက်၊ ဂဠုန် တို့က လက်တန်းပေါ်မှ ခုန်ချထွက်သည်။ နဂါး၊ မိကျောင်းတို့သည် ကြမ်းပြင်ပေါ်မှ တွား၍သွားရသည်။

မြင်းသည် လက်ဝဲဘက် လက်တန်းထိပ်မှ စ၍ထွက်ခဲ့သော် လက်ယာဘက်ထိးနန်းစိုက်မည်ဟု သိရသည်။ အလယ်မင်းပေါက်မှ င်းထွက်နှင့် လက်ယာဘက်တွင် တစ်ပြည်တောင်၊ လက်ဝဲတက်တွင် တစ်ပြည်တောင် ထီးနန်းစိုက်မည်ဖြစ်ကြောင်း သိရသည်။

ရှေးအခါက မြေဝိုင်းဇာတ်များတွင် မင်းသားနှင့်မင်းသမီး တို့သည် ပဝါတစ်ကမ်း ယက်တစ်လှမ်း အကွာတွင် စွဲစွဲမြဲမြဲ နေရာယူရသည်။ မောင်နှင့်နှမ၊ သားနှင့်အမိကြည့်နိုင်သော ယဉ်ကျေး သိမ်မွေ့သည့်နှစ်ပါးသွားအဖြစ် ကပြခဲ့ကြသည်။

မြန်မာ့ ဇာတ်သဘင်များတွင် နတ်ကတော်အက ကလျှင် ခေါင်းခါ ကိုယ်လက်များလှုပ်ကာ ပတ်ကာ ယိမ်းကာ ကရသည်။ မြူးမြူးသွက်သွက် ကကွက်ပုံစံဖြင့် ကရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲဦးထွက်ညတွင် နတ်ကတော် ကပြီးနောက် အမျိုးေ
ကရသည်။ အမျိုးတော်သည် နတ်ကတော်နှင့် ဆင်ယင်ထုံးဖွဲ့မှုကအ
ကွဲပြားရသည်။ နတ်ကတော်ကဲ့သို့ ဆံပင်အနေလျှော့ချထားသော်လည်
နဖူးစည်း၊ ရင်စည်း၊ ပင်နီမျာ်းကိုမူ မဝတ်ဆင်ရပေ။ ကန့်တော
ကိုလည်း မမြှောက်ရတော့ချေ။ သဘင်ဆိုင်ရာ မှတ်တမ်းများအ
နေရာတော်ခင်းအက၊ ရှေ့တော်ပြေးအက၊ သူငယ်တော်အကတ
အမည်တွင်နေသော်လည်း အကတစ်မျိုးစီတွင် သီးခြားစီသော
ကိုယ်စီရှိနေကြသည်။

မြန်မာတို့ အိုးစည်အတီးနှင့်အကတို့ လေ့လာကြည့်
ဗယ်ဇောင်း ညာဆောင်း စပ်တီးနည်း၊ ဗယ်တည့် ညာတ
ရိုက်တီးနည်း၊ ဗယ်ထု ညာထုတီးနည်းနှင့် ပိတ်တီးနည်းတ
တီးပုံ(၃)မျိုး ခွဲထားသည်ကို တွေ့ရသည်။ အိုးစည်အတီးတ
အပိုင်တီး၊ အလှတီးဟူ၍ ခွဲခြားထားသကဲ့သို့ အိုးစည်အကတ
လည်း အပိုင်က၊ အလှကဟူ၍ ကရသည်။

ဒိုးပတ်ဝိုင်းတွင်လည်း 'ခေါ်' ဒိုး၊ 'လိုက်' ဒိုးတ
သတ်မှတ်ထားရှိသည်။ လိုက်ဒိုးတီးသူသည် ခေါ်ဒိုးနှင့်ပြိုင
လိုက်၍တီးရန် မလိုချေ။ ငါးချက်နှင့်အညီသာ လိုက်တီးပေးရသ





ဒိုးပတ်ပတ်စာကပ်ရာတွင်လည်း မျက်နှာဝအသေးဘက်ကို သံမှန်
ကပ်ရသည်။ မျက်နှာဝအကြီးဘက်ကို လေးပေါက်သံ ပတ်စာ
ကပ်ရသည်။

ဒိုးပတ်ကို အိုးစည်ကဲ့သို့ ထုမတီးရပေ။ လက်ဝါး၊
လက်ဖျားများဖြင့်သာ တီးရသည်။ ပိတ်တီးနည်း၊ စောင်းတို့နည်းနှင့်
တည်းရိုက်တီးနည်းဟူသော ဒိုးပတ်တီးနည်း (၃)မျိုးအနက်
သင့်ရာကို ကြိုက်သလို သုံးနိုင်သည်။

ဖော်ပြပါ အိုးစည်ဝိုင်းနှင့် ဒိုးပတ်ဝိုင်းတို့သည် မြန်မာ့
ဆိုင်းဝိုင်းကြီး၏ အခက်အလက်များ ဖြစ်ကြသည်။ ပန်းပြားကြီး
ရှစ်ခုကိုဆိုင်း၍ ပတ်လုံးများခွဲပါရှိသောကြိုးဖြင့် ချည်နှောင်ကာ
ဆိုင်းထားရသောကြောင့် ရှေးကပင် ဆိုင်းဝိုင်းဟုခေါ်ခဲ့သည်။
ပတ်ဝိုင်းဟုလည်း ခေါ်ခဲ့သည်။ ပတ်ဝိုင်းနှင့်ဆိုင်းဝိုင်းဟုဆိုလိုက်လျှင်
ပတ်ဝိုင်းကြီးအပါအဝင် ၎င်းနှင့်အတူ တွဲဖက်တီးမှုတ်ရသည့် တူရိယာ
များပါဝင်သော အဖွဲ့တစ်ခုလုံးကို ဆိုလိုကြောင်း နားလည်မိကြသည်။

မြန်မာ့ဆိုင်းဝိုင်းအဖွဲ့တစ်ဖွဲ့တွင် တီးမှုတ်သူ(၇)ယောက်မှ
(၁၀)ယောက်ကျော်အထိ ပါဝင်တတ်သည်။ ရှေ့တန်းတွင် ဆိုင်း
ဆရာ၊ ကြေးတီးနှင့် ပတ်မတီးတို့ထိုင်ရသည်။ နောက်တန်းတွင်
ကျန်အဖွဲ့သားများ ထိုင်ရသည်။ နောက်ထပ်များအနက် အဆိုကောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၊ အပြောကောင်းတစ်ယောက်၊ အသောကောင်း တစ်ယောက်ပါရသည်။

ရှေးအခါက ပတ်ဝိုင်းတွင်ရှိ ဆိုင်းဆရာသည် ပရိသတ်အား စကားပြောဆိုခြင်း မပြုရချေ။ မြန်မာ့ဆိုင်းဝိုင်း၏အဝန်းမှာ ဆယ်ကောင်ထွာရှိသည်။ တစ်ဆယ့်ငါးပေနှင့် ဆယ်လက်မခွဲမျှရှိသည်။ ဆိုင်းဝိုင်း၏အမြင့်မှာ ခြေထောက်အပါအဝင် နှစ်ပေရှစ်လက်မခန့် ရှိသည်။ ပတ်လုံးများဆွဲချိတ်ရာ၌ ပတ်လုံးနှင့် ပန်းပြားတို့ မထိကပ်ရအောင် ပန်းပြားအတွင်း၌ ကြိမ်ကို သံနှင့်ရိုက်၍ ခံထားရသည်။ ပတ်ဝိုင်း၏ပန်းပြားထိပ်များတွင် ဖန်ပဒိုင်း(ဖန်အိုးရောင်စုံ)များ တပ်ဆင်ထားတတ်ပေသည်။ ပန်းပြားကြီးရှစ်ခုအနက် တစ်ခုတွင် ဆိုင်းဆရာ ဝင်ထွက်ရန်အပေါက်တစ်ပေါက် ထားပေးရသည်။ မင်းပေါက်ဟု ခေါ်တွင်ရပေသည်။



အခန်း(၂၀)

## မြန်မာ့အိမ်ထောင်ရေးစည်းကမ်း

သတ္တဗေဒပညာရှင်များက လူတူသော သတ္တဝါတစ်မျိုးသည် မိမိ၏အမျိုး ပျက်ပြယ်မသွားစေဘဲ ဆက်လက်တည်တံ့ခိုင်မြဲသွားစေရန် သဘာဝက တာဝန်တစ်ရပ်ပေးအပ်ထားသည်။

ယင်းတာဝန်မှာ အိမ်ထောင်ပြုရေးဖြစ်သည်။ လူမျိုးဆက်ထွန်းကားရေးအတွက် အိမ်ထောင်ပြုကြရာတွင် ကျောက်ခေတ်ကဲ့သို့သော ရှေးပဝေသဏီကာလများကမူ စည်းမျဉ်းစည်းကမ်းဟူ၍ တိတိကျကျ ထားရှိကျင့်သုံးခဲ့ကြလိမ့်မည် မဟုတ်ချေ။

ရှေးဟောင်းသုတေသနဦးစီးဌာန၏ သုတေသနပြုချက်အရ တောင်ကြီးခရိုင် ရွာငံမြို့နယ်အတွင်း ညောင်ကြွပ်ရွာအရှေ့မြောက်ဘက်ရှိ ပြဒါးထင်းဂူများတွင် ရှေးဦးမြန်မာ့လူသားများ နေထိုင်ခဲ့ကြကြောင်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သုတေသီများကို အဆိုအရ လွန်ခဲ့သော အနှစ်လေးသိန်း ခန့်ကစ၍ မြန်မာ့မြေပြင်ပေါ်တွင် လူသားတစ်မျိုးတောင် နေထိုင်ခဲ့သည်။ သူတို့သည် လွန်ခဲ့သော အနှစ်နှင်းသောင်းပိုင်းသို့ ရောက်လာသောအခါ ဂူနံရံတွင် အရုပ်များ ရေးဆွဲကြလိမ့်မည်။

အနှစ်တစ်သောင်းပိုင်းတွင် ဩဒေဝရာလှိုင်ကျောက်ခေတ် လူသားများ ဖြစ်လာကြလိမ့်မည်။ ထိုကျောက်ခေတ်လူသားများသည် အနှစ်ခြောက်ထောင်ကျော်လောက်တွင် စပါးစိုက်တတ်လာလိမ့်မည်။

အနှစ်သုံးထောင်ငါးရာခန့်တွင် ကြက်ငှက်များမွေးမြူတတ် လာလိမ့်မည်။ ထန်းတောက ထန်းရည်ကို နှင်ယက်လာနိုင်သည်။ ကောက်ပင်ကို စိမ်ရည်လုပ်၍ သောက်တတ်လာကြလိမ့်မည်။ အနှစ် သုံးထောင်ခန့်ရောက်လာသည်တွင် လယ်ကန်သင်းဖြင့် စပါးစိုက် တတ်လာလိမ့်မည်။

သုံးပေနှစ်ခန့်အကျယ်ရှိ ငါးကြမ်းခင်း၊ ထန်းလက်မိုး ကဲလားပါသည့် အိမ်မျိုး၌ပင် နေထိုင်တတ်လာလိမ့်မည်။ ဆိုလို သည်မှာ ထိုနှစ်ပေါင်းသုံးထောင်လောက်တွင်မှ ရှေးမြန်မာကြီးများ သည် အိုးအိမ်အတည်တကျ တည်ဆောက်၍ အိမ်ထောင်စုအလိုက် နေထိုင်တတ်လာမည်ဟု ခန့်မှန်းခြင်းဖြစ်သည်။





မြန်မာ့ရှေးဦးလူများသည် ပျူမြို့ပြခေတ်များတွင် အိမ်ထောင် ရေးစည်းမျဉ်း စည်းကမ်းများ စည်းကမ်းတကျ အမှတ်ကျင့်သုံး ခဲ့ကြပြီဟု ခန့်မှန်းရသည်။

ပျူခေတ်တွင် ထွန်းကားလာသောဗုဒ္ဓအဆုံးအမ[illegible] ားမှ အိမ်ထောင်ရေး ကျင့်ဝတ်များနှင့်အညီ နေထိုင်ကြလိမ့် မည်ဟု ယူဆရသည်။ [illegible] သရေခေတ္တရာမြို့ရိုးဟောင်း [illegible]မှ တူးဖော်ရရှိသော ကျောက်စာတိုင်တွင် မောရသုတ်နှင့် မင်္ဂလသုတ်တို့ကို ရေးထိုးထားသည်။

အနော်ရထာမင်းလက်ထက် သွန်းလုပ်[illegible]သည်ဟု ယူဆရသည့် အုတ်ခွက်ဟုရေးတစ်ဆူတွင် အဂ္ဂတေသီဒေဝီညာတား ဗိုရေးကြီးကု အဓိပ္ပာယ်သက်ရောက်သည့် အရေးအသားတစ်ခုကို တွေ့ရသည်။

ထို့ကြောင့် အေဒီတစ်ရာစုမှ အေဒီ ၁၀ ရာစုကာလအတွင်း ကျင့်ဝတ်စည်းကမ်းများဖြင့် အိမ်ထောင်ပုသာ[illegible]သို့ ရောက်ရှိနေပြီဟု သတိပြုတ်ပြောနိုင်ပေသည်။

မြစေတီကျောက်စာ၌ ရာဇကုမာရ်ကျောက်စာတွင် 'ထို မင်းအားချစ်လှစွာသော မယားတစ်ယောက်သော်ကား' တည်သော အသုံး



www.burmeseclassic.com

www.burmeseclassic.com



အနုနိုးကို 'ပါယ်မယား'ဟူသော ဝေါဟာရအရ တွေ့မြင်ဖတ်ရှု နိုင်သည်။

ထိုနည်းတူစွာ မိုးရှားစော(မြောက်ငူနီ)ကျောက်စာ၊ သမ္မုလ ဘုရားကျောက်စာ၊ ဟောထေရ်နာဂသမိန်ကျောက်စာ၊ မင်းနံ့သူရှာ အစောလက်ကျောက်စာများအရလည်း မိုးပြေးခေါ်ကြီးဟု သုံးနှုန်း သည့် အရေးအသားမျိုးကို တွေ့ရှိနိုင်ပေသည်။

ညောင်ရမ်းခေတ်ဝန်ကြီး ပဒေသရာဇာ၏ တျာချင်းတွင် လည်း ထန်းတက်သမား လင်မယားကိုတွေ့ရသည်။ စာဆိုဦး ဆေထင်းကလည်း ကုန်းဘောင်ခေတ်ဆင်းရဲသားလင်မယားများ အကြောင်းကို ပြောပြခဲ့သည်။

ဗုဒ္ဓဘာသာဝင် ရှေးမြန်မာများသည် အိမ်ထောင်ဘက် ရွေးချယ်ရာတွင် ဗုဒ္ဓဒေသနာတော်များ အဆုံးအမများကို အမြဲ ထာဝရ နှလုံးသွင်းခဲ့ကြသည်။

ပါရမီဖြည့်ဘက်ရှာခဲ့ကြသည်။ အိမ်ထောင်မပြုမီကပင် အရှည်တည်တံ့မည့် အိမ်ထောင်သည်ဘဝကို မျှော်ကိုး ရွေးချယ် တတ်ကြသည်။ ရှေးမြန်မာတို့သည် အိမ်ထောင်ဘက်ရွေးနည်းကို စနစ်တကျ သတ်မှတ်ပေးခဲ့သည်။





'ဓမ္မာသောဘက အင်ဖိဝရောဇာ၊ အိမ်ထောင်ဘက်အသက် မှုည်ရာ'ဟူ၍ မပေါင်းဘက်သင့်သူများကို သတ်မှတ်ပေးထားသည်။

'ဦးဝေ၊ စံကူး၊ ရှေ့ဘူး၊ တောသူ၊ ရန်သူမည်၏'ဟူ၍လည်း ရန်ဘက်နေ့နံများကို ဖော်ပြထားသည်။ 'ဦးသာ၊ ခိုနံပန်း၊ အိန်းလှ ကိုရှာ ပုဏ္ဏာအမြဲတည်တက်ပါ'ဟူ၍လည်း မိတ်ဘက်များကို ရွေးချယ်ရန် မှာကြားသည်။

'အောင်ပေ၊ ကုလား၊ ဆွေသား၊ တော်ရင်း၊ မိတ်ဘက်ချင်း' ဟူ၍လည်းကောင်း၊ 'အခွေ၊ ဂျွေ၊ စရေ၊ ဝံသေ၊ ဓာတ်ဘက်ပေ' ဟူ၍လည်းကောင်း နံဘက်ဓာတ်များကိုလည်း ပြတ်ပြတ်သားသား ညွှန်ပြခဲ့သည်။

အိမ်ထောင်ဘက်အသီးသီး ရွေးချယ်ပြီးကြချိန်တွင်လည်း လက်ထပ်မည့်နေ့ရက်များကို ရွေးချယ်ကြရသည်။ ရက်ရာဇာ ရွေးချယ်ရာတွင်'တန်ခူးသာလှ၊ ထွန်းပကာဆုန်၊ နယုန်ညွန့်စ၊ အောင်လှဝါဆို၊ သာလိုဝါခေါင်၊ မြတောင် တော်သလင်း၊ သီတင်း ကျွတ်ရှိ သောရှိ တန်ဆောင်မုန်း၊ ချမ်းလုံးနတ်တော်၊ မိ–နော်ပြာသို၊ ညှိတပို့တွဲ၊ ထဲဝင်တပေါင်း၊ ဆောင်တိုင်းကောင်းသည်၊ ရက်ကောင်း ရာဇာတည်း'ဟူသော လင်္ကာအရ ဆောင်ရွက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူပင် သက်မထက်သင့်သော ရှောင်သင့်ရှောင်အပ်သော ပြဿနာရက်များကို သိရှိနိုင်ရန် မြန်မာကြီးများသည် 'တနင်္ဂနွေ ဝါခေါင် ကပ်ကောင်တွန်းပေါ် လာနက္ခတ် မလျော်မြွေနှင့်ကြက်၊ ကဆုန် တော်သလင်း ပြာသိုတွင်း ခွယ်ရင်းမြူခင်၊ ပူးနှင့်ဆင်၊ နယုန်ဂါကွျတ် နှင်းစွယ်မိုးပွဲ ကသို့တွဲ၊ ပျံ့ပဲတော်ကုန် ရွှေနက်ကျားကို ရှောင်၊ ဝါဆိုတန်ဆောင်မုန်း၊ ပုတုံးချမ်းနေပြင်၊ လာဘပေါင်း မကောင်း ခြသေ့်တိုင်းကိုရှောင်' ဟူ၍ ကိုတိကျကျ သတ်မှတ်ထားသည်ကို တွေ့နိုင်သည်။

ရှေးမြန်မာကြီးများသည် ထိမ်းမြားလက်ထပ်ရမည့် လများကိုလည်းကောင်း၊ ထိမ်းမြားလက်ထပ်ရန် မသင့်သော လများကိုလည်းကောင်း ခွဲခြားသတ်မှတ်ပေးခဲ့သည်။ ရှောင်ကြဉ်သင့်သော လများနှင့် ပတ်သက်၍ ...

'ဝါဝါတော်တော်၊ ပြာပေါင်းဓော်၊ ခြောက်ဖော်ကျ၍သည်လ၊ ထိမ်းမြားမင်္ဂလာ မပြုရာ၊ ဝေးစွာရှောင်ကြဉ်ကြ' ဟူ၍ သတိပေးလင်္ကာကို တစ်ပုဒ်ကို သားရစ်ခဲ့ကြသည်။

ရှောင်ရှားသင့်သော လများတွင် ထိမ်းမြားမင်္ဂလာပြုမိပါက ကြုံတွေ့ရသည့် ဘေးဒုက္ခများနှင့် လက်ထပ်သင့်သည့် လများတွင် လက်ထပ်ပါက ခံစား စံစားရမည့် လောကီအကျိုးစီးပွားကိုလည်း





ပြသခဲ့သည်။ ထိမ်းမြားမင်္ဂလာ နေ့ရက်များတွင် အသုံးပြုရမည့် ကြာပန်းများ(ကုလားပန်းများ၊ နံ့ကူပန်းများ)ကိုလည်း သတ်မှတ်ပေးခဲ့သည်။

ရှေးမြန်မာကြီးတို့သည် ထိမ်းမြားလက်ထပ်နိုင်သည့် သက်နှင့်အရွယ်ကိုလည်း တိကျစွာပိုင်းခြားပေးခဲ့သည်ကိုလည်း တွေ့ရသည်။ သားသမီးများ၏ အိမ်ထောင်ရေးတွင် မိဘများ၏ တာဝန်ရှိကြောင်းကိုလည်း ဖော်ပြခဲ့သည်။

မိဘရင်းခင်တို့၏ အုပ်ထိန်းမှုအောက်တွင်ရှိသော မိန်းမ(၂၀) မျိုးကိုလည်း တိကျစွာ စာရင်းဖော်ပြခဲ့သည်။ အမိစောင့်သောမိန်းမ၊ အဖစောင့်သောမိန်းမ၊ အမိအဖစောင့်သောမိန်းမ၊ မောင်စောင့်သောမိန်းမ၊ အစ်မညီမစောင့်သောမိန်းမ၊ ဆွေမျိုးစောင့်သောမိန်းမ၊ အနွယ်စောင့်သောမိန်းမ၊ တရားကျင့်ဖော်တို့ စောင့်သောမိန်းမ စသည်ဖြင့် တွေ့ရပေလိမ့်မည်။

အထက်(၂၀)မြောက်သည့် မိန်းကလေးများကို တရားဝင် လက်ထပ်ထိမ်းမြားလိုပါက မိဘအားသော တူညီချက်ရရှိရန် လိုအပ်ကြောင်း ထင်ရှားလှသည်။ မြန်မာ့ဓလေ့သတ်များ၌လည်း ဖယားဆိုး ၅)ပါးဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့သည် မင်္ဂလာဆောင်ခြင်းကို လောကီမင်္ဂလာ (၁၂)ပါးအနက် မင်္ဂလာတစ်ပါးအဖြစ် သတ်မှတ်ထားသည်။ မင်္ဂလာဆောင်အခမ်းအနားကို မိဘတို့ တွေ့ရှားဟူ၍ပင်လည်းကောင်း အလေးအနက် ထားတတ်ကြသည်။ မြန်မာ့ဓလေ့ထုံးတမ်း လက်ထပ်ရေးတွင် ပုဆိုးတန်းတင် လက်ထပ်ခြင်းလည်း တစ်မျိုးအပါအဝင်ဖြစ်သည်။

မြန်မာ့ထုံးတမ်းဥပဒေအရ မယားပြုင်ထားသည့် ဓလေ့ကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးလေ့မရှိကြောင်း တွေ့ရသည်။ မြန်မာတို့သည် အိမ်ထောင်နှင့်ပတ်သက်၍ မည်မျှအထိ စည်းကမ်းကလနားများ ထားရှိလုပ်ဆောင်တတ်ကြကြောင်း ထင်ရှားသည့်အချက်မှာ လက်ထပ်ထိမ်းမြားနည်းကိုပင် ဆယ်မျိုးအထိ ခွဲခြားသတ်မှတ်ပေးထားခြင်းပင်ဖြစ်သည်။

ပုဆိုးတင်ထိမ်းမြားခြင်း၊ လက်ဆုံစား၍ထိမ်းမြားခြင်း၊ လက်စွပ်လဲ၍ထိမ်းမြားခြင်း၊ ဒါလီပွဲ၍ထိမ်းမြားခြင်း၊ စုလျားရစ်ပတ်၍ထိမ်းမြားခြင်း၊ ပန်းကုံးစွပ်၍ထိမ်းမြားခြင်း၊ ရေခွက်၌လက်ဆုံချ၍ထိမ်းမြားခြင်း၊ ဦးထိပ်၌ရေစက်သွန်းချ၍ထိမ်းမြားခြင်းဟူသော လက်ထက်ထိမ်းမြားခြင်းနည်း(၁၀)မျိုးကို ကြည့်ခြင်းဖြင့် မြန်မာတို့မည်မျှ စည်းစနစ်ကျနမှုရှိကြောင်း သိရှိနိုင်ပေလိမ့်မည်။





လူမှုအိမ်ထောင်ရေးနှင့်ပတ်သက်၍ ရှေးစာဆိုဖ-သိတို့သည် ရေးသားပြောဆို ဆုံးမခဲ့ကြသည်။ ယင်းတို့အနက် ဆရာတော် ဦးဗုဓ်က 'မည်ခေါ်နာအိ၊ မထိမ့်မြင်၊ ပြုကျင့်မဲ့တွန်၊ ကျူးလွန်ကျင့်ကင်း၊ ဆောင်နှင်းခန်းဝါ၊တန်ဆာဆင်ယင်၊ ဤငါးအင်...လင်တို့ကျင့်ရိုးတော်ထွာတည်း'ဟူ၍ လင်ယောကျ်ားဖြစ်သူ၏ ကျင့်ဝတ်စည်းတမ်းကိုရည်ညွှန်းခဲ့သည်။

ထို့ပြင် 'စီမံမှုခင်း၊သင်္ဂြိုဟ်မျိုးမှန်၊ လွန်မကျင့်ရာ၊ ဥစ္စာစောင့်ခြင်း၊မပြင်းမှုမှာ၊ ဤငါးဖြာကား ... သည်းလျာဇနီးကျင့်ဝတ်တည်း' ဟူ၍လည်း ဇနီးမယားတို့ ပြုကျင့်အပ်သည့် စည်းမျဉ်းစည်းကမ်းတို့ကို ပြသခဲ့သည်။

သင်္ဂဇာဆရာတော်ကလည်း 'မထိမ့်ကင်း၊ အပ်နှင်းဥစ္စာ၊ မိတ္တာမှား၊ ဝတ်စားဆင်ယင်၊မြတ်နိုးကြင်၊ငါးအင် လင်ကျင့်ရာဟူ၍လည်းကောင်း၊ 'အိမ်တွင်းမှုလုပ်သိမ်းထုတ်သေချာ၊ မိတ္တာကြည်ရှောင်လျော်အောင်ဖြန့်ချိ၊ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ' ဟူ၍လည်းကောင်းအထင်အရှား မိန့်ဆိုတော်မူခဲ့သည်။

အမှာတော်ရေး ဦးရှင်ကလေးလည်း လောကနီတိပျို့ ဆုံးမစာတွင် အိမ်ထောင်သည်များ သိမှတ်ဖွယ်ရာများကိုတစ်ခန်းတစ်ကဏ္ဍရွေးသီပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မိန်းမငယ်မှာ ဆင်းဝါကား၊ လင်အားမြတ်နိုး ရှိသေ

တည်း'ဟူ၍လည်းကောင်း၊ 'ကလျာဉာဏ်စင် မိန်းမတွင်ကာ

လင်ပြည့်စုံမှ တင့်တယ်ကြ၏'ဟူ၍လည်းကောင်း၊ 'ချစ်ခွယ်သက်ထာ

မယားတို့မှာ၊ သစ္စာရှိခဲ့ည်၊ မရှိသည်ကို၊ ရုပ်ရည်ဖိုးသော်၊ ချီးမွ

ပျောက်၏'ဟူ၍လည်းကောင်း၊ 'စိုက်စွာလှည့်ကြား၊ ခင်ပွန်းအားလည်

စကားဆိုမြဲ၊ မဆိုတဲလျှင်၊ လိုးလွဲနေက၊ ယဉ်စေကြလေ့'မိန်းမတို့

မကောင်းပါက၊ ဥစ္စာလက်ကြပ်၊ မအပ်သဖြင့်၊ ယဉ်စေသင့်၏'ဟူ

လည်းကောင်း 'လင်၏ရှေးဦး၊ ခူးခပ်စားသောက်၊ ရောက်ရော

မငြိမ်သူ့အိမ်သွားလော၊ ပြစ်ခြောက်ပြာတည့်၊ ကာယ်၍ရှိမူ၊ သူ

ဂမ္ဘီရား၊ သားတရားစင်၊ ရှိတုံကျင့်လည်း၊ ချစ်ခင်မသော၊ စွန့်လို

စွာလော့'ဟူ၍လည်းကောင်း အိမ်ထောင်ရေးအခြေအနေကို ခွဲခြ

ပြဆိုခဲ့သည်။

လောကနီတိကျမ်းတွင် ဇနီးကောင်းတစ်ဦး၏ ဂုဏ်အင်

ရပ်များ(၀)ဇနီးကောင်း ဇနီးမြတ်တစ်ဦး၏ အိမ်ထောင်စည်းကမ်

မြဲမြံမှုနှင့်ပတ်သက်၍ အကျယ်တဝင့် ညွှန်းဆိုထားသည်ကိုလည်

တွေ့ရသည်။

'ကျမ်းလာအမှန်၊ မိန်းမပွန်ကား၊ ခြောက်တန်ရသာ

စားသောက်ရာနှင့်၊ တန်ဆာဆင်ယင်၊ ထိုအခါတွင်၌ မိခင်နှိုင်းတ





လွန်ပြုံစုံ၏၊ ရှက်မှုကြဉ်ရှောင်၊ မောင်၏ပမာ၊ မှုရာလုပ်ကြား၊ လင်

အပါးသို့၊ သွားသောခါမှ ကျွန်၏ဟူတည့်၊ ကြည်ဖြူရှိသော၊ တုပ်ကွဲ

နေ၏။ သေလျှော်စလောက်၊ ဘေးရန်ရောက်လည်း၊ နှုတ်ထောက်

တိုင်ပင်၊ မိတ်ဆွေသွင်တည့်၊ စက်ခွင်အိပ်ရာ၊ ဝင်သောခါလည်း၊

မှုရာချစ်သို့၊ ဖြစ်တုံမြို့လျှက်၊ ပွဲသို့ဝင်မည်၊ ပြုပြင်သောခါ၊ တင့်တယ်

စွာ၏၊ မျက်ပါးရှိဆဲ၊ လင်မောင်းမဲလည်း၊ လွန်ကဲသည်းခံ၊ နုတ်သံ

မထား၊ ဒေါသမထင်၊ စိတ်ကြည်လင်၏၊ မိခင်နှမ၊ ခင်ပွန်းစသည်၊

ကျွန်မလည်းမည်၊ ချစ်ကြည် တင့်တယ်၊ လင်ဝယ် သည်းခံ

ကောင်းစံအံ၏၊ ခုနစ်ဖြာနှင့်၊ ပြည့်စုံလင်က၊ ထိုမိန်းမကို မြတ်စွာ

ဟူ၍၊ လူပညာရှိ၊ ချီးမွမ်းဘိ၏၊ စုတိပြောင်းကြွ၊ နောင်ဘဝလည်း၊

သုခများမြောင်၊ နတ်တို့ဘောင်ဝယ်၊ အခေါင်တင့်တယ်၊ မိဘုန်းကြွယ်

ကား၊ လင်ဝယ်မြတ်နိုး၊ ရိုသေကျိုးဖြင့်၊ ပြည့်ဖိုးဓွေ့လျှော်၊ စည်းစိမ်

ပျော်တု၊ ရှင်တော်ဘုရား၊ ဟောကြားခဲ့သည် ...'ဟူ၍ ထင်ရှား

သိသာစွာ လမ်းညွှန်ခဲ့သည်။

မြန်မာစာဆိုတော်ကြီးများသည် အိမ်ထောင်ရေးလောကတွင်

ရှေးပဝေသဏီကာလမှ မျက်မှောက်ကာလအထိ ပေါ်ပေါက်လျက်

ရှိသော အိမ်ထောင်ရေးပြဿနာတစ်ရပ်အတွက် စည်းကမ်းချက်

တစ်ရပ် သတ်မှတ်ပေးရန်လည်း မမေ့မလျော့ခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



'အပြောင်ထားမှု'ပြဿနာများ ကင်းရှင်း ပပျောက်ရေး အချိန်မီ ရှောင်ကြဉ်နိုင်ရေး၊ မဖြစ်မီကြိုတင်ကာကွယ်ရေးအတွက်လည်း အမျိုးသားများအထူးသဖြင့် ဆင်းရဲသူ ဆင်းရဲသားများ အတွက် စည်းကမ်းချက်တစ်ရပ်ချမှတ်ပေးခဲ့သည်။

အလောင်းဘုရားလက်ထက် မဟာအတုလဆရာတော်ကြီး 'ခရစ် ၁၇၀၀–၁၇၈၆'စီရင် ရေးသားခဲ့သော 'လောကဓမ္မ ထုံးပေါင်း စာတမ်း'ကို လေ့လာကြည့်သင့်ပေသည်။ ယင်းစာတမ်းတွင် ...

> 'ဆင်းရဲသားတို့ မယားနှစ်ယောက် မနေစေနှင့်။ အရည်တူနှစ်ယောက် အိမ်သိမ်းမြန်းမိလျှင် ကြိုက်ရာ ကောက်၍ တစ်ယောက်ကိုလျော်။ ရှေးမင်းတို့ ထုံးသတ်သည်လည်း ဓမ္မကံလည်းမဟုတ်၊ ဓမ္မဝတ်လည်းမဟုတ်။ လူဆင်းရဲတို့ မယားများလျှင် မကျွေးနိုင်။ မကျွေးနိုင်လျှင် အိမ်ထောင်မငြိမ်။ အိမ်ထောင်မငြိမ်လျှင် အရပ်မငြိမ်၊ အရပ်မငြိမ်လျှင် ရွာမငြိမ်၊ ရွာမငြိမ်လျှင် မြို့ပြမငြိမ်၊ မြို့ပြမငြိမ်လျှင် ပြည်မငြိမ်ရှိရာကျ၏။





> အရည်ရှိ၍ ရှေးရှေးမင်းတို့ လူဆင်းရဲမယား နှစ်ယောက် မနေစေနှင့် ...'တူ၍ တိကျစွာ

စည်းကမ်းစနစ်ချမှတ်ပေးခဲ့မှုက ရှေးမြန်မာကြီးတို့သည် အိမ်ထောင်မှု ရေးရာ၌ပင် မည်မျှအထိ စည်းစနစ်ကျနစေလိုခဲ့ကြောင်း ထင်ရှား သိသာနိုင်ပေသည်။

○



www.burmeseclassic.com

## အခန်း(၂၁)

# မြန်မာ့ဆွေစပ်မျိုးစပ်ခေါ်ဝေါ်ပုံ

တစ်ခါက လုပ်ငန်းခွင်အတွင်း နိုင်ငံခြားသားတ စကားလက်ဆုံကျမိရင်း ဆွေစပ်မျိုးစပ် ဝေါဟာရများအ ရောက်သွားဖူးသည်။

နိုင်ငံခြားသားမိတ်ဆွေက သူသည် သူတို့နိုင်ငံမှ ကျော်ကြားသော ဆွေကြီးမျိုးကြီး၊ ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် တော်စပ်ကြောင်း ပြောပြသည်။ မည်သို့ တော်စပ်ပါသ မေးကြည့်သောအခါ သူက 'ဂရိတ် ... ဂရိတ် ... ဂရ် ဟု ဆိုသည်။

'ဂရိတ်'ဟူသော ဝေါဟာရစစ်လုံးထပ်ပြီး မနည်း ဆွေမျိုးစပ်ပြခဲ့ရကြောင်း တွေ့ရသည်။ မြန်မာလိုသာလျှ ပြောဆိုလိုက်ရုံနှင့်ပြီးနိုင်သည်။

တစ်ဦးကလည်းမြန်မာတို့ ဆွေမျိုးစပ်ဝေါဟာရအ ပြောဆိုလိုက်ရုံနှင့် ပြီးနိုင်သည်။





တစ်ဦးကလည်း မြန်မာတို့ ဆွေမျိုးစပ် ဝေါဟာရအရ 'ဘင်'ဟု ပြောချင်သည့် ဆွေမျိုးကြီးတစ်ဦးကို male ancestor five generations back (ဆွေစဉ်မျိုးဆက် ငါးဆယ်တော့်တာ အမျိုးသားမျိုးဆက်)တစ်ဦးဟု ပင်ပန်းတကြီး သရုပ်ဖော်ခဲ့သည်ကို အမှတ်ရမိသည်။

ဤသည်ကို ထောက်ရှု၍ သူတို့၏ အဖေကို father အဖေ၏ဖခင်(အဘိုး)ကို grand-father အဘိုး၏အဖေ(အဘေး)ကို great grandfather ဘေး၏ဖခင် (ဘီ)ကို great great grandfather ဘီ၏ဖခင် (ဘင်)ကို great great great grandfathe ဟူ၍သာ ခေါ်ဝေါ်တတ်ကြသည်မှာ ထင်ရှားသည်။

ထို့အတူ မြေးကို grand child (မြစ်)ကို great grand child (တီ)ကို great great grand child ဟုခေါ်ကြသည်။ (တွတ်) ကိုမူ ဝေါဟာရသီးသန့်ရှိပုံမရ။

grand child three generations back ဟူသာ ပြောတတ်ကြသည်ကို တွေ့ရသည်။ (ဆက်)ဟုပြောချင်သည့်အခါ သူတို့ ခများ အလွန်ပင်ပန်းကြသည်။

deseendant who is seven generations removed from oneself ဟုသာ သရုပ်ဖော်နိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးမြန်မာတို့သည်ကား တစ်ဦးနှင့်တစ်ဦး ဆွေ
တော်စပ်မှုကို ဖော်ပြရာတွင် သင့်လျော်သောဝေါဟာရများ
စည်းကမ်းတကျ သတ်မှတ်သုံးစွဲတတ်ကြသည်။ ပုဂံခေတ်က
မြန်မာတို့သည် ဆွေမျိုးစပ် ဝေါဟာရများကို စနစ်တကျ တီထွ
နိုင်ခဲ့ပြီးဖြစ်ကြောင်း ကျောက်စာများက သာဓကပြနေသည်။

သက္ကရာဇ် ၄၈၄ ခုနှစ်သို့၊ မြစေတီ ဘုရားကျောက်စာ
လူသိများနေသော ရာဇကုမာရကျောက်စာတွင် ...

(ငါ့သားလည်းကောင်း၊ ငါ့မြေး လည်းကောင်း၊ ငါ့အဆွေ
လည်းကောင်း သူပၢထူးလည်းကောင်း)ဟူ၍ ခွဲခြားသုံး
ထားသည်ကို တွေ့ရလိမ့်မည်။

လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ ကျော်က ရေးထိုးခဲ့
ပုဂံကျောက်စာများ၏ကျေးဇူးကြောင့် ရှေးပဝေသဏီကပင် မြ
တို့ဆွေမျိုးစပ် ဝေါဟာရများကို ပီပီကျကျ သတ်မှတ်နိုင်
စည်းကမ်းရှိရှိ နေထိုင်တတ်လာခဲ့ကြောင်း သိရသည်။

ရှေးမြန်မာတို့သည် မိမိ၏အထက်နှင့်အောက် ခုနစ်ဆက်
ရေတွက်၍ရသူတို့ကို အနီးဆုံးဆွေမျိုးတော်စပ်သူများဟု သတ်
တတ်သည်။ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ဟု ခေါ်လေ့ရှိ



ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ဟူသော ဝေါဟာရကို ပုဂံခေတ်ထိုး
ကျောက်စာများတွင် သက်သေတွေ့ရှိနိုင်သည်။

ရှေးမြန်မာတို့ အထက်အောက် ဆွေမျိုးခုနစ်ဆက်
ရေတွက်ရာတွင် အခေါ်အဝေါ် ကွဲပြားမှုရှိသည်။ သို့ရာတွင် ဆွေမျိုး
စပ် ဝေါဟာရများ သတ်မှတ်ပုံ အခြေခံမှုသဘောတူညီတတ်သည်။

မဟာသုတကာရီ မဃဒေဝလင်္ကာသစ်တွင် မန်လည်ဆရာ
တော်က မိမိကိုယ်၏ အထက်သို့ အဘ၊ အဘိုး အဘေး၊ အဘဲ
တွေ၊ အဘောင်ဟူ၍လည်းကောင်း၊ မိမိကိုယ်၏ အောက်ဘက်သို့
သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆက်ဟူ၍လည်းကောင်း
ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ရေတွက်ပြသည်။

မင်းကြီးမဟာသီရိဇေယျာသူက ကဗ္ဗလက္ခဏာ ဒီပနီကျမ်း
တွင် မိမိကိုယ်၏အထက်သို့ အဘ၊ အဖိုး၊ အဘေး၊ အဘီ၊ အဘဲ၊
အဘော၊ အတွေး။ အောက်ဘက်သို့ သား၊ မြေး၊ မြစ်၊ မြစ်
၊ တွတ်၊ ကျွတ်၊ မျှော့ပ ဟူ၍ ရေတွက်ရမည်ဟု မိန့်ဆိုခဲ့သည်။

တိပေဋကဝိနိစ္ဆယကျမ်းတွင်လည်း မိုးနိုင်ဆရာတော်က
အထက်သို့ အဘ၊ အဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ အဘီး အဘော်
ဟူ၍ အထက်ခုနစ်ဆက်ကို ရေတွက်ပြသည်။ အောက်ခုနစ်ဆက်





www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆက်ဟူ၍ ရေတွက်ပြထားသည်။

မုံရွေးဆရာတော်၏ ပဥ္စဝုဓပျို့တွင်လည်း မိမိကိုယ်၏ အထက်သို့ အဘ၊ အဘိုး၊ ဘေး၊ ဘီ၊ ဘွေး၊ အဘောၢ အဘဲ။ အောက်သို့ သား၊ မြေး၊ မြစ်၊ တီ၊ မျှော၊ ကျွတ်၊ ကျွတ်ဆက်ဟူ၍ ရေတွက်ပြခဲ့သည်။

မဟာမင်းလှမင်းခေါင်ဦးရွှန်းကမူ ... မဟာသုတသောမပျို့တွင် အဘ၊ အဘိုး၊ အဖေး၊ အဖော၊ အဘီ၊ အဖဲ၊ အဖွေးနှင့် သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆက်ဟူ၍ ဖော်ပြရေးသားထားသည်။

အလားတူပင် ရှေးမြန်မာတို့၏ ဆွေစဉ်ဆက် မျိုးရိုးစဉ်ဆက် စနစ်တကျ သတ်မှတ်ခေါ်ဝေါ်တတ်မှုနှင့် ပတ်သက်၍ သုတေသန သရုပ်ပြအဘိဓာန်နှင့် တက္ကသိုလ်မြန်မာအဘိဓာန်တို့တွင်လည်း ...

မိမိ၏အထက်သို့ ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘောက်၊ ဇေ့။ အောက်ဘက်သို့ သား၊ မြေး၊ မြစ်၊ တီ၊ ကျွတ်၊ ဆတ်၊ ဆက်ဟူ၍လည်းကောင်း။ ဘ၊ ဘိုး၊ ဘီ၊ ဘင်၊ ဘောင်၊ ဘောနှင့် သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ကျွတ်ဆက်ဟူ၍လည်းကောင်း။ အဖ၊ အဖိုး၊ အဖေး၊ အဘွေး၊ အဘဲ၊ အဘီ၊ အဘောနှင့်သား၊





မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ကျွတ်ဆက်ဟူ၍လည်းကောင်း အသီးသီး ဖော်ပြလေးသည်ကို တွေ့ရပေလိမ့်မည်၊

မှတ်ချက်များမည်သို့ပင် ရှိစေသည်။ (သို့မဟုတ်) ရှိနေသည့်ပင် မြန်မာတို့သည် မိမိတို့နှင့် အနီးဆုံးအထက်တွင် ဆွေမျိုးဆက်၊ အောက်ဘက်တွင် ဆွေမျိုးစဉ်ဆက်ရှိသည်ဟူ၍ စနစ်တကျ သတ်မှတ်ပေးထားနိုင်မှုကြောင့် ဂုဏ်ယူစရာဖြစ်ရသည်၊ ဦးနှင့်တစ်ဦး မည်သို့မည်ပုံတော်စပ်လျှင် မည်သို့ သုံးနှုန်းတွင် ဆက်ဆံကြရမည်ဟူ၍ ပြတ်ပြတ်သားသား စည်းကမ်းနား ရေးဆွဲပြဋ္ဌာန်းထားသော လူမျိုးတစ်မျိုး၏ ဂေါင်းမြတ် လက္ခဏာတစ်ရပ်ပင်ဖြစ်ပေသည်။

○



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၂)

# မြန်မာ့တည်ဆောက်မှုဆိုင်ရာစည်းကမ်း

မြန်မာစေတီပုထိုး တည်ဆောက်မှုဆိုင်ရာ စည်းကမ်းနှင့် ပတ်သက်၍ အထင်အရှားဆုံးသော သာဓကကို ညောင်ရမ်းခေတ် တောင်ဖီလာဆရာတော် (သက္ကရာဇ် ၉၄၀-၁၀၁၃)ရေးသားသည့် ဖျက်စု-ခက်စု-မခြစုများတွင် တွေ့နိုင်သည်။

ဖျက်စု ၂၀ အနက် ပထမဦးဆုံး ပွဲဦးထွက်အချက်မှာပင် ဆရာတော်က 'စေတီမှန်းတား၊ မြတ်ဘုရား၊ တည်ထားကောင်းလျက်၊ ညောင်ပင်ဖျက်သည်' ဟူ၍ စေတီပုထိုးများ တည်ထားကိုးကွယ်ရာ ပျက်စီးကြောင်း အခြေအနေအရပ်ရပ် ကင်းရှင်းသန့်စင်နေရန် လိုအပ်ကြောင်း သတိပေးထားသည်။ ကုန်းဘောင်ခေတ်နောက်ပိုင်း စလေဦးပုညကလည်း စေတီပုထိုး တည်ထားကိုးကွယ်ရာတွင် တည်ဆောက်ပုံနည်းစနစ်ကျနရန် လိုအပ်ကြောင်း စည်းကမ်းတကျ တည်ဆောက်တတ်ရန် လိုအပ်ကြောင်း စည်းကမ်းမရှိ၊ စည်းကမ်း မသိဘဲ၊ တည်ထားမိ၍ ပုံပန်းသဏ္ဌာန်အချိုးအစား မကျပါက ပြန်ဖျက်ရန် မဖြစ်နိုင်ကြောင်း အမှတ်ရစေခဲ့သည်။





ဦးပုညက 'အိမ်တော်ပမှုဘုရားတည် ဆေးမင်ရည်စုတ်လို၊ ၍သုံးချက်ခုမတန်လျှင် နေ့ပြင်ပြစ်ရန်ခက်သည့်အမျိုး' ဟု စည်းကမ်း တစ်ရပ် ချမှတ်ပေးခဲ့ပေသည်။

မြန်မာ့တစေ ကျမ်းဂန်များ၏အဆိုအရ 'စေတီ' ဟူသည်မှာ အရိုအသေပြုအပ်သော အရာဖြစ်သည်။ ဘုရားရှင်ကိုရည်စူး၍ တည်ထားကိုးကွယ်ပူဇော်သည့် စေတီ(ဗုဒ္ဓစေတီ)ကို စေတီလေးပါး ခွဲခြားသတ်မှတ်သည်။

မြတ်စွာဘုရားကိုယ်တော်၏ မြတ်မှ ကြွင်းသမှုသော ဓာတ်တော် များ (သာရီရိကစေတီ) ဗောဓိပင်နှင့်တကွ မြတ်စွာဘုရား၏ အသုံး အဆောင်တော် ပရိက္ခရာ (ပရိဘောဂစေတီ)မြတ်စွာဘုရား၏ အနန္တ ဂုဏ်တော်တို့ကို မှန်းဆရည်ရွယ်အပ်သော ရုပ်ပွားဆင်းတုတော် (ဥဒ္ဒိဿစေတီ)ပဋိစ္စသမုပ္ပါဒ်စသော တရားတော်ဒေသနာကို ပေ၊ ရွှေပြား၊ ငွေပြားများပေါ်တွင်ရေးကာ သိုမှီးဌာပနာပြုထားသည့် (ဓမ္မစေတီ)တို့ဖြစ်ကြသည်။

စေတီဟူသည်မှာ မုတ်မပါသော မြေစိုက်ဘုရား အဆောက် အဦဖြစ်သည်ဟူ၍လည်းကောင်း၊ ပုထိုးဟူသည်မှာ မုတ်နှင့်တကွသော ဘုရား အဆောက်အဦဖြစ်သည်ဟူ၍လည်းကောင်း ယူဆပြောဆို တတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် စေတီ၊ ပုထိုး၊ ထူပဟူသော ဝေါဟာရတို့သည် ယေဘုယျအားဖြင့် သဏ္ဌာန်မကွဲပြား၊ တစ်မျိုးတစ်စားတည်းသော အဆောက်အဦကိုပင် ဆိုလိုသည်။ ထူပဟူသော ဝေါဟာရ၏ အနက်အဓိပ္ပါယ်ကိုထောက်၍ စေတီ၏ပုံလသဏ္ဌာန်သည် ကုန်းမို့မို့ တောင်ပူစာကဲ့သို့ပင် မြင်ပါနိုင်သည်။

မြန်မာပြည်၌ ဗုဒ္ဓသာသနာ ထွန်းကားလာသည်နှင့်အမျှ စေတီပုထိုးများကို အနှံ့အပြား တည်ဆောက်ပူဇော်လာကြသည်။ ရှေးမြန်မာကြီးတို့သည် ဗိသုကာလက်ရာသဏ္ဌာန် အနေအထားအားဖြင့် ၃၁ ဘုံကိုလည်းကောင်း မှန်းဆအတုယူကာ တစ်ဆင့်ထက်တစ်ဆင့် ဆန်းကြယ်စွာ တည်ဆောက်လာခဲ့သည်။

မဇ္ဈိမဒေသမှ စေတီတော်များတွင် တွေ့ရတတ်သော ကျောက်ဆစ်ရုပ်တု ရုပ်ကြွအရုပ်အကားများနှင့် တုရိုဏ်များကို အသုံးမပြုတော့ချေ။ စောင်းကန်းမုခ်၊ ပြာသာဒ်များကိုသာ သင်္ဂ်သားပန်းပုဖြင့် လက်ရာမြောက်စွာ တည်ဆောက်ခဲ့ကြသည်။

စေတီလုံးများ၏ပြေပြစ်မှုကို ရှေးရှု၍ အချိုးကျနစွာ အထက်ပိုင်းသို့ သွယ်မြောင်းသေးငယ်စွာ ဆောက်လုပ်ခဲ့ကြသည်။

ပုဂံအနော်ရထာမင်း (ခရစ် ၁၀၄၄–၁၀၇၇)လက်ထက်တွင် ဗိသုကာပညာ ပိုမိုဖွံ့ဖြိုးတိုးတက် ထွန်းကားလာသည်။ စေတီ





များမှာ အစိတ်အပိုင်းများ လက်ရာပြောင်မြောက်စွာ ဖန်တီးမှု းအပြောက် ခြယ်လှယ်မှုပန်းချီဆေးရေးခြယ်လှယ်မှုနှင့် ရုပ်တု ဘုတော်များ ထုလုပ်ပူဇော်မှုတို့ကြောင့် အသွင်ထူးခြားလာ ည်။

ကလသာအိုး (ကြာသွတ်အိုး)များ ကြာဖူး၊ ကြာငုံသဏ္ဌာန် တောင်များ ဟောင်းကြွအင်္ဂတေ ကနုတ်ပန်းများ၊ မုခ်ဝများ ငွေတိုက် အဝင်အဝများရှိ အင်္ဂတေတံကဲများ၊ စလစ်ချွန်း ထိပ်ပိုင်း)များ မကန်းရုပ်များ ပြာသာဒ်အဆောက်အဦသုံးဆင့် လက်ညှိုးခေါ် အချွန်အတက်များ၊ ဘီလူးပန်းဆွဲရုပ်များ စသည် ကြောင့် ရှေးမြန်မာကြီးတို့လက်ရာ စေတီပုထိုးများ၏ တည် က်မှုနည်းစနစ်တို့ သိသာထင်ရှားစွာ ပြောင်းလဲလာခဲ့သည်။

ရှေးမြန်မာတို့သည် စေတီတစ်ဆူ တည်ထားပုံ နည်းစနစ် တူညီသော အချက်အလက်များကို တိကျစွာ သတ်မှတ် နိုင်ခဲ့သည်။

စေတီတစ်ဆူတည်ထားလျှင် ဗိနပ်တော်အပေါ်၌ ပစ္စယာ တည်ထားရသည်။ ပစ္စယာများအထက်တွင် တူညီးဝန်း တိတွင် ရစ်ပတ်ပြုလုပ်ထားသော အဆင်တန်ဆာတစ်မျိုး) အထက်တွင် ခေါင်းလောင်းနား (ခေါင်းလောင်းပုံ၏ အောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက် အနားပတ်)ကဲ့ကို တစ်ဆင့်ပြီးတစ်ဆင့် တည်ရသည်။

ခေါင်းလောင်းနားတည်ပြီးလျှင် ခေါင်းလောင်းပုံ(ပစ္စယံ၏ အထက်၊ ဖောင်းရစ်၏ အောက်ဘက် အဝိုက်အပိုင်း)ကို ထည့်ရသည်။ ခေါင်းလောင်းပုံ၏အထက်တွင် တစ်ပန်းရစ်ဖွဲ့၊ ရစ်ဖွဲ့အထက်တွင် သပိတ်မှောက်၊ ပန်းဆွဲ၊ ဖောင်း၊ ကြာမှောက်တို့ကို အသီးသီး ထပ်ဆင့်တည်ဆောက်သွားရသည်။

ကြာမှောက်ပြီးလျှင် ရွှဲကိုတည်ရသည်။ ရွှဲသည် စေတီတစ်ဆူ၏ အထက်ပိုင်းတွင် ကြာမှောက်နှင့် ကြာလန်အကြား စေတီကိုယ်၌ ပတ်လည်ကပ်ထားသော ဖောင်းမို့ဝိုင်းစက်သည့် အဖုလုံးများ ဖြစ်သည်။ ရွှဲများ၏အထက်တွင် ကြာနှ၊ ကြာလန်နှင့် ကြာရစ်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားရသည်။

ငှက်ပျောဖူးတည်ဆောက်ပြီးပါက ယင်းအထက်နေရာမှ ထီးတော်အတွက် နေရာဖြစ်သည်။ ထီးတော်အထက်တွင် ငှက်မြတ်နား တပ်ဆင်ရသည်။ ငှက်မြတ်နားအထက်၊ စေတီတစ်ဆူလုံး၏ အမြင့်ဆုံးအပိုင်း၊ အစွန်ဆုံးအပိုင်းတွင် စိန်ဖူးတော်ကို မြန်မာ့ရှေးရိုးစည်းမျဉ်း စည်းကမ်းများနှင့်အညီ မလွဲမသွေ တပ်ဆင်ပူဇော်ရမည်သာဖြစ်သည်။

ရှေးခေတ်စေတီပုထိုးများ တည်ထားကိုးကွယ်ရာတွင်





အဓိကအရေးကြီးသော အင်္ဂတေ ဖော်စပ်နည်းအမျိုးမျိုးကို စနစ်တကျ သတ်မှတ်ပေးအပ်ခဲ့သည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် ရွှေစည်းခုံဘုရား အင်္ဂတေစပ်နည်း၊ စစ်ကိုင်းကောင်းမှုတော်အင်္ဂတေစပ်နည်း၊ ပဲခူးရွှေမော်ဓောအင်္ဂတေစပ်နည်း၊ မြည်မြို့ ရွှေဆံတော်စေတီ အင်္ဂတေစပ်နည်းတို့ကို စည်းကမ်းတကျ ဖော်စပ်ခဲ့ကြောင်း ဂုဏ်ယူဖွယ်တွေ့ရှိရသည်။

ပုဂံခေတ် ရှင်ပင်ဗောဓိ ဘုရားတံတိုင်းအတွင်း မင်းမတ်ညာအပ်စည်ကျောက်စာတွင် 'အင်္ဂတေ ၁၀၉၀' ဟူ၍ တွေ့ရသည်။

ရွှေစည်းခုံဘုရား အင်္ဂတေစပ်နည်းတွင် ...

'ကြံဖုစိမ်ရေ၊ တမြူနေ၍၊ နှစ်ထွေတင်လဲ၊ ဥသျှစ်နဲ့တူ၊ ကော်မှုချောက်ဆ၊ ဒွိအဲ့တုံ၊ ငါးပါးစုံကို၊ ရောတုံ့ပြီးမှ၊ ထုံးကတာတင်း၊ သဲတာတင်းကို၊ ကျင်းတွင်းထည့်ပါ၊ ကော်ဆွတ်ခါသား၊ ငါးရက်ထပ်လျှင်၊ ဆုံတွင်ထောင်းပါ၊ ကော်ဆွတ်ခါဖြင့်၊ အုဋ္ဌမာကပ်ယူ၊ နေပူလှမ်းကြည့်၊ ပပ်သေးရှိက လျော့ရူသျှစ်၊ တိုးလစ်တင်လဲ၊ ရှေးနဲစပ်မိ၊ ငါးဆိပ်လျှော်ကန်း ထက်အပ်ပြန်သည်' ဟူ၍ ဖော်ပြထားသည်။

ပုဂံအာနန္ဒာဘုရား အင်္ဂတေစပ်နည်းကိုကြည့်လျှင်လည်း ...



www.burmeseclassic.com

www.burmeseclassic.com



'ကြခုဇေက၊ ဒွိဟာတင်လဲ၊ ဆင့်ကဲသုံးဆ၊ ဥသျှစ်မှ
ခြောက်ဆကော်ရည်၊ ထည့်သည်မှန်မှ၊ ဆဲ့နှစ်ဆကား၊ ယူတာ
ငါးပါးစုံကို၊ ရေတုံပြီးမြ၊ ထုံးနှင့်သဲကို၊ မလွဲအမျှ၊ ချိပ်ပြီးမှ
ရောကကော်ရည် ထောင်းသည်၊ သည်လေး၍၊ ညက်ပြီးကာ
...' စသည်ဖြင့် စနစ်တကျ ရောနှောဖော်စပ် အသုံးပြုခဲ့ကြော
သိရသည်။

မုံရွေးဆရာတော် ရှင်အရိယဝံသ အာဒိစ္စရံသီ(ခရစ် ၁၇
၁၈၃၄)၏ မှတ်စုပေါင်းများတွင်လည်း စေတီပုထိုးများအ
နန်းတော်၊ မြို့ရိုး၊ အဆောက်အဦတို့ တည်ဆောက်ရာတွင် ရှေး
ကြီးတို့ မလွဲမသွေ ဖော်စပ်အသုံးပြုရမည့် အင်္ဂတေစပ်နည်း
သတ်မှတ်ပေးထားသည်။

ရှေးမြန်မာကြီးတို့ ရွှေတိဂုံစေတီတော်ကဲ့သို့ ကြီးမား
ထည်လှသော စေတီတော်ကြီးများကို တည်ဆောက်ရာတွင်
မည်သို့သော အင်္ဂတေမျိုး သုံးစွဲခဲ့ပါမည်နည်းဟု မေးဖွယ်ရှိသ
ကျီးသဲလေးထပ်ဆရာတော်၏ ဝွယ်စုံကျောင်းထင်ကျ

...

'ကြဇုဇေက၊ ဒွယတင်လဲ၊ ဆင့်ကဲသုံးဆ၊ ဥသျှစ်မှ
ခြောက်ဆကော်ရည်၊ ထည့်သည်မှန်လှ၊ ဆဲ့နှစ်ဆသား၊ ယူတာ



ငါးပါးစုံကို၊ ရောတုံအမြဲ၊ ထုံးနှင့်သဲလည်း၊ ရှစ်ဟဲ့တူမျှ၊ ချိုးပြီးမှလျှင်၊
ရောထကော်ရည်၊ ထောင်းသည်လေး၍၊ ညက်ပြီးစွာလျှင်၊ မြတ်စွာ
ရောင်ဟုတ်၊ ရွှေတိဂုံကို၊ တည်တုံအစ၊ ပထမဦး၊ လုပ်ကြဘူးလေ၊
အင်္ဂတေသည်၊ မတွေနိုင်လှ၊ ကျောက်တမျှ ဟူ၍ တိကျပြတ်သွားစွာ
ရေးမှတ်လမ်းညွှန်ထားသည့်အချက်က စည်းကမ်းကြီးမားခဲ့သော
မြန်မာတို့အတွက် အဖြေပေးနေပေလိမ့်မည်။

လူသားတို့အတွက် နေအိမ်သည် မရှိမဖြစ်သော နေရာ
ဖြစ်သည်။ နေအိမ်သည် ရေ၊ နေ၊ လေ စသည်တို့ ကောင်းမွန်
ရရှိ၍ ကျန်းမာရေးနှင့်ညီညွတ်ပြီး အိမ်သူအိမ်သားတို့အတွက်
လျောက်ပတ်သင့်မြတ်ဖို့လိုသည်။

နေအိမ်သည် လူတို့၏ ကိုယ်စိတ်နှစ်ပါး အနားယူရာ
နေရာဖြစ်ပေသည်။ သာမန်လူသားများ မဟုတ်သော ရှေးမင်း
အဆက်ဆက်တို့အတွက်လည်း မြို့ကြီးများ၊ နန်းတော်ကြီးများသည်
မရှိမဖြစ်သော အထင်ကရ နေရာကြီးများဖြစ်သည်။

မြို့တော်နှင့်နန်းတော်တည်ရာအရပ် မှန်ကန်စွာရွေးချယ်
တတ်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏အဓိက သော့ချက်
ဖြစ်ခဲ့သည်။ ထို့ကြောင့် ရှေးခေတ်က မြို့နန်းတည်ဆောက်ရာတွင်
စည်းမျဉ်းစည်းကမ်းအခမ်းခမ်း အနားနား ထားရှိခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ ယန္တရလေးနန်းတော်ကြီး တည်ဆောက်ရာတွင် ပထမဦးစွာ ရွှေမြို့တော်။ ရွှေနန်းတော်၊ ကျုံးတော်များကို ပန်းသုန်ပန်းနှုတ်စိုက်မှတ်စေသည်။ (အဆောက်အဦးဆောက်မည့်နေရာတွင် မှတ်တိုင်ကလေးစိုက်ထူခြင်းဖြစ်သည်။)

ပြီးမှ ရွှေမြို့တော်ကြီးရာ၊ နန်းမြို့တော်ရာများကို ပညာရှင်များက အခါတော်ပေးထားသည့်အတိုင်း မြေပြင်ညှိရသည်။ ထို့နောက် ယင်းမြေနေရာများကို ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော နွားရှစ်ရှဉ်းတို့ကို ရွှေကြိုးငွေကြိုးတန်ဆာဆင်လျက် ရွှေထွန်၊ ငွေထွန်၊ ရွှေထွန်သွား၊ ငွေထွန်သွားတို့ဖြင့် မိတ်နံ့သင့်သူ ရှစ်ဦးတို့ကို ထွန်စီးစေသည်။

သူကြွယ်သား ရှစ်ယောက်တို့လည်း ရွှေပေါက်တူး၊ ငွေပေါက်တူးစွဲကိုင်ပေသည်။ ပုဏ္ဏားရှစ်ယောက်တို့ကိုလည်း မျိုးရိုးစစ်သော ပုဏ္ဏားရှစ်ယောက်တို့ ရှေးဦးတည်စေ၍ အရှေ့အရပ်သို့ မျက်နှာရည်လျက် လက်ယာရစ်ရွှေမြို့တော်ကြီးနှင့် နန်းမြို့တော်မြေများစ၍ စနစ်ရသည်။ မြို့တော်ကြီးပန်နက်မချမီ မြို့ရိုးအတွင်းမြေဖို့ညှိရန် ကျုံးတော်ရာမြေက မြေစာများကို တူးယူပြီး အစုအပုံထမ်းတို့ ဖို့ညှိကြသည်။

ထို့နောက် နန်းတော်၊ မြို့တော်အဟွင်း လွှတ်တော်





တွင်းဝန်း တိုင်ထူ ဆောက်လုပ်ရသည်။ စွယ်တော်စင်၊ ဇာတိုက်ဆိုင်များကို စတင်ဆောက်လုပ်သည်။ နန်းမြို့တော် ပန်နက်ချရာတွင် ပထမဦးစွာ အရှေ့အရင်သို့ မျက်နှာမူလျက် ရတနာသုံးပါး သိကြား၊ ဗြဟ္မာ၊ စတုလောကပါလာ၊ သာသနာတော်စောင့် ဝေသာ နတ်ကောင်းနတ်မြတ်တို့အား ပူဇော်ပသတိုင်ကြားရသည်။

ကြာသပတေးသား ကြိုးရင်း၊ သောကြာသား ကြိုးဖျားကိုင်စေ၍ အရှေ့အရပ်သို့ မျက်နှာမူလျက် တံမျဉ်းကြိုးခင်းပြီးလျှင် တနင်္ဂနွေ၊ တနင်္လာသားတို့ ရွှေပန်နက်၊ ရွှေလက်ရိုက်၊ ငွေပန်နက်၊ ငွေလက်ရိုက်တို့ဖြင့် နန်းမြို့တော် ပန်နက်ချရသည်။

အရှေ့မျက်နှာ တနင်္ဂနွေသား၊ တောင် မျက်နှာ ကြာသပတေးသား၊ အလယ်မှာ ဗုဒ္ဓဟူးသား နေစေပြီးလျှင် ရွှေတူးရှင်း၊ ငွေတူးရှင်း၊ ရွှေပေါက်တူး ငွေပေါက်တူးတို့ဖြင့် တပ်မြိုင်ကည်း နန်းမြို့တော်ရာကို တူးစေသည်။

နန်းမြို့တော်အုတ်မြစ်ချရာတွင်လည်း နေ့ကျော်သား(အင်္ဂါသား)တို့ကို အနောက်အရပ်သို့ မျက်နှာရည်လျက် အရှေ့တောင်ထောင့်ကစ၍ ဖြိုဟ်နေစဉ်အတိုင်း ပတ္တမြားအုတ်၊ ရွှေအုတ်၊ ငွေအုတ်တို့ဖြင့် နန်းမြို့တော်အုတ်မြစ်ချသည်။ ထိုနှစ်၊ ထိုလ၊ ထိုနေ့မှာပင် ရွှေနန်းတော်ကြီး မှန်နန်းတော် ဆောက်လုပ်ရန် အမည်ရသစ်တော်

www.burmeseclassic.com



ဟစ်ဆယ်နှင့် အခြားသစ်တော်များကို ဝန်ကြီး၊ အတွင်းဝန်၊ မှူး တော် မတ်တော်တို့ အသနားတော်ခံရသည့် ဖောင်း၊ တောင်း မ[illegible]ယ်ဆင်ယင်၍ ကိုယ်ကိုင်ကြို[illegible] အခမ်းအနားသဘင်ပွဲ ယမ်းများနှင့် ရွှေမြို့တော်ကြီး အနောက်မျက်နှာ ဒါတ်တံခါးပြင်မှ ရွှေနန်းတော်သို့ သွင်းဆောင်ကြရသည်။

ထို့နောက် အပြောက်အမွမ်းတို့ စတင်ထုလုပ်ခြင်း၊ အင်းပြားများ ခတ်လုပ်ခြင်း၊ သံများကိုစ၍ချွန်ခြင်း၊ ရွှေနန်းတော်သစ်များကို နေကျော်သားတို့ ဆေးကြောခြင်း၊ ရွှေချရခြင်းတို့ကို ပြုလုပ်စေသည်။

ရွှေမြို့တော် နန်းမြို့တော်များအတွက် နတ်ရုပ်များလည်း ထုလုပ်ရသည်။ ရွှေနန်းတော်ပန်နုက်ချ အစီအစဉ်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ အခါတော်အတိုင်း ရွှေနန်းတော်ရာမြေတို နေ့ကျော်သားတို့စ၍ စံနစ်စေသည်။

ရွှေနန်းတော်ကြီး ရာမြေရှစ်မျက်နှာ တန်ဆောင်းရှစ်ရပ်တွင် သံဃာတော်ဘို့ပင့်၍ ပရိတ်မွန်းစေသည်။ ထို့နောက် ရွှေနန်းတော်ကြီး မှန်နန်းတော်၊ ပြာသာဒ်တော်မှစ၍ အဆောင်တော်ကြီးများတို့ ရွှေတံမျဉ်းကြိုး၊ ငွေတံမျဉ်းကြိုးခင်းသည်။

ကြာသပတေးသား ကြိုးရင်း၊ သောကြာသား ကြိုးမျှား



ကိုင်စေလျက် တနင်္ဂနွေသား၊ တနင်္လာသားတို့ အနောက်သို့ မျက်နှာရည်ပြီးလျှင် ရွှေပန်နုက်၊ ငွေပန်နုက်စိုက်မှတ်စေသည်။

ထိုနေ့မှာပင် အင်းတော်များစ၍ရေးရသည်။ ထို့နောက် ရွှေနန်းတော်ငြမ်းတိုင်ပန်နုက်ချခြင်း၊ အဆောင်တော်များအတွက် တွင်းဝန်းခြင်း၊ နန်းတော်ငြမ်းများကို တစ်ကြိမ်တည်း ထူမတ်ခြင်း၊ ဗဟိုရုံဝင်တော်တိုင်မြစ်တွင် အင်းတော်များ မြှုပ်နှံခြင်းတို့ကို ပြုလုပ်ရသည်။

ထို့နောက် ကောင်းမြတ်သော အချိန်အခါကို ရွေးလျက် ကြာသပတေးသား၊ သောကြာသားတို့ ရွှေထား၊ ငွေထား၊ ရွှေပုဆိန်၊ ငွေပုဆိန်များနှင့် အရှေ့တောင်ထောင့်က အနောက်တောင်ထောင့် အရပ်သို့ ထိန်းစေသည်။

ပရိဝါရ ကြငှန်းသစ်ကို အရှေ့တောင်အရပ်တွင်လည်းကောင်း၊ အာယုကြငှန်းသစ်ကို တောင်အရပ်အတွင်လည်းကောင်း၊ မူလကြငှန်းသစ်ကို အနောက်တောင်ထောင့်အရပ်တွင်လည်းကောင်း ထူစေသည်။

ကုန်းဘောင်ခေတ် မန္တလေးရွှေနန်းတော်ကြီးဆောက်လုပ်ရန် တိုင်ထူပုံမှာလည်း ထူးခြားလှသည်။ အဆောင်ဆောင်သော ရွှေနန်းတော်တိုင်များကို နေ့ကျော်သားတို့ သစ်ရင်း၊ သစ်လယ်၊

www.burmeseclassic.com

www.burmeseclassic.com



သက်များမှ 'မ'စေသည်။

တိုင်ကိုထူမတ်စေသည်။ မှန်နန်းတော်ကွန်းဝါးစင်သစ်၊ ပြာသဒ်တော၊ ကွန်းဝါးစင်သစ်များကို ထူမတ်မိချိန်တွင် ကျွန်းသစ်တစ်လုံးလျှင် ထီးဖြူတစ်ချက်စီ အုပ်မိုးရသည်။

ထို့နောက် အဆောင်ဆောင်သော နန်းတော်တိုင်များကို နေ့ကျော်သားတို့ စရွေးရသည်။ နေ့ကျော်သားတို့ ရက်မဖောက် ထွင်းရသည်။

ထို့နောက် နန်းမြို့တော် ထောင့်လေးရပ်တွင် ဂူနှင့်တကွ နတ်ရုပ်များထားရှိရန် စီစဉ်သည်။ ရွှေနန်းတော်ကြီး ဒုရင်များတွင် မြှုပ်နှံထားရန် သုတ်ပရိတ်တော်များကို ရွှေပြား၌ စတင်ရေးသည်။

ထို့နောက်ပိုင်းတွင် အဆောင်ဆောင်သော ရွှေနန်းဆောင်တို့ကို မင်းညီမင်းသား ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မှူးကြီးမတ်ကြီးလို့က တာဝန်ယူ၍ ပြာသာဒ်တော်ကြီး ထီးနှင့်တကွ ဒုရင်၊ ကြေးကွင်း၊ အမှွမ်းအပြောက်များကို တင်ရသည်။

ထို့နောက် တံခါးနီမြို့ရိုးအုတ်မြစ်ချခြင်း၊ ကြငှန်းသုံး ရုပ်တိုင်များကို နှံထားစိုက်ထူခြင်းပြုရသည်။ ဆက်လက်၍ ပလ္လင်တော်ကိုးရပ်ကိုတင်ထားစေသည်၊ ရွှေနန်းပြာသာဒ်တော်ကြီး၊ မြေနန်းတော် မှန်နန်းဆွတ်၊ ရာဇပလ္လင်ရွှေ့ရုပ်မှဝ၍ ရွှေနန်းတော်အဆောင်ပေါင်း



တစ်ရာကျော် ဆောက်လုပ်ပြီးစီးသောအခါ နန်းမြို့တော်၊ ရွှေနန်းတော်များကို အမည်သမုတ်ရပေသည်။

မြန်မာတို့သည် ရွှေနန်းတော်ကြီးများ ဆောက်လုပ်ရာတွင် စည်းစနစ်ကျနမှု သတ်မှတ်ထားရှိသည့်နည်းတူ၊ သာမန်လူနေအိမ်များ ဆောက်လုပ်ရာတွင်လည်း စည်းကမ်းချက်များ ထားရှိသည်။

မြန်မာတိုင်းရင်းသား ကချင် အမျိုးသားတို့သည် ရိုးရာ အိမ်တစ်အိမ် ဆောက်လုပ်ရာတွင် အနံသည် ပုံမှန်ဖြစ်ရပြီး၊ အလျားသည် ပုံမှန်မဟုတ်ရချေ။ အိမ်အမြင့်မှာ အများအားဖြင့် သုံးပေ မြင့်သည်။

ရှမ်းပြည်မြောက်ပိုင်းနှင့် ဗန်းမော်ဘက်၌ အိမ်ခြေတန်ရှည်များကို ကိုးပေအမြင့်အထိ ဆောက်လုပ်တတ်သည်။ ကချင်ရိုးရာ အိမ်များကို ရှည်နိုင်သမျှရှည်အောင် ဆောက်လုပ်တတ်ကြသည်။ ကရင်ပြည်နယ်တွင် အချို့ဒေသများ၌ သားသမီးများ အိမ်ထောင်ခွဲသည့်အခါ မိဘနေအိမ်၌ တစ်ဆက်တည်း အိမ်ခန်းများ ဆောက်လုပ်ရသည်။ ထို့ကြောင့် အိမ်တန်းရှည်ကြီးများအဖြစ် မြင်တွေ့ရတတ်သည်။

ထားဝယ်တို့သည်လည်း အိပ်ယာဆောက်လုပ်လျှင် ငှက်ကြီးတောင် ခေါင်မိုးကုပ်ကုပ်နှင့် တစ်ထပ်အိမ်ပုံစံဆောက်လေ့ရှိသည်။ မြေကြီးမှ သုံးပေ လေးပေအကွာလောက်တွင် ကြမ်းခင်း

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ တောကျေးလက်များ၌ ရေးအခါ၌ သားရဲတိရစ္ဆာန်ဘေးမှ ကင်းဝေးရန် အိမ်များကို မြေတန်ရှည်တိုင်များဖြင့် ဆောက်ကြသည်။

မြန်မာတို့သည် သစ်ဝါးပေါသောအရပ်ရှိအိမ်များကို ဝယ်ယူ၊ ဖျက်ယူ၍ဖြစ်စေ ဝယ်ခြင်း၍ဖြစ်စေ၊ ကိုယ်တိုင်ခုတ်ယူ၍ဖြစ်စေ နေအိမ်များဆောက်လုပ်တတ်သည်။ ကျေးလက်တောရွာများတွင် အိမ်ဆောက်ရန် သစ်ဝါးများ သယ်ဆောင်လာသောအခါ ရွာသူရွာသားများက အိမ်သစ်တစ်လုံး တိုးလာတော့မည်ဟူသော အသိဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရသည်။

သစ်ဝါးများသယ်လာသောလှည်းများမှ နွားဦးချိုများတွင် သပြေပန်းများ ချည်နှောင်ထားတတ်သည်။ ရှေးဆုံးလှည်းတွင် မောင်းတစ်လုံးပါသည်။ တစ်အောင့်ခြား၍ တီးခတ်လာရသည်။ မောင်းသံကြားသော ရွာတိုင်းက ဝမ်းသာအားရ ထွက်ကြိုကြသည်။

ခရီးသွားလှည်းများကလည်း မင်္ဂလာယူလာသောလှည်းအဖြစ် သစ်တင်ဝါးတင်လှည်းကို လမ်းဖယ်ပေးတတ်ကြသည်။ သစ်ကြိုသူများသည် မိမိတို့ အိမ်ရှေ့သို့ အသင့်ထွက်ကြိုနေရသည်။ အိမ်ရှင်မက ရှာဦးမှစောင့်ပြီး နွားများနှင့်လည်းသမားတို့ကို သပြေခက်ဖြင့် နံ့သာရည်ပပ်ဖျန်းသည်။ သစ်လုံးတစ်လုံးစီကိုလည်း



ဆွတ်ဖျန်းရသည်။

ရှေးမြန်မာတို့သည် ခေါင်းပါသော သစ်၊ အမြွက်ပါသော သစ်၊ တံတားခင်း၊ ကျိုးအာ၊ နတ်သေ၊ တော်လဲ ပုခက်လွှဲ၊ သိကြားတိုင်၊ လင်းတနား၊ ဖွဲ့ချ၊ သစ်တွဲလွဲ သစ်ကြိတ်စသည့် သစ်မျိုးများကို ရှောင်ရသည်။ မအူမိကျောင်းသခွတ်၊ ညောင်၊ သျှစ်သျှား၊ ဆီး၊ သပြေသစ်ဆိမ့်၊ ရေယက်၊ ကလောနှင့် လက်ပံတို့ကို အိမ်ဆောက်ရာတွင် ရှောင်ရမည့် သစ်မျိုးများအဖြစ် ရှေးဟောင်းကျမ်းများတွင် တွေ့ရလိမ့်မည်။

မြန်မာတို့သည် နေအိမ်ဆောက်လုပ်ရာတွင် စတင်ဆောက်လုပ်သင့်သည့် မင်္ဂလာနေ့ရက်များကို ရွေးချယ်ရသည်။ ရက်ရာဇာရွေးချယ်ရသည်။ ရက်ရာဇာရွေးချယ်တတ်ရေးအတွက် ...

'တန်ခူးသာကျော်၊ ထွန်းပေါ်ကဆုန်၊ နယုန်ညွန့်စ၊ အောင်လှဝါဆို၊ သာလိုပါခေါင်၊ မြတောင်တော်သလင်း၊ သီတင်းကျွတ်ဆီ၊ သောရီ တန်ဆောင်မုန်း၊ ချမ်းတုန်း နတ်တော်၊ မိနော်ပြာသို၊ မိညိုတပို့တွဲ၊ အဲဝင်တပေါင်း' ဟူ၍ လင်္ကာဖြင့် သတ်မှတ်အသိပေးခဲ့ကြသည်။

နေအိမ်ဆောက်လုပ်ရန် လများအဖြစ် တန်ခူး၊ ကဆုန်၊ ဝါခေါင်၊ နတ်တော်၊ ပြာသို၊ တပေါင်း စသည်တို့ကို ရွေးချယ်

www.burmeseclassic.com

ဆောက်လုပ်ရန်လည်း ရွေးသူဟောင်းတို့ သတ်မှတ်ပေးခဲ့သည်။ ရက်ရာဇာ ရွေးပြီးနောက် မြေခံရက်ရွေးရသည်။ မြေခံရက်ရွေးပြီးမှ အိမ်ဆောက်ရန် ပန္နက်ရိုက်နိုင်သည်။

အိမ်နေရာပန္နက်ချသောနေ့ကွင် ဆွေမျိုးများ၊ အပေါင်းအသင်းများ စုဝေးရောက်ရှိလာသည်။ ရင်းရင်းနှီးနှီး မရှိသေးသူများပင် လာရောက်ကူညီတတ်သည်။ ငွေကြေးကူညီနိုင်သူက ငွေကြေးဖြင့် ကူညီသည်၊ အချို့က အစားအသောက်များ လာရောက်ပေးတတ်သည်။

နေအိမ်များဆောက်လုပ်ရာတွင် မည်သည့်နေ့ရက် ဖွားမြင်သူတို့၏ အိမ်များအတွက် မည်သည့်နေရက်သားက တံမျဉ်းကြိုးကိုင်ရမည်။ ပန္နက်ရိုက်ရမည်ဟူ၍ပင်လည်း အတိအကျ စည်းကမ်းချက်များ သတ်မှတ်ထားတတ်သည်။ တိုင်ထူမည့်နေ့ရက်တွင် တိုင်များပေါ်၌ ကပ်များ၊ ဖျာများခင်းရသည်။ သံဃာတော်များကို ပင့်ဖိတ်ကာပရိတ်နှင့် ကမ္မဝါရှုတ်ဆိုစေ ဖတ်စေသည်။

တိုင်များပေါ်သို့ ခွေးတက်မအိပ်နိုင်ရန် လုံခြုံအောင် ထိန်းသိမ်းရသည်။ တိုင်ထူမည့် တွင်းတူးရာတွင်လည်း နဂါးလှည့်အတွက် မမှား၊ အမှတ် မမှားစေရန် ဂရုစိုက်ရပြန်သည်။

ထို့နောက် တိုင်ထူရာတွင် ဥရုတိုင်(အရှေ့တောင်အရပ်)ကို



စတင်ထူရသည်။ တိုင်ထူရာတွင်လည်း အလောတကြီးမပြုရချေ။ တိုင်ချွန်းမထိစေရ၊ အသံမပြည်စေရ၊ ဥရုတိုင် စိုက်ထူရာတွင် မည်သည့်ဘက်သို့မျှ မယိုင်စေရ။ ကြီးမပြတ်စေရဟူ၍လည်း စည်းကမ်းချက်များ တွေ့နိုင်သေးသည်။

ဥရုတိုင်ထူပြီးနောက် ကြာနန်းတိုင်၊ ညောင်ရမ်းတိုင်၊ သပြေတိုင်၊ ရဝေတိုင်၊ ကညွှီးတိုင်(မြောက်ဘက်)တို့ကို အစဉ်အတိုင်း ထူရသည်။ အိမ်ဆောက်လုပ်ရာတွင် တိုင်ပေါ်တွင်စွပ်သော၊ တင်သောထုပ်(သို့မဟုတ်)လျှောက်၏ ကြက်အကျယ်သည် တိုင်ထက်မကြီးရ။ အိမ်အခင်းအောက်တွင် တောက်ထားသောဒေါက်သည် ကြမ်းပြင်ပေါ်သို့ ဇော်ဇော်ကြီး ဖောက်ထွက်မနေရစသည်ဖြင့်လည်း စည်းကမ်းသတ်မှတ်ချက်များရှိထားသည်။

ရှေးခေတ် လက်သမားစကားနှင့်ဆိုရလျှင် ထီးမဆောင်းစေနှင့်၊ မှိုမပေါက်စေနှင့်၊ စို့မရိုက်စေနှင့်၊ လျှာမထွက်စေနှင့်၊ ရင်မခွဲစေနှင့်၊ ကျိုးမနားစေနှင့်၊ ထုပ်မစွပ်ခင်မယက်နှင့် တို့၌ ဖြစ်ပေသည်။

နောက်ဆုံး တစ်အိမ်လုံး ဆောက်လုပ်ပြီးစီးသွား၍ အရေးကြီးသည့် လှေကားကို စနစ်တကျ တည်ဆောက်ရပြန်သည်။ အိမ်၏အမြင့်သည် ခြောက်ပေရှိလျှင် လှေကားသည် ကိုးပေရှည်ရသည်။ ခုနစ်ထစ်၊ ကိုးထစ်၊ ဆယ့်တစ်ထစ်စသည်ဖြင့် လှေကား

www.burmeseclassic.com



ထစ်များကို မကအန်းထားရသည်။ လှေကားထစ်များ၏အောက်တွင် အပိတ်တပ်ရသည်။

လှေကားလုပ်၍မပြီးမီ အိမ်တွင် ထောင်မကြည့်ရ။ ကပ်မကြည့်ရချေ။ အလုံးစုံပြီးမှ ကပ်ထောင်ရသည်။ ထောင်ပြီးသော လှေကားအတိုင်း မည်သူမျှ မတက်ရောက်မီ ကန်တော့ပွဲဖြင့် ဆုတောင်းရသည်။ သပြေခက်များဖြင့် နံ့သာရည်များ ဖျန်းပက်ရသည်။ လှေကားထစ်များကို နံ့သာရည်ပက်ဖျန်းပြီးမှ လူ အတက် အဆင်းလုပ်နိုင်သည်။

မြန်မာတို့သည် လှေကားအပါအဝင် တစ်အိမ်လုံး ဆောက်လုပ်ပြီးစီးပြီးနောက် အိမ်သစ်တက်မင်္ဂလာပြုရန် စီစဉ်ရသည်။ အိမ်ပေါ်တွင် စပါးတောင်း၊ ငါးပိအိုး၊ ငါးတောင်း၊ မီးခွက်တို့ကို အသင့်တင်ထားရသည်။ ထို့နောက် လင်စုံမယားဖက်လေးစုံတွဲ၏ အကူအညီဖြင့် အိမ်သစ်တက်မင်္ဂလာကို ကျင်းပရသည်။

ရှေးမြန်မာကြီးတို့၏ အဆောက်အအုံများ တည်ဆောက်မှုဆိုင်ရာ နည်းစနစ်၊ စည်းကမ်းများ ဖြစ်ပေသည်။



အခန်း(၂၃)

## မြန်မာ့ဗိန်းဂဏန်းသင်္ချာ စည်းကမ်း

ပုဂံခေတ်ဦးအချိန်လောက်က တိုင်းပြည် မြို့ရွာ တည်ထောင်ခဲ့ကြရာတွင် သာသနာတော် သက္ကရာဇ်နှင့် ကောဇာသက္ကရာဇ်တို့ကို ဗေဒင်တွက်ကိန်းတို့ဖြင့် သတ်မှတ်ခဲ့ကြသည်။ နောင်တွင် မင်းအဆက်ဆက်လက်ထက်များ၌ မြို့တွင်း ရောင်းဝယ်ဖောက်ကားမှုများ ထွန်းကားလာသည်။

မြန်မာ့ထွက်ကုန်ဖြစ်သော ဆန်စပါး၊ ကောက်ပဲသီးနှံနှင့် ရွှေ၊ ငွေ၊ ကျောက်၊ ရွဲ၊ သတ္တု၊ ခဲ စသည်များကို ရောင်းဝယ်ကြသည်။ အလေး၊ တင်း၊ တောင်းနှင့် ချိန်တွယ်မှု ဓါတ်ာရများ စနစ်တကျ သတ်မှတ်သုံးစွဲလာနိုင်သည်။

ရှေးမြန်မာတို့၏ ဂဏန်းရေးနည်းမှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂဏန်းရေးနှင့်ပတ်သက်၍ ...

ရတနာသုံးစုံ၊ ပန်းနယ်ငုံ၊ ကြည်ယုံဦးနှိမ်ချ၊
ဂဏန်းလက်ာ၊ သံပေါက်စာ၊ မှတ်ပါလေကုန်ကြ၊
ကျပ် စိတ် မိုက်တွင်၊ လုံးကြီးတင်၊ မြဲပင် မှန်မှုချ။
လက်သစ်မတ်တွင်၊ သေးသေးတင်၊ ရေးချင်တခဏ။
မူးကိုနှစ်ချောင်း၊ ငင်တုံရှောင်း၊ အပေါင်းမှတ်ကုန်ကြ။
ပဲနှင့်စလယ်၊ ပယ်ဠဝယ်၊ တင့်တယ်နောက်ပစ်မှု။
ရွေးကိုသဝေ၊ ဝဆွဲလေ၊ မသွေရေးကာလ။
တစ်ခွဲဆိုလျှင်၊ ဝဆွဲချင်၊ နောက်လျှင်ပစ်ပါမှ။
တစ်လ ဖျက်နှာ၊ ယပင့်ပါ၊ က–သာ သတ်ကုန်ကြ။
ထွာမှာ ဝဆွဲ၊ ချစမြဲ၊ မလွဲဒေကန္တ။ တစ်ပါးနှစ်ပါး၊
ရေးမှတ်သား၊ နှစ်ပါးပေါက်ဝစ္စ။ ရေးချပြီးကာ၊
ကင်းစီးပါ၊ အဂ္ဂီ ဝေါဟာရ။

သုညပေါ်တွင် လုံးကြီးတင်၊ ဆယ်ပင်ကျပ်ချိန်ရ။
တစ်နှစ်လိုရာ၊ ရေးချပါ၊ ပိဿာရေတွက်ဆ၊ အခွက်
တဆယ်၊ ရေးခါဝယ်၊ မှတ်ဖွယ်တစ်သုည။ ရာမှာ
နှစ်လုံး၊ သုံးလုံးမှာထောင်၊ ရှေးရိုးဆောင်၊ မှန်အောင်
ဂဏန်းချ။ လေးလုံးသောင်းတင်၊ သိန်းလျှင်ငါးလုံး၊



ခြောက်လုံးမှာသန်း၊ အာ- -နိုးသန်း၊ ရှင်လန်းနှလုံးက။
ကုဋေခုနစ်လုံး၊ ဒရေးရိုးထုံး၊ သတ်ဆုံးမှတ်လေကြ

... စသည်ဖြင့် သံပေါက်ရေးကာ စာသင်သားများနှင့် မြန်မာစီးပွား ကုန်သွယ်ပြုသူများအတွက် တိကျစွာ စည်းကမ်းသတ်မှတ်ပေး ခဲ့သည်။

ရှေးမြန်မာတို့သည် ပုဂံခေတ်တွင် ငွေကို ကျပ်ဖြင့် ချိန်တွယ် သုံးသည်။ ကြေးကို ပိဿာဖြင့် ချိန်တွယ်သုံးသည်။ ပုဂံခေတ် ကျောက်စာများအရ၊ ထိုခေတ်အချိန်အတွယ်များကို ပိဿာ၊ ဗိုလ်၊ ကျပ်တို့၌ သတ်မှတ်သုံးစွဲခဲ့ကြောင်း သိရသည်။

အလောင်းစည်သူမင်းလက်ထက်တွင် ကျပ်၊ ခွဲ၊ မတ်၊ မူး၊ ပဲ၊ တင်း၊ ခွဲ၊ စိတ်၊ စရွက်၊ ပြည်၊ ခွက်၊ စလယ် စသော အလေးချိန်နှင့် အချိန်အတွယ်များကို တညီတညွတ်တည်း စံသတ်မှတ် လာခဲ့သည်။

တောင်ငူခေတ်ဘုရင့်နောင်လက်ထက်တွင်လည်း မူး၊ ပဲ၊ ကျပ်၊ ပိဿာ စသော အလေးချိန်၊ တင်း၊ ခွဲ၊ စိတ်၊ ပြည်စသော အချိန်အတွယ်များကို ဟံသာဝတီ နေပြည်တော်၌ သတ်မှတ်ချက် အတိုင်း မိမိဖိုက်နက်အတွင်း တိကျစွာ သုံးစွဲစေခဲ့သည်။

ကုန်းဘောင်ခေတ်တွင် မြန်မာ့ အတွက်အချက်ပညာသည်

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်များအတွက် ဉာဏ်စမ်းအဆင့်အထိ တိုးတက်လာခဲ့သည်။ ကျည်းကန်ရှင်ကြီးသည် စွယ်စုံကျော်ထင်ကျမ်း၌ 'တစ်နာရီဝယ်၊ နေဂါကြွယ်၊ ဘယ်မျှခရီးရောက်သနည်း' စသည်ဖြင့် ဉာဏ်စမ်း မေးခွန်းထုတ်ခဲ့သည်။

ထိုပုစ္ဆာအတွက် ကျီးသဲလေးထပ်ဆရာတော်က စွယ်စုံကျော်ထင် အဖြေကျမ်းဖြင့် ဖြေရှင်းနိုင်ခဲ့သည်။ ထိုခေတ်က မင်းတုန်းမင်းကြီးနှင့် ကင်းဝန်မင်းကြီးတို့ကိုယ်တိုင် မြန်မာအတွက် အချက်ပညာနှင့်ပတ်သက်၍ အပြန်အလှန် ဉာဏ်စမ်းခဲ့ကြသည်ဟု ဆိုသည်။

ရှေးမြန်မာတို့သည် အတွက်အချက်ပညာတွင် စည်းကမ်း ချက်များသတ်မှတ်ထားရှိသည့်အချက်ကို တင်း၊ တောင်းဆိုင်ရာ၊ သတ်မှတ်ချက်၊ အလေးချိန်ဆိုင်ရာ သတ်မှတ်ချက်၊ အတိုင်းအတာ ဆိုင်ရာ သတ်မှတ်ချက်များကို အထင်အရှား သတ်မှတ်ပေးခဲ့မှုက သက်သေခံလျက်ရှိသည်။

မြန်မာ့ရိုးရာ အတွက်အချက်ပညာတွင် အမြောက်အလီ ဝေ့ဝိုက်ကိုလည်း စနစ်တကျကြပ်မတ် အသုံးပြုစေခဲ့သည်။ ကိုးကြောင်း အလင်္ကာ အလီပေါင်း စနစ်ကိုကြည့်လျှင် သိနိုင်ပေသည်။

အချိန်ဟူသည်မှာ နှစ်၊ လ၊ နေ့၊ ရက် နာရီစသည်ဖြင့်



သတ်မှတ်ပိုင်းခြားထားသော ကာလကိုခေါ်သည်။ ရှေးမြန်မာကြီး တို့သည် အချိန်ကာလ ဝေါဟာရများကို စည်းကမ်းတကျ သတ်မှတ် လုပ်ဆောင်ခဲ့ကြသည်။

အချိန်ကာလပြဝေါဟာရများကိုလည်း အဓိပ္ပာယ်ရှိစွာ သတ်မှတ်ချက်များ ထားရှိခဲ့သည်။ ဥပမာ...ရက်ဟူ၍ သုံးနှုန်း လိုက်ပါက နေ့တစ်နေ့၏ သန်းခေါင်အချိန်မှ နောက်တစ်ရပ် သန်းခေါင်အချိန်အထိ ဆက် (၂၄)နာရီ ကာလကို ဆိုလိုကြောင်း လူတိုင်းသိသည်။

လဟုဆိုလိုက်လျှင်လည်း လ-ပြက္ခဒိန်က ကမ္ဘာမြေကို တစ်ပတ်ပတ်သော ကာလအားဖြင့် မှတ်သားလျက် လကိုစတင် မြင်ရသော လဆန်းရက်မှ လကိုလုံးဝမမြင်ရသော လကွယ်ရက်အထိ သတ်မှတ်ခေါ်တွင်သော ကာလကိုဆိုလိုကြောင်း သဘောပေါက် တတ်ကြသည်။

မြန်မာတို့သည် အချိန်ကာလကြာမြင့်မှု အတိုင်းအတာကို အရပ်ပေါ်ဝေါဟာရအဖြစ် ဆေးတစ်အိုး ကျွမ်း၊ ကွမ်းတစ်ရာညက်၊ ထမင်းတစ်အိုးချက်၊ မျက်စိတစ်မှိတ်၊ မြင်းတစ်ပြေး၊ လျှပ်တစ်ပျက်၊ မျက်တောင်တစ်ခတ်စသည်ဖြင့် တိုင်းတာခေါ်တွင်ကြသည်။

ကြက်အိပ်တန်းတက်ချိန်၊ နေဝင်ချိန်ကို ကြက်တက်ဟူ၍

www.burmeseclassic.com

လည်းကောင်း၊ မိုးလင်းလုနီးအချိန်ကို ယင်အားကြီးဟူ၍လည်းကောင်း၊ အမှောင်သန်းချိန်ကာလကိုရိုဝါရောဟူ၍လည်းကောင်း အသီးသီး သုံးနှုန်းခေါ်ဝေါ်တတ်ကြသည်။

ရှေးအခါက ကျေးလက်တောရွာများသည် မင်းနေပြည်တော်မှ ဗဟိုရ်စည်းတီးသံကို မကြားနိုင်ချေ။ ရွှေဗဟိုရ်တီးသံကို နားထောင်၍ အချိန်နာရီသိနိုင်ခွင့်မရှိကြချေ ...။

တောလက်ကျေးရွာများတွင် အလွယ်တကူတွေ့ရှိနိုင်သော ကြက်သံကိုသာ ရွှေဗဟိုရ်စည်သံအဖြစ် အသုံးပြုနိုင်ခဲ့ကြသည်။

ထို့ကြောင့်ပင် စက်နာရီမပေါ်မီကာတည်းက သိနားလည်လာခဲ့ရသော ကြက်သံကို ဗဟိုရ်စည် အမှတ်ပြုထားသည့် နာရီ အသုံးအနှုန်းများကိုပင် မျက်မှောက်ကာလအထိ နှုတ်ကျိုးနေဆဲ ဖြစ်သည်။

ရှေးအခါများက မြန်မာတို့သည် ရေနာရီ၊ သဲနာရီ၊ နေနာရီ စသည်တို့ကို အချိန်သိမှတ်နိုင်ရန် အားပြုခဲ့ကြသည်။ နေနာရီမှာ နေ၏အမြင့်ကိုအရိပ်ဖြင့် တိုင်းတာသတ်မှတ်ခြင်းဖြစ်သည်။

ရေနာရီမှာ ခွက်၏အပေါက်မှ ရေစိမ့်ဝင်သည်မှစ၍ ခွက်၌ ပြည့်ကာ နစ်မြုပ်ချိန်အထိပိုင်းခြား ရေတွက်သော အချိန်အတိုင်း အတာဖြစ်သည်။



သဲနာရီမှာမူ ခါးလယ်၌ ကျဉ်းမြောင်း၍ အရင်းဘက်နှင့် အဖျားဘက်တွင် ကတော့ပုံသဏ္ဌာန်ရှိသော ဖန်ခွက်တွင် တစ်ဖက် ကတော့မှ အခြားဘက်ကတော့ထဲသို့ သဲများကျဆင်းစေခြင်းဖြင့် အချိန်မှတ်ယူနိုင်သည့် ကိရိယာကိုဆိုလိုသည်။

မန္တလေးနေပြည်တော်တွင် ဗဟိုရ်စင်ထားရှိခဲ့ပုံ၊ အသုံးပြုခဲ့ပုံတို့နှင့် ပတ်သက်၍ ရွှေကိုင်းသားဖေါ်နှစ်တစ်ရာပြည့် မန္တလေး ထအုပ်ကြီးတွင် ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြထားသည်ကို ဖတ်ကြည့် စေချင်သည်။

ယင်းစာအုပ်တွင် ...

'ခွယ်တော်စင်နှင့် ရွှေတော်ယူတံခါး လမ်းမကြားလျက် မြောက်ဘက်ကွက်လပ်တွင် ဗဟိုရ်စင်ဆောက်လုပ်ထားသည်။ စင်သို သော်လည်း ထုထည်ကောင်းလှသော လေးထောင့်အုတ်စုံအမြင့် ခြီး တိုင်မြှုပ်လေးလုံးထူ၍ ထို့အပေါ်မှ လေးတိုင်စင်နှင့် လည်ပေါ် ပြာသာဒ်ဆောင်ငယ်တစ်ထားခြင်းဖြစ်သည်။ ထိုအပေါ်ဆောင်တွင် ဗဟိုရ်စည်ကြီးနှင့် ခေါင်းလောင်းဆွဲထားပြီး ရွှေနန်းတော်တွင်းမှ နာရီတော်မှူး၏ အချိန်ဖော်ကြား ချွေဆပ်းသံပေးသည့်အတိုင်း နေ့လေးဗဟိုရ်ညဉ့်လေးဗဟိုရ် အချိန်နာရီ [illegible] ကြား တီးရသည်။

နန်းတွင်းနာရီတော်ရုံမှ အချိန်ဖော်ကြား၍ [illegible]

www.burmeseclassic.com



ဗဟိုရ်တီး သွေးသောက်ကြီးတို့သည် ခေါင်းပေါင်းဖြူ၊ အင်္ကျီရှည်ကြီးများ ဝတ်ဆင်လျက် ဗဟိုရ်စင်ပေါ်မှ ရွှေနန်းတော်ကြီးကို ဦးသုံးကြိမ်ချ၍ နံနက်တစ်ချက်တီးအချိန်ဖြစ်အံ့၊ ပထမခေါင်းလောင်းတစ်ချက်(နှောင်) နောက်စည်တော်တစ်ချက်(ဒိုင်း)၊ ဤကဲ့သို့ အစဉ်အတိုင်း(၁၁)ချက်ပြည့်အောင် တီးရသည်၊ ထို့အတူ မွန်းတည့် ၂ချက်တီးအချိန်တွင် (၂၂ ချက်)၊ နေ့ ၃ချက်တီးအချိန်တွင် (၃၃ ချက်)၊ နောင် ၄ ချက်တီးအချိန်တွင် (၄၄ ချက်) တီးရသည်။

နောက်ဆုံး အဂွန်းတဂ်ချက်များမှာ ခပ်ကွာကွာထား၍ လေးလေးတီးရသည်။ ညဥ့်ဗဟိုရ်များသည်း ဤနည်းအတိုင်း တီးရသည်။ ဗဟိုရ်သံဖြင့် လွှတ်ရုံးများ တက်ရ၊ ဆင်းရခြင်း၊ မြို့တံခါး၊ နန်းတံခါးများ ဖွင့်ရ၊ ပိတ်ရခြင်း၊ ပြည်သူတို့အား အခါကို သိစေခြင်းဖြင့် ဗဟိုရ်စင်သည် ယခုခေတ်နာရီကြီးများထက်ပင် အရာရောက်လှပေသည်' ... ဧသည်ဖြင့် မျက်စိထဲတွင် ကွက်ကွက်ကွင်းကွင်း မြင်လာထင်သာအောင် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်ကို တွေ့ရပေလိမ့်မည်။

မောင်ကြည်သန့်





## မှီငြမ်းပြုအထောက်အထားများ


၁။ ကျော်မင်း၊ သားဝယ် 'ထားဝယ်ယဉ်ကျေးမှုအမြုတေ'
အေးစာပေတိုက်၊ ၁၉၆၀

၂။ ခင်မင်၊ မောင်၊ ဓနုဖြူ ... 'မြန်မာဝကား၊ မြန်မာတ'
စာပေဗိမာန်၊ ၁၉၉၀

၃။ စောမုံညင်း ... 'မြန်မာအမျိုးသမီးဝတ်ဆင်ယင်ထုံးဖွဲ့မှု'
တာပေဗိမာန်၊ ၁၉၇၉

၄။ ဆရာသိန်း၊ ပဋ္ဌာမကျော် ...'ဗောဓိသတ္တမဉ္ဇူသာရေးကျွန်းမှတ်စုများ'
ဒီမိုကရေစီပုံနှိပ်တိုက်၊ ၁၉၇၉

၅။ ဆရာသိန်း၊ မော်ဘီ ...'ဟင်းလေးအိုး'
မော်ဘီဆရာသိန်းကြီးစာအုပ်တိုက်

၆။ ဇော်ဂျီ၊ မင်းသုဝဏ် ... 'တာပေလောက'
လောကပါလစာပေ၊ ၁၉၈၆

၇။ ဇေယျ ... 'မြန်မာမျက်မှင်'
ထိန်ဝင်းစာပေ၊ ၁၉၆၁

၈။ တိုက်စိုး ... 'စာတိုနှန်နှန်'
တက်လမ်းစာပေ၊ ၁၉၇၅




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၉။ တိုက်စိုး၊ မင်းယုဝေ ... 'မြန်မာစာမိတ်ဖွဲ့ (ပ-၃)'
ပုဂံစာအုပ်တိုက်၊ ၁၉၆၅-၁၉၆၆
၁၀။ တိုက်စိုး၊ မင်းယုဝေ ... 'စာဆိုနှင့်သုတေသီ'
ပုဂံစာအုပ်တိုက်၊ ၁၉၆၇
၁၁။ တင်ထွေး(မြန်မာပြန်) ... 'ဗမာ'
ပင်မရေစီးစာပေ၊ ၁၉၆၆
၁၂။ ထင်၊ မောင် ... 'ဗမာ့နိုင်ငံရေးသုခမိန်'
နှလုံးလှစာပေ၊ ၁၉၆၅
၁၃။ နန်းညွန့်ဆွေ (တည်းဖြတ်) ... 'ဟံသာဝတီသုံးမစာပေါင်းချုပ်'
၁၉၆၁
၁၄။ နု၊ ဦး၊ သဘင်ဝန် ... 'မြန်မာ့သဘင်လောက'
စာပေဗိမာန်၊ ၁၉၆၇
၁၅။ ပြည်ထောင်စုယဉ်ကျေးမှုဌာန ... 'ရှေးဦးမြန်မာပန်းချီ'
ရှေးဟောင်းသုတေသနဌာနခွဲ ၁၉၆၇
၁၆။ ဖေမောင်တင်၊ ဦး၊ ပါမောက္ခ ... 'မြန်မာစာပေသမိုင်း'
သုဓမ္မဝတီ၊ ၁၉၄၉
၁၇။ နတ်ရှင်၊ ဒဂုန် ... 'မြန်မာ့ရိုးရာကိန်းဂဏန်းသင်္ချာ'
စာပေဗိမာန်၊ ၁၉၈၃





၁၈။ မောင်မောင်ကြည် ... 'မြန်မာဥပဒေနှင့်ဘဝ'
စာပေဗိမာန်၊ ၁၉၇၅
၁၉။ ဘုန်းကျော်၊ နတ်မောက် ... 'ရှေးခေတ်မြန်မာ့ကပ်မတော်
မှတ်စုများ'
၂၀။ နတ်ရှင်၊ ဒဂုန် ... 'မြန်မာ့ရိုးရာလုပ်ငန်းဆယ်ပွင့်ပန်း'
စာပေဗိမာန်၊ ၁၉၇၈
၂၁။ မောင်မောင်ကြီး၊ တက္ကသိုလ် ... 'အသုံးချမြန်မာစာပေ
ဆောင်းပါးများ' နှလုံးလှ၊ ၁၉၇၀
၂၂။ အေးဘ၊ ဒေါက်တာ၊ ဝဏ္ဏကျော်ထင် ...
'မြန်မာ့ဟန်နှင့် ကမ္ဘာ့လက်တွေ့ဆေးပညာ'
ဇွဲစာပေရိပ်မြုံ၊ ၁၉၇၁
၂၃။ ဝိုးကျော်သန်း ... 'မြန်မာစီးပွားရေးစစ်တမ်း'
ယမုံနာစာပေ၊ ၁၉၆၈
၂၄။ မောင်မောင်တင်၊ ဦး(မဟာဝိဇ္ဇာ) ...
'မြန်မာမင်းလက်ထက်တော်စာတမ်းများ'
စပယ်ဦး၊ ၁၉၈၂



www.burmeseclassic.com